
# အမြဲသတိထားရမည့်အိမ်နီးချင်း

ကျော်ထင်နော်ရထာ



# အမြဲသတိထားရမည့် အိမ်နီးချင်း

ကျော်ထင်နော်ရထာ

စာမူခွင့်ပြုချက် - ၄၀/၂၀၀၂ (၇)

မျက်နှာဖုံးခွင့်ပြုချက် - ၂၁/၂၀၀၂ (၇)

ထုတ်ဝေသူ - ဦးအောင်ဇော်၊ ယာယီမှတ်ပုံတင်အမှတ် (၃၇၁)

ပုံနှိပ်သူ - မိတ်ကောင်းပုံနှိပ်တိုက် (၀၄၀၈၂)

အမှတ်-၄၅၆/၄၅၇၊သံလွင်လမ်း၊(၆၄)ရပ်ကွက်၊

စက်မှုဇုံ(၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့။

☎ - ၅၉၀၃၃၆၊ ၀၉-၅၀၁၅၁၆၇

# မာ တိ ကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁ | စာရေးသူ၏အမှာစကား | ၁ |
| ၂ | အမြဲသတိထားရမည့်အိမ်နီးချင်းနိုင်ငံ | ၃ |
| ၃ | ဘိုးဘွားများကယိုးဒယားလို့ခေါ်ခဲ့တယ် | ၆ |
| ၄ | အယုဒ္ဓယသားတွေကိုပထမဆုံးဦးညွှတ်စေခဲ့တဲ့မင်းတရားရွှေထီး | ၉ |
| ၅ | အယုဒ္ဓယသားတွေရဲ့ကျေးဇူးရှင် | ၁၂ |
| ၆ | အယုဒ္ဓယသားများရဲ့သဘောထား | ၁၅ |
| ၇ | ယိုးဒယားကို(၅)ကြိမ်စစ်ထိုးခဲ့တဲ့သူ | ၁၈ |
| ၈ | ညောင်ရမ်းခေတ်မှာလည်းယိုးဒယားသားတို့ထိပါးခဲ့တယ် | ၂၁ |
| ၉ | တနင်္သာရီကမ်းရိုးတန်းကဆိပ်ကမ်းမြို့များကိုအယုဒ္ဓယသားတို့ထိပါးခဲ့ပုံတွေ | ၂၃ |
| ၁၀ | ထားဝယ်စားလိုသူတွေဆက်ပြီးမွေးနေမယ်ဆိုရင် | ၂၆ |
| ၁၁ | ရွှေဘိုသားတဲ့ဟော့ | ၂၈ |
| ၁၂ | အယုဒ္ဓကိုဖျက်ခဲ့တာမြန်မာတွေမဟုတ်ဘူး | ၃၁ |
| ၁၃ | ဘိုးတော်ဘုရားလည်း ယိုးဒယားကိုစစ်ချီခဲ့တယ် | ၃၅ |
| ၁၄ | မြန်မာတို့၏ အယုဒ္ဓယသားတို့အပေါ်သဘောထား | ၃၆ |
| ၁၅ | ယိုးဒယားသားတို့စဉ်းစားသင့်ပြီ | ၃၈ |
| ၁၆ | တကယ်ပြောတာလား | ၄၂ |
| ၁၇ | ယိုးဒယားရှာသားများကိုတော့ ကိုယ်ချင်းစာပါတယ် | ၄၈ |
| ၁၈ | လက်ပါးစေ-ဘိန်းဘုရင်လေးမွေးထားတယ် | ၅၄ |
| ၁၉ | သောင်းကျန်းသူတွေရှိလေ ယိုးဒယားတို့အကျိုးများလေ | ၆၁ |
| ၂၀ | နှစ်ခွပေါ်လစီနဲ့ဆက်ဆံနေတဲ့ ယိုးဒယား | ၇၃ |
| ၂၁ | ယိုးဒယားကိုကယ်တင်ရှင်လိုသဘောထားနေတဲ့ KNU | ၇၉ |
| ၂၂ | အယုဒ္ဓယခေတ်အတွေးအခေါ်တွေပြောင်းသင့်ပြီ | ၈၈ |
| ၂၃ | အေးသူကိုရေကူ ပူသူကိုမီးနဲ့တိုက်ချင်တဲ့ ယိုးဒယား | ၉၂ |
| ၂၄ | ယိုးဒယားဒုက္ခသည်စခန်းကပေးအုံးမဲ့ဒုက္ခတွေ | ၉၉ |

| စဉ် | | စာမျက်နှာ |
|---|---|---|
| ၂၅ | သူတစ်ပါးမြေကိုအလကားလိုချင်နေတဲ့အိမ်နီးချင်း | ၁၀၅ |
| ၂၆ | နယ်နိမိတ်စာချုပ်တွေရှိသော်လည်း အပိုင်း(၁) | ၁၀၈ |
| ၂၇ | နယ်နိမိတ်စာချုပ်တွေရှိသော်လည်း အပိုင်း(၂) | ၁၁၃ |
| ၂၈ | နယ်နိမိတ်စာချုပ်တွေရှိသော်လည်း အပိုင်း(၃) | ၁၁၆ |
| ၂၉ | နယ်နိမိတ်စာချုပ်တွေရှိသော်လည်း အပိုင်း(၄) | ၁၂၃ |
| ၃၀ | နယ်နိမိတ်စာချုပ်တွေရှိသော်လည်း အပိုင်း(၅) | ၁၂၈ |
| ၃၁ | တရုပ်ပြည်ကမဟာတံတိုင်းကြီးကိုငှားလို့သာကာလိုက်ချင်တော့တယ် | ၁၃၂ |
| ၃၂ | အစမွှသမားကဘယ်သူတွေလဲ | ၁၃၅ |
| ၃၃ | ယိုးဒယားတွေလုပ်နေတဲ့မြန်မာမုန်းတီးရေး | ၁၃၈ |
| ၃၄ | ယိုးဒယားတို့ရဲ့မြန်မာမုန်းတီးရေးဝါဒအပေါ် ယိုးဒယားသမိုင်းပညာရှင်တစ်ဦး၏အမြင် | ၁၄၇ |
| ၃၅ | အိမ်နီးချင်းကောင်းဖြစ်ကြစို့ | ၁၄၉ |

## စာရေးသူ၏ အမှာစကား

စာရေးသူဟာ စာရေးဆရာလဲမဟုတ်၊ သမိုင်းပညာရှင်လဲ မဟုတ်ပါ၊ ဝါသနာ အလျောက် လေ့လာသိရှိထားတာလေးတွေကို စာဖတ်သူများအား အသိပေးတင်ပြလိုတာကြောင့် ယခုဆောင်းပါးများကို ကြိုးစားပြီး ရေးသားခဲ့ပါတယ်၊ ဆောင်းပါးအများစုဟာ မြန်မာ့အလင်း/ ကြေးမုံစတဲ့ သတင်းစာများမှာ ဖော်ပြခဲ့ပြီးဖြစ်ပေမဲ့ အချို့ဆောင်းပါးများဟာ စာအုပ်အဖြစ် စုစည်း ထုတ်ဝေဖို့ဖြည့်စွက်ရေးသားခဲ့တဲ့ဆောင်းပါး များဖြစ်ပါတယ်။

ဆောင်းပါးများကို ရေးသားရတဲ့ အကြောင်းအရင်းကတော့ ၂၀၀၂ခုနှစ်မေလ(၂၀) ရက်နေ့မှာ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မြန်မာယိုးဒယားနယ်စပ်က မြန်မာ့တပ်မတော်စခန်းငယ်များနဲ့ ပြည်သူ့စစ်စခန်းများကို SURA ဘိန်းမှောင်ခိုသောင်းကျန်းသူနဲ့ ယိုးဒယားစစ်တပ်ပေါင်းပြီး ယိုးဒယား စစ်တပ်က အမြောက်လက်နက်ကြီး ပစ်ကူများနဲ့ တိုက်ခိုက်တယ်လို့ သတင်းကြားရချိန်မှာ စတင် ရေးသားခဲ့ပါတယ်။ ၂၀၀၀ခုနှစ်ကလဲ တာချီလိတ်အနီး အို(၇)တောင်ကုန်းက တပ်မတော်စခန်းနဲ့ ၂၀၀၁ခုနှစ်မှာ ပါချီးစခန်းတို့ကို ဒီလိုဘဲတိုက်ခဲ့လို့ ပြဿနာတွေ ဖြစ်ခဲ့ပါတယ်၊ အခုတစ်ခါ ထပ်ပြီး ပြဿနာဖန်တီးလာတာကတော့ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးတဲ့သဘော ဖြစ်လာနေပါတယ်၊ အင်မတန်မှ ခံပြင်းစရာကောင်းလှတဲ့ ယိုးဒယားတွေရဲ့လုပ်ဆောင်ချက်တွေကို စာရေးသူ သိရှိထားသလောက် စာဖတ်သူများကို သိစေချင်တဲ့အတွက် ရေးသားခဲ့တာ ဖြစ်ပါတယ်။

ဆောင်းပါးများလို့ဆိုပေမဲ့ ရှေးမြန်မာမင်းများလက်ထက်နဲ့ မျက်မှောက်ကာလ မြန်မာ-ယိုးဒယား ဆက်ဆံရေးအခြေအနေများကို ခေတ်အလိုက်ရေးသားပြုစုခဲ့တာ ဖြစ်ပါတယ်။ မြန်မာနဲ့ယိုးဒယား စတင်ထိတွေ့ကြရတဲ့တောင်ငူခေတ်ကစပြီး ယနေ့အချိန်ထိ ဆက်ဆံရေးသမိုင်းကြောင်းကို တွေ့ရ ပါလိမ့်မယ်။ စာရေးသူ ဆွေးနွေးတင်ပြချင်တာကတော့-

* ယိုးဒယားဟာဘယ်လိုအိမ်နီးချင်းမျိုးလဲ
* ယိုးဒယားဟာ ခေတ်အဆက်ဆက် မြန်မာတို့အပေါ် ဘယ်လိုသဘောထားရှိလဲ
* အနာဂတ်ကာလမှာကော ယိုးဒယားဟာ မြန်မာနိုင်ငံအပေါ် ဘယ်လိုသဘောထား ရှိမလဲ
* မြန်မာတို့ကကောယိုးဒယားတွေအပေါ် ဘယ်လို ပြန်သဘောထားရမလဲ----ဆိုတဲ့ အဓိကအကြောင်းအချက်များဘဲဖြစ်ပါတယ်။

စာရေးသူ လေ့လာသိရှိသမျှ အထောက်အထားများနဲ့အတူ တင်ပြလိုက်ပါတယ်။ စာဖတ်သူများအတွက် မြန်မာ-ယိုးဒယားဆက်ဆံရေး သမိုင်းကြောင်းတစ်လျှောက်သိသင့်သိထိုက် သည်များကို အထောက်အကူပေးနိုင်မည်ဟုမျှော်လင့်မိပါတယ်။ သမိုင်းဆိုင်ရာ အချက်အလက်များ ရှာဖွေအကြံပြုပေးခဲ့သော ရန်ကုန်တက္ကသိုလ်သမိုင်းပါမောက္ခ ဦးကျော်ဝင်းနဲ့ စာရေးဆရာတင်နိုင်တိုး တို့အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါတယ်။

**ကျော်ထင်နော်ရထာ**

အသေဝနာစ ဗာလာနံ၊ လူမိုက်ကို မပေါင်း မဆည်းကပ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာဖြစ်သည်။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်တည်ထောင်သည်
Established 1914

# ကြေးမုံ

The Mirror


## နယ်စပ်ရှိမိမိတပ်မတော်စခန်းများအား SURA ဘိန်းမှောင်ခိုသောင်းကျန်းသူများဝင်ရောက်တိုက်ခိုက်စဉ် မျက်နှာချင်းဆိုင်ရှိ ထိုင်းတပ်စခန်းများမှ မိမိတပ်မတော်စခန်းများအား လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက် တစ်ချိန်တည်း၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)တပ်ဖွဲ့များ အခြေပြုထားသည့်စခန်းများကိုလည်းတိုက်ခိုက်ခဲ့ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ထိုင်းသံအမတ်ကြီးအားတန့်ကွက်လွှာပေးအပ်ပြီး စစ်သံမှူးအားခေါ်ယူအသိပေးခဲ့

**ထိုင်းစစ်တပ်က နှစ်နိုင်ငံချစ်ကြည်ရေးထိခိုက်အောင်တမင်ဖန်တီးနေသော်လည်း မိမိတို့ကငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်လျက်ရှိ**



[illegible]
(သတင်းစဉ်)

## SURA ဘိန်းမှောင်ခိုများ သိမ်းယူထားသည့် မိမိတပ်စခန်းများအားလုံး ပြန်လည်သိမ်းယူရရှိ

## SURA ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူများ ယိုးဒယားနယ်မြေထဲ ဆုတ်ခွာထွက်ပြေးသွား

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာရပ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပန်ဂန့်ဇော်ချောင်း၌ SURA က အဆိပ်ခတ်ခဲ့သဖြင့် ရေသတ္တဝါများသေဆုံးနေသည်ကို ၄င်း ၂၂ ရက်တွေ့ရ တပ်မတော်သားများ‌ရှင်းရေးသုံးပါက သေကျေစေရန်နှင့် တပ်မတော်က ဓာတုလက်နက်သုံးသည့်ပုံဖြစ်အောင်ဖန်တီးခြင်းဖြစ် ယိုးဒယားသတင်းစာများတွင်လည်း တပ်မတော်ကဓာတုလက်နက်သုံးပြီးတိုက်ခိုက်ခဲ့သည်ဟု မဟုတ်မမှန်လုပ်ကြံရေးသား စစ်ဆင်ရေးကိစ္စကြိုတင်အသိပေးထားသော်လည်း ၄င်း ၂၃ ရက်၌ ယိုးဒယားတပ်ကအမြောက်များဖြင့် ၅၃ ချက်ပစ်ခတ် ယိုးဒယားတင်းဆောက်လေယာဉ်တစ်စင်း မိမိနိုင်ငံအတွင်းပိုင်း တိုက် ၅၁၀ ခန့်ကျူးကျော်ပြီး ၄၅ မိနစ်ကြာပျံသန်းခဲ့

## အမြဲသတိထားရမည့်အိမ်နီးချင်းနိုင်ငံ

ရန်လိုတတ်တဲ့အိမ်နီးချင်း၊ မြဲစည်းရိုးခိုးရွှေ့ချင်တဲ့အိမ်နီးချင်း၊ ခွေးလေခွေးလွင့်မွေးပြီး တိုးတိုးတိတ်တိတ်ရှူးတိုက်ချင်တဲ့ အိမ်နီးချင်း၊ မပြောမဆိုညှော်တိုက်ချင်တဲ့အိမ်နီးချင်း၊ သူကြီးနဲ့ပေါင်းပြီး ဆယ်အိမ်ခေါင်းတောင်လူမထင်တဲ့ အိမ်နားနီးချင်း၊ ယုတ်စွအဆုံး ဇိမ်ခန်းဖွင့်တဲ့ အိမ်နီးချင်းစတဲ့ အိမ်နီးချင်းဆိုးများနဲ့ ယှဉ်တွဲနေထိုင်နေရတဲ့သူတွေ ရှိကောင်းရှိကြပါလိမ့်မယ်၊ အိမ်ငှားဆိုရင်တော့ စပေါ်ငွေအဆုံးခံပြောင်းရွှေ့သွားနိုင်လို့တော်သေးရဲ့၊ အိမ်ပိုင်ဆိုရင်တော့ တစ်သက်လုံး စိတ်ဆင်းရဲ ရပြီပေါ့။ အဲလိုမကောင်းတဲ့အိမ်နီးချင်းများနဲ့နေရသလို ယိုးဒယားလို အိမ်နီးချင်း နိုင်ငံနဲ့ယှဉ်တွဲနေထိုင် ရတာဟာ အလွန်ကိုကံဆိုးလှပါတယ်၊ ယိုးဒယားတွေရဲ့ လုပ်ဆောင်မှုတွေကြောင့် မျိုးချစ်စိတ်ရှိသူ နိုင်ငံသားတိုင်း စိတ်ဆင်းရဲခဲ့ရတာ ကာလအတော်ကြာခဲ့ပါပြီ၊ မိုင်ပေါင်း(၁၃၁၀)မိုင် နယ်နမိတ်ထိစပ် နေတာကြောင့် အိမ်နီးချင်းမတော်ချင်လို့လဲမရ၊ မခေါ်ချင်လို့လည်းမရတာမို့ သည်းခံပြီးပေါင်းသင်း လာခဲ့ရတာလည်းကြာခဲ့ပါပြီ၊ ဘယ်လောက်ဆိုးတဲ့ အိမ်နီးချင်းလည်းဆိုရင်တော့ သည်းခံခွင့်လွှတ်နိုင်ဘို့ ကောင်းတဲ့ကောင်းကွက်ဆိုလို့ တစ်ကွက်မှရှာမတွေ့ပါဘူး၊ မကောင်းတာကတော့ အခုမှမဟုတ်ဘဲ ရှေးကတည်းကမကောင်းခဲ့တာ၊ မြန်မာတွေအားနည်းပြီလားဆိုရင် မုတ္တမ၊ ထားဝယ်၊ မြိတ်စတဲ့ နယ်စပ်ဒေသတွေကို အမြဲတမ်းထိပါးခဲ့တာ၊ ဒီလိုကျူးကျော်ထိပါးလို့လည်း တပင်ရွှေထီး လက်ထက်ကနေ ကုန်းဘောင်ခေတ်အထိ အကြိမ်ကြိမ်တိုက်ခဲ့ရတာ၊ မြန်မာတွေက ကိုလိုနီလုပ်ချင်လို့ တိုက်ခဲ့တာ မဟုတ်ပါဘူး၊ ကိုယ့်နယ်မြေကို ကျူးကျော်ထိပါးလို့သာတိုက်ရတာ၊ စစ်တို့ရဲ့ထုံးစံ သေကျေပျက်စီးမှု ဆိုတာရှိစမြဲပဲ၊ အဲလိုရှိခဲ့တာကို အကျယ်ချဲ့လုပ်ဇာတ်ခင်းပြီး သမိုင်းရန်ငြိုးအဖြစ် အနာလုပ်ခဲ့ကြပါတယ်၊ ဥပမာအားဖြင့် အယုဒ္ဓယမြို့ကို သူတို့ဟာသူတို့ဖျက်ဆီးပြီး ဗမာတွေဖျက်ခဲ့ပါတယ်ဆိုပြီး ပြနေတာတွေ၊ သမိုင်းဖြစ်ရပ်မှန်တွေကို ပြန်လည်ပြင်ဆင်လိမ်လည် ရေးသားတာတွေကို နိုင်ငံတကာသမိုင်း ပညာရှင် များတောင်သိကြပါတယ်၊ သမိုင်းကိုအတိတ်မှာထားခဲ့ဖို့၊ မေ့ပစ်ဖို့မပြောလိုပါဘူး၊ သို့ပေမယ့် သမိုင်းရန်ငြိုးအာဃာတနဲ့ ယိုးဒယားလူမျိုးတွေရဲ့ ကျဆင်းယိုယွင်းနေတဲ့ အမျိုးသားရေးစိတ်ဓါတ်နဲ့ အမျိုးသားအကျိုးစီးပွားကို ပြန်လည်မြှင့်တင်တဲ့နေရာမှာ မြန်မာမုန်းတီးရေး၊ မြန်မာဆန့်ကျင်ရေးကို ဝါဒဖြန့်လက်နက်အဖြစ် အသုံးချနေတာကတော့ အတော့်ကိုဆိုးလှပါတယ်။

ဒီထက်ဆိုးတာကတော့ မြန်မာတို့အပေါ် အမြဲတမ်းရန်ဘက်အဖြစ် သဘောထားနေ ပါတယ်၊ ဒီလိုပြောတာဟာ အထောက်အထားမဲ့ ပြောနေတာမဟုတ်ပါဘူး၊ ယိုးဒယားတွေရဲ့ လုပ်ဆောင်ချက်တွေကိုကြည့်ရင် ထင်ရှားနေပါတယ်၊ မြန်မာမုန်းတီးရေးအတွက် သမိုင်းဖြစ်ရပ်မှန် တွေကို လိုသလိုပြန်ရေးရုံမဟုတ်ပါဘူး၊ ကျောင်းသုံးစာအုပ်များမှာလည်း သူငယ်တန်းကနေ တက္ကသိုလ်ထိ သင်ကြားနေခဲ့တာကြာပါပြီ၊ မြန်မာတွေအင်အားချိနဲ့နေစေဖို့ မြန်မာတွေမတိုးတက်စေဖို့ မြန်မာနိုင်ငံ မတည်ငြိမ်စေဖို့အတွက် မြန်မာနိုင်ငံကိုဒုက္ခပေးမယ့် ဘယ်လိုသောင်းကျန်းသူကိုမဆို လက်ခံအားပေး ကူညီခဲ့တာလည်း အားလုံးအသိပါဘဲ၊ ၁၉၄၉-၅၀ က ၁၉၇၀ထိ တရုတ်ဖြူတွေ မြန်မာ့မြေကိုကျူးကျော် နိုင်ခဲ့တာလည်း ယိုးဒယားရဲ့ လက်ခံအားပေးကူညီမှုကြောင့်ဆိုတာ ကမ္ဘာသိပါပဲ၊ ဗမာပြည်ကွန်မြူနစ် ပါတီကလွဲလို့ မြန်မာနိုင်ငံမှာပေါ်ပေါက်ခဲ့တဲ့ ရောင်စုံလက်နက်ကိုင်သောင်းကျန်းသူ မှန်သမျှ ယိုးဒယားကလက်ခံကူညီအားပေးမှုပြုခဲ့တယ်ဆိုတာ အထင်အရှားပါဘဲ၊ ဒီကနေ့ထိလည်း လက်ခံကူညီ ဆဲပါ။ လက်နက်ကိုင်ဆန့်ကျင်သူမှ ကူညီသလားဆိုရင်မဟုတ်ပါဘူး၊ လက်နက်မကိုင်လည်း မြန်မာနိုင်ငံကို ဆန့်ကျင်မယ်ဆိုလို့ကတော့ ဘယ်သူကို့မဆိုလက်ခံပါလိမ့်မယ်၊ ဒါကြောင့်လည်း ဒီကနေ့ဗန်ကောက်

မြို့တော်ကြီးမှာ မြန်မာနိုင်ငံကိုဆန့်ကျင်တဲ့အဖွဲ့အစည်းတွေ စုံးနဲ့ကနားနဲ့ အများကြီးပါပဲ၊ ဘယ်လောက်ဆိုးဝါးသလဲဆိုရင် တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတည်ဆောက်ရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ငြိမ်းချမ်းရေးယူခဲ့ကြလို့ တစ်ပြည်လုံးငြိမ်းချမ်းရေးရတော့မယ့် အခြေအနေရောက်ခဲ့တယ်ဆိုတာ အားလုံးအသိပဲ၊ နောက်ဆုံး ကျန်ရှိတဲ့ KNU အဖွဲ့နဲ့ အကြိမ်ကြိမ် ဆွေးနွေးလို့ပြေလည်လုနီးပါပြီ၊ ဒါပေမယ့် ငြိမ်းချမ်းရေးဆွေးနွေးမှုပျက်သွားခဲ့ပါတယ်၊ KNU နဲ့ပျက်ရုံတင်ဆိုတော်ပါသေးရဲ့၊ KNU နဲ့ညီအစ်ကိုတော် ငြိမ်းချမ်းရေးရယူပြီးဖြစ်တဲ့ KNPP ကရင်နီအဖွဲ့တောင် ငြိမ်းချမ်းရေးကိုကျောခိုင်းသွားခဲ့တယ်၊ ဒီလိုဖြစ်ခဲ့ရတာတွေဟာ ယိုးဒယားရဲ့ ပယောဂပါတယ်ဆိုတာ တိတိကျကျပြောနိုင်ပါတယ်။

အဲဒီကိစ္စ ယိုးဒယားနဲ့မဆိုင်ပါဘူးလို့ ငြင်းပါလိမ့်မယ်၊ ဒီလိုဆိုရင်ဘာကြောင့် MTA ခွန်ဆာအဖွဲ့လက်နက်ချတုန်းက ရွက်ဆစ်ကိုဖဲ့ထုတ်ပြီးလက်ခံမွေးမြူထားရလဲလို့ပြန်မေးပါမယ်၊ နယ်စပ်တစ်လျှောက်မြန်မာနိုင်ငံကိုဆန့်ကျင်တဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေ ရှိနေစေချင်တော့ KNPPကရင်နီရော၊ KNUနဲ့ပါ ငြိမ်းချမ်းရေးပျက်အောင် ဖျက်ခဲ့တယ်ဆိုတာကာယကံရှင်တွေပိုသိမှာပါ၊ တကယ်တော့ယိုးဒယားဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအေးချမ်းတည်ငြိမ်တိုးတက်မှာကို ဘယ်လိုမှ မလိုလားဘူးဆိုတာရှင်းနေပါတယ်၊ အဲလိုစစ်ရေးအရ၊ နိုင်ငံရေးအရ မြန်မာတို့အင်အားတောင့်တင်း မလာဖို့အမြဲကြံစည်အားထုတ်နေသလို စီးပွားရေးမှာလည်း သူတို့ကိုမကျော်လွှားနိုင်အောင်လုပ်ဆောင်နေပါတယ်၊ ဒါကြောင့်လည်း Normal Trade မှာဖြစ်ဖြစ်၊ Border Trade မှာဖြစ်ဖြစ် အသာစီးရယူလျှက်ရှိပါတယ်၊ ဒါ့ပြင်လက်နက်ကိုင် ဆူပူသောင်းကျန်းသူတွေနဲ့ပေါင်းပြီး သစ်၊ သတ္တု၊ ကျွဲနွားတိရစ္ဆာန်စတဲ့ မှောင်ခိုရောင်းဝယ်မှုများမှာ အမြတ်ထုတ်ခဲ့တာကြာခဲ့ပါပြီ၊ မြန်မာ့ပင်လယ်ပြင်မှာ ငါးခိုးဖမ်းတဲ့ကိစ္စ ကြည့်ပါလား၊ ယိုးဒယားတွေဟာသိတဲ့အတိုင်းဘဲ သူ့ရေပြင်မှာငါးမှမရှိတော့တာ၊ ပတ်ဝန်းကျင်နိုင်ငံအားလုံး လှည့်ပတ်ခိုးဖမ်းနေရတာပေါ့၊ မြန်မာ့ရေပြင်ကတော့အနီးဆုံးဆိုတော့ ပိုခံရတာပေါ့၊ ဒီအထဲ ပြည်တွင်းက ဝိသမလောဘသားတွေနဲ့ပေါင်းပြီး ငါးဈေးကွက်မှာအမြတ်ထုတ်ခဲ့တာလည်းကြာခဲ့ပါပြီ၊ စီးပွားရေးနဲ့ပတ်သက်ရင် ယိုးဒယားဟာအိမ်နီးချင်းနိုင်ငံတွေအပေါ် အသာစီးရဘို့အတွက် အင်ဒိုချိုင်းနားနဲ့မြန်မာနိုင်ငံတို့ကို **"စစ်မြေပြင်မှဈေးကွက်အဖြစ် ပြောင်းလဲရေး" To Turn The Battlefield into a Market Place** ဆိုတဲ့မူဝါဒချမှတ်ကျင့်သုံးခဲ့ပါတယ်၊ အိမ်နီးချင်းနိုင်ငံတွေက ကုန်ကြမ်းကို ဈေးနှုန်းပေါပေါနဲ့ရပြီး၊ ကုန်ချောရောင်းဖို့ဈေးကွက်ဖန်တီးရေးပါဘဲ၊ အဓိကရည်ရွယ်ချက်ကတော့ ယိုးဒယားဟာ ဒေသအတွင်းမှာ **စီးပွားရေးဗဟိုချက်မ** ဖြစ်လာဖို့ဘဲ၊ ဒီတော့ မြန်မာတွေစီးပွား ရေးတိုးတက်လာမှာ ဘယ်လိုလားမလဲ၊ ဒါကြောင့်လဲ မြန်မာတို့အပေါ်စီးပွားရေးမှာအသာစီးရဖို့ လုပ်ဆောင်နေတာ အမှန်ပါပဲ။

ဒီလို နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအသာစီးရဖို့လုပ်နေတာဟာ ဘယ်ကိုဦးတည်နေသလဲဆိုရင် မြန်မာနိုင်ငံကို **ယိုးဒယားနိုင်ငံရဲ့အမှီခိုခံနိုင်ငံ၊ လက်ဝေခံနိုင်ငံ** ဖြစ်အောင်လုပ်နေပြီလို့ဆိုရပါတော့မယ်၊ ဒီကနေ့ယိုးဒယားရဲ့လုပ်ဆောင်မှုတွေကသက်သေပြနေပါပြီ၊ ဒါ့ပြင် စီးပွားရေး၊ စစ်ရေးအင်အား အသင့်အတင့်ရှိလာတဲ့ယိုးဒယားဟာ ရန်စထိပါးလိုတဲ့လက္ခဏာ တွေ့နေရပါပြီ၊ ကြည့်ပါ- နှစ်စဉ်နှစ်တိုင်း စစ်တပ်အင်အားအများအပြားနဲ့ မြန်မာနယ်စပ်အနီးမှာ စစ်ရေးလေ့ကျင့်မှုတွေလုပ်နေတာဟာလည်း မြန်မာတို့အပေါ် စစ်ရေးအရခြိမ်းခြောက်တဲ့သဘောဖြစ်နေပါတယ်၊ ယိုးဒယားရဲ့ သဘောထားလုပ်ဆောင်ချက်တွေဟာ မြန်မာနိုင်ငံအတွက် **အမျိုးသားရေးအန္တရာယ်ကြီး** ဖြစ်လာပြီလို့ မှတ်ယူရပါတော့မယ်၊ ဒါကြောင့်မို့ မြန်မာကို သမိုင်းရန်ငြိုးအာဃာတနဲ့ အမြဲတမ်းရန်ဘက်အဖြစ် သဘောထား

နေတဲ့ယိုးဒယားကို မိတ်ဆွေလိုသဘောထားနေလို့မဖြစ်တော့ပါဘူး၊ ဒါဖြင့်ရင်ဘယ်လိုသဘောထားရမလဲလို့ မေးစရာရှိပါတယ်၊ ဇာတိမာန်ထက်သန်ပြီး မျိုးချစ်စိတ်ရှိသူတိုင်းဟာ ဒီမေးခွန်းကို မေးမှာမဟုတ်သလို ဖြေကြားစရာလည်းလိုအပ်တော့မယ်မဟုတ်ပါဘူး၊ ယိုးဒယားနဲ့ပတ်သက်လို့ အတိတ်သမိုင်းကနေမျက်မှောက်ကာလထိ ဖြစ်ရပ်မှန်များကို တင်ပြအသိပေးလိုတာကြောင့် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိရှိစေဖို့ သိပြီးဖတ်ပြီး ဖြစ်သော်လည်း ထပ်မံလေ့လာရင်း ဇာတိမာန်ပွားကြဖို့ မေတ္တာရပ်ခံအပ်ပါကြောင်း။




**ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိမ်နီးချင်းနိုင်ငံများပြမြေပုံ**

## ဘိုးဘွားများက ယိုးဒယားလို့ခေါ်ခဲ့တယ်

ယိုးဒယားနဲ့မြန်မာဟာ အိမ်နီးချင်းဆိုပေမဲ့ တူခဲ့တာမှမဟုတ်ပဲ၊ အေဒီ(၁)ရာစုလောက်ကပျူခေတ်ကိုအသာထား၊ ပုဂံခေတ်ကိုဗဟိုပြုတဲ့ ပထမမြန်မာနိုင်ငံတော်ကြီး တည်ဆောက်တဲ့အချိန်မှာ ယိုးဒယားနိုင်ငံဆိုတာ တည်ထောင်နိုင်သေးတာမှမဟုတ်တာ၊ ဒီတုန်းကမြို့ပြနိုင်ငံCity State ပဲရှိပါသေးတယ်၊ တကယ်ဆိုတော့ မြန်မာတို့နောက် အနှစ်(၂၀၀)လောက် နောက်ကျပြီးမှ နိုင်ငံအဖြစ်တည်ထောင်နိုင်ခဲ့တာပါ၊ ယိုးဒယားလူမျိုးရဲ့ ပင်မဖြစ်တဲ့တိုင် (Tai)လူမျိုးတွေဟာ အစကယူနန်နယ်မှာနေခဲ့ကြတယ်၊ တရုတ်တွေက (Tai) လူမျိုးတွေကို ပိုင်ယီလို့ခေါ်တယ်၊ အေဒီ(၁၁)ရာစုမှာတော့ သျှမ်ဆိုပြီးခေါ်ဝေါ်လာကြတယ်၊ နောင်မှာတော့ ဥရောပတိုက်သားတွေကတော့ ဆိုင်းယမ် (Siam) လို့ ရေးကြခေါ်ကြတယ်၊ အေဒီ(၆)ရာစုမှာ တိုင် (Tai) လူမျိုးတွေဟာ ယူနန်မှာအင်အားကြီးမားလာပြီး နန်ကျောင်ဆိုတဲ့နိုင်ငံ တည်ထောင်ခဲ့ကြတယ်၊ အေဒီ(၁၃)ရာစုမှာတော့ မွန်ဂိုတွေက နန်ကျောင်ကို သိမ်းယူခဲ့ကြတယ်၊ နန်ကျောင်ပြိုကွဲတော့ တိုင်လူမျိုးများဟာ ဘေးကင်းတဲ့တောင်ဘက်ကို ဆင်းခဲ့ကြတယ်၊ တချို့ကမြန်မာနိုင်ငံထဲ၊ တချို့ကလောနဲ့ဗီယက်နမ်ထဲ၊ တချို့ကအခုယိုးဒယား နိုင်ငံထဲဝင်ရောက်ခဲ့တယ်၊ လောနဲ့ယိုးဒယားနိုင်ငံထဲ ဝင်ရောက်လာတဲ့ တိုင်လူမျိုးတွေဟာ မဲနမ်နဲ့မဲခေါင်မြစ်ဖျားဒေသများမှာ မြို့ပြတည်ထောင်ပြီး နေထိုင်ခဲ့ကြတယ်၊ ကျိုင်းသေ့ဉ်ရဲ ကျိုင်းရဲနဲ့ သောက္ကတဲ (Sukhotai) မြို့ပြများဟာ တိုင်လူမျိုးတို့ရဲ့ပထမဆုံးမြို့ပြ ပြည်ထောင်များဖြစ်တယ်၊ အဲဒီမြို့ပြပြည်ထောင်တွေထဲမှာ ပထမဆုံး အင်အားတောင့်တင်းလာတာက သောက္ကတဲဖြစ်တယ်၊ သောက္ကတဲမင်းရာမခန်ဟန် (Ramkhamhmeng) လက်ထက်မဲနမ်မြစ်ဝှမ်းအောက်ပိုင်းနဲ့ မဲခေါင်မြစ်ဝှမ်းအလယ်ပိုင်း ဒေသတွေကို သိမ်းပိုက်နိုင်တဲ့အတွက် ပိုပြီးအင်အားကြီးမားလာတယ်၊ အဲဒီဒေသတွေက ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားတဲ့ မွန်ခမာ တွေဆီက နိုင်ငံအုပ်ချုပ်ရေးပညာတွေရခဲ့တယ်၊ ဒါကြောင့်လဲ သောက္ကတဲဟာ ယိုးဒယားယဉ်ကျေးမှု စတင်ပျိုးထောင်ခဲ့တဲ့ ဒေသဖြစ်လာခဲ့တယ်၊ ယိုးဒယားလူမျိုးတွေက သောက္ကတဲ ဟာ ယိုးဒယားနိုင်ငံကို စတင်မွေးဖွားလိုက်တဲ့ဒေသ ဖြစ်တယ်လို့ယူဆကြတယ်၊ ရာမခန်ဟန်လက်ထက်မှာ အရှေ့ဘက် မဲခေါင်မြစ်ဝှမ်း အလယ်ပိုင်းအထိ၊ အနောက်ဘက်မှာ ဟံသာဝတီပြည်ထောင်ရဲ့ နယ်စပ်အထိ၊ မြောက်ဘက်မှာ လင်းဇင်း (လွမ်ပရာဗန်)အထိ၊ တောင်ဘက်မှာ လိဂေါ်ပြည်ထောင်အထိ ကျယ်ဝန်း ခဲ့တယ်၊ ရာမခန်ဟန် ကွယ်လွန်တဲ့အခါ သောက္ကတဲပြည်ထောင်ရဲ့ ဩဇာလဲကျဆင်းလာခဲ့တယ်၊ ဒီနောက်မှာ မဲနမ်မြစ်ရဲ့အောက်ပိုင်းမှာ ထက်မြက်တဲ့ခေါင်းဆောင်တစ်ဦး ပေါ်ပေါက်လာတယ်၊ ချောင်းဖရား မြစ်ဝှမ်းဒေသက မွန်လူမျိုးတွေကို စည်းရုံးပြီး " လဝပူရ " ကိုသိမ်းပိုက်ခဲ့တယ်၊ ခရာစ်နှစ် ၁၃၅၀ မှာတော့ " လဝပူရ " ရဲ့တောင်ဘက် မိုင်(၅၀)လောက်ဝေးတဲ့နေရာမှာ အယုဒ္ဓယဆိုတဲ့ မြို့တော် တည်ထောင်ခဲ့တယ်၊ " ရာမာဓိပတိ " ဘွဲ့အမည်ခံယူ မင်းပြုခဲ့တယ်၊ ယိုးဒယားလူမျိုးတွေကတော့ သူတို့ရဲ့ ပထမဦးဆုံးမင်းအဖြစ် မှတ်ယူထားကြပါတယ်၊ အယုဒ္ဓယဟာ မဲနယ်မြစ်ဝှမ်း အလယ်ပိုင်း၊ အောက်ပိုင်းနဲ့တောင်ဘက် မလေးကျွန်းဆွယ်အထိ ဩဇာသက်ရောက်ခဲ့တယ်၊ အယုဒ္ဓယနဲ့ပြိုင်ဘက် အဖြစ် မဲနမ်ဖြစ်ဖျားမှာ ဇင်းမယ်၊ မဲခေါင်မြစ်ဝှမ်းအလယ်ပိုင်းမှာ လင်းဇင်းပြည်ထောင်တွေရှိနေတယ်၊ ပြိုင်ဘက်အဖြစ် တစ်ပြည်ထောင်နဲ့တစ်ပြည်ထောင်ကလည်း မကြာခဏစစ်ဖြစ်ခဲ့ကြတယ်၊ ရာမာဓိပတိ မင်းရဲ့ နောက်ဆက်ခံကြတဲ့မင်းများက နယ်ပယ်ချဲ့ထွင်ရင်းနဲ့ အယုဒ္ဓယရဲ့ဩဇာက ပိုမို ကျယ်ပြန့် လာခဲ့တယ်၊ ရာမာဓိပဓိမင်း အယုဒ္ဓယတည်ထောင်ပြီး ယိုးဒယားလူမျိုးအားလုံး သိမ်းသွင်းပြီးမှဘဲ ယိုးဒယားနိုင်ငံဆိုတာ ပေါ်ပေါက်လာခဲ့တာဖြစ်တယ်၊ တောင်ငူခေတ် တပင်ရွှေထီးကနေ ကုန်းဘောင် ခေတ်

ဆင်ဖြူရှင်လက်ထက်ထိ ယိုးဒယားနဲ့စစ်ဖြစ်ခဲ့ကြတော့ မြန်မာတွေအကြိမ်ကြိမ် တိုက်ခဲ့တာ အဲဒီ အယုဒ္ဓယမြို့တော်ပါဘဲ၊ အယုဒ္ဓယဆိုတာ စစ်ထိုးလို့မရတဲ့နိုင်ငံဆိုတဲ့ အဓိပ္ပါယ်နဲ့ ယိုးဒယားတွေက ခေါ်ဝေါ်သမုတ်ခဲ့ကြတာပါ၊ မြန်မာများက စစ်ထိုးလို့ရတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ " ယုဒ္ဓယ" လို့နှမ်နှိမ်ပြီး ခေါ်ခဲ့ရာက နောင်မှာယိုးဒယားနိုင်ငံ၊ ယိုးဒယားလူမျိုးလို့ ခေါ်ခဲ့ပါတယ်၊ ယိုးဒယားတွေကို ဘိုးဘွားမြန်မာများကတော့ ပြိုင်ဘက်အဖြစ် စစ်သွေးစစ်မာန်ရှိတဲ့လူမျိုး လို့မသတ်မှတ်ခဲ့ပါဘူး၊ အထင်လည်းမကြီးခဲ့ကြပါဘူး၊ စိတ်ပျော့လူပျော့နဲ့ ရိုးဖြောင့်တဲ့စရိုက်မရှိ တဲ့သူတွေလို့ဘဲ သတ်မှတ် ခဲ့ကြပါတယ်၊ ဟုတ်တာပေါ့၊ ဟိုရှေးခေတ်ကထဲက မြန်မာတွေအားနည်း ပြီလားဆိုမှဖြင့် နယ်စွန်နယ်ဖျား ထိပါးပြီး အချောင်နှိုက်ခဲ့တာက များတာကိုး၊ ဒါကြောင့်လဲ အယုဒ္ဓယကို မကြာမကြာသွားရောက် နှိမ်နှင်းရတဲ့စစ်ပွဲတွေဖြစ်ခဲ့ရတာပဲ မဟုတ်လား၊ ကဲ- ယိုးဒယားလူမျိုးတွေအပေါ် ဘိုးဘွားတွေ မှတ်ယူခဲ့ကြတာ မှန်မမှန်ကြည့်ရအောင်၊ ၁၉ရာစုမှာ အရှေ့တောင်အာရှ နိုင်ငံတွေဟာ အင်္ဂလိပ်နဲ့ပြင်သစ် ကိုလိုနီနယ်ချဲ့တွေရဲ့ အန္တရာယ်ကို ရင်ဆိုင်နေရပြီး ယိုးဒယားလဲပါတာပေါ့၊ ယိုးဒယားဟာ ကိုလိုနီနိုင်ငံကြီးတွေရဲ့ အန္တရာယ်ကိုထိပ်တိုက် ရင်မဆိုင်ခဲ့ဘဲ အလျော့ပေးပြီး ဆက်ဆံခဲ့တယ်၊ ခရစ်နှစ် ၁၈၅၅ခုနှစ်မှာ အင်္ဂလိပ်နဲ့ယိုးဒယား စာချုပ်ချုပ်ဆိုတဲ့အခါ အင်္ဂလိပ်တွေကို ယိုးဒယားမှာနေထိုင်ခွင့်၊ မြေပိုင်ခွင့်၊ နယ်လွန်တရားစီရင်ပိုင်ခွင့်ပေးခဲ့ရတယ်။ ကိုလိုနီဘဝသာ မကျရောက်ပေမဲ့ ဘာထူးလဲ၊ အချုပ်အခြာအာဏာကို ထိပါးခံရပြီပဲ၊ ဒီဖြစ်စဉ်ကြည့်ရင်ဘဲ ယိုးဒယားဘုရင်ကပဲ သူ့ထီးနန်း လက်လွှတ်ရမှာကြောက်လို့ အလျော့ပေးတာလား၊ နယ်ချဲ့တွေရဲ့ စစ်ရေးကို ရင်မဆိုင်ဝံ့လို့လား၊ ဘာပဲပြောပြော ဘိုးဘွားများပြောသလို စစ်သွေးစစ်မာန် မရှိဘူးလို့ဆိုရင် နာလိုခံခက်ပါလိမ့်မယ်၊ သူတို့ကတော့ လိမ္မာပါးနပ်ပြီး အမြော်အမြင်ရှိတာလို့ ပြောပါလိမ့်မယ်၊ ကျန်တာ တော့မသိဘူး၊ ပါးတာနပ်တာတော့အမှန်ဘဲ၊ ယိုးဒယားတွေဟာ ဘာလို့လဲဆိုတော့ နိုင်မဲ့သူဘက်၊ အားသာတဲ့ဘက်က အမြဲပါတတ်ပါတယ်၊ ကဲ- ဘယ်လောက်ပါးလဲကြည့်ရအောင် ၊ ပထမကမ္ဘာစစ်မှာ အင်အားသာတဲ့ မဟာမိတ်တွေဘက်က ဝင်ပါလိုက်တယ်၊ ပဲရစ်ငြိမ်းချမ်းရေးညီလာခံ တက်ခွင့်ရပြီး အင်္ဂလိပ်တွေဆီက စာချုပ်နဲ့ပတ်သက်ပြီး အခွင့်အရေးပြန်တောင်းသည့် အမြတ်ထုတ်နိုင်ခဲ့တယ်၊ ဒုတိယကမ္ဘာစစ်ဖြစ်တော့ ဖက်ဆစ်တွေကနိုင်မယ်ထင်လို့ ဂျပန်ဘက်ကဝင်ပါပြီး မဟာမိတ်တွေကိုစစ်ကြေညာခဲ့တယ်၊ ဂျပန်လည်း စစ်ရှုံးမဲ့အခြေအနေရောက်ရော မဟာမိတ်တွေဘက် ပြောင်းပါလေရော၊ ဒုတိယကမ္ဘာစစ်ပြီးတော့ အမေရိကန်ရဲ့ ထီးရိပ်အောက်ခိုပြီး ကွန်မြူနစ်ရန်ကို ကာကွယ်ခဲ့တယ်၊ ဗီယက်နမ်စစ်မှာ အမေရိကန်လည်း စစ်ရှုံးတော့မယ့် အခြေအနေရောက်လာရော တိတ်တိတ်ကလေး တရုတ်ကြီးပြေးကပ်ပြန်ရော၊ ကဲ- ဘယ်လောက်များ ပါးသလဲ၊ တကယ်တော့ ကိုယ့်အားကိုယ်ကိုးချင်တဲ့စိတ်၊ ကိုယ်ပိုင်ရပ်တည်ချက်၊ ကိုယ်ပိုင်မူဝါဒမရှိဘဲ အလေးသာမဲ့သူကို တပည့်ခံလေ့ရှိတာတွေ့ရပါတယ်၊ ဒါကြောင့်လဲ နိုင်ငံတကာက ယိုးဒယားနိုင်ငံကိုလေယူရာတိမ်းတဲ့ **Bend With the Wind Policy** မူဝါဒ ကျင့်သုံးတဲ့နိုင်ငံလို့ မှတ်ချက်ပြုကြတာပေါ့၊ ဒီလိုဆိုရင်ယိုးဒယားဆိုတာ ဘယ်လိုအကျင့်စရိုက် လက္ခဏာတွေရှိလည်းဆိုတာ အထူးပြောဖို့လိုအပ်မယ်မထင်ပါဘူး၊ ဘိုးဘွားများက ယိုးဒယားလို့ ခေါ်ခဲ့ကြတာ ကြည့်ပါလား။



ပထမမြန်မာနိုင်ငံတော်ကိုတည်ထောင်
ခဲ့သောအနော်ရထာမင်းပုံ




ပထမမြန်မာနိုင်ငံတော်မြေပုံ

## အယုဒ္ဓယသားတွေကို ပထမဆုံးဦးညွှတ်ခစေခဲ့တဲ့မင်းတရားရွှေထီး

ယိုးဒယားနိုင်ငံလို့မပေါ်ပေါက်သေးခင် အေဒီ ၁၁ ရာစုမှာ ပုဂံကိုဗဟိုပြုတဲ့ မြန်မာနိုင်ငံဟာပေါ်ပေါက်ခဲ့ပြီးဖြစ်နေပါပြီ၊ အနော်ရထာမင်းလက်ထက်မှာ တောင်ဘက်ကို နယ်ပယ်ချဲ့ထွင်ခဲ့တာ မုတ္တမကျွေ့တစ်ဝိုက်ထိ သိမ်းသွင်းနိုင်ခဲ့ပါတယ်၊ အနော်ရထာကို ဆက်ခံခဲ့တဲ့မင်းများလည်း နယ်ပယ်ချဲ့ထွင်လာခဲ့ကြလို့ နရပတိစည်သူ (အေဒီ-၁၁၇၄မှ ၁၂၁၁)လက်ထက်မှာ ပုဂံနိုင်ငံတော်ကြီး အတော့်ကိုကျယ်ဝန်းနေပါပြီ၊ မေ့ရာဇက ဘုရားမှာတွေ့ရတဲ့ ကျောက်စာအရ နိုင်ငံရဲ့အကျယ်အဝန်းဟာ အရှေ့ဘက်မှာသံလွင်မြစ်၊ အနောက်ဘက်မှာ မဏိပုရ၊ မြောက်ဘက်မှာ တကောင်း၊ တောင်ဘက်မှာ ထားဝယ်၊ တနင်္သာရီနဲ့သလင်းကြေလို့ ဖော်ပြထားတာတွေ့ရပါတယ်၊ ဒါကြောင့် ပုဂံခေတ် ကတည်းက မြန်မာနိုင်ငံရဲ့နယ်နိမိတ်ဟာ လက်ရှိနိုင်ငံတော်ရဲ့ နယ်နိမိတ်အတိုင်းဘဲလို့ ပြောနိုင်လောက်ပါပြီ၊ ယိုးဒယားရာဇဝင်တစ်ချို့မှာ မုတ္တမ၊ ထားဝယ်၊ တနင်္သာရီ ဒေသတွေကို အယုဒ္ဓယ ပိုင်တယ်လို့ ရေးသားထားတာတွေ့ရပါတယ်၊ ကြည့်ပါဦး၊ နောက်မှလည်း လူဖြစ်သေး ငှဦးလည်းမှည့်ချင်သေးရဲ့၊ ဒီဒေသများကို ယိုးဒယားဆိုတဲ့နိုင်ငံမပေါ်ပေါက်မီ နှစ်ပေါင်းများစွာကတည်းကပိုင်ခဲ့တယ်ဆိုတာ အထောက်အထား အခိုင်အမာရှိပါတယ်၊ သို့ပေမယ့် ယိုးဒယားတွေကတော့ တနင်္သာရီကမ်းရိုးတန်းဒေသကို သူတို့ပိုင်နက် အဖြစ် ငန်းငန်းတက်လိုချင်ခဲ့ကြတယ်ဆိုတာ ထင်ရှားပါတယ်၊ ဒါကြောင့်လည်း မြန်မာတွေပြည်တွင်းရေး မငြိမ်မသက်လို့ အားနည်းတဲ့အချိန်တိုင်းမှာ ဒီဒေသများကိုထိပါးခဲ့ကြပါတယ်၊ ဒီလိုထိပါးလို့လည်း အယုဒ္ဓယကို သွားရောက်တိုက်ခိုက်ခဲ့ရတာဖြစ်ပါတယ်။

ဒီဒေသများကို ယိုးဒယားတွေလိုချင်တပ်မက်ခဲ့မယ် ဆိုရင်လည်း တပ်မက်စရာ မဟုတ်လား၊ ပင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်ရေးမှာ အလွန်အရေးပါပြီး အချက်အချာ ဖြစ်နေပါတယ်၊ ရှေးယခင်ကတည်းက တနင်္သာရီကမ်းရိုးတန်းမှာရှိတဲ့ ဆိပ်ကမ်းမြို့များဟာ ယိုးဒယားတို့ အတွက် ပြည်ပကူးသန်းရောင်းဝယ်ရေးမှာ အသုံးဝင်ခဲ့ပါတယ်၊ အယုဒ္ဓယဒေသဟာ တရုတ်နိုင်ငံ ကလာတဲ့ကုန်ပစ္စည်းများနဲ့ အိန္ဒိယသမုဒ္ဒရာကို ဖြတ်သန်းရောက်ရှိလာတဲ့ကုန်ပစ္စည်းများ ဖလှယ်ကြတဲ့ နေရာဖြစ်ခဲ့ပါတယ်၊ အေဒီ ၁၅ ရာစုအကုန် ရောက်တဲ့အခါ ဥရောပတိုက်သားကုန်သည်များ အရှေ့တိုင်းကိုအရောက်အပေါက်များလာတာနဲ့အမျှ တနင်္သာရီကမ်းရိုးတန်းကဆိပ်ကမ်းမြို့များဟာလည်း ပိုပြီးစည်ကားလာခဲ့ပါတယ်၊ ကုန်သွယ်မှုမှာအရေးပါတဲ့ဒေသ ဖြစ်လာခဲ့ပါတယ်၊ ဥရောပကုန်သည်များကလည်း အယုဒ္ဓယကို မလက္ကာ ရေလက်ကြားကိုပတ်ပြီးသွားရတာထက် ဘင်္ဂလားပင်လယ်ကွေ့ဖြတ် တနင်္သာရီဆိပ်ကမ်းကနေ ကုန်းလမ်းခရီးနဲ့ အချိန်တိုတိုနဲ့ သွားနိုင်တာမို့ ပိုပြီးနှစ်သက်ကြတယ်၊ ဒါကြောင့်လည်း ကုန်သည်များဟာ တနင်္သာရီဆိပ်ကမ်းများကို စခန်းထောက်အဖြစ်ထားပြီး အယုဒ္ဓယကို ကုန်းလမ်းကဘဲသွားလာရောင်းဝယ်မှု ပိုမိုပြုလုပ်ခဲ့တယ်၊ တနင်္သာရီကမ်းရိုးတန်းဟာ ယိုးဒယားတို့အတွက် အကျိုးဖြစ်ထွန်းတဲ့ဒေသဖြစ်နေတယ်၊ ဒီဒေသကို ယိုးဒယားတို့က သူတို့ပိုင်နက်အဖြစ်ရယူလိုကြတာပေါ့။

ဒါကြောင့်လည်း တောင်ငူခေတ်၊ မင်းတရားရွှေထီး လက်ထက်မှာ ယိုးဒယားတို့က ထားဝယ်ကို ကျူးကျော်ထိပါးလာကြတယ်၊ ယိုးဒယားရဲ့ အကျင့်စရိုက်ကို ပြောခဲ့ပြီဘဲ၊ သူမှာအင်အားအသင့်အတင့် ရှိလာမယ်၊ မြန်မာဘက်မှာလည်း အင်အားနည်းပါးနေမယ်ဆိုတိုင်း မြန်မာ့နယ်မြေကိုထိပါးလေ့ရှိပါတယ်၊ ပုဂံနိုင်ငံတော်ကြီး ပြိုကွဲပြီးတဲ့နောက် နိုင်ငံအတွင်းမှာ ထီးပြိုင်နန်းပြိုင်တွေဖြစ်နေကြတယ်၊ တလုံး တစည်းတည်းကလည်းမရှိ စစ်မက်ကလည်းပြိုင်နေကြလေတော့ ယိုးဒယားတို့အတွက် အခွင့်ကောင်း ပေါ့၊

ထားဝယ်ကိုယိုးဒယားတို့ ကျူးကျော်ထိပါးပြီလို့သိရတဲ့ မင်းတရားရွှေထီးဟာ ဟံသာဝတီကနေ ကျူးကျော်လာတဲ့ယိုးဒယားကိုတိုက်ဖို့အတွက် ရေကြောင်း၊ ကြည်းကြောင်းကနေ ထားဝယ်ကို ချီစေခဲ့တယ်၊ မြန်မာတပ်များချီလာပြီလို့သိတဲ့ ယိုးဒယားတပ်များဟာ ထားဝယ်ကနေ တနင်္သာရီကို ဆုတ်ခွာသွားကြတယ်၊ မြန်မာတပ်များက ဆုတ်ခွာရာကိုထပ်ချပ်လိုက်တိုက်ကြတယ်၊ နောက်ပိုင်းက စစ်ကူလည်း မရတဲ့ယိုးဒယားတွေဟာ အကျအဆုံးများစွာနဲ့ပဲ ယိုးဒယားဘက်ကို ပြန်လည်ဆုတ်ခွာ သွားခဲ့ကြတယ်၊ ယိုးဒယားတွေရဲ့ကျူးကျော်မှုကို အောင်မြင်စွာမောင်းထုတ်ခဲ့တဲ့နောက် ခရစ်နှစ် ၁၅၄၈ခုနှစ်မှာ မင်းတရားရွှေထီးဟာ ဟံသာဝတီကနေ အယုဒ္ဓယကိုစစ်ချီခဲ့တယ်၊ အချက်အချာကျတဲ့ တနင်္သာရီဒေသကို ထိပါးခဲ့တဲ့ကိစ္စဟာ ရေရှည်မှာအန္တရာယ်ပေးနိုင်တယ်ဆိုတာ ဒုတိယမြန်မာနိုင်ငံ တော်ကြီးကို ပြန်လည်ထူထောင်ဘို့ကြိုးစားနေကြတဲ့ မင်းတရားရွှေထီးနဲ့ ဘုရင့်နောင်တို့ မစဉ်းစားမိဘဲ ဘယ်နေပါ့မလဲ၊ ဒါကြောင့် အယုဒ္ဓယကို စောစောစီးစီးကတည်းကနှိမ်ဖို့ တိုက်ခဲ့တာဖြစ်နိုင်ပါတယ်။

အယုဒ္ဓယကို စစ်ချီတဲ့အခါ မင်းတရားရွှေထီးဟာ အနီးဆုံးလမ်းကြောင်းကို ရွေးချယ်ခဲ့တယ်၊ ဟံသာဝတီကနေ မော်လမြိုင်၊ အတ္တရံမြစ်အတိုင်း ဘုရားသုံးဆူတောင်ကြားလမ်းအတိုင်း ယိုးဒယားနယ်မြေထဲချီတက်ခဲ့တယ်၊ ကန်ချနဗူရီ (Kanchanaburi)ကို အလွယ်တကူရလိုက်ပြီး ယိုးဒယားတို့ အခိုင်အမာတပ်စွဲထားတဲ့ ဆူဗန်းဗူရီ (Supanburi)ကို ဆက်လက်ချီတက်တိုက်ခိုက်တယ်၊ ဆူဗန်းဗူရီမှာ မြန်မာတို့က နှစ်ဘက်ညှပ်တိုက်လို့ ယိုးဒယားတို့အကျအဆုံးများပြီး သုံ့ပန်းအဖြစ်လည်း အများအပြားအဖမ်းခံရတယ်၊ ယိုးဒယားဘုရင် မဟာချက္ကရာဖတ်ရဲ့သားတော်နဲ့ ညီတော်တို့ကို သုံးပန်းအဖြစ်ရလိုက်တယ်၊ ဒုတိယအကြိမ် ကမန်ပိုက်အနီးမှာ တိုက်ခိုက်ကြရတယ်၊ (၂)ကြိမ်စလုံး မြန်မာတို့ရဲ့ ရှုပ်ရှပ်ချုံချုံတိုက်ခိုက်မှုကြောင့် အောင်ပွဲရခဲ့တယ်၊ ဒီမှာ ယိုးဒယားတပ်များဟာ အယုဒ္ဓယကို ပြန်လည်ဆုတ်ခွာပြီး မြို့တွင်းကဘဲခုခံကြတော့တယ်၊ မင်းတရားရွှေထီးဟာ တစ်လခန့် အယုဒ္ဓယကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့တယ်၊ ဒါပေမယ့် အယုဒ္ဓယကိုလုပ်ကြံရာမှာ အခက်အခဲများစွာတွေ့ခဲ့ရတယ်၊ အယုဒ္ဓယမြို့တော်ကို ချောင်းဖရားမြစ်နဲ့ စပ်မြစ်တို့က ကျုံးများလိုဝန်းရံထားတာကြောင့် သဘာဝကပေးတဲ့ခံတပ်ကောင်းဖြစ်နေတယ်၊ ဒီအရံအတားတွေက စစ်တပ်အင်အား ဘယ်လောက်များများ မြို့တော်ကို အင်အားအလုံးအရင်းနဲ့ တိုက်လို့မဖြစ်နိုင်ဘူး၊ မိုးရာသီဆိုရင်လည်း သဘာဝရေလွှမ်းမိုးမှုဟာ မြို့ကိုဝန်းရံတိုက်ခိုက်သူများအတွက် လှုပ်ရှားမှုရော ရပ်နားမှုပါ အခက်အခဲများစွာရှိစေတယ်၊ ဒီလိုသဘာဝကပေးတဲ့ ပထဝီအနေအထားသာလွန်မှုကြောင့် မင်းတရားရွှေထီးရဲ့ တပ်များဟာ အယုဒ္ဓယကို မသိမ်းပိုက်နိုင်ခဲ့ဘူး၊ တစ်လလောက်ကြာတော့ ရိက္ခာအခက်အခဲတွေ့လာရတယ်၊ ဒါကြောင့်မြို့ရင်းကခွာပြီး ကမန်ပိုက်ကို စစ်ချီခဲ့တယ်၊ ယိုးဒယားတို့နောက်ကလိုက်လာလို့ ရပ်တန့်ပြီးတိုက်ခိုက်ခဲ့ရတယ်၊ လိုက်လာတဲ့ ယိုးဒယားတပ်တွေ အရေးနိမ့်ပြီး ဆုတ်ခွာသွားခဲ့တယ်၊ ဒီတိုက်ပွဲမှာ ယိုးဒယားဘုရင်ရဲ့သားမက်နဲ့ အမတ်များ၊ တိုက်ဆင်များကို သုံ့ပန်းအဖြစ်ရလိုက်တယ်။

ကမန်ပိုက်ကိုဆက်ပြီး ချီတက်တဲ့အခါ ကမန်ပိုက်စားမခံဝံ့လို့ ထွက်ပြေးတာနဲ့ မတိုက်မခိုက်ရဘဲ ကမန်ပိုက်ကိုရလိုက်ပြန်တယ်၊ မင်းတရားရွှေထီးက သောက္ကတဲနဲ့ ပိသလောက်မြို့ကို ဆက်ပြီး တိုက်ဖို့စီစဉ်တုံးမှာ ယိုးဒယားဘုရင်ဟာ ညီတော်၊ သားတော်၊ သားမက်တော်တို့ကိုလွှတ်ပေးရင် နှစ်စဉ် တိုက်ဆင်(၃၀)၊ ငွေချိန်(၃၀၀)နဲ့ အခွန်ငွေများ ဆက်သပ့ါမယ်လို့ ကမ်းလှမ်းလာခဲ့တယ်၊ ယိုးဒယားဘုရင်က သူ့သားမက်များဖြစ်တဲ့ပိသလောက်မြို့စားနဲ့ သဝန်ခလောက်မြို့စားကို လက်ဆောင်များစေလွှတ်ပြီး သစ္စာခံစေခဲ့တယ်၊ မင်းတရားရွှေထီးကလည်း ယိုးဒယားဘုရင်ရဲ့ ညီတော်၊ သားတော်နဲ့ သားမက်တော်အပြင် သုံ့ပန်းအားလုံးကို ပြန်လွှတ်ပေးခဲ့ပါတယ်၊ မင်းတရားရွှေထီးဟာ အဲလို

အကျေအလည်ဆောင်ရွက်ပေးပြီးတဲ့နောက် ဟံသာဝတီကိုပြန်လည် ချီခဲ့တယ်၊ အခြေအနေပေးရင် ပေးသလို မြန်မာ့မြေကို ထိပါးချင်တဲ့ အယုဒ္ဓယကို ပထမဆုံးအကြိမ်တိုက်ခဲ့တဲ့ပွဲပါဘဲ၊ ဒီပွဲဟာ အယုဒ္ဓယကို မသိမ်းပိုက်နိုင်ခဲ့ပေမယ့် စစ်ရေးအရ အောင်မြင်မှု ရတဲ့ပွဲလို့ဆိုရပါမယ်၊ တစ်နည်းအားဖြင့် မင်းတရား ရွှေထီးဟာ အယုဒ္ဓယသားတွေကို ပထမဦးဆုံး ဦးညွှတ်စေခဲ့လို့ ဂုဏ်ယူစရာကောင်းလှပါတယ်။



**ခရစ်နှစ် (၁၅၆၃) တွင် အယုဒ္ဓယသို့**
**စစ်ချီတိုက်ခိုက်ခဲ့သော ဘုရင့်နောင်မင်းတရားကြီး**




**ဒုတိယမြန်မာနိုင်ငံတော်မြေပုံ**

## အယုဒ္ဓယသားတို့ရဲ့ကျေးဇူးရှင်

ယိုးဒယားတွေကတော့ သိတဲ့အတိုင်းပါပဲ၊ မင်းတရားရွှေထီးရှိတုန်းကတော့ ဆက်နေကြအခွန်ပဏ္ဏာကို ဆက်ပါရဲ့၊ မင်းတရားရွှေထီး နတ်ရွာစံတဲ့အခါ ပြည်တွင်းရေးမငြိမ်မသက် လဲဖြစ်ရော အခွန်ပဏ္ဏာ မဆက်တော့ဘူး၊ မင်းတရားရွှေထီးကို ဆက်ခံတဲ့ဘုရင့်နောင်မင်းတရားကြီး အနေနဲ့ ထီးနန်းတက်စမှာ ပြည်တွင်းရေး ငြိမ်သက်အောင်လုပ်နေရသေးတော့ ဒီအချိန်မှာ အယုဒ္ဓယရဲ့ ပဏ္ဏာမဆက်တဲ့ကိစ္စ ဘယ်မှာအရေးထားနိုင်မလဲ၊ ပြည်တွင်းမှာ ထီးပြိုင်နန်းပြိုင် ဖြစ်နေတာတွေကို သိမ်းသွင်းခဲ့ရတယ်၊ အပြင်းအထန်ကြိုးစားခဲ့လို့ ထီးနန်းရပြီး (၁၀)နှစ်အတွင်းမှာ ပုဂံကိုဗဟိုပြုတဲ့ ပထမမြန်မာနိုင်ငံတော်ကြီးလိုပဲ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်၊ ဒါ့အပြင် ဇင်းမယ်တို့ လင်းဇင်းတို့ပါ သိမ်းသွင်းပြီးဖြစ်နေပါတယ်။

ဘုရင့်နောင် မင်းတရားကြီးအနေနဲ့ ဆက်လက်လုပ်ဆောင်ဖို့ကျန်နေတာကတော့ အယုဒ္ဓယရဲ့ ပဏ္ဏာမဆက်တော့တဲ့ကိစ္စပါဘဲ၊ မင်းတရား ရွှေထီးနဲ့အတူ ကိုယ်တော်တိုင်ဦးစီးတိုက်ခိုက်ခဲ့တဲ့ အယုဒ္ဓယရဲ့ မကျိုးနွံတော့တာကို ဒီအတိုင်းလစ်လျူရှုထားပါ့မလဲ၊ ပဏ္ဏာဆက်နိုင်ငံအဖြစ် အသိအမှတ် ပြုအောင် ယိုးဒယားဘုရင့်ထံမှာရှိတဲ့ ဆင်ဖြူ(၄)စီးအနက် (၂)စီးကို တောင်းခံခဲ့ပါတယ်၊ ဆင်ဖြူတော်ကို လိုချင်တာထက် မြန်မာတို့ရဲ့ လက်အောက်ခံ ပဏ္ဏာဆက်နိုင်ငံဖြစ်တယ်ဆိုတာ အသိအမှတ်ပြုဘို့ အဓိက ဖြစ်ပါလိမ့်မယ်၊ ယိုးဒယားဘုရင်က ဆင်ဖြူတော်ပေးဘို့ ငြင်းဆိုတဲ့အပြင် ဆင်ဖြူတော်ဆိုတာ ဘုန်းကံရှိသူ တို့နဲ့သာ ထိုက်တန်ပါတယ်ဆိုပြီး မချေမငံအကြောင်းပြန်လိုက်ပါတယ်၊ ဒီလိုအကြောင်း ပြန်ပေမယ့် ဘုရင့်နောင်မင်းတရားကြီး လင်းဇင်း၊ ဇင်းမယ် သိမ်းပြီးချိန်ကတည်းက လွန်စွာဘုန်းတန်ခိုး ကြီးမားတဲ့ မင်းအဖြစ် အယုဒ္ဓယသားတွေက အသိအမှတ်ပြုခဲ့ပါပြီ၊ ဘုရင့်နောင်ကို စစ်မက်ဖက်ပြိုင်ကြမလား၊ ဘုန်းရိပ်မှာခိုလှုံမလား၊ (၂)ပိုင်းကွဲနေကြပါတယ်၊ ဘုရင့်သားနဲ့ အမတ်ကြီးအောက်ပြစတ္တိတို့ ခေါင်းဆောင်တဲ့ အုပ်စုကြောင့်သာ ဆင်ဖြူမပေးနိုင်ကြောင်း အကြောင်းပြန်ခဲ့ပေမယ့် မှူးကြီးမတ်ကြီး တစ်ချို့က စစ်မက်ဖက်ပြိုင်လိုစိတ် မရှိခဲ့ကြဘူး၊ ခရစ်နှစ် ၁၅၆၃ မှာ အယုဒ္ဓယရဲ့ မချေမငံအကြောင်း ပြန်ကြားချက်ရရှိတဲ့ ဘုရင့်နောင်မင်းတရားကြီးဟာ အယုဒ္ဓယကိုတိုက်ဖို့ စစ်ချီခဲ့ပါတော့တယ်၊

ဘုရင့်နောင်ဟာ မင်းတရားရွှေထီးနဲ့အတူ အယုဒ္ဓယကို ဦးစီးတိုက်ခဲ့သူမို့ အယုဒ္ဓယရဲ့ စစ်ရေးအားနည်းချက်၊ အားသာချက်တွေကို ကောင်းကောင်းသိတာပေါ့၊ အယုဒ္ဓယကိုတိုက်ဖို့ ဆုံးဖြတ်ပြီးကတည်းက ကြိုတင်ပြင်ဆင်မှု အပြည့်အဝလုပ်ပြီးဖြစ်ပါတယ်၊ ဒါကြောင့်လဲ အယုဒ္ဓယကို စစ်ချီတဲ့အခါ စစ်အင်အား ဟာ မင်းတရားရွှေထီးလက်ထက်ကထက် အင်အားသာလွန် ကြီးမားခဲ့ပါတယ်၊ အယုဒ္ဓယရဲ့ အမြောက်လက်နက်တွေရဲ့စွမ်းအားကို သိပြီးသားမို့ ပစ်အားကောင်းပြီး ပိုမိုပြင်းထန်ထိရောက်တဲ့ အမြောက်ကြီးများကိုလည်း ယူဆောင်သွားခဲ့ပါတယ်။ စစ်ချီရာလမ်းကြောင်း ကိုလည်း ပြောင်းလိုက်ပါတယ်၊ မင်းတရားရွှေထီး လက်ထက်ကချီခဲ့တဲ့ ဘုရားသုံးဆူလမ်းကိုမသုံးဘဲ မြောက်ဘက်မယ်လမောင်းလမ်းဘက်က ချီခဲ့ပါတယ်၊ မြောက်ပိုင်းက မြို့ရွာများကို အလွယ်တကူ သိမ်းလိုက်ပါတယ်၊ စစ်နည်းပရိယာယ်ကိုလည်း ပြောင်းလဲကျင့်သုံးခဲ့ပါတယ်၊ ဘုရင့်နောင် မင်းတရား ကြီးဟာ အယုဒ္ဓယကို ဦးစွာချီတက်လုပ်ကြံတာမလုပ်ဘဲ အယုဒ္ဓယကို အထောက်အပံ့ပြုမယ့် အရန်မြို့ရွာများကို သိမ်းပိုက်ပြီးမှ အယုဒ္ဓယကို လုပ်ကြံဖို့စီစဉ်ခဲ့ပါတယ်၊ သောက္ကတဲ၊ ပိသလောက်၊ သဝန်ခလောက်၊ ပိစဲ စတဲ့အရန်မြို့များကို လုပ်ကြံတဲ့အခါမှာလည်း တစ်မြို့နဲ့တစ်မြို့ အထောက်အကူ မပေးနိုင်အောင် တစ်ချိန်တည်းတစ်ပြိုင်တည်း တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။

ဒီနောက်မှာ အယုဒ္ဓယရဲ့ ခံစစ်ကြောင်းကို အပြင်းအထန်တိုက်ခိုက်ပြီးမြို့ကို ဝိုင်းရံခဲ့ပါတယ်၊ ယိုးဒယားဘုရင် ချက္ကရာဖတ်ဟာ ယခင်မင်းတရားရွှေထီး လာရောက်တိုက်ခိုက် တုန်းကလိုပဲ မိုးကျလာရင် မြို့ပတ်လည်ရေလွှမ်းတဲ့အခါ မြန်မာတပ်တွေဆုတ်ခွါသွားလိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်၊ ဘုရင့်နောင်မင်းတရားကြီးကလည်း အယုဒ္ဓရဲ့ ပထဝီအနေအထားကို သိပြီးသားမို့ ကြိုတင်စီစဉ်ပြီးဖြစ်ပါတယ်၊ ရေလွှမ်းလာရင် သွားလာလှုပ်ရှားနိုင်ဖို့ ယိုးဒယားမြောက်ပိုင်းက လှေတွေ ယူဆောင်လာခဲ့ပါတယ်၊ ရိက္ခာအတွက်လည်း ဇင်းမယ်ကိုသိမ်းပြီးဖြစ်လို့ ဇင်းမယ်လှေတပ်က ရေကြောင်းလမ်းအတိုင်း ထောက်ပံ့ပို့ဆောင်ဘို့ စီစဉ်ပြီးဖြစ်ပါတယ်၊ အယုဒ္ဓယသားတွေမျှော်လင့်သလို ရေလွှမ်းလို့ ရိက္ခာပြတ်လို့ ပြန်ဆုတ်ဘို့ဆိုတာ မရှိတော့ပါဘူး။ မြန်မာတို့ရဲ့ အားကောင်းတဲ့အမြောက်ကြီးတွေနဲ့ မြို့တွင်းကိုနေ့စဉ် ပစ်နေတာကြောင့် အယုဒ္ဓယသားတွေ စိတ်ဓါတ်ကျလာခဲ့တယ်၊ နဂိုကတည်းက ဘုရင့်နောင်ကို စစ်မက်ဖက်ပြိုင်လိုစိတ်မရှိကြတဲ့ မင်းမှုထမ်းများက အမြန်ဆုံးစစ်ရပ်စဲရေးအတွက် စေ့စပ် ဆွေးနွေးဘို့ ဘုရင်ကိုတိုက်တွန်းခဲ့ကြပါတယ်၊ ယိုးဒယားဘုရင်လည်း စစ်ရပ်စဲရေးအတွက် ဆင်ဖြူတော်တစ်စီးလက်ဆောင်အဖြစ်ပေးဖို့ ဆရာတော်တစ်ချို့ကို စေလွှတ်ရတော့တယ်၊ ဘုရင့်နောင်မင်းတရားကြီးကလည်း စစ်ရပ်စဲဘို့ သဘောတူလိုက်ပါတယ်၊ ဘုရင်ချက္ကရာဖတ်ကိုယ်တိုင် လက်ဆောင်ပဏ္ဏာများနဲ့အတူလာရောက် သစ္စာခံခဲ့ပါတယ်။

တကယ်တော့ ရှင်ဘုရင်ဟာ မင်းညီမင်းသားများနဲ့အတူ သုံ့ပန်းအဖြစ်အပ်နှင်းပြီး အညံ့ခံခဲ့ရတာဖြစ်ပါတယ်၊ သို့ပေမယ့် သဘောထားကြီးတဲ့ ဘုရင့်နောင်ဟာ ချက္ကရာဖတ်ကို စစ်ရှုံးသူတစ်ဦးလို မဆက်ဆံခဲ့ပါဘူး၊ နိမ့်တဲ့နေရာမှာ နေစေပေမယ့် ရှစ်ခိုးဦးချမှုမပြုဘဲ နေခွင့်ပေးခဲ့ပါတယ်၊ မြန်မာဘုရင်တို့ရဲ့ အဆောင်အယောင်များ သုံးစွဲခွင့်ပေးခဲ့ပါတယ်၊ ဘုရင့်နောင်ဟာ ချက္ကရာဖတ်ရဲ့ သားတော် ဗြမဟိန်ကို နန်းတင်ခဲ့ပြီး ဘုရင်ချက္ကရာဖတ်ကိုတော့ ဟံသာဝတီကို ခေါ်လာခဲ့ပါတယ်၊ ဟံသာဝတီရောက်တဲ့အခါမှာလည်း အဆောင်အယောင်များနဲ့ လွတ်လပ်စွာနေထိုင်ခွင့်ပေးခဲ့ပါတယ်၊ ဘုရင့်နောင်ရဲ့ သဘောထားကြီးမှုဟာ ကမ္ဘာ့သမိုင်းမှာ ရှာမှရှားပါလိမ့်မယ်၊ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားပါတယ်လို့ ကြွေးကြော်နေတဲ့ အနောက်တိုင်းအရင်းရှင်နိုင်ငံကြီးများမှာတောင် သူတို့ရဲ့ နယ်ချဲ့လို့ရတဲ့ နိုင်ငံများအပေါ် ဒီလိုသဘောထားကြီးမှု မရှိခဲ့ပါဘူး။ ဘုရင့်နောင်ရဲ့ သဘောထားကြီးမှု ကြောင့် ဒုတိယအကြိမ် အယုဒ္ဓယကို စစ်ချီဖို့ဖြစ်လာပြန်ပါတယ်။ ယိုးဒယား ဘုရင်ဟောင်း ချက္ကရာဖတ် ဟာ ခရစ်နှစ် ၁၅၆၅ ခုနှစ်မှာ ဟံသာဝတီမှာ ရဟန်းဝတ်နေရာကနေ အယုဒ္ဓယကို ဘုရားဖူးပြန်ဘို့ ခွင့်တောင်းတဲ့အခါ ဘုရင့်နောင်ကသဘောထားကြီးစွာ ခွင့်ပြုခဲ့ပါတယ်၊ အယုဒ္ဓယကိုရောက်တဲ့အခါ သားတော်နဲ့ပေါင်းပြီး ခြားနားပုန်ကန်ပါတော့တယ်၊ အယုဒ္ဓယပုန်ကန်မှုကြောင့် ဘုရင့်နောင်ဟာ ဒုတိယအကြိမ် စစ်ချီရပြန်ပါတယ်။

အယုဒ္ဓယပုန်ကန်ရာမှာ လင်းဇင်းကကူညီတာကြောင့် လင်းဇင်းကို တိုက်ခိုက်နှိမ်နှင်းပြီးမှ အယုဒ္ဓယကို လုပ်ကြံရပါတယ်၊ ဒီတစ်ကြိမ် အယုဒ္ဓယကိုတိုက်ရတာဟာ ဘယ်လောက် ခက်ခဲမလဲဆိုတာ စဉ်းစားကြည့်ရင်သိနိုင်ပါတယ်၊ အယုဒ္ဓယဟာ မြန်မာတို့ရဲ့ တိုက်စွမ်းရည်ကို သိထားပြီးဖြစ်နေပြီပဲ၊ ဒါ့အပြင် ပုန်ကန်ပြီဆိုကတည်းက လာတိုက်မယ်ဆိုတာသိတာပေါ့၊ ဒါကြောင့် အစစအရာရာ စစ်ပြင်ပြီးဖြစ်နေပါတယ်၊ မြို့ကိုဝိုင်းရံတဲ့ မြန်မာတပ်များဟာ မြို့ပြင်မှာအမြောက်တကမ်းခွါပြီး လေးဘက်လေးတန် တပ်စွဲထားရပါတယ်၊ ကျုံးများဝန်းရံနေလို့ မြို့လေးမျက်နှာကို အလုံးအရင်းနဲ့ တိုက်လို့ကလည်းမဖြစ်ပါဘူး၊ ကျုံးကျဉ်းတဲ့ဘက်က တိုက်ဘို့ရွေးပါတယ်၊ ကျုံးရှုတ်ခမ်းအထိ ခံကတုတ်

အဆင့်ဆင့် တည်ဆောက်ပြီးမြို့ကို ချဉ်းကပ်ပါတယ်၊ ကျုံးဖြတ်လမ်းများပြုလုပ်ပြီး အလုံးအရင်းနဲ့ စစ်ကြောင်း(၃)ခု တစ်ပြိုင်တည်းဝင်တိုက်ခဲ့ပါတယ်၊ မြို့ရိုးကို ချိုးဖောက်နိုင်ပေမဲ့ မြို့တွင်းက ခံကတုတ်များကို မသိမ်းနိုင်ခဲ့ပါဘူး၊ မြန်မာတပ်များဟာ မြို့ရိုးလောက်မြင့်တဲ့ မြေတောင်များဖို့၊ အဲဒီပေါ်မှာ အမြောက်ကြီးများတင်ပြီး မြို့တွင်းကိုနေ့စဉ်ရက်ဆက် ပစ်ခတ်ခဲ့ပါတယ်၊ အဲဒီချိန်မှာ ဘုရင်ချွတ္တရာဖတ်ကွယ်လွန်သွားပါတယ်၊ ဗြဟ္မဟိန်ကစစ်ပြေငြိမ်းဘို့ ကမ်းလှမ်းပါတယ်၊ မြန်မာတို့က အယုဒ္ဓယကို လုံးဝတိုက်ခိုက်သိမ်းပိုက်ဘို့ ရည်ရွယ်ခဲ့တယ်၊ ယိုးဒယားတို့ကလည်း စစ်ပြေငြိမ်းမှုသာလုပ်လိုတယ်၊ အညံ့ခံဘို့ငြင်းဆိုပါတယ်၊ ဒါကြောင့်အယုဒ္ဓယကို ဆက်လက်တိုက်ခိုက်ခဲ့ပါတယ်၊ အယုဒ္ဓယသားတွေကလည်း အပြင်းအထန် ခုခံနေတယ်၊ ဒီအချိန်မှာ ဘုရင့်နောင်ဟာ ယိုးဒယားလူမျိုးသူလျှိုကိုအသုံးချနိုင်တာကြောင့် မြို့တွင်းကို ထိုးဖောက်ဝင်ရောက်နိုင်ပြီး မြို့ကိုသိမ်းပိုက်နိုင်ခဲ့ပါတယ်။

ဘုရင့်နောင်မင်းတရားကြီးဟာ မြန်မာတို့ဘက်က ကူတိုက်ခဲ့တဲ့ ချွတ္တရာဖတ်ရဲ့ သားမက်ပိဿလောက်မြို့စား ဗြမဟာဓမ္မရာဇာ (စော်ဘွားသောင်ကျည်)ကို ခရစ်နှစ် ၁၅၆၉ မှာမြန်မာ တို့ရဲ့လက်အောက်ခံဘုရင်အဖြစ် တင်မြှောက်ခဲ့ပါတယ်၊ ဒီလိုနဲ့ယိုးဒယားဟာ ဘုရင့်နောင် နတ်ရွာစံချိန်အထိ မြန်မာ့လက်အောက်ခံအဖြစ် ရှိနေခဲ့ပါတယ်၊ ဘုရင့်နောင်နဲ့ပတ်သက်လို့ ယိုးဒယား ရာဇဝင်များမှာ စကြဝဠာမင်းကဲ့သို့ ဘုန်းတန်ခိုးကြီးမားကြောင်း ဖော်ပြခဲ့ကြတယ်၊ အေဒီ ၁၉ ရာစု ရောက်တဲ့အခါ ဘုရင့်နောင်အပေါ် သဘောထားအမြင်ပြောင်းလာခဲ့တယ်၊ မင်းသားကြီး ဒင်မရောင် (Prince Damrong)ရေးတဲ့ (Our Wars with the Burmese) စာအုပ်မှာတော့ ဘုရင့်နောင်ကို နယ်ချဲ့ဝါဒီ၊ ယိုးဒယားတို့ရဲ့ရန်သူအဖြစ် စွပ်စွဲရေးသားလာခဲ့ပါတယ်၊ တကယ်သာဘက်မလိုက်ဘဲ ဝေဖန်သုံးသပ်ကြမယ်ဆိုရင် ဒီလောက်သဘောထား ကြီးခဲ့တဲ့ ဘုရင့်နောင်ကို ယိုးဒယားသားတွေဟာ ယိုးဒယားနိုင်ငံရဲ့ကျေးဇူးရှင်တစ်ဦးအဖြစ် မှတ်ယူသင့်ပါတယ်။



**အယုဒ္ဓယမြို့မြင်ကွင်း**

## ယိုးဒယားသားများရဲ့ သဘောထား

ဘုရင့်နောင်မင်းတရားကြီးဟာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်တဲ့ နေရာမှာ ဘာတွေဆောင်ရွက်ခဲ့သလဲဆိုတာကြည့်ရင်ကို ယိုးဒယားသားတွေအပေါ် ဘယ်လိုသဘောထား ရှိသလဲ ဆိုတာ မှန်းဆလို့ရနိုင်ပါတယ်၊ မင်းတရားကြီးဟာ နိုင်ငံကိုတည်ဆောက်ရာမှာ စည်ပင်သာယာဘို့ အတွက် စစ်မက်ငြိမ်းချမ်းတဲ့အချိန်တော့မပြောနဲ့တော့၊ စစ်ဖြစ်ချိန်၊ စစ်ချီချိန် ရပ်နားစခန်းချ ချိန်မှာတောင် ဘုရား၊ ကျောင်း၊ ကန်၊ဇရပ်၊ လမ်း၊တံတားများတည်ဆောက်ခဲ့တယ်၊ အလေး၊ တင်းတောင်း၊ အချိန်အတွယ်တို့ကိုလည်းတညီတညွတ်တည်းဖြစ်စေခဲ့တယ်၊ စာပေအနုပညာတို့ကိုလည်း အားပေးခဲ့တယ်၊ တရားဖြတ်ထုံးများ၊ ဓမ္မသတ်များကို တညီတညွတ်တည်းဖြစ်ဘို့ ပညာရှိအကျော်အမော်များနဲ့ ပြုစုရေးသားပြဋ္ဌာန်းပေးခဲ့တယ်၊ ဘာသာရေးယုံကြည်ကိုးကွယ်မှုနဲ့ပတ်သက်လို့ အစစ်အမှန်ဖြစ်အောင် ပြုပြင်သင့်တာတွေ ပြုပြင်ခဲ့တယ်၊ ရှမ်းပြည်မှာ စော်ဘွားတစ်ဦးသေရင် အခြံအရံ ဆင်၊ မြင်းတို့ကို တပါတည်းသတ်ဖြတ်တဲ့ ဓလေ့ထုံးတမ်းများကို ပယ်ဖျက်စေခဲ့ပြီး ဗုဒ္ဓစာပေကျမ်းဂန်များ ပို့ပေးခဲ့တယ်၊ တိရစ္ဆာန်များကို သတ်ဖြတ်ပူဇော်တဲ့ဓလေ့များကိုလည်း ပယ်ဖျက်ခဲ့တယ်၊ နိုင်ငံအတွင်းမှာရှိတဲ့ ဗမာ၊ မွန်၊ ရှမ်းစတဲ့ လူမျိုးစုမှန်သမျှရဲ့ လိုလားတောင့်တမှုတို့ကို အရေးပေးစဉ်းစားပြီး တညီတညွတ်တည်း လက်သင့်ခံနိုင်အောင် ဆောင်ရွက်ခဲ့တာတွေ တွေ့ရပါမယ်။

ဒါဟာ မင်းတရားကြီးရဲ့ နိုင်ငံတည်ဆောက်တဲ့ နေရာမှာ တစိတ်တဒေသ ဆောင်ရွက်မှုပါ။ မင်းတရားကြီးရဲ့ သစ္စာတော်ခံ (၂၄)ပြည်ထောင်မှာ ပါဝင်ခဲ့တဲ့ ဇင်းမယ်တို့အယုဒ္ဓယ တို့ကိုလည်း ဒီအတိုင်းဘဲ မခွဲမခြားဆောင်ရွက်ခဲ့ပါတယ်၊ အညံ့ခံရှင်ဘုရင်များကိုတောင် သတ်ဖြတ်ဘို့ မပြောနဲ့၊ လွတ်လပ်စွာ အဆောင်အယောင်နဲ့ထားခဲ့ပါတယ်၊ ဒီလို သဘောထားကြီးတဲ့မင်းတရားကြီးဟာ မြန်မာရယ်၊ ယိုးဒယားရယ် ခွဲခြားမယ်မဟုတ်ပါဘူး၊ နိုင်ငံစည်ပင်ဝပြောဘို့လုပ်ဆောင်ပေးခဲ့ပါတယ်၊ ဇင်းမယ်ကိုသိမ်းပြီး လက်အောက်ခံဘုရင်အဖြစ်ထားတဲ့ ဇင်းမယ်ဘုရင် မဟာဒေဝီကွယ်လွန်တဲ့အခါ သာယာဝတီမြို့စား သားတော်အနော်ရထာစောကို ဇင်းမယ်ဘုရင်အဖြစ် ခန့်ထားခဲ့ပါတယ်၊ မင်းတရား ကြီးက အနော်ရထာစော ဇင်းမယ်ကိုသွားခါနီးမှာ ဇင်းမယ်ပြည်ကြီးဟာ တိုင်းနိုင်ငံကျယ်ဝန်းတဲ့ အကြောင်း၊ မင်းမှုထမ်းများ လက်အောက်ခံပြည်သူများကို မနှိပ်စက်ဘို့အကြောင်း၊ အခွန်အကောက်များ ကိုလည်း ထုံးစံနှင့်အညီသာ ကောက်ခံဘို့၊ သာသနာတော် အကျိုးစီးပွား၊ ပြည်သူတို့အကျိုးစီးပွားသယ်ပိုးဘို့ အလေးအနက် မှာကြားတော်မူခဲ့ပါတယ်၊ အနော်ရထာစောအနေနဲ့လည်း ဇင်းမယ်ကိုအုပ်ချုပ်တဲ့အခါ မင်းတရားကြီး ဆုံးမမှာကြား လိုက်တဲ့အတိုင်း ပြည်သူများစိတ်ဝမ်းမငယ်ရအောင် အုပ်ချုပ်ခဲ့ပါတယ်၊ မြန်မာတို့ ဇင်းမယ်ကိုအုပ်စိုးစဉ် ဒေသခံပြည်သူ များရဲ့ ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုများကို ဖျက်ဆီးခြင်း၊ တင်းကြပ်တဲ့ဥပဒေများနဲ့ ဖိနှိပ်ချုပ်ချယ်ခြင်း မရှိကြောင်း၊ ဒေသခံပြည်သူများကို လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းပြုစေခဲ့တယ်လို့ ယိုးဒယားရာဇဝင်များမှာ ဖော်ပြရေးသားထားတာ တွေ့ရပါတယ်။

ဘုရင့်နောင်လက်ထက်မှာ မြန်မာဓမ္မသတ်ကို ယိုးဒယားတစ်နိုင်ငံလုံးမှာပြဋ္ဌာန်းပြီး တရားမျှတစွာအုပ်ချုပ်စေခဲ့ပါတယ်၊ အလေး၊ တင်းတောင်း၊ အချိန်အတွယ်များကိုလည်း မြန်မာနိုင်ငံနဲ့ တစ်ပြေးညီသတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါတယ်၊ အနော်ရထာစောဟာ ဇင်းမယ်မှာ (၂၈)နှစ်တာစိုးစံခဲ့ပြီး ခရစ်နှစ် ၁၆၀၇ ခုနှစ်မှာကွယ်လွန်ခဲ့ပါတယ်၊ ဇင်းမယ်ဟာ စတင်တည်ထောင်ခဲ့တဲ့ ခရစ်နှစ် ၁၂၉၆ ခုနှစ်ကနေ အေဒီ ၁၈ ရာစုအလယ်လောက်အထိ အနှစ်(၄၀၀)လောက် မြန်မာတို့နဲ့နီးစပ်စွာ ဆက်ဆံခဲ့ရ ပါတယ်၊ ဒါကြောင့်လဲ ဇင်းမယ်မှာ မြန်မာ့ယဉ်ကျေးမှု လွှမ်းမိုးခဲ့တယ်၊ မြန်မာဘုန်းတော်ကြီးကျောင်းများ၊

မြန်မာပုံစံစေတီများ တွေ့ရပါတယ်၊ မြန်မာ့ဗိသုကာ လက်ရာများလည်း တွေ့ရပါတယ်၊ စားသောက်ဖွယ်ရာများသည်ပင် မြန်မာ့အစားအသောက်များကို အခြေခံထားကြောင်း တွေ့ရှိရပါတယ်၊ ဘုရင့်နောင်မင်းတရားကြီးအနေနဲ့ ဇင်းမယ်ကို မြန်မာတို့နဲ့ တသားတည်းကျအောင် ဆောင်ရွက်ခဲ့တယ်ဆိုတာ မှန်းဆကြည့်ရုံနဲ့ဘဲ သိနိုင်ပါတယ်၊ မင်းတရားကြီးဟာ အယုဒ္ဓယကိုအောင်နိုင်တဲ့အခါလည်း ဇင်းမယ်လိုဘဲ သဘောထားပါလိမ့်မယ်၊ ပြည်ရွာဖွံ့ဖြိုး သာယာရေးအတွက် လုပ်ဆောင်ပေးခဲ့ပါလိမ့်မယ်၊ အယုဒ္ဓယသားတွေ အားနည်းချိန်မှာ ကမ္ဘောဒီးယားသားတွေက တိုက်လေ့ရှိပါတယ်၊ ဒါ့ကြောင့် မင်းတရားကြီးအနေနဲ့ အယုဒ္ဓယကို အောင်နိုင်ပြီးချိန်ကစပြီး ပြည်သူတွေဘေးကင်း လုံခြုံဖို့အတွက် အယုဒ္ဓယရဲ့ ကျုံးနဲ့ခံစစ်ကို ပြင်ဆင်တည်ဆောက်စေခဲ့တယ်လို့ သိရပါတယ်၊ မင်းတရားကြီးဟာ အယုဒ္ဓယကို အောင်နိုင်တဲ့အခါ ဘုရင်ချက္ကရာဖတ်နဲ့အတူ မင်းညီမင်းသားတချို့ကို ဟံသာဝတီကိုခေါ်သွားခဲ့ပါတယ်၊ အဆောင်အယောင်များနဲ့ကောင်းကောင်းမွန်မွန်ထားခဲ့ပါတယ်၊ ရဟန်းဝတ်ခွင့်တောင်းတော့လည်း ပေးခဲ့ပါတယ်၊ အယုဒ္ဓယကို ဘုရားဖူးပြန်ခွင့်တောင်းတော့လည်း ပုန်ကန်ခါမှပုန်ကန်ရော ခွင့်ပေးခဲ့ပါသေးတယ်၊ ကဲဘယ်လောက်များသဘောထားကြီးလဲ။

အဲဒီမှာ ယိုးဒယားနိုင်ငံသားတွေက သူ့ရဲ့ကောင်းအဖြစ် သတ်မှတ်ကြတဲ့ ဖြနရစ် (နရဲစွမ်)ဟာ (၉)နှစ်သားအရွယ်နဲ့ပါလာခဲ့ပါတယ်၊ ဘုရင့်နောင်က သားအရင်းနဲ့မခြား တန်းတူထားပြီး ကျွေးမွေးစောင့်ရှောက်ခဲ့ပါတယ်၊ နရဲစွမ်ဟာ(၆)နှစ်လောက်ဟံသာဝတီ ရွှေနန်းတော်ထဲမှာနေထိုင်ခဲ့ရလို့ ဟံသာဝတီနန်းဓလေ့များနဲ့မြန်မာစကား၊ မွန်စကားတို့ တတ်ကျွမ်းခဲ့တယ်၊ မြန်မာတို့ရဲ့ စစ်ဆင်၊ စစ်တက်သေနင် ဗျူဟာများကိုပါ လေ့လာတတ်သိခဲ့တယ်လို့ သိရပါတယ်၊ ဘုရင့်နောင်မင်းတရားကြီးဟာ နရဲစွမ်ကို သားအရင်းပမာထားပြီး မင်းညီမင်းသားများ တတ်သိအပ်တဲ့ အတတ်ပညာများ သင်ကြားစေခဲ့တယ်၊ ကောင်းစွာစောင့်ရှောက် မွေးမြူခဲ့တယ်ဆိုတာ သံသယရှိစရာမရှိပါဘူး၊ ယိုးဒယားများ အပေါ်မှာ တိုင်းရင်းသားများနဲ့ တန်းတူရည်တူ သဘောထားခဲ့တာ အထင်အရှားဖြစ်ပါတယ်၊ မင်းတရားကြီးရဲ့ စိတ်သဘောထားဟာ မြန်မာတို့ရဲ့စိတ်ရင်း၊ မြန်မာတို့ရဲ့သဘောထား ထင်ဟပ် နေပါတယ်၊ အဲလိုမြန်မာတို့ သဘောထားကောင်းပြသခဲ့ပေမဲ့ ယိုးဒယားတွေ့ရဲ့သဘောထားဟာ ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံတဲ့အခါ ပေါ်လာပါတယ်၊ ဘုရင့်နောင်ရဲ့မွေးစားသားပါလို့ ဆိုရမဲ့ နရဲစွမ်ဟာ ဟံသာဝတီကို ခြားနားရုံသာမက နိုင်ငံကိုပါထိပါးခဲ့တဲ့အပြင် မွန်လူမျိုးများကို မြှောက်ပင့် သွေးထိုးဖဲ့ထုတ်ပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ဖြိုခွဲခဲ့ပါတယ်၊ မွန်လူမျိုး အများအပြား ယိုးဒယားထဲဝင်ရောက်သွားခဲ့ကြတဲ့အကြောင်းရင်းအစဟာ နရဲစွမ်ရဲ့လက်ချက် ဖြစ်တယ်ဆိုတာ သမိုင်းပညာရှင်များ သိကြပါတယ်။

ဘုရင့်နောင်နဲ့ပတ်သက်လို့ အစောပိုင်းက ယိုးဒယားရာဇဝင်များမှာ ဧကြာဝတေးမင်းကဲ့သို့ ဘုန်းတန်ခိုးကြီးမားကြောင်း ချီးမွမ်းပြီး ဖော်ပြကြပါတယ်၊ အယုဒ္ဓယကို တိုက်ခိုက်ခဲ့တာဟာလည်း အဲဒီခေတ်အခါအနေနဲ့ တရားတဲ့စစ်ပွဲအဖြစ် ဖော်ပြကြပါတယ်၊ ဒါပေမဲ့ အေဒီ ၁၉ ရာစု ရောက်တဲ့အခါ ဘုရင့်နောင်အပေါ် သဘောထားအမြင် ပြောင်းလဲလာခဲ့ပါတယ်၊ မင်းသားကြီးဒမ်မရောင်း **Prince Damrong** ရေးတဲ့( **Our Wars with the Burmese**) စာအုပ်မှာတော့ ဘုရင့်နောင်ကို နယ်ချဲ့ဝါဒီ၊ ယိုးဒယားတို့ရဲ့ရန်သူအဖြစ်စွပ်စွဲရေးသားခဲ့ပါပြီ၊ ဘုရင့်နောင်မင်းတရားကြီး အနေနဲ့ ယိုးဒယားသားတွေအပေါ်မှာသဘောထားကြီးစွာ ထားခဲ့ပေမဲ့လဲ ယိုးဒယားသားတွေက တူညီတဲ့တုန့်ပြန်မှုမရှိခဲ့ဘူးဆိုတာ ထင်ရှားလှပါတယ်၊ ဒါကြောင့်မို့ မျက်မှောက်ခေတ်ကာလမှာ အိမ်နီးချင်းကောင်း မပီသတာဟာ သိပ်တော့လဲ အဆန်းတကျယ်မဟုတ်ပါဘူး၊ သူတို့စရိုက်၊ သူတို့အကျင့်၊ သူတို့စိတ်သဘောထားကိုက

ဒီအတိုင်းဖြစ်နေတာကို၊ မြန်မာတွေက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်မကလို့ ဒီထက်ပိုကောင်းတဲ့ မူဝါဒတွေပြဋ္ဌာန်းလိုက်နာလဲ သူတို့အကျင့်စရိုက် သဘောထားတွေဟာ သူတို့ တမျိုးသားလုံးရဲ့ စရိုက်လက္ခဏာတွေဖြစ်နေပြီမို့ ပြောင်းလဲလာဘို့တော့ခက်ပါလိမ့်မယ်၊ အစကပြော ခဲ့တဲ့ အိမ်နီးချင်းဆိုးနဲ့ တူနေလေတော့ ဘာဘဲဖြစ်ဖြစ် အမြဲသတိထားနေဖို့ လိုပါတယ်။

## ယိုးဒယားကို(၅)ကြိမ်စစ်ထိုးခဲ့တဲ့သူ

ရှုံးသည်ဖြစ်စေနိုင်သည်ဖြစ်စေ ယိုးဒယားကို(၅)ကြိမ်တိုင်သွားရောက်စစ်ထိုးခဲ့တဲ့ နန္ဒဘုရင် ကိုလည်း သမိုင်းမှာမေ့ထားလို့မဖြစ်ဘူး၊ ဘုရင့်နောင်မင်းတရားကြီးဟာ ခရစ်နှစ် ၁၅၈၁ခုနှစ်၊ သက်တော်(၆၆)နှစ်မှာ နတ်ရွာစံတဲ့အခါ ဟံသာဝတီထီးနန်းကို သားတော်နန္ဒဘုရင်က ဆက်ခံခဲ့ပါတယ်၊ နန္ဒဘုရင်ဟာ ခမည်းတော်လက်ထက် ယိုးဒယားကိုစစ်ချီစဉ်က ဆယ်ကျော်သက်အရွယ်နဲ့ စစ်ရေး အစွမ်းပြခဲ့သူ ဖြစ်ပါတယ်၊ ဘုရင့်နောင်မင်းတရားကြီး ခက်ခက်ခဲခဲတည်ဆောက်ခဲ့ရတဲ့ နိုင်ငံတော်ကြီးကို တည်မြဲစေဘို့ ကြိုးစားခဲ့ပါတယ်၊ သို့ပေမယ့် လက်အောက်ကသစ္စာခံပြည်ထောင်မင်းများဟာ ဘုရင့်နောင်ရဲ့ စိတ်ကြိုက်တင်မြှောက်ထားခဲ့သူတွေဖြစ်ပေမယ့် ပဒေသရာဇ်ခေတ်ထုံးစံအတိုင်း ဘုရင့်နောင်မရှိတော့ရင် နောက်မင်းဆက်အပေါ်မှာ သစ္စာခံလိုစိတ်မရှိကြတဲ့အတွက် နန္ဒဘုရင်နန်းတက်ပြီးတာနဲ့ သွေးတိုးစမ်းတဲ့ ပုန်ကန်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်၊ ပထမဆုံးနန္ဒဘုရင်ရဲ့ ဦးရီးတော် အင်းဝစားက ပုန်ကန်ခဲ့ပါတယ်၊ အင်းဝစားပုန်ကန်ပြီလို့သိရတဲ့အခါ မြန်မာတို့ လက်အောက်ကလွတ်မြောက်ရေး ကြံဆနေတဲ့ ယိုးဒယား သားတွေဟာ အခွင့်ကောင်းတစ်ရပ်ရလာ ခဲ့တယ်၊ နန္ဒဘုရင်ဟာ အင်းဝပုန်ကန်မှုကိုနှိမ်နင်းဘို့ အယုဒ္ဓယကို စစ်ကူဆင့်ခေါ်ခဲ့ပါတယ်၊ ယိုးဒယား သားများဟာ အကောက်ဥာဏ်နဲ့ ဟံသာဝတီကို ချီတက်ခဲ့တယ်၊ ယိုးဒယားတပ်များကို ဦးဆောင် လာခဲ့သူကတော့ ဘုရင့်နောင်ရဲ့ဟံသာဝတီ နန်းတော်ကြီးမှာ လူလားမြောက်သွားခဲ့တဲ့ ဖြနရစ် ဖြစ်ပါတယ်၊ ဖြနရစ်ဟာ ဟံသာဝတီနန်းတော်က အယုဒ္ဓယပြန်ရောက်တဲ့အခါ မဟာဥပရာဇာအရာ အပေးခံရပြီး ဝိသလောက်မြို့စားဖြစ်လာခဲ့ပါတယ်၊ ယိုးဒယားမြောက်ပိုင်းတခွင်မှာ မင်းငယ်အဖြစ်ခမောများ ရဲ့ထိပါးမှုကို တွန်းလှန်တိုက်ခိုက်ပြီး စွမ်းရည်ပြခဲ့ပြီးဖြစ်ပါတယ်၊ ယိုးဒယားလူငယ်များကိုစုဆောင်းပြီး ဟံသာဝတီကိုပုန်ကန်ဘို့ အခွင့်ကောင်းချောင်းနေချိန်နဲ့ အံကိုက်ဖြစ်သွားပါတယ်၊ ဖြနရစ်ဟာ နန္ဒဘုရင်အင်းဝကို ချီတက်သွားပြီချိန်မှ ဟံသာဝတီကို ရောက်လာပါတယ်၊ နန္ဒဘုရင် ဟံသာဝတီမှာ မရှိချိန်မှာ အခွင့်ကောင်းယူပြီးတိုက်ဘို့ တမင်နောက်ကျပြီးလာခဲ့တာပါ၊ ဖြနရစ်ရဲ့ကြံစည်ရင်းကိုသိတဲ့ ဟံသာဝတီမြို့စောင့် ဥပရာဇာက မြို့ကိုအခိုင်အလုံ စီရင်ထားပါတယ်၊ အင်နဲ့အားနဲ့ချီလာခဲ့တဲ့ဖြနရစ်ဟာ မြို့ရင်းကို ချဉ်းကပ်ခဲ့ပါတယ်၊ ဒီအချိန်မှာဘဲ နန္ဒဘုရင်ဟာ အင်းဝပုန်ကန်မှုကို အောင်မြင်မှုရပြီး ဟံသာဝတီကို ပြန်လည်ထွက်ခွာ လာတယ်၊ ဒီသတင်းကိုကြားတဲ့ ဖြနရစ်ဟာ နန္ဒဘုရင်ကို ရင်မဆိုင်ဝံ့တော့ဘဲ အယုဒ္ဓယကို ပြန်လည်ဆုတ်ခွာပါတော့တယ်၊ ဖြနရစ်ဟာ မုတ္တမအပြန်မှာ အရှေ့ဘက် မှာရှိတဲ့ လူသူအများကို သိမ်းသွားခဲ့ပါတယ်၊ ဟံသာဝတီကို အတိအလင်း ပုန်ကန်ပြီဆိုတာ ပြသလိုက်တာ ဖြစ်ပါတယ်၊ ဒါ့ပြင်အပြန်ခရီးမှာ မွန်တိုင်းရင်းသားများကို မြှောက်ပင့်သွေးထိုးပေးပြီး တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကို ဖြိုခွဲခဲ့ပါသေးတယ်၊ ဖြနရစ်ရဲ့စနက်ကြောင့် ကုန်းဘောင်ခေတ်ထိ မွန်တိုင်းရင်းသား တချို့ ယိုးဒယားထဲခိုဝင်ခဲ့ကြပါတယ်၊ ဖြနရစ်ရဲ့ပုန်ကန်မှုက အစပြုပြီး နန္ဒဘုရင်လက်ထက်မှာ ယိုးဒယား နဲ့စစ်ပွဲများ ပြန်လည် ပေါ်ပေါက်လာရပြန်ပါတယ်၊ ယိုးဒယားသမိုင်းဆရာများက ဖြနရစ်ပုန်ကုန်တာဟာ မြန်မာတို့မရိုးဖြောင့်လို့ ပုန်ကန်ရတာပါလို့ အပြစ်ပုံချပါတယ်၊ ဖြနရစ်စစ်ကူလာတဲ့အခါ မြန်မာတို့ဘက်က လမ်းခရီးမှာ ဖမ်းဆီးဘို့ကြံစည်ခဲ့လို့ ဖြနရစ်က ပုန်ကန်တာဖြစ်တယ်ဆိုပြီး မမှန်မကန် ရေးသား ဖော်ပြကြပါသေးတယ်။

နန္ဒဘုရင်ဟာ ဖြနရစ်ရဲ့ပုန်ကန်မှု အခြားလက်အောက်ခံများကိုပါ ဂယက်ရိုက်ခတ်လာနိုင်တာမို့ နှိမ်နင်းဘို့ လိုအပ်ပါတယ်၊ ဒါကြောင့်လည်း ခရစ်နှစ် ၁၅၈၃ ခုနှစ်မှာ အိမ်ရှေ့မင်းသား

မဟာဥပရာဇာကို သွားရောက်နှိမ်နင်းစေခဲ့ပါတယ်၊ မြို့ကိုဝိုင်းရံဆဲမှာပဲ နန္ဒဘုရင်က စစ်အင်အား အခြေအနေနှင့် မိုးကာလအခက်အခဲများကို ထောက်ရှုပြီး အိမ်ရှေ့မင်းသားကို ပြန်ခေါ်တဲ့အတွက် ပြန်ဆုတ်ခဲ့ရပါတယ်၊ အောင်မြင်မှုမရခဲ့သလို စစ်ရှုံးလို့ပြန်ခဲ့ရတာလည်း မဟုတ်ပါဘူး၊ ခရစ်နှစ် ၁၅၈၅ခုနှစ်မှာ ဒုတိယအကြိမ်အိမ်ရှေ့မင်းသား မဟာဥပရာဇာပဲ ယိုးဒယားကို စစ်ချီခဲ့ပြန်တယ်၊ ဖြနရစ်ဟာ လကွန်းအရပ်ကနေ ဆီးကြိုပြီးတိုက်ပါတယ်၊ ရှေ့တာတပ်များပျက်သွားလို့ ဖြနရစ်ဟာ စုဖ္ဖလီကိုဆုတ်ပြီး ခံခဲ့ပါတယ်၊ တစ်လလောက်ဝန်းရံတိုက်ပေမယ့် မရခဲ့ပါဘူး၊ မြန်မာတပ်များက ဆုတ်ယောင်ပြပြီး ထွက်တိုက်အောင် စစ်မြူခဲ့ပါတယ်၊ ဖြနရစ်က ထွက်တိုက်တဲ့အခါ မြန်မာနယ်အထိ ဆုတ်ခွာခဲ့ပါတယ်၊ အောင်မြင်မှုမရခဲ့သလို စစ်ရှုံးလို့ ပြန်ဆုတ်ခဲ့ရတာလည်း မဟုတ်ပါဘူး၊ ခရစ်နှစ် ၁၅၈၆ခုနှစ်မှာတော့ နန္ဒဘုရင်ကိုယ်တိုင်လိုက်ပါပြီး ယိုးဒယားကို စစ်ချီခဲ့ပါတယ်၊ ဖြနရစ်ဟာ စားနပ်ရိက္ခာ၊ ဆင်၊ မြင်း၊ သူရဲများစုပြီး မြို့တွင်းကပဲခံခဲ့ပါတယ်၊ မြို့ကိုဝန်းရံတိုက်ပေမယ့် လုပ်ကြံလို့ မရခဲ့ပါဘူး၊ (၅)လလောက်ကြာတဲ့အခါ ရိက္ခာပြတ်လတ်တဲ့အပြင် အဖျားအနာ များလာခဲ့ပါတယ်၊ အထိအပါးလည်း များလာခဲ့ပါတယ်၊ နန္ဒဘုရင်က နောင်အင်အားကြီးမှဘဲ တိုက်မယ်ဆိုပြီး ခွာခဲ့ပါတယ်၊ ဖြနရစ်ကထွက်ပြီး တိုက်တဲ့အခါ မြန်မာနောက်ရံတပ်များက ပြန်တိုက်လို့ ပြန်လည်ဆုတ်ခွာသွားခဲ့ပါတယ်၊ ဒီတစ်ကြိမ်လည်း အောင်မြင်မှုမရခဲ့ပါဘူး၊ ခရစ်နှစ် ၁၅၉၀ခုနှစ်မှာ နန္ဒဘုရင်ရဲ့သားတော် အိမ်ရှေ့ ဥပရာဇာဟာ စတုတ္ထအကြိမ်အဖြစ် ယိုးဒယားကို စစ်ချီခဲ့ပါတယ်၊ ဖြနရစ်ဟာ လကွန်းအရပ်မှာ ဆင်ညှဲ၊ မြင်းညှဲတို့နဲ့ တိုက်ဟန်ပြစစ်မြူပြီး ကျန်တပ်များကို ပုန်းခိုနေစေပါတယ်၊ မြန်မာတပ်များဟာ ဆီးကြိုတိုက်ခိုက်တဲ့ တပ်များကို လိုက်လံတိုက်ခိုက်တဲ့အခါ မစူးမစမ်းဘဲ ဆုတ်ခွာရာကို ထပ်ချပ်လိုက် ပါတိုက်ကြပါတယ်၊ စစ်ကျွံတဲ့အခါ ပုန်းခိုနေတဲ့ ယိုးဒယားတပ်များက ထွက်တိုက်တဲ့အတွက် မြန်မာတပ်များ ဗရမ်းဗတာဖြစ်ပြီး တပ်ပျက်ခဲ့ရပါတယ်၊ ကစင့်ကလျား ပြန်ဆုတ်ခဲ့ရပါတယ်၊ စစ်ရှုံးတာ တော့မဟုတ်ဘူး၊ စစ်ရေးအရေးမသာခဲ့တာသာ ဖြစ်ပါတယ်၊ စတုတ္ထအကြိမ် ယိုးဒယားကို စစ်ချီခဲ့တဲ့ နောက်မှာ ဖြနရစ်ဟာ မြန်မာတို့အောင်မြင်မှုမရတဲ့ အခြေအနေကိုသုံးသပ်ပြီး ဟံသာဝတီကို သွေးတိုးစမ်းတိုက်ဖို့ တပ်များစေလွှတ်ခဲ့ပါတယ်၊ ဝင်းရော်ဒေသအရောက်မှာဘဲ မုတ္တမသုံးဆယ့်နှစ် မြို့စားတို့ဆီးကြိုတိုက်ခိုက်တဲ့အတွက် ဝင်းရော်ကနေပြန်လည်ဆုတ်ပြေးရပါတယ်၊ ခရစ်နှစ် ၁၅၉၂ခုနှစ် မှာတော့ အိမ်ရှေ့မင်းသား မဟာဥပရာဇာဟာ ပဥ္စမအကြိမ် ယိုးဒယားကို စစ်ချီခဲ့ပါတယ်၊ ယိုးဒယားနိုင်ငံ နောင်ဆာရယ်မြို့အနီးမှာ ဖြနရစ်နဲ့ ဆင်စီးချင်းထိုးချိန် ချောင်းမြောင်းပစ်ခတ်လို့ ကျည်ထိပြီး ဥပရာဇာ ကျဆုံးခဲ့ရပါတယ်၊ ယိုးဒယားရာဇဝင်များကတော့ ဥပရာဇာကျဆုံးတာဟာ ဖြနရစ်ရဲ့ လက်ချက်ဆိုပြီး အောင်ပွဲအဖြစ်နဲ့ တစ်ခမ်းတနားဖော်ပြကြပါတယ်၊ အဲ့ဒီနေ့ကို ယိုးဒယားကြည်းတပ်မတော်နေ့အဖြစ် သတ်မှတ်ပြီး ဂုဏ်ယူနေကြပါတယ်၊ အမှန်တော့ ယိုးဒယား ရာဇဝင်များက လုပ်ကြံရေးသားထား ခြင်းသာဖြစ်ပါတယ်၊ မြန်မာတပ်များဟာ အိမ်ရှေ့ဥပရာဇာ ကျဆုံးတဲ့အတွက် ဆက်ပြီးမတိုက်တော့ဘဲ ဟံသာဝတီကို ပြန်ဆုတ်ခဲ့ရပါတယ်၊ နန္ဒဘုရင် လက်ထက်မှာ ယိုးဒယားကို တိုက်ခဲ့တာ ဒီအကြိမ်ဟာ နောက်ဆုံးဖြစ်ပါတယ်၊ ဒီနောက်မှာ ယိုးဒယားကိုစစ်ချီတိုက်ခိုက်ခဲ့တာ မရှိတော့ပါဘူး၊ ယိုးဒယားတို့ကသာ ဟံသာဝတီကိုလာရောက် တိုက်ခိုက်ခဲ့ပါသေးတယ်၊ အောင်မြင်မှုမရဘဲ အထိအပါးများပြီး ပြန်ဆုတ်သွားခဲ့ရပါတယ်။

ခရစ်နှစ် ၁၅၉၈ခုနှစ်မှာ နန္ဒဘုရင်ရဲ့ညီတော် တောင်ငူမင်းငယ် မဟာဓမ္မရာဇာဟာ နန္ဒဘုရင် ကိုပုန်ကန်ပြီး ဟံသာဝတီကိုတိုက်ဘို့ ရခိုင်ဘုရင်နဲ့မဟာမိတ်ဖွဲ့ခဲ့တယ်၊ အဲဒီအချိန်မှာ ရခိုင်ကလည်း စစ်တကောင်းဒေသနဲ့ ဂင်္ဂါမြစ်တောင်ပိုင်းဒေသထိ သိမ်းပိုက်ထားနိုင်ခဲ့ပြီးဖြစ်လို့ အင်အားတောင့်တင်း

တဲ့အချိန်ဖြစ်နေတယ်၊ ဒါကြောင့်လည်း တောင်ငူဘုရင်ဟာ ရခိုင်ဘုရင်နဲ့ပေါင်းပြီး ဟံသာဝတီကို တိုက်ဖို့စီစဉ်ခဲ့တာဖြစ်တယ်၊ ရခိုင်တပ်များဟာ ရေကြောင်းကချီတက်လာပြီး သံလျင်ဆိပ်ကမ်းမြို့ကို သိမ်းလိုက်တယ်၊ ဒီနောက်မှာ တောင်ငူတပ်နဲ့ပေါင်းပြီး ဟံသာဝတီကို ဝိုင်းရံကြတယ်၊ ဟံသာဝတီ တပ်များဟာ ခုခံနိုင်စွမ်းမရှိကြတော့ဘဲ နန္ဒဘုရင်ကိုယ်တော်တိုင် အညံ့ခံလိုက်ရတော့တယ်၊ နန္ဒဘုရင်ကို တောင်ငူကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့တယ်၊ ဖြိုနရစ်ဟာ နန္ဒဘုရင်အညံ့ခံလိုက်ရပြီလို့သိတာနဲ့ ဟံသာဝတီကို အပြင်းချီတက်ခဲ့တယ်၊ စစ်ကူပေးဘို့ မဟုတ်ပါဘူး၊ ဟံသာဝတီကိုတိုက်ဖို့ ချီတက်ခဲ့တာပါ။ ဟံသာဝတီပျက်ပြီး နန္ဒဘုရင်တောင်ငူပါသွားပြီလို့ သိတာနဲ့တောင်ငူကို ဆက်ပြီးချီတက်ပါတယ်၊ တစ်လတိတိ တောင်ငူကိုဝိုင်းရံပြီး လုပ်ကြံပါတယ်၊ မြို့ရိုးနဲ့အမြင့်တူ တပ်တည်ပြီး အမြောက်များနဲ့ပစ်ခတ်၊ ကျုံးရေကို ပေါင်းလောင်းမြစ်ထဲဖောက်ထုတ်ပြီး အပြင်းအထန် တိုက်ခိုက်ခဲ့တာပါ။ တောင်ငူကို ယိုးဒယား တွေတိုက်တာကိုသိတဲ့ ရခိုင်တပ်များဟာ စစ်ကူပေးဘို့ ရောက်လာကြပါတယ်၊ တောင်ငူကိုဝိုင်းရံထားတဲ့ ယိုးဒယားတပ်များအတွက် ရိက္ခာထောက်ပံ့တဲ့ တပ်များကို ဖြတ်တောက်ပြီး တိုက်ကြလို့ ယိုးဒယားများ ငတ်မွတ်ကြပါတယ်၊ လုပ်ကြံလို့မရတဲ့ပြင် တောင်ငူရော၊ရခိုင်တပ်များပါ ပူးပေါင်းအင်အားက များလာ တော့ ဖြိုနရစ်ဟာ တောင်ငူကဆုတ်ခွာရပါတယ်၊ ဆုတ်ခွာတဲ့ ယိုးဒယားတပ်များကို ရခိုင်တပ်များက အတင်းလိုက်တိုက်လို့ အပြေးအလွှားကို ဆုတ်ခွာသွားခဲ့ရတာဖြစ်ပါတယ်၊ ဒီတစ်ကြိမ်ဟာဖြင့် အကွက်ကောင်းချောင်းနေတဲ့ ဖြိုနရစ်ဟာ မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းယူဖို့အကြံ တစ်နည်းအားဖြင့် ဟံသာဝတီထီးနန်းကို အချောင်သိမ်းဘို့အကြံနဲ့လာခဲ့တာပါ။ သို့ပေမယ့် အကြံမအောင်ဘဲ အပြေးအလွှား ဆုတ်ခဲ့ရပါတယ်။

ယိုးဒယားကို (၅)ကြိမ်တိုင်တိုင် သွားရောက်တိုက်ခိုက်ခဲ့တဲ့ နန္ဒဘုရင်ကို သမိုင်းဆရာ တစ်ချို့ကပြောသလို အကျိုးမဲ့တိုက်ခိုက်ခဲ့တယ် ဆိုတာတော့ သဘောမတူနိုင်ပါဘူး၊ စစ်ရေးမှာ အောင်မြင်မှုမရတာ တစ်ခုထဲကြည့်ပြီး အကျိုးမဲ့တယ်လို့လည်း မဆိုနိုင်ပါဘူး၊ တကယ်လို့ နန္ဒဘုရင်ဟာ ယိုးဒယားကို သွားရောက်မတိုက်ခဲ့ဘူးဆိုလဲ ပုန်ကန်ခြားနားပြီးဖြစ်တဲ့ ဖြိုနရစ်ဟာ အခွင့်အခါသင့်တိုင်း ဟံသာဝတီကိုလာပြီးတိုက်မယ့်သဘောရှိပါတယ်၊ ဒါကြောင့်လည်း နန္ဒဘုရင်ဟာ ပုန်ကန်မှုတွေကြောင့် စစ်ပမ်းတဲ့ကြားကဘဲ အယုဒ္ဓယကို လက်ဦးအောင်တိုက်ခိုက်ခဲ့တာ ဖြစ်ပါလိမ့်မယ်၊ နန္ဒဘုရင်ဟာ ဘုရင့်နောင်ရဲ့ ဒုတိယနိုင်ငံတော်ကြီးကို ခိုင်မြဲအောင်ဆက်ပြီး မထိန်းနိုင်ခဲ့ပေမယ့် စစ်သွေးစစ်မာန်ရှိတဲ့သူ ဆိုတာတော့ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်၊ ပြီးတော့ မြန်မာတွေ ယိုးဒယားကို တိုက်ခိုက်ခဲ့ကြတာဟာ သူ့ခေတ်သူ့အခါအရ တိုက်သင့်လို့ တိုက်ခိုက်ခဲ့ ကြတယ်ဆိုတာလဲ သိသာပါတယ်၊ နန္ဒဘုရင်လက်ထက်မှာ ယိုးဒယားများ မြန်မာတို့အပေါ်မှာ ပဏ္ဏာဆက်နိုင်ငံဘဝကနေ လွတ်မြောက်လိုတာတစ်ခုအတွက် ပုန်ကန်တာမဟုတ်တော့ဘဲ မြန်မာတို့အင်အားနည်းတာနဲ့ မြန်မာ့ဦးစွန်းကိုထိပါးခဲ့တယ်ဆိုတာ စတင် တွေ့ရပါတယ်၊ ဒါကြောင့်မို့ ယိုးဒယားတို့ရဲ့ စိတ်နေသဘောထားကိုတော့ မြန်မာတွေသတိမထားလို့ မဖြစ်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဒီကနေ့ယိုးဒယားနိုင်ငံမှာ လူကောင်းသူကောင်း စိတ်ကောင်းရှိသူ တွေရှိသလို ဖြိုနရစ်လို စိတ်နေစိတ်ထားမျိုးရှိသူတွေလည်း အများကြီးဘဲဆိုတာ အထင်အရှားပြနေပါပြီ။

## ညောင်ရမ်းခေတ်မှာလဲ ယိုးဒယားသားတွေ ထိပါးခဲ့တယ်

အယုဒ္ဓယသားတွေရဲ့ အိမ်နီးချင်းကောင်းမပီသမှုကတော့ အခုမှတင်မဟုတ်ပါဘူး၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်စတဲ့ ရှည်လျားတဲ့ မြန်မာ့သမိုင်းကြောင်း တစ်လျှောက်လုံးမှာ မပီသခဲ့ကြတာပါ။ တောင်ငူခေတ်မှာ ဘုရင့်နောင်မင်းတရားကြီးက အယုဒ္ဓယ သားတွေအပေါ် သဘောထားကြီးကြီးထား ခွင့်လွှတ်ခဲ့ပေမယ့် သူတို့ကတော့ ကျေးဇူးရှင်မှန်းသိကြသူတွေ မဟုတ်ပါဘူး၊ အခွင့်အလမ်းသာတာနဲ့ သူတို့ရဲ့နဂိုစရိုက်လက္ခဏာတွေ ပြန်ပေါ်လာတော့တာပါဘဲ။

နန္ဒဘုရင်လက်ထက် ပဲခူးဟံသာဝတီ မင်းနေပြည်တော် ပျက်သုဉ်းသွားပြီးတဲ့နောက် ညောင်ရမ်းမြို့စားမင်းသားက အင်းဝနေပြည်တော်ကိုဗဟိုပြုပြီး မြန်မာနိုင်ငံကို ပြန်လည်စည်းရုံးဖို့ ကြိုးစားခဲ့ပါတယ်၊ ညောင်ရမ်းမြို့စားဆိုတာ ဘုရင့်နောင်မင်းတရားကြီးနဲ့ မိဖုရားခင်ပြည့်စုံတို့က ဖွားမြင်တဲ့ သားတော်ရှင်သစ္စာပါ။ ခရစ်နှစ် ၁၆ဝဝ ပြည့်နှစ်မှာ "မဟာသီဟသူရ"ဘွဲ့နဲ့ နန်းတက်လာ ပြီး ညောင်ရမ်းမင်းဆက်ကို တည်ထောင်နိုင်ခဲ့တဲ့ အရည်အချင်းရှိ မင်းတစ်ပါးပဲဖြစ်ပါတယ်၊ နန်းစံ (၆)နှစ်ကာလအတွင်းမှာ နိုင်ငံတစ်ဝှမ်း လှည့်လည်စည်းရုံး သိမ်းသွင်းရင်းနဲ့ပဲ နတ်ရွာစံခဲ့ပါတယ်။

ညောင်ရမ်းမင်း နိုင်ငံတော်အတွင်း စည်းရုံးရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်း တွေ လုပ်ဆောင်နေစဉ်ကာလမှာပဲ အယုဒ္ဓယသားတွေရဲ့ ဇာတိစရိုက်ပြန်ပေါ်လာပါတယ်၊ သူတို့က နယ်နိမိတ်ချင်းထိစပ်နေတဲ့ ထားဝယ်မြို့စားကို စည်းရုံးသိမ်းသွင်းတယ်၊ ညောင်ရမ်းမင်းကို ဆက်ခံတဲ့ သားတော် မဟာဓမ္မရာဇာ (အနောက်ဘက်လွန်မင်း) လက်ထက်မှာတော့ ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ပုန်ကန်နေပါပြီ၊ မဟာဓမ္မရာဇာမင်းဟာ သံလျင်ကို ၁၆၁၃ခုနှစ်မှာ တိုက်ခိုက်သိမ်းပိုက်ပြီး တဲ့နောက် အောက်မြန်မာနိုင်ငံတစ်လွှားကို ဆက်လက်စည်းရုံးသိမ်းသွင်းခဲ့ပါတယ်၊ သစ္စာတော်ခံလာတဲ့ မုတ္တမစား ဗညားဒလကို အပြစ်ကခွင့်လွှတ်တော်မူတယ်၊ (မုတ္တမစားရဲ့ သမီးတော်ဟာ ဇင်းမယ်ကရဲ့သား ဆိုင်မွန်နဲ့လက်ဆက်ခဲ့ဖူးသူလို့ အဆိုရှိပါတယ်)၊ ရေးမြို့စား ဗညားရံကိုတော့ နေပြည်တော်ခေါ်ယူထားပြီး သူ့နေရာမှာ ညီတော်စစ်ကိုင်းမြို့စားကို အစားထိုးခန့်အပ် လိုက်ပါတယ်၊ အရေးကြီးတဲ့ နယ်စပ်ဒေသမို့ ညီတော်မင်းသားကို တာဝန်ပေးအပ်ခဲ့တာထင်ပါရဲ့။

စစ်ကိုင်းမင်းသား ရေးမြို့ကိုရောက်တယ်ဆိုရင်ပဲ အယုဒ္ဓယသားတွေရဲ့ဇာတ်လမ်း စတော့တယ်၊ သူတို့ကသူတို့ကြိုတင်စည်းရုံးထားတဲ့ ထားဝယ်စားကို စစ်ကိုင်းမင်းသားကို ဖမ်းဆီး ပေးအပ်ရမယ်လို့ တာဝန်ပေးလာတယ်၊ ထားဝယ်နယ်ဟာ ပုဂံခေတ်ကာလကတည်းက ကျန်စစ်သား မင်းရဲ့ လက်အောက်ခံနယ်မြေပါ။ တြိဘုဝနဓမ္မရာဇဘွဲ့ခံ ကျန်စစ်သားမင်းကြီးက ခန့်အပ်ထားတဲ့ ထားဝယ်မြို့စား ကလံယိဒီကိုယ်တိုင် ပြုလုပ်တဲ့ အုတ်ခွက်စာတစ်ခုမှာ ဘုရင်မင်းမြတ် ဘုရားအဖြစ် ကို ရောက်ရှိခဲ့ရင် သူလည်းအပါးတော်မှာ ရဟန္တာဖြစ်ရပါစေလို့ ဆုတောင်းထားတာ တွေ့ရပါတယ်၊ ပုဂံခေတ် ထားဝယ်မြို့စားက သစ္စာရှိကျိုးနွံပေမဲ့ ညောင်ရမ်းခေတ် ထားဝယ်မြို့စားကတော့ အယုဒ္ဓယ သား မသူတော်တွေနဲ့ လူပေါင်းမှားပြီး ဒုက္ခရောက်ခဲ့ရပါတယ်။

ထားဝယ်စားဟာ အယုဒ္ဓယသားတွေရဲ့ခိုင်းစေချက်ကို နားယောင်ပြီး စစ်ကိုင်းမင်းသား ကို ယိုးဒယားတပ်အကူအညီနဲ့ လာရောက်ဖမ်းဆီးပြီး ထားဝယ်မှာ အကျဉ်းချထား လိုက်တယ်၊ ညီတော်ကို ယိုးဒယားတို့လက် လွှဲပြောင်းပေးအပ်တော့မယ့်အကြောင်း ကြားသိရတဲ့အခါ မဟာဓမ္မရာဇာဘုရင်က တပ်တွေချက်ချင်းစေလွှတ် တိုက်ခိုက်စေပါတယ်၊ ခရစ်နှစ် ၁၆၁၃ခုနှစ်ကုန်ပိုင်းလောက်မှာ ပုန်ကန်

သူထားဝယ်စား ဆင်ဦးကင်းမှာပဲ ကျဆုံးသွားပါတယ်၊ ညီတော်စစ်ကိုင်းမင်းသားကိုလဲ ပြန်လည်ကယ်တင်နိုင်ခဲ့ပါတယ်၊ ထားဝယ်စားကို အားပေးကူညီခဲ့ကြတဲ့ အယုဒ္ဓယသားတွေကို လိုက်လံတိုက်ခိုက်ချေမှုန်းတဲ့အခါ တနင်္သာရီနယ်မှာ တိုက်ပွဲအချို့ဖြစ်ပွားပြီး မြန်မာ တပ်တွေ အောင်ပွဲခံနိုင်ခဲ့ပါတယ်။

မဟာဓမ္မရာဇာမင်း မုတ္တမ၊ ရေး၊ ထားဝယ်နယ်တွေမှာ နယ်မြေအေးချမ်းငြိမ်ဝပ်ရေးအတွက် ဆောင်ရွက်နေတော့ ဇင်းမယ်က တစ်စခန်းထလာပြန်ပါတယ်၊ ဒီလိုလူမျိုးတွေကို ဘယ်လိုလုပ်အိမ်နီးချင်းကောင်းလို့ သတ်မှတ်လို့ရမှာပါလဲ၊ ဘာဘဲဖြစ်ဖြစ်၊ မြန်မာစစ်သည်တွေ အခက်အခဲအမျိုးမျိုးကြားက သွားရောက်တိုက်ခိုက် ကြရပြန်ပါတယ်၊ ခရစ်နှစ် ၁၆၁၅ခုနှစ်ကျမှာဘဲ အယုဒ္ဓယသားတွေ ငြိမ်ဝပ်သွားကြပါတော့တယ်၊ ဒါတောင်တိုက်ရည်ခိုက်ရည်ရှိတဲ့ မဟာဓမ္မရာဇာ မင်းလက်ထက်မှာမို့ပါ။ ပြည်တွင်းအခြေအနေတွေ ရှုပ်ထွေးလှတဲ့ မင်းရဲဒိဗ္ဗလက်ထက်ကြတော့ ပြန်ရန်စ ကျူးကျော်လာကြတော့တာပါဘဲ၊ ယိုးဒယားတွေဟာ မြန်မာတွေအားနည်းတဲ့အချိန်တိုင်း အခြေအနေပေးရင်ပေးသလို ကျူးကျော်ထိပါးလေ့ရှိခဲ့ကြတာမို့ ဘယ်ခေတ်ဘယ်အခါမဆို အမြဲသတိ ထားနေရမယ့်အိမ်နီးချင်းဖြစ်တယ်ဆိုတာ သတိပေးနှိုးဆော်အပ်ပါတယ်။



**အင်းဝနေပြည်တော်**

## တနင်္သာရီကမ်းရိုးတန်းက ဆိပ်ကမ်းမြို့များကို အယုဒ္ဓယသားတို့ ထိပါးခဲ့ပုံတွေ

ယိုးဒယားသားတွေဟာ တစ်စိတ်ကိုတစ်အိတ်လုပ်တတ်တဲ့လူစားတွေပါ။ သူတို့ရဲ့ အယုဒ္ဓယမြို့တော်ကို မြန်မာတွေဖျက်ဆီးသွားလိုက်တာ ကြည့်ကြပါအုံးဆိုပြီး ရာစုနှစ်(၂)စုကျော်ကျော်လောက် ဒီအတိုင်းထားပြီး တွေ့သမျှလူကို ခေါ်ပြနေတယ်၊ အယုဒ္ဓယမြို့ပျက်က အုတ်တွေ ဇန်ကောက်မြို့တည်တော့ ယူသုံးတာကိုဖုံးကွယ်ထားကြပြီး မြန်မာတွေဖျက်ဆီးသွားလို့ ရစရာမရှိတော့ပါဘူးဆိုပြီးတော့လဲ သာသာထိုးထိုး ပြောတတ်ကြသေးတယ်။

သူတို့လိုပြောကြစတမ်းဆိုရင် ယိုးဒယားသားတွေ ဖျက်ဆီးလို့ ပျက်စီးသွားရတဲ့ မြန်မာ့ဘုရင်ပိုင်နက် ကမ်းရိုးတန်းမြို့တွေကတသီကြီးပါပဲ၊ အဲဒီမြို့တွေကို ယိုးဒယားသားတို့ ဘယ်လိုကျူးကျော်တိုက်ခိုက်ခဲ့ကြတယ်ဆိုတာ နဲနဲပြောပြချင်ပါတယ်၊ ပုဂံခေတ်ကာလ (၇)အောက်တိုဘာ ၁၁၉၆ ရက်စွဲနဲ့ နရပတိစည်သူမင်းလက်ထက် ရေးထိုးထားတဲ့ ဓမ္မရာဇကကျောက်စာအရဆိုရင် နိုင်ငံတော်အကျယ်အဝန်းက တောင်ဘက်ပိုင်းမှာ ထားဝယ်၊ တနင်္သာရီအထိပါဝင်ပါတယ်၊ မင်းနေပြည်တော်နဲ့ ဝေးကွာလှတဲ့ အဲဒီဒေသတွေကို ယိုးဒယားသားတွေက ခေတ်အဆက်ဆက်လစ်ရင်လစ်သလို ဝင်ရောက်နှောက်ယှက်နေကြပါ၊ မြန်မာဘုရင်ရဲ့အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့တာတွေပေါ့၊ အဲဒီနှောက်ယှက်ဖျက်ဆီးခံရတဲ့ တောင်ဘက်ကမ်းရိုးတန်းမြို့တွေကတော့ မုတ္တမ၊ ရေး၊ ထားဝယ်၊ မြိတ်နဲ့တနင်္သာရီအားလုံးပါပဲ။

မုတ္တမမြို့ကို ၁၀၈၇ခုနှစ်မှာ တည်ထောင်တယ်လို့အဆိုရှိပါတယ်၊ အရန်(၃၂)မြို့ပါဝင်ပြီး မွန်ဘုရင်တွေလက်ထက်က အင်မတန်စည်ကားတဲ့ မြို့ကြီးတစ်မြို့ပါ၊ ကုန်းဘောင်ခေတ်ဦးကာလအထိ မုတ္တမက စည်းကားဆဲဖြစ်ပြီး အလောင်းမင်းတရား၊ နောင်တော်ကြီးနဲ့ ဆင်ဖြူရှင်မင်းတွေလက်ထက်မှာ မြန်မာမြို့ဝန်တစ်ဦး ခန့်ထားအုပ်ချုပ်ကြစမြဲပါ၊ ဒါပေမဲ့ ခရစ်နှစ် ၁၇၇၄ခုနှစ် မုတ္တမမြို့ဝန် ဦးစံရာ လက်ထက်မှာတော့ ဗညားစိန်ဆိုသူ တပ်မှူးတစ်ဦးရဲ့ ပုန်ကန်မှုဖြစ်ပွားခဲ့ပါတယ်။

ဗညားစိန်ဟာ မုတ္တမမြို့ဝန်ကမွန်တပ်သားတွေအပေါ် မတရားငွေကြေးတောင်းခံတယ်ဆိုတဲ့စွပ်စွဲချက်နဲ့ ပုန်ကန်တိုက်ခိုက်လာတယ်၊ ဒီအမှုမှာ ဗညားစိန်ကိုနောက်ကွယ်ကသွေးထိုးကြိုးကိုင်ပေးနေသူကတော့ ယိုးဒယားတပ်မှူး Chaophraya Yommarat ပါပဲ၊ နောက်ဆုံး ဗညားစိန်ကိုပါဝင်ကူညီကြတဲ့ယိုးဒယားတပ်တွေက မုတ္တမမြို့ကြီးကိုဖျက်ဆီးပစ်လိုက်ကြတယ်၊ တစ်ချိန်က စည်ကားသာယာလှတဲ့မုတ္တမမြို့တော်ကြီးဟာ မကြာမီမှာပဲ ခြုံနွယ်ပိတ်ပေါင်းတွေ ဖုံးလွှမ်းနေတဲ့ မြို့ပျက်ကြီးအသွင်ကူးပြောင်းသွားပါတော့တယ်၊ ဒါပေမယ့်မြန်မာတွေက ယိုးဒယားသားတွေလိုကလီကမာမလုပ်ဘူး၊ မြို့ပျက်ကြီးကို ယိုးဒယားသားတွေက ဖျက်ပစ်တာပါလို့လဲ မပြမပြင်ပြသမထားဘူး၊ ၁၇၈၃ခုနှစ် ဘိုးတော်ဘုရား နန်းတက်စမှာသူ့ရဲ့ညီဝမ်းကွဲ ဦးမုကိုမင်းရဲမင်းလှကျော်ထင်ဘွဲ့နဲ့မုတ္တမမြို့ဝန်၊ ပုံ့ချိန်နှသူကို မြို့စာရေးခန့်လိုက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ထိထိရောက်ရောက်ဆောင်ရွက်စေခဲ့တယ်။

တောင်ဘက်ကမ်းရိုးတန်းဒေသမှာရှိတဲ့ရေးမြို့ကလဲ သမိုင်းကြောင်းအစဉ်အလာရှိတဲ့ မြို့တစ်မြို့ပါ၊ မွန်ဘုရင်ဓမ္မစေတီမင်း တည်ခဲ့တာလို့လဲဆိုကြပါတယ်၊ ဒါပေမဲ့ နန္ဒဘုရင်နန်းကျချိန်မှာတော့ ရေးမြို့လဲ မြို့ပျက်ကြီးတစ်ခုလို ဖြစ်သွားပါတယ်၊ ကုန်းဘောင်ခေတ်ဦး ဆင်ဖြူရှင်လက်ထက် ၁၇၆၄ခုနှစ်နိုဝင်ဘာလ(၂၄)ရက်နေ့မှာမှ အသည်ဝန်မဟာနော်ရထာက ယိုးဒယားစစ်ချီခရီးမှာလက်ထောက်ဗိုလ်လက်ဝဲဂါမဏိကို ခြုံနွယ်ပိတ်ပေါင်းတွေ ခုတ်ထွင်ရှင်းလင်းစေပြီး မြို့သစ်ပြန်တည်

ခဲ့ပါတယ်၊ မြန်မာတပ်မှူးတွေရဲ့ ပြုစုပျိုးထောင်မှုကြောင့် ရေးမြို့ဟာနေချင်စဖွယ် စည်ကားသာယာလှတဲ့ မြို့ကလေးတစ်မြို့အသွင် ကူးပြောင်းလာပါတယ်၊ ဒါပေမဲ့ရေးမြို့ရဲ့သက်တမ်းက ရာစုနှစ်တစ်ဝက် လောက်ပဲအေးအေးချမ်းချမ်းရှိခဲ့တာပါ၊ ၁၈၁၈ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့ ညသန်းခေါင်အချိန် မှာတော့ ယိုးဒယားစစ်ဗိုလ်စနုပ်အက်ဦးစီးတဲ့ အင်အား(၁၀၀၀)ပါတဲ့တပ်ဖွဲ့က ရေးမြို့ကိုဝင်ရောက် တိုက်ခိုက် ဖျက်ဆီးပစ်လိုက်တယ်။

ရေးမြို့အုပ် ဦးပု၊ မြို့သူကြီး ဦးအောက်သီ၊ သား မောင်ထော်ပိန်နဲ့ အပိုင်းကင်းတပ်မှူး ဦးထော်သီတို့ ယိုးဒယားသားတွေရဲ့ တိုက်ခိုက်မှုရန်ကို ရွပ်ရွပ်ချွံချွံ ခုခံကာကွယ်ခဲ့ကြပါသေးတယ်၊ ဒါပေမဲ့ အင်အားမမျှတလို့ အရေးနိမ့်ခဲ့ရပါတယ်၊ ယိုးဒယားသားတွေဟာမြို့ကို အားရအောင် ဖျက်ဆီး၊ အမြောက်လက်နက်တွေကို ယူဆောင်ပြီး ဖေဖော်ဝါရီလ(၆)ရက်နေ့မှာ ပြန်လည် ထွက်ခွါသွားကြပါတယ်၊ မြန်မာပိုင်နက်နယ်မြေထဲကို ဝင်ရောက်ကျူးကျော် စော်ကားခဲ့ကြတာပါ။

ယိုးဒယားသားတွေ အမှတ်မထင် ဝင်ရောက်တိုက်ခိုက်တာမို့ မုတ္တမမြို့ဝန် သမိန်မြူ အနေနဲ့လဲ ဘာမှပြင်ဆင်ချိန်တောင် မရရှိလိုက်ပါဘူး၊ ပြီးတော့ ရေးမြို့ကို မုတ္တမရဲ့အရံမြို့တစ်မြို့ အနေနဲ့ သတ်မှတ်ပြီး စစ်ကဲဦးပုကို မြို့အုပ်ရာထူးခန့်အပ်အုပ်ချုပ်စေခဲ့တာဖြစ်ပါတယ်၊ အဲဒီကျူးကျော် တိုက်ခိုက်မှုနောက်ပိုင်းမှာ ရဲခေါင်ကျော်ထင်ဆိုသူကို ရေးမြို့ဝန်ရာထူးခန့်အပ်လိုက်လို့ ၁၈၁၈ခုနှစ် နိုဝင်ဘာလ(၁၅)ရက်နေ့မှာ ရေးမြို့ကို မြို့ဝန်သစ်ရောက်လာပါတယ်၊ မြို့ဝန်သစ်က ယိုးဒယားသားတွေ အယုဒ္ဓယမြို့ပျက်ကို ပြထားသလို ရေးမြို့ကိုမထားပါဘူး၊ ချက်ချင်းပဲ ပြန်လည် ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

ထားဝယ်ဆိပ်ကမ်းမြို့ဟာလဲ ခေတ်အဆက်ဆက် မြန်မာဘုရင်ရဲ့ ပိုင်နက်နယ်မြေ အဖြစ် အထင်အရှားတည်ရှိခဲ့တဲ့ မြို့ဖြစ်ပါတယ်၊ ၁၇၈၈ခုနှစ်မှာ အဲဒီထားဝယ်မြို့ကို ယိုးဒယားသား တွေ ဝိုင်းရံတိုက်ခိုက်လာပါတယ်၊ မြန်မာဘုရင်က ခန့်အပ်ထားတဲ့ ထားဝယ်မြို့ဝန် ဦးမြတ်ဖြူက မြန်မာဘုရင်အပေါ် သစ္စာဖောက်ဖျက်ပြီး ယိုးဒယားနဲ့ပူးပေါင်း ပုန်ကန်ပါတယ်၊ ဒီအရေးအခင်းကို ဖြေရှင်းဖို့ ၁၇၉၂ခုနှစ်၊ မတ်လ(၄)ရက်နေ့မှာ အတွင်းဝန်မင်းကြီး မဟာသက်တော်ရှည်ရဲ့ တပ်ပေါင်းစု ထားဝယ်ရောက်လာတော့ မြို့ဝန်ဦးမြတ်ဖြူ ယိုးဒယားနယ်ထဲ ပြေးဝင်ခိုလှုံသွားပါတယ်၊ ယိုးဒယား သားတွေဟာ ထားဝယ်မြို့ကို ဒီလိုပဲမကြာခဏ လာရောက်တိုက်ခိုက်လေ့ရှိပြီး အုပ်ချုပ်ရေးအရာရှိ တွေကိုလဲ ယိုးဒယားဘက် ဖမ်းဆီးခေါ်ဆောင်သွားတတ်ပါသေးတယ်၊ ထားဝယ်မြို့မှာ စစ်ကဲအဖြစ် တာဝန် ထမ်းရွက်ခဲ့ဖူးတဲ့ ဦးထမ်းပိုဆိုရင် ယိုးဒယားတွေ ထားဝယ်လာတိုက်တုန်းက အဖမ်းခံရပြီး (၁၀)နှစ်ကြာမှ ပြန်လွှတ်ပေးခဲ့တာပါ။

ပင်လယ်ဆိပ်ကမ်းမြို့ကြီး တစ်မြို့ဖြစ်တဲ့ မြိတ်မြို့ဟာလဲ ပုဂံခေတ်ကာလတစ်လျှောက် မြန်မာမင်းပိုင်နက်ထဲမှာ ရှိခဲ့ပါတယ်၊ မြိတ်မြို့မှာ တွေ့ရှိရတဲ့ ခရစ်နှစ် ၁၂၆၉ခုနှစ်ထိုး ကျောက်စာအရ ပုဂံနရသီဟပတေ့မင်းရဲ့ အမှုထမ်းငပုန်က စေတီတစ်ဆူ လှူဒါန်းကြောင်း သိရှိရပါတယ်၊ ဒါပေမယ့် အင်းဝခေတ် မွန်မြန်မာအနှစ်(၄၀)စစ်ပွဲ ကာလမှာတော့ မြိတ်မြို့က ယိုးဒယားတွေလက်ထဲ ရောက်နေ ပါပြီ၊ သူတို့က မြိတ်မြို့ကို မာရိတ်လို့ခေါ်ကြတယ်၊ မြန်မာဘက်က တပင်ရွှေထီး၊ ဘုရင့်နောင်တို့လက်ထက် ယိုးဒယားကို စစ်ချီစဉ်ကာလမှာတော့ မြိတ်မြို့ကိုခဏတဖြုတ် သိမ်းပိုက်နိုင်တာမျိုး ရှိခဲ့ပါသေးတယ်၊ ဒါပေမယ့် အများအားဖြင့် ယိုးဒယားတွေကကျူးကျော်သိမ်းပိုက်ခဲ့တာများပါတယ်၊ ယိုးဒယားဘုရင်ဟာ

ညောင်ရမ်းခေတ် ၁၆၈၃ခုနှစ်လောက်မှာ အင်္ဂလိပ်လူမျိုး**Samuel White** ဆိုသူကို မာရိတ် မြို့တော်ဝန် အဖြစ် ခန့်အပ်ခဲ့ဖူးပါတယ်။

ခရစ်နှစ် ၁၇၃၁ခုနှစ်မှာ ဖြရာမသွန်တိဿက မာရိတ်မြို့သစ်ကို တည်တယ်၊ ဒါပေမယ့် အလောင်းမင်းတရားလက်ထက် ၁၇၆၀ ပြည့်နှစ်မှာတော့ မာရိတ်ကို ယိုးဒယားမြို့တော်ဝန် ဖရာပလိချေပဒေါင်း **(Phra Paliche Padaung)** လက်က မြန်မာတွေပြန်လည် သိမ်းပိုက်နိုင်ခဲ့ပါတယ်၊ မြို့နာမည်ကို လည်း မာရိတ်ကနေ မြိတ်လို့ပြောင်းလိုက်တယ်၊ အဲဒီအချိန်ကစပြီး မြန်မာမြို့ဝန်တွေ ခန့်ထားအုပ်ချုပ်ခဲ့ ရာမှာ ယိုးဒယားသားတွေကအခွင့်သာရင်သာသလို လာရောက်နှောက်ယှက် နေတော့တာပါပဲ။

၁၇၉၂ခုနှစ် မြိတ်မြို့ဝန် စက်ရာဥခြည်ဘွဲ့ခံ ဦးလွန်ကြီးလက်ထက်မှာ ယိုးဒယား အိမ်ရှေ့မင်းသားရဲ့တပ်တွေ ပတစ်တောင်ပေါ်ကနေ မြိတ်မြို့ထဲကို စိန်အမြောက်တွေနဲ့ လာရောက် ပစ်ခတ်ကြတယ်၊ စက်ရာဥခြည်က နေပြည်တော်ကိုသတင်းပေးပို့လျှောက်ထားလို့ စစ်သူကြီး မဟာသီဟသူရရဲ့ တပ်တွေလည်းရောက်လာရော ယိုးဒယားတပ်တွေ ထွက်ပြေးသွားကြရော၊ သူတို့လူမျိုးက နဂိုကတည်းက သူရဲဘောကြောင်တတ်တဲ့ လူမျိုးဆိုတော့ ရင်ဆိုင်မတိုက်ဝံ့ပဲ ထွက်ပြေး ကြတော့ပေါ့၊ မြန်မာစစ်သည်တွေကတော့ ယိုးဒယားသားတွေကို မရမမိလိုက်ကြလို့ မချင့်မရဲ ဖြစ်ကြရသတဲ့။

တနင်္သာရီကတော့ ပုဂံခေတ်မြန်မာဘုရင် ပိုင်နက်နယ်မြေမှာ အဝေးဆုံးဒေသ ဖြစ်မယ် ထင်ပါတယ်၊ အေဒီ ၁၄ ရာစု ဟံသာဝတီဘုရင် ရာဇဓိရာဇ်လက်ထက်လောက်က ယိုးဒယားသားတွေ လက်ထဲ ရောက်ခဲ့ပါတယ်၊ ဝေးလံတဲ့ဒေသမို့ နေပြည်တော်နဲ့ အဆက်အသွယ်ခက်ခဲနေတာလဲ ပါမယ်ထင်ပါတယ်၊ ညောင်ရမ်းခေတ်တစ်လျှောက် ယိုးဒယားလက်အောက်ခံမြို့ ဖြစ်ခဲ့တာကြောင့် တနင်္သာရီမှာ ၁၉၅၈-၅၉မှာတွေ့တဲ့ ခေါင်းလောင်းစာအပိုင်းအစမှာ ယိုးဒယားဘုရင် ရာမာဓိပတိရဲ့ အမည်ကို တွေ့ရှိရတာထင်ပါတယ်၊ အလောင်းမင်းတရားလက်ထက် ၁၇၅၉ခုနှစ်ကျမှပဲ တနင်္သာရီကို ယိုးဒယားသားတွေလက်ထဲက ပြန်လည်သိမ်းပိုက်နိုင်ပါတော့တယ်။

ကမ်းရိုးတန်းဒေသမြို့တွေရဲ့ သမိုင်းကြောင်းကို အသေးစိတ်လေ့လာကြည့်တဲ့အခါမှ ယိုးဒယားသားတွေဟာ သူတို့ရဲ့ဆိပ်ကမ်းမြို့များအဖြစ်လိုချင်ကြတယ်၊ ဒါကြောင့်လဲ မြန်မာတွေ အားနည်းချိန်တိုင်းမှာ တနင်္သာရီဆိပ်ကမ်းမြို့များကို ထိပါးခဲ့ကြတယ်ဆိုတာတွေ့ရပါတယ်၊ တကယ်တော့ ဒီလိုထိပါးလို့လဲ မြန်မာဘုရင်များဟာ အင်အားတောင့်တင်းလာတဲ့အခါ အယုဒ္ဓယကို သွားရောက် တိုက်ခိုက်ကြတာဖြစ်ပါတယ်။

## ထားဝယ်စားလို့လူတွေ ဆက်ပြီးခေါ်နေမယ်ဆိုရင်

တောင်ငူခေတ်လောက်မများပေမဲ့ ညောင်ရမ်းခေတ်မှာလည်းယိုးဒယားများနဲ့ ထိတွေ့ရတာတွေရှိပါတယ်၊ ထိတွေ့မှုမများလှပေမဲ့ မျက်မှောက်ခေတ်ယိုးဒယားလူမျိုးတွေရဲ့ အကျင့်စရိုက်ကိုဖော်ပြတဲ့ ဖြစ်ရပ်တစ်ခုရှိခဲ့တာကို သတိရစေချင်ပါတယ်၊ ခရစ်နှစ် ၁၅၉၉ ခုနှစ် ဟံသာဝတီပျက်ပြီးတဲ့နောက် အင်းဝ၊ တောင်ငူ၊ ပြည်နဲ့ ရှမ်းပြည်တလွှားမှာလည်း ပြည်ထောင်မင်းများ အသီးသီးဖြစ်ပြီး အစိပ်စိပ်အမွှာမွှာဖြစ်နေပါတယ်၊ (၁၆)နှစ်ကြာမှ နန္ဒဘုရင်ရဲ့သားတော် ညောင်ရမ်းစားဟာ အင်းဝကိုဗဟိုပြုပြီး နိုင်ငံတော်ကြီးကို ပြန်လည်တည်ဆောက်ဖို့ ကြိုးစားခဲ့ပါတယ်၊ ညောင်ရမ်းမင်းက မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ မိုးမိတ်၊ ညောင်ရွှေတို့ကိုသိမ်းသွင်းနိုင်ခဲ့တယ်၊ ခရစ်နှစ် ၁၆၀၅ခုနှစ် သိန္နီကိုတိုက်ဘို့ချီတက်ဆဲမှာဘဲညောင်ရမ်းမင်းတရားကြီး နတ်ရွာစံခဲ့ပါတယ်၊ ညောင်ရမ်းမင်း ရှမ်းပြည်တလွှားစည်းရုံးသိမ်းသွင်းနိုင်ပြီ ဆိုကတည်းကယိုးဒယားတို့စိုးရိမ်လာ ပြန်ပါတယ်၊ ညောင်ရမ်းမင်းရဲ့အင်အားတောင့်လာမှာကို မလိုလားတဲ့အတွက် ဖျက်ဆီးဘို့အကြံနဲ့ ဖြနရစ်ဟာ ဇင်းမယ်ကတစ်ဆင့် ရှမ်းပြည်ထဲကိုဝင်လာခဲ့ပါတယ်၊ တောင်ငူခေတ်မှာ အင်အားနည်း ပါတယ်ဆိုတဲ့ အချိန်မှာတောင် ဟံသာဝတီတို့ တောင်ငူတို့ကို ဘယ်လိုမှမနိုင်ခဲ့တဲ့ ဖြနရစ်ဟာ ရှမ်းပြည်ဘက်ကို အချောင်ရမလားလို့ ဝင်လာတဲ့သဘောလည်းပါပါတယ်၊ သို့ပေမဲ့ ဘာမှ အောင်မြင်မှု မရလိုက်ပါဘူး။

ခရစ်နှစ် ၁၆၀၅ခုနှစ် ရှမ်းနယ်၊ မိုင်းဟင်းဒေသမှာ မထင်မရှား ကွယ်လွန်ခဲ့ပါတယ်၊ ညောင်ရမ်းမင်းတရား နတ်ရွာစံတဲ့အခါ သားတော် အနောက်ဖက်လွန်မင်း (မဟာဓမ္မရာဇာ) နန်းတက် ခဲ့ပါတယ်၊ ခမည်းတော်ရဲ့တည်ဆောက်ခဲ့တဲ့ အခြေအနေပေါ်မှာ ဆက်လက်ကြိုးစားတဲ့အခါ (၅)နှစ်အတွင်း ပြည်နဲ့တောင်ငူကို သိမ်းသွင်းနိုင်ခဲ့တယ်၊ ဒီနောက်မှာ သံလျင်မှာမင်းမူနေတဲ့ ပေါ်တူဂီ လူမျိုးဇေင်ကာကို အပြင်းအထန်တိုက်ခိုက်ပြီး နှိမ်နင်းအောင်မြင်ခဲ့ပါတယ်၊ သံလျင်ကို ရပြီးတဲ့အခါ မုတ္တမ၊ ရေးတို့က အလိုအလျောက် သစ္စာခံလာခဲ့ပါတယ်၊ ရေးမြို့စား ဗညားရံကို အင်းဝနေပြည်တော်ကို အမှုထမ်းဘို့ခေါ်ယူပြီး မင်းတရားရဲ့ညီတော်စစ်ကိုင်းမင်းကို ရေးမြို့စားအဖြစ် အစောင့်အနေ ခန့်အပ်ခဲ့ပါတယ်၊ ဒီသတင်းကိုအယုဒ္ဓယက ဖြနရစ်ကြားသိတဲ့အခါ ကြိုတင်စည်းရုံး သိမ်းသွင်းထားတဲ့ ထားဝယ်စားကို စစ်ကိုင်းမင်းအားဖမ်းပြီး ယိုးဒယားပို့ပေးဖို့ပြောပါတယ်၊ ထားဝယ်စားကလည်း ယိုးဒယားတို့အလိုကျ စစ်ကိုင်းမင်းကိုဖမ်းဆီးပြီး ယိုးဒယားပို့ဘို့ စီစဉ်ခဲ့ပါတယ်။

ဒီနေရာမှာ ပုဂံခေတ်က ထားဝယ်စားကို သတိရမိပါတယ်၊ အဲဒီတုံးက ကျွန်စစ်မင်း ကြီးရဲ့ လက်အောက်ခံ ထားဝယ်စားဟာ အုတ်ခွက်မှာစာရေးပါတယ်၊ **“ဤဗုဒ္ဓမြတ်စွာ ဘုရား (ရုပ်ပွားတော်ကို) ငါတို့အရှင်ဖြစ်သော ညီကြီးသောဝနာဒီတျဓမ္မရာဇ်၏ ကျွန်ဖြစ်သော ထားဝယ်မြို့ကို ထိန်းသိမ်းအုပ်ချုပ်ရသော သမ္မေမိ(သံဗျင်) အနန္တစေယျဘိကြာန် ပြုလုပ်သည်၊ ငါတို့အရှင်- ဘုရားဖြစ် သောအခါ ငါသည်အရှင်ထံ၌ တပည့်ရဟန္တာဖြစ်ပါစေသတည်း”** လို့ပါရှိပါတယ်၊ အဲဒီမွန်ဘာသာ နဲ့ရေးထားတဲ့ လက်ရေးစာ ပါအုတ်ခွက်ကို ၁၉၂၄ခုနှစ်က ထားဝယ်မြို့နယ်၊ မုတ္တီးဘုရား အနီးမှာတွေ့ရှိ ခဲ့ပါတယ်၊ ထားဝယ်စားချင်းတူပေမဲ့ အတော်ကွာပါတယ်၊ ပြောချင်တာကတော့ ပုဂံခေတ်မှာ ယိုးဒယား နိုင်ငံ မပေါ်ပေါက်မီကတည်းက ထားဝယ်နယ်ဟာမြန်မာပိုင်နယ်မြေ ဖြစ်တယ်ဆိုတာ ရယ်၊ ယိုးဒယား သားတွေရဲ့ အကျင့်စရိုက်ကို သိစေချင်တာရယ်ကြောင့် ဒီဖြစ်စဉ်တင်ပြရတာပါ၊ အဲဒီလိုစစ်ကိုင်းမင်းကို ထားဝယ်စားကဖမ်းဆီးပြီး ယိုးဒယားပို့မယ်ဆိုတဲ့ သတင်းကြားတာနဲ့ အနောက်ဘက် လွန်မင်းတရားက

ထားဝယ်စားကိုတိုက်ခိုက်စေခဲ့ပါတယ်၊ သစ္စာဖောက်ထားဝယ်စားဟာ ဆင်စီးချင်းထိုးရာမှာ ဆင်ဦးကင်းပေါ်မှာဘဲ ကျဆုံးသွားပါတယ်။

အနောက်ဘက်လွန်မင်းဟာ ထားဝယ်ကိုရပြီးတဲ့အခါ တနင်္သာရီထိဆက်ပြီးတိုက်စေခဲ့ပါတယ်၊ နိုင်ငံရဲ့တောင်ဘက်ပိုင်းမှာ ဒီလိုပြဿနာများနဲ့ ကြောင့်ကြစိုက်နေရတဲ့အချိန်မှာ လက်အောက်ခံ ဇင်းမယ်ကတစခန်းထလာပြန်ပါတယ်၊ အနောက်ဖက်လွန်မင်းတရားဟာ ဇင်းမယ်ကို သွားရောက် နှိမ်နင်းရပြန်ပါတယ်၊ ဒုတိယမြန်မာနိုင်ငံတော်ကြီး ပြန်လည်တည်ဆောက်ဘို့ ကြိုးပမ်းနေစဉ်မှာဘဲ အနောက်ဘက်လွန်မင်းဟာ သားတော်မင်းရဲဒိဋ္ဌရဲ့လုပ်ကြံမှုကြောင့် ခရစ်နှစ် ၁၆၂၈ခုနှစ်မှာ နတ်ရွာစံခဲ့ပါတယ်၊ အနောက်ဘက်လွန် မင်းတရားနတ်ရွာစံပြီးနောက် ညီတော်ဖြစ်သူ သာလွန်မင်းတရားကြီး နန်းတက်ခဲ့ပါတယ်၊ သာလွန်မင်းတရား နန်းတက်စမှာလည်း ဇင်းမယ်ကပုန်ကန်လို့ သွားရောက်နှိမ်နင်းခဲ့ရပါသေးတယ်၊ ညောင်ရမ်းခေတ်ဟာ တောင်ငူခေတ်လောက် ယိုးဒယားတို့က ထိပါးမှုနဲ့တော့ စစ်ထိုးရတာလည်းကျဲပါးပြီး အထိအတွေ့နဲခဲ့ပါတယ်။

တောင်ငူခေတ်မှာ ယိုးဒယားများဟာ ထားဝယ်စားကိုမွေးပြီး မြန်မာအချင်းချင်း ပြန်တိုက်ပေးခဲ့သလို မျက်မှောက်ခေတ်မှာလည်း ဒီနည်းကိုသုံးနေကြဆဲဖြစ်ပါတယ်၊ ဗမာပြည် ကွန်မြူနစ်ပါတီကလွဲရင် မြန်မာနိုင်ငံကိုဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့ အဖွဲ့အစည်းမှန်သမျှ အားလုံးလက်ခံ အားပေးကူညီခဲ့တာ ကြည့်ရင်သိနိုင်ပါတယ်၊ ဒီကနေ့ထိ နယ်စပ်တလျှောက်မှာ ထားဝယ်စားလိုလူတွေ မွေးထားဆဲဖြစ်ပါတယ်၊ မဲဆောက်မြို့ပေါ်မှာ အိမ်နဲ့ခြံနဲ့နေထိုင်ခွင့်ပြုထားတဲ့ KNU ခေါင်းဆောင်တွေ၊ မယ်ဟောင်ဆောင်မြို့မှာ နေထိုင်ခွင့်ရထားတဲ့ ကရင်နီခေါင်းဆောင်တွေ၊ ချင်းမိုင်မြို့မှာ အိမ်နဲ့ရုံးနဲ့ နေထိုင်ခွင့်ရနေတဲ့ SURA ဘိန်းမှောင်ခိုသောင်းကျန်းသူအဖွဲ့က ခေါင်းဆောင်တွေဟာ ထားဝယ်စားလိုဘဲ အမွေးခံထားရတဲ့သူတွေ ဖြစ်နေပါတယ်၊ ဒီလိုအမွေးခံတဲ့သူတွေရှိလို့လည်း ဒီကနေ့နယ်စပ်မှာ ပြဿနာများပေါ်ပေါက်နေရတာဖြစ်ပါတယ်၊ ယိုးဒယားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို ဆန့်ကျင်နေတဲ့ သောင်းကျန်းသူများကို လက်မခံပါဘူး၊ အားမပေးဘူးလို့ ဘယ်လိုပင်ငြင်းဆို နေကြပေမယ့်လည်း မြန်မာတမျိုးသားလုံးက အဖြစ်မှန်သိနေကြပါတယ်၊ နိုင်ငံတကာကလည်း သိနေကြပါတယ်၊ တကယ်ကို နှစ်နိုင်ငံရေရှည်အကျိုးစီးပွားကိုကြည့်မယ်၊ အိမ်နီးချင်းကောင်း ပီသချင်တယ်ဆိုရင် ထားဝယ်စားလို လူတွေကို ခြံစည်းရိုးကာတဲ့အနေနဲ့ မွေးမထားသင့်တော့ပါဘူး၊ သောင်းကျန်းသူတွေကိုဆက်ပြီး မွေးထားဦးမယ်ဆိုရင်တော့ နယ်စပ်ပြဿနာတွေကလည်း ဆက်ပြီးဖြစ်ပေါ်နေဦးမှာ ဧကန်မလွဲသလို အိမ်နီးချင်းကောင်းအဖြစ်လည်း ဘယ်လိုမှ ယုံကြည်စိတ်ချဘို့ မဖြစ်နိုင်ပါဘူး။

## ရွှေဘိုသားတဲ့ဗော

မုဆိုးဘိုရွာကအစပြုပြီး တတိယမြန်မာနိုင်ငံတော်ကြီးကို ပြန်လည်တည်ဆောက်ခဲ့တဲ့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကိုတော့ ယိုးဒယားတွေက သိပ်ပြီးမုန်းတီးကြတယ်လို့ သိရပါတယ်၊ ယိုးဒယားရာဇဝင်နဲ့ သမိုင်းများမှာ ရက်စက်ကြမ်းကြုတ်သူအဖြစ် ချဲ့ကားပြီး ရေးသား ထားကြတော့ နောင်လာနောက်သားများက မုန်းတီးတာဖြစ်ပါလိမ့်မယ်၊ သမိုင်းကိုတော့ အသာထား မျက်မှောက်ကာလမှာတောင် ချဲ့ကားရေးနေကြတာလက်တွေ့ပါဘဲ။ “ ဝ ” တိုင်းရင်းသားများနဲ့ ပတ်သက်ရင် ယိုးဒယားသတင်းစာများမှာ ရေးသားဖော်ပြနေကြတာတွေဟာ အကြောက်လွန်တဲ့ပုံစံ တွေ့နေရပါတယ်၊ “ ဝ ” တွေဟာ စစ်တိုက်ရာမှာ သေဘို့ဝန်မလေးတဲ့လူမျိုးတွေ၊ အလွန်သတ္တိရှိတဲ့ လူမျိုးတွေ၊ လူသားတောင်စားတဲ့လူမျိုးတွေ ဆိုပြီးရေးကြပါတယ်၊ ကဲ-မလွန်လွန်းဘူးလား၊ ဒီလိုဘဲ- ဦးအောင်ဇေယျနဲ့ပတ်သက်လို့လဲ အကြောက်လွန်လို့ အရေးလွန်ရာက မုန်းတီးစရာဖြစ်သွားပါလိမ့် မယ်၊ ယိုးဒယားတွေရေးသလို ရက်စက်ကြမ်းကြုတ်သူမဟုတ်ပေမယ့် မြန်မာ့မြေကိုထိပါးလာတဲ့ အယုဒ္ဓယ သားတွေကို ရွှေဘိုသားဗော့ဆိုပြီး သတ္တိပြခဲ့တာတော့အမှန်ပါဘဲ။

ကောဇာသက္ကရာဇ် ၁၁၂၁ ခုနှစ်၊ ဝါဆိုလဆောက်မှာ ထားဝယ်မြို့ ကျေးလက်ဒေသ များကို ယိုးဒယားတို့ထိပါးလာကြောင်း၊ ထားဝယ်က ရန်ကုန်သွားမယ့်သင်္ဘော(၃)စီးကိုလည်း တားဆီးကြောင်း၊ မြန်မာတို့ ထားဝယ်ကိုစေလွှတ်တဲ့ သင်္ဘော၊ သမ္ဘာန်များကိုလည်း သိမ်းယူခဲ့ကြောင်း သတင်းများအလောင်းမင်းတရားကြီး ကြားသိတော်မူခဲ့တယ်၊ ဒီသတင်းကိုရတယ်ဆိုရင်ဘဲ ကိုယ်တော် တိုင် ယိုးဒယားများကိုတိုက်ခိုက်ဘို့ စီစဉ်ခဲ့ပါတယ်၊ ပထမထားဝယ်မြို့ကို ရေကြောင်း၊ ကြည်းကြောင်းချီပြီး ချီတက်တိုက်ခိုက်ခဲ့ပါတယ်၊ ဒီနောက်မှာ မြိတ်နဲ့တနင်္သာရီမြို့များကို ဆက်လက်တိုက်ခိုက်ခဲ့ပါတယ်၊ အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့ပါတယ်၊ အလောင်းမင်းတရားကြီးဟာ ယိုးဒယားကိုတိုက်တဲ့အခါ ရှေ့ယခင် ကမြန်မာတွေ ယိုးဒယားကိုတိုက်ခဲ့တဲ့ သမားရိုးကျလမ်းကြောင်းကို မသုံးတော့ပါဘူး၊ တနင်္သာရီ တောင်တန်းများကို ဖြတ်ကျော်ပြီး ယိုးဒယားတောင်ပိုင်းကနေ မြောက်ဘက်ကိုချီပြီး အယုဒ္ဓယကို ဦးတည်ခဲ့တာပါ။ အလောင်းမင်းတရားကြီး စီစဉ်မှုဟာ အလွန်စည်းစနစ်ကျပြီး ထိကျလှပါတယ်၊ လမ်း ခရီးမှာ စားနပ်ရိက္ခာမပြတ်အောင် စခန်းချရာမှာ မြန်မာစစ်သည်တွေ စည်းကမ်းမဲ့ ဟော့ဟော့ ရမ်းရမ်းမဖြစ်အောင် ကြပ်ကြပ်မတ်မတ် တားမြစ်ခဲ့ပါတယ်၊ မိမိစစ်သည်များ အတွက်သာမကပါဘူး၊ သိမ်းပိုက်ရရှိတဲ့ ဒေသခံပြည်သူတွေရဲ့ စားနပ်ရိက္ခာကိုပါ ထည့်သွင်း စဉ်းစားပြီး အမိန့်တော်ထုတ်ပြန် ခဲ့တာ တွေ့ရပါတယ်၊ ဒီနေရာမှာ မြန်မာတွေကို လူဆိုးသူခိုးလို့ ယိုးဒယားတွေရေးသလို ဖြစ်နိုင်မဖြစ်နိုင် ချင့်ချိန်ကြည့်ရင် သိနိုင်ပါတယ်၊

မြန်မာတပ်များဟာ ယိုးဒယားနယ်မြေကို ဝင်ရောက်ပြီးတဲ့နောက် ပထမ ကွေးမြို့၊ ဒီနောက် ပတ်ချပူရီမြို့များကို သိမ်းပိုက်ခဲ့ပါတယ်၊ ရပ်ဗူရီမြို့မှာတော့ ယိုးဒယားများက အလုံးအရင်းနဲ့ အပြင်းအထန်ခုခံကြပါတယ်၊ ရပ်ဗူရီကို အရင်ဆုံးရောက်တဲ့ မင်းခေါင်နော်ရထာရဲ့ တပ်များကို ခုခံနိုင်မှု မရှိဘဲ ယိုးဒယားတို့ အစောဆုံးဦးကျိုးခဲ့ပါတယ်၊ ဆက်လက်ပြီး ဆူဖန်ဗူရီမြို့ကို အလွယ်တကူ ရခဲ့ပြန်ပါတယ်၊ ဆက်တိုက်ဆိုသလို အရေးနိမ့်လာတော့ အယုဒ္ဓယသားတွေ တုန်လှုပ်ချောက်ခြား လာပါတယ်၊ ဘုရင် ဆွန်ဒက်ဖရော့ချောက်ဇကထာဒ်အပေါ် ယုံကြည်အားကိုးမှု လျော့ပါးလာပါတယ်၊ နန်းတွင်းမှာလည်း အရှုပ်အထွေး၊ ဆန့်ကျင်မှုတွေဖြစ်နေပါတယ်၊ မှူးကြီးမတ်ကြီးများက မင်းသားကြီး ဥတမ်ပုံကို မင်းမြှောက်ပြီး မြန်မာတို့ကို ခုခံတိုက်ခိုက်ဘို့ စီစဉ်ခဲ့ပါတယ်၊ ယိုးဒယားတပ်များဟာ ချတ္တရတ် မြစ်အကူးမှာ

ခံကတုတ်ပေါင်းများစွာ စီမံပြီး အင်နဲ့အားနဲ့ခံထားပါတယ်၊ မင်းတရားကြီးကိုယ်တော်တိုင် ကွပ်ကဲပြီး တဟုန်ထိုးတိုက်ခိုက်ခဲ့လို့ ခံစစ်ပျက်သွားခဲ့ပါတယ်၊ ယိုးဒယားများ အထိနာခဲ့တဲ့ တိုက်ပွဲကြီး ဖြစ်ပါတယ်၊ ဒီနောက်မှာတော့ ယိုးဒယားများက ထွက်မတိုက်ဘဲ မြို့တွင်းကဘဲ ခံပါတော့တယ်၊ မြန်မာတို့ကလည်း မြို့ကိုဝန်းရံထားပါတယ်၊ ယိုးဒယားတို့က မိုးအကျကိုသာ စောင့်မျှော်လိုကြတယ်၊ မိုးကျလာရင် မြို့ပတ်လည်ရေပြည့်ပြီး မြန်မာတပ်တွေအခက်အခဲဖြစ်မယ်၊ မြို့ရံတပ်များဆုတ်လိမ့်မယ်လို့ တွက်ဆကာ ထွက်ပြီးမတိုက်လိုကြဘူး၊ ဒါကြောင့် အချိန်ဆွဲလိုတဲ့အတွက် ယိုးဒယားဘုရင်ဟာ အလောင်းမင်းတရားကြီးထံ အမတ်ကြီးများကိုစေလွှတ်ပြီး ဆင်ကြီး၊ မြင်းကြီးဆက်သပြီး စည်းစိမ်မပျက်နေလိုပါတယ်လို့ လာရောက်လျှောက်တင်ကြပါတယ်၊ မင်းတရားကြီးက ယိုးဒယားမှာ သာသနာတော်မပွင့်လင်းလို့ လာခြင်းသာဖြစ်တယ်၊ မင်းနဲ့တကွ တိုင်းပြည်စည်းစိမ်ကို ဖျက်ဆီးလိုတဲ့ ဆန္ဒမရှိတဲ့အကြောင်း ယိုးဒယားအမတ်ကြီးများကိုမှာကြားပြီး ပြန်လည်စေလွှတ်ခဲ့ပါတယ်၊ ဒီအချိန်မှာဘဲ အလောင်းမင်းတရားကြီးဟာ မနာမကျန်းဖြစ်ခဲ့ပါတယ်။

သားတော်မြေဒူးမင်းသားနဲ့ မင်းခေါင်နော်ရထာတို့က ယိုးဒယားတို့ ယတြာ၊ ယာယီ၊ ပရိယာယ် ဝေဝုစ်၊ အကြံအစီအရာမှာ စဉ်းလဲကြောင်း၊ အချိန်ဆွဲနေသည်ဟုထင်ကြောင်း၊ သဘောမရိုးမဟုတ်နိုင်ကြောင်း၊ မိုးကုန်မှ ထပ်မံတိုက်ခိုက်သင့်ကြောင်း လျှောက်ထားတဲ့အခါ မင်းတရားကြီးက သဘောတူခဲ့လို့ တပ်ဆုတ်ဘို့စီစဉ်ခဲ့ပါတယ်၊ တိုက်ပွဲမှာဖမ်းမိခဲ့တဲ့ အယုဒ္ဓယသား ရွှေထီးဆောင်း ဗိုလ်မှူး(၅)ဦးကို အဝတ်အစားများပေးပြီး ပြန်လွှတ်ပေးခဲ့ပါတယ်၊ မင်းခေါင်နော်ရထာရဲ့တပ်များကို နောက်ရံချန် အသေအချာစီစဉ်ပြီးမှ ဆုတ်ခွါခဲ့ပါတယ်၊ ယိုးဒယားတပ်များ အလုံးအရင်းနဲ့ထွက်လာပြီး နောက်ရံတပ်များကို ဝိုင်းရံတိုက်ခိုက်ပါတယ်၊ မင်းခေါင်အနော်ရထာဟာ ဝိုင်းရံတဲ့ယိုးဒယားတပ်များကို ထွင်းဖေါက်တိုက်ခိုက်တဲ့အခါ ယိုးဒယားတပ်များ မြို့ရင်းကို ဆုတ်ခွါပြေးကြရပါတယ်၊ (၄/၅)ရက်ကြာတဲ့ အထိ ထပ်မံမလိုက်ရဲတော့မှ မင်းခေါင်နော်ရထာရဲ့တပ်များဟာ ဆုတ်ခွါလိုက်ပါခဲ့ပါတယ်၊ နာဖျားမကျန်းဖြစ်လာခဲ့တဲ့ မင်းတရားကြီးဟာ မုတ္တမမြို့ကျေး ကင်းရွာအရောက် ခရစ်နှစ် ၁၇၆၀ မေလ(၁၁)ရက်နေ့မှာ နတ်ရွာစံခဲ့ပါတယ်၊ အလောင်းကို ကောင်းမွန်စွာထုပ်ပိုးပြီး စီးတော်မြဲဝေါနဲ့ ဆောင်ယူခဲ့ရာ ရန်ကုန်ရောက်မှဘဲ အများသိရှိသွားကြပါတယ်၊ ရွှေဘိုကိုသယ်ဆောင်ခဲ့ကြပြီး နန်းမြို့တွင်းမှာ သင်္ဂြိုဟ်တော်မူခဲ့ပါတယ်၊ ယိုးဒယားသမိုင်းမှာ မြန်မာတပ်များ ဆုတ်ခွါတာကို ယိုးဒယားတပ်များနဲ့ လိုက်ပြီးတိုက်ပေမယ့် မမှီလိုက်ဘူး၊ မှီပေမယ့်လည်း ယိုးဒယားတို့အကျိုးမရှိနိုင်ဘူး၊ ဘာလို့လဲဆိုတော့ ဒီတုန်းက အယုဒ္ဓယသားတွေဟာ မြန်မာတို့ကိုအလွန်အကျွံကြောက်နေကြတယ်၊ ဒါ့ကြောင့် မြန်မာတို့ အနှောက်အယှက်မရှိ အေးဆေးသက်သာစွာ ဆုတ်ခွါနိုင်ခဲ့တယ်လို့ ရေးသားထားတာ ဖတ်ရှုရပါတယ်၊ ဒါကြောင့်မို့ အလောင်းမင်းတရားကြီး ယိုးဒယားကို စစ်ချီတိုက်ခိုက်ရာမှာ အယုဒ္ဓယကို လက်ရ မသိမ်းပိုက်နိုင်ခဲ့ပေမယ့် မြန်မာတို့ရဲ့အစွမ်းကိုပြပြီး အယုဒ္ဓယသားတွေရဲ့ စိတ်ဓါတ်ကိုတော့ အနိုင်ယူနိုင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်၊

ဒီကနေ့ နယ်စပ်မှာ တွေ့နေရတဲ့ ပြဿနာများကို လေ့လာကြည့်တဲ့အခါ ကျူးကျော်ထိပါးချင်တဲ့လက္ခဏာတွေ တွေ့နေရပါတယ်။ မျိုးချစ်စိတ်ရှိသူတိုင်းကတော့ ဘုရင့်နောင်တို့ အလောင်းဘုရားတို့လို စိတ်ဓါတ်မျိုးနဲ့ ခါးသွေးနေကြမယ်လို့ ယုံကြည်မိပါတယ်။



တတိယမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သော
အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ




တတိယမြန်မာနိုင်ငံတော်

## အယုဒ္ဓယကိုဖျက်ခဲ့တာ မြန်မာတွေမဟုတ်ဘူး

မြန်မာ့သမိုင်းမှာ ယိုးဒယားနေပြည်တော် အယုဒ္ဓယကို သိမ်းပိုက်ရရှိခဲ့တဲ့ မင်း(၂)ပါး ရှိတယ်၊ မင်းနှစ်ပါးစလုံးဟာလဲ ဆင်ဖြူရှင်ဘွဲ့ခံယူကြပါတယ်၊ သမိုင်းဆရာတွေက ခွဲခြားသိစေလိုလို့ ဟံသာဝတီဆင်ဖြူများရှင်နဲ့ အင်းဝဆင်ဖြူရှင်လို့ ဖော်ပြခဲ့ကြပါတယ်၊ ဟံသာဝတီ ဆင်ဖြူများရှင်က တောင်ငူခေတ်ကဘုရင့်နောင်မင်းတရားကြီးဖြစ်ပါတယ်၊ အင်းဝဆင်ဖြူရှင်က ကုန်းဘောင်ခေတ်က မင်းဖြစ်တယ်၊ အင်းဝဆင်ဖြူရှင်ကို မြေဒူးမင်းလို့လဲခေါ်ကြတယ်၊ အလောင်းဘုရားရဲ့သားဖြစ်ပြီး ရှင်ဘုရင်ဖြစ်တော့ အသက်ငယ်ငယ်(၂၈)နှစ်ပဲရှိသေးတယ်၊ သူ့လက်ထက်မှာမကွေးမြို့က ဆင်ဖြူတစ်စီး ဆက်လို့ သူဟာ "ဆင်ဖြူရှင်ဘွဲ့" ခံပါတယ်၊ သမိုင်းမှာ "မြေဒူးမင်း"ဆိုတဲ့ နာမည်ထက် " ဆင်ဖြူရှင်"ဆိုတဲ့ နာမည်က ပိုမိုကျော်ကြားလူသိများပါတယ်။

ယိုးဒယားရာဇဝင်တွေက အင်းဝဆင်ဖြူရှင်ကို နယ်ချဲ့ဝါဒီတစ်ဦးအဖြစ် ပုံဖော်ပြီး မဟုတ်မမှန်လုပ်ကြံ စွပ်စွဲရေးသားခဲ့ကြတယ်၊ ယိုးဒယားရာဇဝင်ဆရာတွေ လုပ်ကြံဇာတ်လမ်းများ ဖန်တီးခဲ့တာကို အနောက်တိုင်းရာဇဝင် ဆရာတချို့ကလည်း သံယောင်လိုက်ပြီး ဆင်ဖြူရှင်ကို ရက်စက်ကြမ်းကြုတ်တဲ့ဘုရင်အဖြစ် ရေးသားဖော်ပြခဲ့ကြတယ်၊ အမှန်တော့ ဆင်ဖြူရှင်ဟာသူတို့ ပြောသလို နယ်ချဲ့ဝါဒီမဟုတ်ပါဘူး၊ သူ့လက်ထက်မှာ အယုဒ္ဓယကို တိုက်ရတာဟာ ယိုးဒယားတွေက ပုဂံခေတ်ကတည်းက မြန်မာ့လက်အောက်ခံ ဒေသတွေဖြစ်တဲ့ ထားဝယ်၊ မြိတ်၊ တနင်္သာရီနယ်စား တွေကို မြှောက်ပင့်ပေးလို့ ဆင်ဖြူရှင်လက်ထက်မှာ အယုဒ္ဓယနဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့ရတာပါ၊ မြန်မာ့ သမိုင်းတစ်လျှောက်မှာ မည်သည့်အခါတွင်မှ မြန်မာတွေကစတင်ပြီး ကျူးကျော်တိုက်ခိုက်ခဲ့တာ မရှိခဲ့ဘူး၊ ဒါပေမဲ့ မိမိနယ်မြေကို ထိပါးလာရင်တော့ ခေါင်းငုံ့မခံဘဲ ပြင်းထန်စွာတုံ့ပြန်လေ့ရှိတယ်၊

ဆင်ဖြူရှင်လက်ထက် ယိုးဒယားကို တိုက်ခိုက်ခဲ့ခြင်းမှာ ထားဝယ်စားပုန်ကန်မှုကို အခြေခံပြီး ပေါ်ပေါက်လာခြင်းဖြစ်တယ်၊ မြန်မာတို့ ထားဝယ်စားကို လုပ်ကြံတဲ့အခါ ထားဝယ်စားဟာ မြိတ်ကိုပြေးဝင်ခဲ့တယ်၊ မြိတ်မြို့မှာရှိတဲ့ ယိုးဒယားတို့က ထားဝယ်စားကို မပေးအပ်တဲ့အတွက် မြန်မာတို့က မြိတ်မြို့နဲ့ တနင်္သာရီမြို့များကို တိုက်ခိုက်သိမ်းယူပြီး ယိုးဒယားကို ချီတက်တိုက်ခိုက်ခဲ့ တယ်၊ ဒါကိုကြည့်ရင် မြန်မာတွေက ကျူးကျော်တိုက်ခိုက်တာမဟုတ်ကြောင်း သိသာထင်ရှားပါတယ်၊ ယိုးဒယားတွေက အိမ်နီးချင်းကောင်းမပီသဘဲ မြန်မာလက်အောက်ခံဒေသတွေကို မြှောက်ထိုးပင့်ကော်လုပ်လို့ ပြဿနာဖြစ်ရတာပါ။

ဆင်ဖြူရှင်လက်ထက်မှာ အယုဒ္ဓယသို့ ထားဝယ်ကြောင်းနဲ့ ဇင်းမယ်ကြောင်း၊ စစ်ကြောင်းနှစ်ကြောင်းဖြန့်လျက် ချီတက်တိုက်ခိုက်ခဲ့တယ်၊ ထားဝယ်ကြောင်းချီတပ်ကို မဟာနော်ရထာက ဦးစီးပြီး ဇင်းမယ်ကြောင်းချီတပ်ကို နေမျိုးသီဟပတေ့က ဦးစီးခဲ့တယ်၊ ယိုးဒယားမင်းက အယုဒ္ဓယမြို့ တွင်းမှ ပြန်လည်ခုခံရန် ပြင်ဆင်ခဲ့တယ်၊ အနီးအစပ်ကျေးရွာများမှ လူသူတွေကို မြို့တွင်းသို့သွင်းခြင်း၊ မျိုးရိက္ခာအပြည့် သိုလှောင်ခြင်း၊ မြို့ပြကျုံးမြောင်းများပြင်ဆင်ခြင်း၊ မြတပူ လက်နက်များစီစဉ်ခြင်းတို့ကို ပြုလုပ်ပြီး မြန်မာတပ်များအလာကို စောင့်ဆိုင်းနေခဲ့တယ်၊ ယိုးဒယားတွေဟာ အယုဒ္ဓယနေပြည်တော်ရဲ့ ပထဝီဝင်အနေအထား ကောင်းမွန်မှုကိုအားကိုးပြီး မြန်မာတို့ကို မြို့တွင်းကနေကြံ့ကြံ့ခံခဲ့တယ်၊ မိုးကျရင် မြန်မာတွေဆုတ်ခွာသွားကြလိမ့်မယ်လို့ တွက်ဆထားကြတယ်၊ ဒါပေမဲ့ မြန်မာစစ်သူကြီးတွေဟာ စစ်ရေးအတွေ့အကြုံ ရင့်ကျက်သူများပီပီ တွေ့ကြုံရမဲ့ အခက်အခဲတွေကို ကြိုတင်တွက်ဆထားပြီး ဖြစ်တယ်၊ မိုးဦးကျပေမဲ့လဲ မြန်မာတပ်တွေဟာ မြို့တော်ရဲ့အရှေ့မျက်နှာနဲ့ အနောက်မျက်နှာတို့မှာ ဆက်လက်ပြီး

တပ်စွဲပြီးဝိုင်းရံခဲ့ကြတယ်၊ ဆင်၊ မြင်းတွေကို ရေလွှတ်ရာကုန်းမြင့်အရပ်ကို ပြောင်းရွှေ့ထားတယ်၊ တူးမြောင်းများကိုတူးတယ်၊ အနီးဝန်းကျင်ကလှေငယ်တွေကိုသိမ်းယူပြီး အသုံးပြုခဲ့တယ်၊ မြန်မာတပ်တွေဟာ အယုဒ္ဓယမြို့အပြင်ဘက်မှာ အုတ်မြို့များတည်ဆောက်ပြီး နှစ်နှစ်ကျော်သုံးနှစ်ခန့် ဝိုင်းရံထားတဲ့အတွက် မြို့တော်ထဲကလူတွေငတ်မွတ်လာကြတယ်။

နောက်ဆုံး အယုဒ္ဓယမြို့တော် ကျဆုံးအောင် မြန်မာတပ်မှူးတွေဟာ စစ်သေနင်္ဂဗျူဟာ ကြွယ်ဝစွာနဲ့လုပ်ကြံခဲ့ကြပါတယ်၊ မြန်မာတွေဟာ မြို့မြောက်ဘက်မျက်နှာစာကနေပြီး ဥမင်(၅)ကြောင်း တူးတယ်၊ ဥမင်နှစ်ကြောင်းမြို့ခြေကိုရောက်တဲ့အခါ အရှေ့အနောက်လျှောက်ပြီး တာတစ်ရာကျော် တူးတယ်၊ ပြီးမှသုံးထွာခွဲလေးထွာရှိတဲ့သစ်သားတွေကို စီကာစီကာထုပ်ခံပြီး ထောက်ထားတယ်၊ ဒီနောက်မှာဆင်သည်၊ မြင်းသည်၊ ခြေသည်အပေါင်းတို့ဟာ ဓါး၊ တူရွင်း၊ လှေကား စသည်တို့နဲ့ မြို့ခြေကိုချဉ်းကပ်ပြီး တူးဆွတိုက်ခိုက်ကြတယ်၊ တူးပြီးတဲ့ဥမင်နှစ်ကြောင်းထဲမှာထင်းအပြည့်ထဲ့ပြီးမီးရှို့တဲ့အခါ မြို့ခြေကို ထောက်တဲ့ တိုင်တွေကိုမီးလောင်တယ်၊ မြို့ရိုးမြေအစိတ်စိတ်ကွဲအက်ပြီး မြို့ရိုးတာတစ်ရာကျော်လည်း ပြိုသွားတယ်၊ ဒီလိုနဲ့ မြန်မာတပ်တွေဟာ ခရစ်နှစ်၁၇၆၇ခုနှစ်၊ အေပြီလ(၉)ရက်နေ့ မှာ ယိုးဒယားမြို့တော်နှင့်တကွ တစ်ပြည်လုံးကို တိုက်ခိုက်အောင်မြင်ခဲ့တယ်။

ယိုးဒယားတွေဟာ အယုဒ္ဓယမြို့ကို မြန်မာတို့ချေမှုန်းခဲ့ခြင်းအပေါ် မကျေမချမ်းဖြစ်ခဲ့တယ်၊ မြို့ပျက်ကိုမပြုပြင်ဘဲထားပြီး နောင်လာနောက်သားတို့ မြန်မာမုန်းတီးရေးအတွက် ပုံကြီးချဲ့ဖန်တီးခဲ့ကြတယ်၊ ယိုးဒယားရာဇဝင်တွေမှာ အယုဒ္ဓယမြို့ပျက်စီးပြီးနောက် အခြေအနေကို ဖော်ပြရာမှာ အမှန်အတိုင်းဖော်ပြခြင်းမရှိဘဲ လုပ်ကြံဇာတ်လမ်းများနဲ့ မြန်မာတို့ကို လူရမ်းကားများအဖြစ် စွပ်စွဲရေးသားခဲ့ကြတယ်၊ အယုဒ္ဓယဟာ စစ်ပွဲကာလအတွင်း ပျက်စီးသင့်သလောက် ပျက်စီးခဲ့တာမှန်ပါတယ်၊ ဒါပေမဲ့ယိုးဒယားတို့စွပ်စွဲသလို မြို့ပျက်ဘဝလုံးဝရောက်ရှိခဲ့တာမဟုတ်ပါဘူး၊ ဗန်ကောက်နေပြည်တော် သစ်ကို တည်ထောင်တဲ့အခါ အယုဒ္ဓယမြို့ကအုတ်တွေကို သယ်ယူအသုံးပြုခဲ့လို့ မြို့ပျက်ကြီးဖြစ်သွားတယ်လို့ မင်းသားကြီး ဒင်မ်ရောင် (Prince Damrowg) ရဲ့ **"မြန်မာတို့နှင့်စစ်ပွဲများ"** (Our Wars with the Burmese) စာအုပ်မှာ အတိအလင်း ရေးသားထားတယ်။

ယိုးဒယားတွေဟာ အင်းဝဆင်ဖြူရှင်လက်ထက် အယုဒ္ဓယကို တိုက်ခိုက်အောင်မြင်ခဲ့ခြင်းနဲ့ပတ်သက်လို့ နာကျည်းကြတယ်၊ အယုဒ္ဓယ ပျက်စီးသွားရခြင်းကိုလည်း အမျိုးသားဂုဏ်သိက္ခာကျခဲ့ရတယ်ဆိုပြီးလွန်စွာခံပြင်းကြတယ်၊ အယုဒ္ဓယမြို့ကိုမြန်မာတို့သိမ်းပြီးနောက်လူနေအိမ်တွေကို မီးတင်ရှို့ခဲ့ပုံ၊ မြို့တွင်းရှိလူတွေကိုဖမ်းဆီးပြီး ပစ္စည်းတွေကိုလုယက်ယူငင်ပုံ၊ ရဟန်းဝတ်နဲ့နေတဲ့ ယိုးဒယားဘုရင်ဟောင်း ဥတမ်ပုံ (UTumpon) နဲ့ဘုရင့်မိသားစုတွေကို မြန်မာနိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားပုံတို့ကို ပုံကြီးချဲ့ရေးသားခဲ့တယ်၊ ဒါ့အပြင် မြန်မာတွေကို ရက်စက်ကြမ်းကြုတ်တဲ့ ဓါးပြများသဖွယ် နှိမ့်ချရေးသားရာမှာ ဗုဒ္ဓရုပ်ပွား ကိန်းဝပ်ရာစေတီ၊ ပုထိုးများရှိ ရတနာများ၊ ဘုန်းကြီးကျောင်းများမှပစ္စည်းများပါမကျန်လုယက်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မှရွှေများကို လိုချင်တဲ့အတွက် ဘုရားကိုမီးရှို့ပြီးရွှေကိုအရည်ပျော်အောင်လုပ်ကာ ယူငင်သွားကြောင်း ယိုးဒယားသမိုင်းစာအုပ်များမှာ ရေးသားခဲ့ကြပါတယ်၊ မြန်မာတွေကို ဘုရားမရှိ၊ တရားမရှိ၊ မိစ္ဆာဒိဋ္ဌိများသဖွယ် ယိုးဒယားလူမျိုးတို့ မြန်မာတို့အပေါ် နာကျည်း အောင်လုပ်ကြံဖန်တီး ရေးသားခဲ့ကြပါတယ်။

မြန်မာတို့ဟာ ဘာသာတရားကိုင်းရှိုင်းတဲ့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်ကြတယ်၊ ယိုးဒယားရာဇဝင်ဆရာတွေစွပ်စွဲသလို ဘုရားနဲ့သံဃာတို့ရဲ့ ပစ္စည်းများကိုပင်မရှောင်၊ ရရာလုယက်တဲ့ အရိုင်းအစိုင်းများမဟုတ်ပါဘူး၊ ယိုးဒယားတို့ထက် ပိုပြီးယဉ်ကျေးတဲ့လူမျိုးများဖြစ်ကြပါတယ်၊ အယုဒ္ဓယ မြို့တော်မှာယခုတိုင်တွေ့ရှိရတဲ့ ဗုဒ္ဓရုပ်ပွားတော်အပျက်အစီးတွေ၊ စေတီပုထိုးအပျက်အစီးတွေကို နောင်လာနောက်သား ယိုးဒယားလူငယ်တွေကိုညွှန်ပြပြီး မြန်မာတို့ဖျက်ဆီးသွားကြောင်း လုပ်ကြံ ဖန်တီးနေခြင်းဟာ သူတို့ရဲ့သဘောထား မမှန်ကန်မှု၊ မရိုးသားမှု၊ အိမ်နီးချင်းကောင်းမပီသမှုကို ဖော်ပြနေတာဖြစ်တယ်၊ ယိုးဒယားတို့က မြန်မာတို့ကိုကျူးကျော်သူ၊ ရက်စက်သူများအဖြစ် တစ်ဖက်သတ် ပြောဆို ခဲ့ကြပေမဲ့ သမိုင်းတစ်လျှောက် မြန်မာတို့အင်အားချိနဲ့ချိန်တွေမှာ ယိုးဒယားတို့ကသာ မြန်မာ့နယ်မြေကို ထိပါးကျူးကျော်ခဲ့တာအထင်အရှားဖြစ်ပါတယ်။ ယိုးဒယားတွေကတော့အယုဒ္ဓယ ကျဆုံးခဲ့တာနဲ့ ပတ်သက်လို့ မြန်မာတို့အပေါ် သမိုင်းရန်ငြိုးထားရှိခဲ့ကြပါတယ်။ ယိုးဒယားသမိုင်းပညာရှင် ဒေါက်တာဆူနိတ်က **"အယုဒ္ဓယကျဆုံးခဲ့တာ လွန်ခဲ့တဲ့ရာစုနှစ်နှစ်ခုလောက်ကပါ၊ ဒါပေမယ့် ဒီရန်လိုမှုတွေဟာ ခုချိန်တိုင်အောင်ရှိနေဆဲပါပဲ၊ ဘာလို့လဲဆိုတော့ ပြည်ပရန်သူကြောင့် ပြည်တွင်း စည်းလုံးညီညွတ်မှုကိုထိန်းသိမ်းဖို့လိုအပ်လို့ပါ၊ သမိုင်းကြောင်းဟာ နိုင်ငံရေးလက်နက်ဖြစ်လာနေပါပြီ"**လို့ ပြောပါတယ်။ အမှန်တကယ်လည်းဖီးလ်မာရှယ် ပီဘွန်းဆွန်ကရမ် ရဲ့လက်ထက်က ယိုးဒယားနိုင်ငံဟာ Siamကနေ Thailand လို့အမည်ပြောင်းချိန်မှာ သမိုင်းအာဃာတများရှိနေတဲ့ အယုဒ္ဓယကျဆုံးခန်းကို အကြောင်းပြုပြီး ယိုးဒယားလူမျိုးတွေရဲ့ ဇာတိမာန်ကိုနှိုးဆွပေးခဲ့ပါတယ်၊ နိုင်ငံထူထောင်ရေး လုပ်တဲ့နေရာမှာ လက်နက်အဖြစ်အသုံးချခဲ့တာတွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် အမှန်တရားဟာ ဖုံးကွယ်လို့မရဘူးဆိုတာ ယိုးဒယားနိုင်ငံသားတွေသဘောပေါက်သင့်ပါတယ်။



မြန်မာမုန်းတီးရေးအတွက်မပြုမပြင်ဘဲထားရှိခဲ့သောအယုဒ္ဓယမြို့ပြင်ကွင်း



မြန်မာမုန်းတီးရေးအတွက်အယုဒ္ဓယမြို့ကိုမြန်မာတို့ဖျက်စီးခဲ့သည်ဟုနောင်လာနောင်သားများ
သိရှိစေရန်မပြုမပြင်ဘဲထားရှိသော အယုဒ္ဓယမြို့မြင်ကွင်းများ



## ဘိုးတော်ဘုရားလည်း ယိုးဒယားကိုစစ်ချီခဲ့တယ်

ယိုးဒယားကို စစ်ချီတက်တိုက်ခိုက်ခဲ့ကြတဲ့ ကုန်းဘောင်ခေတ်ဘုရင်တွေထဲမှာ ဘိုးတော်ဘုရားလို့ခေါ်တဲ့ ဗဒုံမင်းတစ်ဦးလဲအပါအဝင်ပါပဲ၊ ဘိုးတော်ဘုရားဟာ အယုဒ္ဓယကို သွားရောက်တိုက်ခိုက်ခဲ့တဲ့ အလောင်းမင်းတရားရဲ့သားတော်ဖြစ်သလို အယုဒ္ဓယမြို့တော်ကို မြေလှန်ဖျက်ဆီး ပစ်နိုင်ခဲ့တဲ့ ဆင်ဖြူရှင်ရဲ့ညီတော်လည်း ဖြစ်ပါတယ်။

ဘိုးတော်ဘုရား ယိုးဒယားကို စစ်ချီတက်ဖို့ ဖြစ်ပေါ်လာတဲ့အခြေအနေကတော့ ဗန်ကောက်ဘုရင် သစ်ချက္ကရီရဲ့ နယ်ပယ်ချဲ့ထွင် သိမ်းသွင်းရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာတဲ့အတွက်ပါ။ ၁၇၈၂ခုနှစ်မှာ ယိုးဒယားစစ်သူကြီး ချက္ကရီက ပထမရာမအမည်နဲ့ နန်းတက်လာပါတယ်၊ ချက္ကရီဆိုတာ တစ်ချိန်ကဝန်ကြီးမဟာသီဟသူရက ထူးခြားတဲ့ အရည်အချင်းတွေကြောင့် တစ်နေ့မှာ ယိုးဒယားထီးနန်းနဲ့ ထိုက်တန်လာပါလိမ့်မယ်လို့ နိမိတ်ဖတ်ခံရသူပေါ့။

ချက္ကရီဘုရင်ဖြစ်လာတော့ မြန်မာမင်းပိုင်နက်နယ်မြေတွေကို ကျူးကျော်ထိပါးခဲ့တယ်၊ ပြီးတော့ ယိုးဒယားအင်ပါယာကြီးတည်ဆောက်နိုင်အောင် ကြိုးစားလာတော့တယ်၊ နောက်ဆုံး ဘိုးတော်ဘုရားက ပထမရာမမင်းကို တိုက်ခိုက်ဖို့စီမံဆောင်ရွက်ရတော့တယ်၊ ၁၇၈၅ခုနှစ် နိုဝင်ဘာလ (၁၅)ရက်နေ့မှာ ဘိုးတော်ဘုရားကိုယ်တိုင်ဦးစီးလိုက်ပါလာတဲ့ မြန်မာ့တပ်မတော် နေပြည်တော်က ထွက်ခွါကြပါတယ်၊ ဘိုးတော်ဘုရားဟာ ယိုးဒယားစစ်ဆင်ရေးခရီးကို ဦးဆောင်ဦးရွက်ပြု ချီတက်ခဲ့ပေမယ့် အဲဒီအချိန်မှာ အသက်(၄၀)အရွယ် ရှိနေပါပြီ၊ ဖခမည်းတော်နဲ့ နောင်တော်တွေလက်ထက်မှာ တိုက်ပွဲအတွေ့အကြုံတွေ အများကြီးရခဲ့ပြီမို့လဲ စစ်ရေးစစ်ရာကို ကိုယ်တိုင်စနစ်တကျ ဦးစီးကွပ်ကဲနိုင်စွမ်းရှိတဲ့ ဘုရင်တစ်ပါးပါ။

မြန်မာ့တပ်မတော်ဟာ ဒီဇင်ဘာလ(၂၀)ရက်နေ့မှာ မုတ္တမမြို့ကို ရောက်ရှိလာကြပါတယ်၊ မုတ္တမကနေ စစ်ကြောင်း(၃)ကြောင်းခွဲပြီး ချီတက်ကြရတယ်၊ ဘုရားသုံးဆူ တောင်ကြားလမ်းကနေ ချီတက်ကြတဲ့ မြန်မာတပ်ဖွဲ့တွေဟာ ကန်ချာနာဗူရီ (Canchanaburi) မှာ ရာမဘုရင်ရဲ့ညီတော် ဥပရတ် (Uparat) တပ်တွေရဲ့ ဆီးကြိုတိုက်ခိုက်ခြင်း ခံရပါတယ်၊ မြင်းဝန်မင်းကြီး မဟာမင်းခေါင်နဲ့ မြောက်ဘက်မြင်ဝန်မင်းလှကျော်ထင်တို့ရဲ့ တပ်တွေလည်း ဆာဂတန်မြစ်အနောက်ဘက်ကမ်း တောင်ပေါ်မှာ တွေ့ဆုံတိုက်ပွဲဖြစ်ကြတယ်၊ မြန်မာတပ်သားအများစု ယိုးဒယားတွေထားခဲ့တဲ့ အစားအစာတွေစားပြီး အဆိပ်သင့်ကြသေးတယ်။

ဘာပဲပြောပြော ဇင်းမယ်စစ်ကြောင်းကတော့ အတော်အတန်အောင်မြင်မှု ရရှိကြပါတယ်၊ ဘိုးတော်ဘုရားက ဗန်ကောက်မြို့တော်ကို ဆက်လက်ထိုးစစ်ဆင် သိမ်းပိုက်ဖို့ရည်ရွယ် ပေမယ့် ရိက္ခာပြတ်လတ်မှုကြောင့်မို့လို့ နောက်ဆုံး ၁၇၈၆ခု ဖေဖော်ဝါရီလ(၆)ရက်နေ့မှာ တပ်တော် အားလုံးကို ရုပ်သိမ်းလိုက်ရတယ်၊ ဘုရင်ကိုယ်တိုင်လည်း အဲဒီနေ့မှာပဲ ထားရိုက်သတ္တယ်ပြင် ယာယီ စံနန်းကနေ ပြန်လည်ဆုတ်ခွါလာခဲ့ပါတယ်။

ဘိုးတော်ဘုရားရဲ့ ယိုးဒယားစစ်ချီခရီးက မပြီးပြတ်ခဲ့ပေမဲ့ နောက်ဆုံး ထားဝယ်မြို့တောင်ဘက်မှာရှိတဲ့ နယ်တွေကို မြန်မာတို့ ပြန်လည်သိမ်းပိုက်မိခဲ့ကြပါတယ်။

## မြန်မာတို့၏ အယုဒ္ဓယသားတို့အပေါ် သဘောထား

မြန်မာဘုရင်များရဲ့ အယုဒ္ဓယသားတို့အပေါ် သဘောထားကြီးကြပုံကတော့ အံ့သြစရာပါဘဲ၊ တောင်ငူခေတ် ဘုရင့်နောင်မင်းတရားကြီးလက်ထက်မှာ အယုဒ္ဓယသားတွေ စစ်ရှုံးသွားလို့ ဘုရင်ချက္ကရာဖတ်(Chakrapat)နဲ့ သား၊ သမီးတွေကို ၁၅၆၃ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့မှာ အယုဒ္ဓယကနေ ဟံသာဝတီကိုခေါ်ဆောင်လာပါတယ်၊ ဒါပေမယ့် ဘုရင့်နောင်မင်းတရားက အယုဒ္ဓယသားတွေရဲ့ ဘုရင်ဟောင်းကို နန်းကျဘုရင်အဖြစ် နိုင်ထက်စီးနင်းဆက်ဆံခဲ့တာမဟုတ်ပါဘူး၊ စကြောနှစ်ထပ်အိမ်ဖြူနဲ့လွတ်လွတ်လပ်လပ်ထားတာပါ။ ဟံသာဝတီမှာရဟန်းဝတ်ချင်တယ် ဆိုတော့လည်းဝတ်ခွင့်ပေးပါတယ်၊ ပြီးတော့အယုဒ္ဓယကိုဘုရားဖူးပြန်ချင်တယ်ဆိုတော့လည်း ခွင့်ပြုခဲ့တာဘဲ၊ ဘုရင့်နောင်မင်းတရားကြီးက နန်းကျဘုရင်ကိုတင်မကပါဘူး၊ အယုဒ္ဓယသားအများအပြားကိုလည်း စစ်ရှုံးလို့ဖမ်းဆီးရမိတဲ့သုံ့ပန်းတွေဆိုပြီး နှိပ်စက်ညှင်းပန်းတာမျိုးမရှိတဲ့အပြင် သဘောထားကြီးကြီးနဲ့ ကျကျနန နေရာချထားပေးပါသေးတယ်၊ ဒီအကြောင်းကို တွင်းသင်းမဟာ ရာဇဝင်သစ်မှာ **"ပန်းတိမ်၊ ပန်းဘဲ စသည့် ပညာသည်တို့ကို ပဲခူးသို့ပို့၍ ရောက်လျှင်အရပ်အကွက် ချသည်"** လို့ တွင်းသင်းတိုက်ဝန်ဦးထွန်းညိုက ရေးသားဖော်ပြထားပါတယ်၊ ပြီးတော့ ဘုရင့်နောင်မင်းတရားကြီးက သာသနာ့ဒါယိကာမင်းကောင်းမင်းမြတ်ပီပီ အယုဒ္ဓယမြို့မှာ သာသနာရေးဆိုင်ရာလုပ်ငန်းတချို့ ဆောင်ရွက်ခဲ့ပုံကိုလည်း-

> **"ယိုးဒယားမြို့တွင် ဂူကျောင်း၊ တန်ဆောင်း၊ ဟောင်းနွမ်းသည်ကိုလုပ်ဖို့ ငွေသုံးရာ ဖြမဟိန်ကို အပ်သည်၊ သက်စေ့ပဥ္စင်းခံသည်၊ သယ်ာတစ်ရာ ဆွမ်းကျွေးသည်၊ ပရိက္ခရာလှူသည်"**

လို့မှတ်တမ်းတင်ထားတာ တွေ့ရပါသေးတယ်၊ဒါ့အပြင်ဘုရင့်နောင်မင်းတရားကြီးဟာဇင်းမယ်မှာ လိုအပ်နေတဲ့ ပိဋကတ်ကျမ်းဂန်များနှင့်ကျမ်းဂန်တတ်ဆရာတော်များကို ဇင်းမယ်သို့သွားရောက်သီတင်းသုံး ပို့ချစေခဲ့ပါတယ်၊ ဇင်းမယ်မှာ ဟောင်းနွမ်းပျက်စီးနေတဲ့ စေတီပုထိုးများကိုပြုပြင်ဖို့လည်း (ငွေသားတစ်ရာ) ထုတ်ပေးခဲ့တယ်လို့သိရှိရပါတယ်

ကုန်းဘောင်ခေတ်ဘုရင်များကလည်း ဒီလိုဘဲ အယုဒ္ဓယသားတွေအပေါ် သဘောထားပြည့်ခဲ့ကြတာပါဘဲ၊ မြေဒူးမင်း(ဆင်ဖြူရှင်)လက်ထက်၁၇၆၇ခု၊ ဧပြီလ(၉)ရက်နေ့မှာ အယုဒ္ဓယမြို့တော်ကို အပြတ်အသတ် တိုက်ခိုက်ချေမှုန်းအောင်မြင်ချိန်မှာ ယိုးဒယားဘုရင်၊ မိဖုရားနဲ့ သားသမီးတွေ ရပ်ဖျက်ပြီး နန်းမြို့အနောက်တံခါးက ထွက်သွားကြပါပြီ၊ စစ်ကြီးပြီးသွားလို့ အခြေအနေအားလုံး တည်တည်ငြိမ်ငြိမ်ဖြစ်လာချိန်မှာ လိုက်လံရှာဖွေကြတော့ ယိုးဒယားဘုရင်ကို နန်းမြို့အနောက်တံခါးနားမှာ လက်နက်ထိမှန်ကွယ်လွန်နေတာတွေ့ရပါသတဲ့၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(ပထမတွဲ)မှာ-

> **"ယိုးဒယားမင်းတို မြို့တွင်းမြို့ပြင် ရှာစေသည်တွင် နန်းမြို့အနောက်တံခါးတွင် လက်နက်ထိ၍ သေလေသည်ကိုတွေ့၍ ယိုးဒယားမြို့တွင်းမှာ တောင်းစွာသင်္ဂြိုဟ် ရသည်"**

လို့ဖော်ပြထားပါတယ်၊ မြေဒူးမင်းက ကျဆုံးသွားတဲ့ ရန်သူဘုရင်ဆိုပြီး မျက်နှာလွှဲခဲပစ်မလုပ်ခဲ့ ပါဘူး။

ပြီးတော့ အယုဒ္ဓယမြို့ပျက်လို့ အင်းဝကို ရဟန်းတစ်ပါးအဖြစ် ရောက်ရှိလာတဲ့ ယိုးဒယားဘုရင်ရဲ့ညီ ကျောက်ဘွားတောက်ကိုလည်း အမရပူရနေပြည်တော်မှာ ကောင်းကောင်းပြုစုစောင့်ရှောက်ထားတာပါ၊ ကျောက်ဘွားတောက်က ယိုးဒယားဘုရင် ဗြသီရိမ္မရာဇာရဲ့ သားတော်အငယ်ဖြစ်ပါတယ်၊ ဘုရင့်နောင်မင်းတရားကြီးလက်ထက် အယုဒ္ဓယဘုရင်အဖြစ် ခန့်အပ်ခံရတဲ့ စော်ဘွားသောင်ကျည်ရဲ့ အဆက်အနွယ်ပါ၊ စော်ဘွားသောင်ကျည်၊ ဗြသီရိ၊ ဗြနရာယန၊ ဘိတ္တရာဇာ၊

ပြဘူရသတ်၊ ပရမဇေဌ၊ ပြသီရိဓမ္မရာဇာ ဆိုပြီး အစဉ်အဆက် ထီးနန်းစံခဲ့ကြတာပါ။

ပြသီရိဓမ္မရာဇာ မကွယ်လွန်မီ သူ့သားငယ်ကျောက်ဘွားတောက်ကို ထီးနန်းဆက်ခံဖို့ အသေအချာမှကြားခဲ့ပါတယ်၊ ကျောက်ဘွားတောက် တကယ်နန်းရတော့ သုံးလလောက်ဘဲ နန်းစံပြီး နောင်တော် ကျောက်ဘွားဇကဒသ်ကိုနန်းလွှဲ ရဟန်းဝတ်သွားပါတယ်၊ နောက်ပိုင်းရဟန်းဝတ်နဲ့ ရောက်လာတဲ့ ကျောက်ဘွားတောက်ဟာ မြန်မာနိုင်ငံမှာပဲ ပျံလွန်တော်မူပါတယ်၊ ဒီအကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(ပထမတွဲ)မှာ-

**"၁၁၂၉ ခု ယိုးဒယားမြို့ပျက်သည့်ကာလ ရဟန်းအဖြစ်နှင့် အဝမြို့သို့ ရောက်သည်။ အမရပူရမြို့တော်၌ သက္ကရာဇ် ၁၁၅၈ ခုတွင်မှ ရဟန်းအဖြစ် သယ်န်းနှင့် သေလွန်သည်"**

လို့ဖော်ပြထားပါတယ်၊ တောင်သမန်အင်းနဲ့ မလှမ်းမကမ်း တစ်နေရာမှာ သင်္ဂြိုဟ်ခဲ့တယ်လို့ ကြားသိရပါတယ်။

မြေဒူးမင်း(ဆင်ဖြူရှင်)လက်ထက်မှာ အယုဒ္ဓယသားတွေကို အမရပူရနေပြည်တော်ကို ဖမ်းဆီးခေါ်ဆောင်လာခဲ့တယ်ဆိုပေမယ့် ဘုရင့်နောင်မင်းတရားကြီးလက်ထက်ကလိုပဲ အကျအန ထားခဲ့တာပါ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးမှာပဲ-

**"ယိုးဒယားပြည်ကြီးကို အလိုတော်ပြည့်လျှင် ယိုးဒယားမင်းမိဖုရား၊ သမီး၊ နှမ၊ မြေး တို့ကို မညိုးမနွမ်းစေရ။ နန်းမြို့တော်အတွင်းမှာ အိမ်နှင့်ထားတော်မူ၍ မူးတော် မတ်တော်တို့ကို တစ်ပါးစီအပ်၍ ပြုစုစေသည်။ ယိုးဒယားမင်းသား၊ ညီ၊ မြေး ယောက်ျားတို့ကိုမူကား ပြင်အိမ်မှာထားတော်မူ၍ မျိုးရိုက္ခာ အဝတ်အစား အသုံးအဆောင် လောက်အောင် ပေးတော်မူသည်။ ယိုးဒယားမူးမတ် ဆင်းရဲသား ဆိုသမျှကိုလည်း အစုအကွက်ချ၍ နေစေ၏"**

လို့ အတိအလင်း ဖော်ပြထားပါတယ်။

သာယာဝတီမင်းဆိုရင်လည်း ယိုးဒယားနန်းကျဘုရင်ရဲ့အနွယ်တော် မင်းသမီး တစ်ပါးကို မိဖုရားအဖြစ် ချီးမြှင့်မြှောက်စားခဲ့ပါသေးတယ်၊ အဲဒီမိဖုရားရဲ့နာမည်က နှမ်အီပူတဲ့၊ သာယာဝတီမင်းက မိဖုရားနှမ်အီပူကို အဆောင်တော်နဲ့ သေချာအကျအနထားပါတယ်၊ ဒါပေမယ့် အဲဒီမိဖုရားက သားတော်တစ်ပါးထွန်းကားပြီးမှသူ့မှာ သူတို့လူမျိုးအယုဒ္ဓယသား ငယ်ချစ်တစ်ယောက် ရှိခဲ့ဖူးတာမို့ ဘုရင်ကို သူ့အပေါ်ကွာရှင်းပေးပါလို့ တောင်းဆိုတဲ့အခါ သာယာဝတီမင်းကလည်း သဘောထားကြီးကြီးနဲ့ လိုက်လျောခွင့်လွှတ်ရှာပါတယ်၊ အဲဒီနောက် မိဖုရားနှမ်အီပူက ဦးလုံပုဆိုတဲ့ ယိုးဒယားလူမျိုး တစ်ယောက်နဲ့ အိမ်ထောင်ပြုသွားတယ်လို့ သိရပါတယ်။

ကုန်းဘောင်ခေတ်နှောင်းကာလတိုင်အောင် မြန်မာဘုရင်တွေက နန်းကျယိုးဒယားမင်းရဲ့ အဆက်အနွယ်တွေကို ဆက်လက်ချီးမြှင့်မြှောက်စားကြဆဲပါပဲ၊ မင်းတုန်းမင်းတရားကြီးရဲ့ ကုမ္မာဒေဝီဘွဲ့ခံ ခုနှစ်ရွာတိုက်စား မိဖုရား(သုံးဆယ်မင်းသားကြီးရဲ့မယ်တော်)ဟာ နန်းကျယိုးဒယား ဘုရင်ရဲ့ မြေးတစ်ဦးပါ၊ ပြီးတော့ အဲဒီမိဖုရားရဲ့မောင်အရင်း နှစ်ယောက်ကိုလည်း ဇန်းမော်မြို့စား အတွင်းဝန်နဲ့ အင်းဝမြို့ဝန်ရာထူးတွေ ခန့်ထားသေးတယ်၊ အယုဒ္ဓယဘုရင်နဲ့ သူတို့ရဲ့ အဆက်အနွယ် တွေအပေါ် မြန်မာဘုရင်တွေက ခေတ်အဆက်ဆက်ဘယ်လိုသဘောထားခဲ့တယ်ဆိုတာ ဒီလောက် ဆိုရင် သိရှိနိုင်ပါပြီ၊ အသေအချာကြည့်ရင် မြန်မာတို့ရဲ့ စိတ်ရင်းသဘောထားကို အထင်အရှား ပြနေတာဖြစ်ပါတယ်။

# ယိုးဒယားသားတို့ ခေါင်းစားသင့်ပြီ

မြန်မာ-ယိုးဒယားနယ်စပ်မှာ ဖြစ်ပွားခဲ့တဲ့ ပြဿနာနဲ့ပတ်သက်လို့ ဇွန်လ(၂)ရက် နေ့ညနေ(၇)နာရီအချိန်မှာ ယိုးဒယားနိုင်ငံ ရုပ်မြင်သံကြား Channel(7)မှာ အမှတ်(၄) စစ်တိုင်းမှူး တာဝန် ထမ်းဆောင်ခဲ့ဘူးတဲ့ အငြိမ်းစားဗိုလ်ချုပ်ကြီး ကိတိလတ်သနချာရာနဲ့ သတင်းထောက် တွေ့ဆုံမေးတာကို ထုတ်လွှင့်ပြသသွားပါတယ်၊ အငြိမ်းစားဗိုလ်ချုပ်ကြီးက ယိုးဒယားနိုင်ငံအတွက် ခြိမ်းခြောက်မှုအဖြစ်မြန်မာနိုင်ငံက သောင်းကျန်းသူများကို နယ်စပ်မှာခွင့်ပြုထားရှိတဲ့ မူဝါဒကိုပြောင်းလဲ ရမည်ဖြစ်ကြောင်း၊ ထိုင်းတပ်မတော်ကလည်း ပျော့ပြောင်းသင့်ကြောင်း၊ အစိုးရအမိန့်ကို နာခံ သင့်ကြောင်း၊ ထိုင်းတပ်မတော်မှာ အထက်လူကြီးများ အမိန့်ပေးသည်ကတစ်မျိုး၊ အောက်ခြေက လုပ်တာတစ်မျိုးတွေ့ရကြောင်း၊ အစိုးရနှင့်တပ်မတော်ကြား သင့်မြတ်မှုမရှိသည်ကို တွေ့ရကြောင်း၊ နယ်စပ်မှာဖြစ်နေသော ပြဿနာများဟာ အထက်ကအခြေအနေများအပေါ် မူတည်ပြီး ဖြစ်ပေါ်နေ ကြောင်း၊ အိမ်နီးချင်းနိုင်ငံချင်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်သင့်ကြောင်း၊ မြန်မာနိုင်ငံနှင့် ပြေလည်မှု ပြန်လည်ရရှိနိုင်ရန် အမြန်ဆုံးညှိနှိုင်းဆွေးနွေးသင့်ကြောင်း ဆွေးနွေးပြောဆိုသွားတာ နားထောင်လိုက်ရ ပါတယ်၊ အဖြစ်မှန်ကို သိရှိနားလည်ပြီး အမှန်တရားလိုလားကြသူ၊ စိတ်ဓါတ်ကောင်းရှိသူ ယိုးဒယားနိုင်ငံ သားများလဲ အများအပြားရှိနေတယ်လို့ နားလည်လိုက်ပါတယ်။

သို့ပေမဲ့ မကြာသေးမီကမြန်မာနိုင်ငံက သတင်းစာရှင်းလင်းပွဲများမှာ ယိုးဒယား နိုင်ငံက မြန်မာနိုင်ငံကိုဆန့်ကျင်တိုက်ခိုက်နေတဲ့ သောင်းကျန်းသူတွေကို လက်ခံထားပါတယ်၊ သောင်းကျန်းသူတွေနဲ့ ယိုးဒယား တပ်တွေပေါင်းပြီး မိမိတပ်မတော်စခန်းကို တိုက်ခိုက်ခဲ့ပါတယ်လို့ ပြောတဲ့အခါ ယိုးဒယားနိုင်ငံကငြင်းဆိုခဲ့ပါတယ်၊ မြန်မာနိုင်ငံကသောင်းကျန်းသူများကို လက်ခံထားခြင်း မရှိပါဘူးလို့ ငြင်းနေကြမို့ ဒီလိုပြောမယ်ဆိုတာ ကြိုတင်သိထားပြီးဖြစ်ပါတယ်၊ မြန်မာနိုင်ငံကို ဆန့်ကျင်တဲ့ အဖွဲ့အစည်း၊ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းမှန်သမျှကို လက်ခံအားပေးကူညီဘို့အတွက် ကြားခံဇုံ ထူထောင်ရေးဆိုတဲ့ အမျိုးသားလုံခြုံရေးမူဝါဒကို ယိုးဒယားနိုင်ငံဟာ ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်တယ်ဆိုတာလည်း သိနေပါတယ်။

မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ကတော့ သမိုင်းရန်ညှိုးကလည်းရှိနေတော့ လွတ်လပ်ရေး ရပါပြီဆိုကတည်းက စတင်ပေါ်ပေါက်လာတဲ့ရောင်စုံသောင်းကျန်းသူမှန်သမျှ လက်ခံအားပေး ကူညီခဲ့တာ ဒီကနေ့ အထိပါဘဲ၊ ပြည်တွင်းသောင်းကျန်းသူသာမကပါဘူး၊ ပြည်ပကျူးကျော်သူများကိုလည်း လက်ခံအားပေးခဲ့ပါသေးတယ်၊ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုဟာ ယိုးဒယားတို့ လက်ခံအားပေး ကူညီခဲ့တယ်ဆိုတာ အထင်အရှားဖြစ်ပါတယ်၊ ၁၉၄၉ခုနှစ်မှာ တရုတ်ပြည်၊ ယူနန်နယ်မှာ ကွန်မြူနစ်၊ တပ်နီတော်တို့ရဲ့ တိုက်ခိုက်မှုကြောင့် KMT ကူမင်တန်တရုတ်ဖြူများ အရေးရှုံးနိမ့်ပြီး မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်ထဲကို ထွက်ပြေးဝင်ရောက်ခဲ့ရာက အစပြုခဲ့ပါတယ်၊ တရုတ်ဖြူအင်အား (၁၂၀၀၀)ထိ ဝင်ရောက်ခဲ့တာဖြစ်ပါတယ်၊ တရုတ်ဖြူတွေ မြန်မာနိုင်ငံထဲ ကျူးကျော်ဝင်ရောက်ခဲ့တဲ့ကိစ္စမှာ ယိုးဒယား နိုင်ငံရဲ့ ပံ့ပိုးကူညီမှုဟာ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့တယ်ဆိုတာ နိုင်ငံတကာက သိပါတယ်။


တရုတ်ဖြူတချို့ ထိုင်ဝမ်ကို ပြန်ခေါ်ခဲ့တဲ့နောက် ကျန်ရှိတဲ့ တရုတ်ဖြူတွေကို မြန်မာ့ တပ်မတော်က တိုက်ထုတ်တဲ့အခါ မြန်မာနိုင်ငံက ဆုတ်ခွာသွားတဲ့ တရုတ်ဖြူများကို ယိုးဒယား နိုင်ငံက လက်ခံခဲ့ပါတယ်၊ မြန်မာနိုင်ငံနယ်စပ် မဲဆိုင်၊ ချင်းရိုင်စတဲ့ယိုးဒယားနယ်ထဲမှာ ထားရှိခဲ့ပါတယ်၊ စစ်ဘေး ဒုက္ခသည်အရပ်သားတွေဖြစ်ပါတယ်လို့ကြေညာပြီး နယ်စပ်မှာကျေးရွာများ တည်ဆောက်နေရာချ

ပေးခဲ့ပါတယ်၊ လက်နက်တပ်ဆင်ပေးပြီး ကာကွယ်ရေးကျေးရွာများ အဖြစ် ယိုးဒယားနိုင်ငံရဲ့မြောက်ပိုင်း နယ်စပ်လုံခြုံရေးအတွက် အသုံးချခဲ့ပါတယ်။

၁၉၄၈-၄၉ခုနှစ် စတင်ပေါ်ပေါက်ခဲ့တဲ့ ကရင်သောင်းကျန်းသူ KNDO ၊ MNDO နဲ့ကရင်နီသောင်းကျန်းသူများဟာလည်း ပေါ်ပေါက်လာပြီးမကြာမီ ယိုးဒယားနယ်စပ်များမှာ အခြေခံဒေသအဖြစ် လှုပ်ရှားလာခဲ့ပါတယ်၊ အဲဒီအဖွဲ့တွေနဲ့ တရုတ်ဖြူအဖွဲ့ ထိုင်းနိုင်ငံအတွင်းမှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်၊ လက်နက်ခဲယမ်း အကူအညီများရရှိပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ တရုတ်ဖြူတွေနဲ့ပေါင်းပြီး စစ်ရေးလှုပ်ရှားမှုတွေ လုပ်ခဲ့ကြပါတယ်၊ ၁၉၅၈ နောက်ပိုင်းမှာ ရှမ်းသောင်းကျန်းသူ အဖွဲ့အစည်းအမျိုးမျိုးပေါ်ပေါက်လာပြန်တယ်၊ ဒီအဖွဲ့တွေလည်း ယိုးဒယားနိုင်ငံထဲက တရုတ်ဖြူဌာနချုပ်နဲ့ ဆက်စပ်တဲ့ ဒေသမှာဘဲ နေထိုင်အခြေပြုခွင့် ပေးခဲ့ပါတယ်၊ ရှမ်းသောင်းကျန်းသူတင် မကပါဘူး၊ KIA ၊ လားဟူ၊ ပအို့ဝ်စတဲ့ သောင်းကျန်းသူအဖွဲ့အားလုံးကို လက်ခံထားရှိခဲ့ပါတယ်၊ ချင်းမိုင်မြို့မှာ ကိုယ်စားလှယ်ရုံးများ ဖွင့်ခွင့်ပေးထားခဲ့ပါတယ်၊ ၁၉၆၉ခုနှစ် မှာ ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ပြည်ပြေးအဖွဲ့ဆိုရင်လည်း ဘန်ကောက်မြို့မှာဌာနချုပ်ထားရှိခွင့်ပြုပြီး နယ်စပ်တလျှောက် ယိုးဒယားနိုင်ငံအတွင်းမှာဘဲအခြေပြုလှုပ်ရှားခွင့်ပြုခဲ့တာဖြစ်ပါတယ်၊ လက်ခံအားပေးရုံသာမဟုတ်ပါဘူး၊ ၁၉၇၃ခုနှစ်က ပြည်ပြေးရန်ကုန်ဘဆွေရဲ့ တနင်္သာရီကမ်းရိုးတန်းကို ကမ်းတက်စစ်ဆင်မဲ့ နှောင်ရိုးစစ်ဆင်ရေးစီမံချက်ကို ယိုးဒယားအာဏာပိုင် တချို့ ကိုယ်တိုင်ပါဝင် ရေးဆွဲပေးခဲ့ကြောင်း သိရပါတယ်။

၁၉၈၈ခုနှစ်အရေးအခင်းအပြီးမှာ အကြမ်းဖက် ဆူပူမှုမှာ ပါဝင်ခဲ့လို့ ဖမ်းဆီးခံရမယ်ဆိုတဲ့ ကောလဟာလသတင်းကြောင့် လူငယ်လူရွယ် အချို့နယ်စပ်ကို ထွက်ပြေးတိမ်းရှောင်ခဲ့ပါတယ်၊ အဲဒီလူငယ်လူရွယ်တွေကိုလည်း ကျောင်းသားအမည်ခံ ABSDF ဖွဲ့စည်းပြီး လက်နက်ကိုင်အကြမ်းဖက်လှုပ်ရှားနိုင်ဘို့အတွက် ယိုးဒယားနိုင်ငံအတွင်း နေထိုင်ဝင်/ထွက် လှုပ်ရှားခွင့်ပြုခဲ့ပါတယ်၊ ၁၉၈၉ခုနှစ်ကစပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၁၇)ဖွဲ့ ငြိမ်းချမ်းရေးရယူပြီးတဲ့အချိန် ကျန်ရှိခဲ့တဲ့ KNU၊ MTA လက်ကျန်ရွက်ဆစ်ရဲ့ SURA၊ ငြိမ်းချမ်းရေးကိုကျောခိုင်းသွားတဲ့ KNPP၊ ကျောင်းသားအမည်ခံ ABSDF စတဲ့ အကြမ်းဖက်သောင်းကျန်းသူများကို ယိုးဒယားနယ်မြေထဲမှာ လက်ခံမွေးမြူထားတယ်ဆိုတာ အားလုံးသိနေကြပါတယ်၊ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သောင်းကျန်းသူမှန်သမျှလက်ခံအားပေး ကူညီတယ်ဆိုတာ ယိုးဒယားတို့က ဘယ်လောက်ပြောင်ပြောင်တင်းတင်း ငြင်းနေပေမဲ့ နိုင်ငံတကာက သိနေပါတယ်၊ Harper and Row, Newyork ကထုတ်ဝေတဲ့ သတင်းစာ ဆရာ Alfred W. Mc Coy ရေးတဲ့ **"The Politics of Heroin in Southeast Asia"** စာအုပ်ထဲမှာ **"ယိုးဒယားနိုင်ငံခေါင်းဆောင်အများစုသည် အစဉ်အလာအရ မြန်မာတို့အပေါ် မယုံသင်္ကာစိတ်များ ကြီးမား နက်ရှိုင်းစွာထားရှိခဲ့ကြသည်၊ မြန်မာတို့သည် လွန်ခဲ့သည့်ရာစုနှစ်များက ယိုးဒယားတို့အပေါ် အကြိမ်ကြိမ်ကျူးကျော်တိုက်ခိုက်ခဲ့ဖူးသည်၊ ၁၇၆၇ခုနှစ်က ရှေးဟောင်းအယုဒ္ဓယမြို့တော်ကို မြန်မာတို့ မီးရှို့ဖျက်ဆီးခဲ့စဉ်က ကျူးလွန်ခဲ့သည်ဆိုသော ကြောက်မက်ဖွယ် ရက်စက်ကြမ်းကြုတ်မှုများကို ဖော်ပြထားသည့် ကျောင်းသခ်ဂျီစာများကို အခြေခံအဆင့်၌ပင် မသင်ယူခဲ့ဖူးသည့် ယိုးဒယား ကျောင်းသားဟူ၍မရှိချေ၊ မြန်မာနိုင်ငံသည် ယင်းတို့အတွက် လုံခြုံရေးကို အမြဲခြိမ်းခြောက်နေမည့် အန္တရာယ်ရှိသောနိုင်ငံဖြစ်သည်ဟု မှတ်ယူယုံကြည်ထားကြသည်၊ ယိုးဒယားအစိုးရ အဆက်ဆက် သည် မြန်မာ-ယိုးဒယားနယ်စပ်တစ်လျှောက်တွင် ကျက်စားနေထိုင် လှုပ်ရှားနေကြသည့် သောင်းကျန်းသူမှန်သမျှကို ခိုလှုံခွင့်**


**ပေးထားခဲ့သည်၊ ထို့ပြင် အချို့သောင်းကျန်းသူအုပ်စုများအား ဆက်လက်ရှင်သန်လှုပ်ရှားနိုင်ရန် စစ်လက်နက်ပစ္စည်းများ လုံလုံလောက်လောက် ထောက်ပံ့ပေးထားခဲ့သည်၊ ဤသို့သောအသေးစား သောင်းကျန်းဆူပူမှုများကြောင့် မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံအတွင်းရှိမြို့များကို ကာကွယ် စောင့်ရှောက်နေရသည့်အတွက်ကြောင့် မလှုပ်မရှားနိုင်အောင်ဖန်တီးပေးထားသည်၊ မြန်မာနိုင်ငံ အနေနှင့် သောင်းကျန်းသူများကြောင့် ရှုပ်ထွေးကာ ထိန်းမနိုင်သိမ်းမရအောင် ဖန်တီးထားခြင်းလည်း ဖြစ်နေသည်** ”လို့ ရေးသားဖော်ပြထားပါတယ်၊ ယိုးဒယားအစိုးရအနေနဲ့ မြန်မာနိုင်ငံက သောင်းကျန်းသူကို လက်မခံပါဘူး၊ အားမပေးပါဘူးလို့ပြောင်ပြောင်တင်းတင်း ငြင်းနေပေမဲ့လည်း အားလုံးသိနေပါတယ်၊ ယိုးဒယားနိုင်ငံသားများက ပိုသိတာပေါ့၊ ဒီထက် အတွင်းကျကျ ပိုသိတာကတော့ အဲဒီသောင်းကျန်းသူတွေကို ထိတွေ့ကိုင်တွယ်ဘို့ အထူးတာဝန်ပေးထားတဲ့ယိုးဒယားတပ်မတော် ထောက်လှမ်းရေးမှာ တာဝန်ထမ်းဆောင်ဘူးသူများဖြစ်ပါမယ်၊ ဒီလိုကိစ္စတွေဟာ ဖုံးကွယ်လို့ရစကောင်းတဲ့ ကိစ္စများလည်း မဟုတ်ပါဘူး၊ သိက္ခာရှိတဲ့၊ အိမ်နီးချင်းကောင်းပီသတဲ့ နိုင်ငံအဖြစ် ရပ်တည်ချင်တယ် ဆိုရင်တော့ ဆွေးနွေးစရာလမ်းနှစ်သွယ်ရှိပါတယ်၊ သောင်းကျန်းသူတွေကိုဆက်ပြီး လက်ခံအားပေးကူညီမလား၊ မောင်းထုတ်မလား ပြတ်ပြတ်သားသားဆွေးဘို့လိုပါတယ်၊ အိမ်နီးချင်းကောင်းပီပီသသနဲ့ယှဉ်တွဲ နေထိုင်လိုကြတယ်ဆိုရင်တော့ စဉ်းစားကြဘို့ သင့်ပါပြီ။



**အမေရိကန်နိုင်ငံနှင့်ယိုးဒယားနိုင်ငံတို့၏ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သော ကူမင်တန် တရုတ်ဖြူများအားတွေ့ရပုံ**



မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ခဲ့သော ကူမင်တန် တရုတ်ဖြူများအား
မြန်မာ့တပ်မတော်မှ မဲခေါင်စစ်ဆင်ရေးတွင် တိုက်ခိုက်ပြီး သိမ်းဆည်းရမိလက်နက်ခဲယမ်းများအား
တွေ့ရပုံ



## တကယ်ပြောတာလား


ဇွန်လ(၃)ရက်နေ့ထုတ် Bangkok Post သတင်းစာမှာ "Shan rebels Wore Thai Uniforms army Claims " ဆိုတဲ့ခေါင်းစဉ်နဲ့ သတင်းတစ်ပုဒ် ဖတ်ရပါတယ်၊ အဲဒီသတင်းထဲမှာ SURA **ဘိန်းမှောင်ခိုသောင်းကျန်းသူနှင့် KNU အကြမ်းဖက်သောင်းကျန်းသူတွေဟာ ယိုးဒယားနိုင်ငံ ထဲမှာ တပ်စွဲထားခြင်းမရှိကြောင်း၊ အဲဒီသောင်းကျန်းသူများရဲ့ စခန်းများဟာ ယိုးဒယားနိုင်ငံနဲ့ အလွန်နီးကပ်ကြောင်း၊ သို့သော် ယိုးဒယားနယ်မြေထဲမှာ မရှိကြောင်း၊ ယိုးဒယား စစ်သေနာပတိချုပ်ရုံး၊ စုံစမ်းစစ်ဆေးရေးကော်မတီမှ ပြောကြားခဲ့တယ်လို့** ဖော်ပြထားပါတယ်၊ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တော်ကြီးမှာထုတ်ဝေတဲ့ အထင်ကရသတင်းစာကြီးမှာပါတဲ့သတင်းဆိုတော့ ဘယ်ကရတယ်၊ ဘယ်သူက ပြောတယ်ဆိုတာရယ်ကတော့ မှန်လိမ့်မယ်လို့ယုံပါတယ်၊ သို့ပေမဲ့ ဒီသတင်းကတော့ ပြောင်လိမ်တဲ့သတင်းဖြစ်နေတယ်ဆိုတာ မြန်မာတစ်နိုင်ငံလုံးကသိနေပါတယ်၊ တကယ်လို့များအဖြေပေးမယ်ဆိုရင် မေးချင်စိတ်တွေဖြစ်ပေါ်နေမိပါတယ်၊ သောင်းကျန်းသူစခန်းများ ယိုးဒယားနိုင်ငံထဲမှာတပ်စွဲထားတာ မရှိပါဘူး၊ သူတို့စခန်းတွေဟာ ယိုးဒယားနိုင်ငံနဲ့နီးစပ်ပေမဲ့ ယိုးဒယားထဲမှာမရှိပါဘူးလို့ ယိုးဒယား စစ်သေနာပတိချုပ်ရုံး စုံစမ်းရေးကော်မတီကပြောတယ်ဆိုတာဖတ်ရတော့ အံ့ဩသွားပါတယ်။

KNU ရော SURA ရွက်ဆစ်အဖွဲ့ရော ယိုးဒယား နိုင်ငံထဲမှာ ဘယ်လိုနေထိုင်ကြတယ်ဆိုတာ စုံစမ်းရေးကော်မတီဝင်ဆိုတဲ့ပုဂ္ဂိုလ်မှအပ ကျန်ယိုးဒယားနိုင်ငံသားအားလုံး သိကြပါတယ်၊ Bangkok Postသတင်းစာကသတင်းထောက်များ ရွက်ဆစ်စခန်းကို အဝင်အထွက်ရှိပါတယ်၊ အဲဒီတုံးကရိုက်ထားတဲ့ ဓါတ်ပုံရှိနေလို့ ပုံထည့်ပေးလိုက်ပါတယ်၊ အယ်ဒီတာများမေးကြည့်ရင် ဘယ်နေရာမှာ ရွက်ဆစ်ဌာနချုပ်ရှိလဲပြောပြပါလိမ့်မယ်၊ မသိဘူးဆိုရင်လည်း ရွက်ဆစ်အဖွဲ့ဘယ်လိုဖြစ်ပေါ်လာသလဲဆိုတာကစပြီး အကျဉ်းချုပ် ပြောပြပါရစေ၊ ဘိန်းမှောင်ခိုသောင်းကျန်းသူခေါင်းဆောင်ရွက်ဆစ်ဆိုတာ ခွန်ဆာရဲ့ MTA အဖွဲ့မှာ တပ်ရင်းနိုင်ငံရေးမှူးအဆင့်ရှိပါတယ်၊ ၁၉၉၆ခုနှစ်ဇန်နဝါရီလ(၅)ရက်နေ့MTAအဖွဲ့ လွယ်လန်းဒေသမှာ စတင်လက်နက်ချတဲ့အချိန်မှာ ရွက်ဆစ်ဟာ မုံးထော်-မုံးထမှာ ရှိနေပါတယ်၊ တပ်မဟာမှူးကျောက်ဆစ်ဆုလျိုင်နဲ့အတူ ရွက်ဆစ်လည်းလက်နက်နှင့် ငြိမ်းချမ်းရေးလဲဘို့သဘောတူခဲ့ပြီး ဇန်နဝါရီလ(၁၅)ရက်နေ့ မုံးထော်-မုံးထမှာ လက်နက်နဲ့ငြိမ်းချမ်းရေးလဲတဲ့အခမ်းအနားမှာပါခဲ့ပါတယ်၊ တစ်ပါတ်လောက်အကြာမှာ မုံးထော်-မုံးထကနေ လူ(၂၀)ကျော်လောက်နဲ့ ထွက်သွားပြီး မုံးထော်-မုံးထနဲ့ သိပ်မဝေးတဲ့ ယိုးဒယားနိုင်ငံနယ်စပ် ပိန်းလုံရွာကို ရောက်ရှိသွားပါတယ်၊ အဲဒီအချိန်ကတည်းက ရွက်ဆစ်ဟာ ယိုးဒယားနိုင်ငံထဲမှာ တစ်လျှောက်လုံးရှိနေခဲ့ပါတယ်။

ချင်းမိုင်မှာနေတဲ့ ယခင် ရှမ်းသူပုန်ဟောင်းများဖြစ်တဲ့ ခွန်ကြာနုတို့နဲ့ အဆက်အသွယ်ယူပါတယ်၊ ရှမ်းအမျိုးသားရေး ကြွေးကြော်ပြီး MTA ကလက်နက်နဲ့ငြိမ်းချမ်းရေးလဲပြီး ဒေသမပြန်နိုင်ဘဲ ယောင်လည်လည်ဖြစ်နေသူများကို စည်းရုံးခဲ့ပါတယ်၊ စောစောပိုင်းက အင်အား ၃၀၀၊ ၄၀၀ လောက်ဘဲ ရှိရာက နောက်ဆုံးအင်အားများလာတာကတော့ ယိုးဒယားနိုင်ငံထဲ တရားမဝင်လာအလုပ်လုပ်တဲ့ ရှမ်းတိုင်းရင်းသားများကို ယိုးဒယားရဲ့ ယိုးဒယားလူဝင်မှုကြီးကြပ်ရေးတို့က ဖမ်းပြီး ရွက်ဆစ်ရဲ့ဌာနချုပ်ကို ပို့ရင်းနဲ့ အင်အားများလာခဲ့တာဖြစ်ပါတယ်၊ များပြားလာတဲ့ အင်အားစုအတွက် ရိက္ခာကတော့ ဒုက္ခသည်အမည်တပ်ပြီး ပြည်ပ NGO အဖွဲ့တွေရဲ့ ထောက်ပံ့မှုနဲ့ရပါတယ်လို့ပြောနိုင် ပါတယ်၊ လက်နက်ခဲယမ်းကတော့ ဘယ်သူတွေထောက်ပံ့သလဲဆိုတာ ရှင်းရှင်းလေးသိနိုင်ပါတယ်၊ အခု နယ်စပ်ပြဿနာတွေမပေါ်ခင်လေးဘဲ ယိုးဒယားတပ်က KNU နဲ့ SURA (၂)ဖွဲ့စလုံးကို ခဲယမ်းဂိုဒေါင်မီးလောင်တုံးက အကျန်များကို ခွဲဝေပေးခဲ့တယ်ဆိုတာ အကုန်သိနေပါတယ်၊ SURA အဖွဲ့ရဲ့စခန်းများဘယ်မှာရှိလဲ

ဆိုတာကော၊ ဘယ်လောက်ရှိလဲဆိုတာကော အသေးစိတ် ပြောပြနိုင်ပါသေးတယ်၊ ချင်းရှိုင်ခရိုင်၊ ချင်းမိုင်ခရိုင်၊ မယ်ဟောင်ဆောင်ခရိုင် နယ်စပ်တစ်လျှောက်မှာ စခန်းအကြီး၊ အငယ်(၅၂)ခု ရှိပါတယ်၊ ဌာနချုပ်ကတော့ လွယ်တိုင်းလျှံလို့ ခေါ်ပါတယ်၊ ယိုးဒယားနိုင်ငံထဲမှာ မြေပုံညွှန်းနဲ့ ဖော်ပြပေးလိုက်ပါ့မယ်၊ ယိုးဒယားစစ်သုံးမြေပုံ (LX-8689)က တောင်ကြောပေါ်မှာရှိပါတယ်၊ အင်အား(၈၀၀)ရှိပြီး ရုံးများ၊ သင်တန်းကျောင်းများလည်း အဲဒီမှာရှိပါတယ်၊ KNU နဲ့ ပတ်သက်လို့ကတော့ အထူးမပြောလိုတော့ပါဘူး၊ မဲဆောက်မြို့ပေါ်မှာ ဗဟိုကော်မတီဝင်တွေအားလုံး နေထိုင်ကြပါတယ်၊ မဲဆောက် အထက်အောက် နယ်စပ်က ဒုက္ခသည်စခန်းအားလုံးဟာ KNU စခန်းပါဘဲ၊ အခုပြဿနာဖြစ်ချိန်မှာတော့ ယိုးဒယား တပ်စခန်းများမှာ KNU တွေပူးပေါင်းပြီး ရှိနေပါတယ်၊ သောင်ရင်းမြစ် တစ်ဖက်ကမ်းကနေ မှန်ဘီလူး မပါဘဲ အားလုံးမြင်တွေ့နေရပါတယ်။

၁၉၉၄ခုနှစ်ကုန် ၁၉၉၅ခုနှစ်ကစပြီး KNU ဌာနချုပ်ကြီးများဖြစ်တဲ့ မာနယ်ပလော၊ မဲသဝေါ၊ မော်ဖိုးကော၊ ဝါးခစတဲ့စခန်းတွေကို တပ်မတော်က သိမ်းပြီးကတည်းက မြန်မာ့မြေပေါ်မှာ KNU စခန်းမရှိတော့ပါဘူး၊ အားလုံး ယိုးဒယားနိုင်ငံထဲ ပြောင်းရွှေ့ခဲ့တယ်ဆိုတာ လူတိုင်းသိပါတယ်၊ အခု ယိုးဒယားစစ်တပ်ရဲ့ စုံစမ်းရေးကော်မတီက KNU နဲ့ SURA စခန်းများ ယိုးဒယားနယ်ထဲ မရှိပါဘူး၊ နယ်စပ်မှာ နီးကပ်စွာရှိပါတယ်ဆိုတော့ သောင်းကျန်းသူတွေကို လက်ခံထားရှိတာကို ငြင်းချင်လို့ ပြောပေမဲ့ အဲဒီသောင်းကျန်းသူစခန်း နေရာတွေဟာ မြန်မာပိုင်နက် ဖြစ်ပါတယ်လို့ ပြောတဲ့အဓိပ္ပါယ် သက်ရောက်နေပါတယ်၊ ဒီလိုပြောတာမှန်တယ်၊ အမှန်အတိုင်း ပြောတာပါဆိုရင်တော့လည်း တစ်ခုတော့ သိစေချင်ပါတယ်၊ မြန်မာ့တပ်မတော်ကတော့ မြန်မာ့မြေပေါ်မှာ ဘယ်သောင်းကျန်းသူကိုမှ အခြေစိုက် စခန်းနဲ့ နေထိုင်ခွင့်ပေးမှာမဟုတ်ပါဘူး၊ ရန်သူကိုနားလည်မှုယူမဲ့ တပ်မတော်လည်းမဟုတ်ဘူး၊ အင်အားနည်းသည်ဖြစ်စေ များသည်ဖြစ်စေ အပြတ်ချေမှုန်းလေ့ရှိပါတယ်၊ ဒါကြောင့် Bangkok Post ရော ပြောတဲ့သူပါ တကယ်ပြောတာလားလို့ ထပ်ပြီးမေးပါရစေ။




**ယိုးဒယားနိုင်ငံအတွင်း အခိုင်အမာအခြေပြုထားသော SURA**
**ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူစခန်းများပြမြေပုံ**



**SURA ဌာနချုပ်လွယ်တိုင်းလျှံစခန်းအားအဝေးမှမြင်တွေ့ရပုံ**



ပိုးဒယားနယ်မြေအတွင်း SURA ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူ
လွယ်တိုင်းလျှံစခန်းဌာနချုပ် အဝင်ဂိတ်အားတွေ့ရစဉ်




လွယ်တိုင်းလျှံစခန်းဌာနချုပ်အနီးယိုးဒယားနိုင်ငံ မယ်လန်းရွာသို့ညွှန်ပြထားသော ဆိုင်းဘုတ်အားတွေ့ရပုံ



SURA ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူ လွယ်တိုင်းလျှံဌာနချုပ်စခန်းတွင်
ဘန်ကောက်ပို့စ် သတင်းထောက် ဆုဘီးခင်ကျောက်(ယာအစွန်) ကိုတွေ့ရပုံ




(၂၀-၃-၉၅) ရက်နေ့တွင်တာချီလိတ်မြို့အားပစ်ခတ်တိုက်ခိုက်ခဲ့ပြီးပြန်လည်ထွက်ခွာသွားသော MTAသောင်းကျန်သူများအား ယိုးဒယားနိုင်ငံမယ်ဆိုင်ဘက်တမ်းအရောက် ယိုးဒယားတပ်ဖွဲ့ဝင်များနှင့်အတူတွေ့ရစဉ်



SURA ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူ လွယ်တိုင်းလျှံဌာနချုပ်တွင်ရောက်ရှိနေသော ယိုးဒယားနိုင်ငံသားများ (ဝဲဘက်ဒုတိယမှ အကျီအပြာ၊ ဘောင်းဘီအပြာမှာ ယိုးဒယားစစ်တပ်မှ အရာရှိဖြစ်ပြီး၊ အလယ်ဆံပင်ရှည်သုံးဦးမှာ ယိုးဒယားနာမည်ကြီးအဆိုတော်များ)အားတွေ့ရပုံ



**ယိုးဒယားနိုင်ငံအတွင်းရှိ KNU
အကြမ်းဖက်သောင်းကျန်းသူခေါင်းဆောင်များနှင့်သောင်းကျန်းသူအဖွဲ့ဝင်များအားတွေ့ရပုံ**



**ယိုးဒယားနိုင်ငံအတွင်း နိုင်ငံခြားသားများမှ KNU သောင်းကျန်းသူများအား ဖေါက်ခွဲဖျက်ဆီးရေး
သင်တန်းပေးနေစဉ်**

## ယိုးဒယားရှာသားများကိုတော့ ကိုယ်ချင်းစာပါတယ်

ဇွန်လ(၃)ရက်နေ့က မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေ ပြန်ဖွင့်ခဲ့ပါတယ်၊ ကျောင်းစိမ်းလုံချည်၊ အကျႌဖြူလေးတွေနဲ့ ပြုံးပျော်နေတဲ့ကလေးတွေမြင်ရတော့ ကိုယ်တိုင်ပြန်ငယ်သွားသလို ခံစားရပါတယ်၊ ဒီအရွယ်တုန်းက ကိုယ်တိုင်လည်းတယ်ပျော်ခဲ့တာကိုး၊ ကလေးတွေကြည့်ပြီးကြည်နူးနေတုန်း သတင်းတစ်ခုဖတ်လိုက်ရတော့ စိတ်မချမ်းမသာဖြစ်သွားပါတယ်၊ ဇွန်လ(၄)ရက်နေ့မနက် (၇)နာရီမှာ ယိုးဒယားနိုင်ငံ၊ ရပ်ချ်ဘူရီခရိုင်၊ ဘန်းခါတိုက်နယ်မှာ ကျောင်းကားတစ်စီးကို အမည်မသိလက်နက်ကိုင်တစ်စုက ပစ်ခတ်တိုက်ခိုက်လို့ (၂)ဦးသေဆုံးပြီး (၁၅)ဦးဒါဏ်ရာရတယ်လို့ သိရလို့ပါ။ ကျွန်တော်တို့ဆီကကျောင်းဖွင့်စကလေးတွေလိုဘဲ ပစ်ခတ်တိုက်ခိုက်ခံရမဲ့ကားပေါ်မှာ ပြုံးပျော်ပြီးလိုက်ပါလာတဲ့ကျောင်းသား၊ ကျောင်းသူလေးတွေကိုမြင်ယောင်မိလို့ သားသမီးချင်းကိုယ်ချင်းစာမိပါတယ်၊ အပြစ်ကင်းစင်တဲ့ကလေးတွေမှ လုပ်ရက်လိုက်တာ၊ တယ်ရက်စက်ပါလား၊ ဘယ်လိုအဖွဲ့အစည်းက ဘာရည်ရွယ်ချက်နဲ့များ ဒီလိုအကြမ်းဖက်ရက်စက်မှုလုပ်ရပါလိမ့်လို့ တွေးမိပါတယ်။

ရပ်ချ်ဘူရီဆိုလို့ ဒီနံမယ်ကြားဘူးပါတယ်လို့ထင်မိမှ ၂၀၀၀ပြည့်နှစ်ဇန်နဝါရီလ (၂၄)ရက်နေ့တုံးက KNU အကြမ်းဖက်သောင်းကျန်းသူလက်အောက်ခံ God's Army ဘုရားသခင်တပ်မတော်အဖွဲ့က ဆေးရုံကိုဝင်ပြီးအပိုင်စီးခဲ့တာရယ်၊ အပိုင်စီးသူ(၁၀)ဦး အဖမ်းခံပြီးကာမှ ယိုးဒယားအထူးတပ်ဖွဲ့က ဆေးရုံထဲမှာကြိုးတုပ်ပြီး ပစ်ခတ်သတ်ဖြတ်ခဲ့လို့ သတင်းစာများမှာဖတ်ခဲ့ရတာတွေပြန်သတိရမိပါတယ်၊ ဒါ့ပြင် ကျောင်းသားအမည်ခံသောင်းကျန်းသူ ABSDF အဖွဲ့ရဲ့ မနီလှိုင်ဒုက္ခသည်စခန်းလည်း အဲဒီနယ်မြေမှာရှိခဲ့တာမို့ ရပ်ချ်ဘူရီမြို့ကိုကြားဘူးနေတာပါလားလို့ စဉ်းစားနေတုံးသူငယ်ချင်းရောက်လာပါတယ်၊ ကျောင်းကားကိုပစ်ခတ်တဲ့ကိစ္စပြောဆိုဆွေးနွေးကြပါတယ်၊ သူငယ်ချင်းက ယိုးဒယားစာ၊ စကားတတ်ကျွမ်းပြီး ယိုးဒယားကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေသူဆိုတော့ ယိုးဒယားအကြောင်း တော်တော့်ကိုသိပါတယ်၊ သူ့ဆီကဒီဖြစ်ရပ်နဲ့ပတ်သက်လို့ ယိုးဒယားရုပ်မြင်သံကြားသတင်းဌာနနဲ့ ယိုးဒယားသတင်းစာထဲက ရေးသားထုတ်လွှင့် ဖော်ပြတာတွေကို ကြားသိရပါတယ်၊ ယိုးဒယားထောက်လှမ်းရေးကတော့-

- ဒီဖြစ်ရပ်ဟာ နယ်စပ်ပြဿနာပေါ်ပေါက်နေလို့ မြန်မာ-ယိုးဒယား ဆက်ဆံရေးတင်းမာမှုကြောင့် မြန်မာဘက်က ယိုးဒယားနိုင်ငံအတွင်း တည်ငြိမ်မှုမရှိအောင် လုပ်တာလည်း ဖြစ်နိုင်တယ်၊
- ကရင်တိုင်းရင်းသား လက်နက်ကိုင် God's Army အဖွဲ့ ရပ်ချ်ဘူရီဆေးရုံ အပိုင်စီးတုန်းက အပိုင်စီးသူများကို ပစ်သတ်ခံခဲ့ရတာကြောင့် ကလဲ့စားချေခြင်လို့လဲ ဖြစ်နိုင်တယ်၊
- ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာတုံးက ရပ်ချ်ဘူရီမြို့နယ်ထဲက မြန်မာကျောင်းသား ဒုက္ခသည်စခန်းပိတ်သိမ်းတဲ့ကိစ္စနဲ့ ပတ်သက်လို့ ကျောင်းသားများက မကျေနပ်လို့လည်း ဖြစ်နိုင်တယ်။
- မြန်မာအစိုးရကို ဆန့်ကျင်သူများက မြန်မာ-ယိုးဒယား နှစ်နိုင်ငံကြား ပြဿနာများတိုးပွားလာအောင် သပ်လျှိုတာမျိုးလည်း ဖြစ်နိုင်တယ်လို့ ပြောကြပါတယ်၊

ဇွန်လ(၅) ရက်နေ့ Bangkok Post သတင်းစာမှာတော့ ထိုင်းစစ်တပ်၊ လက်ထောက်စစ်ဦးစီးအရာရှိချုပ် (Assistant Army Chief-of-Staff) ဒုတိယဗိုလ်ချုပ်ကြီး Lertrat Ratamavanit ကပြောတဲ့သတင်းကို ဖော်ပြထားပါတယ်၊


- ကျောင်းကားကို ပစ်ခတ်တဲ့လုပ်ရပ်နဲ့ ပတ်သက်လို့ မြန်မာ့တပ်မတော်မှာ အခုပစ်ခတ်

မှုမှာသုံးတဲ့ M-16 ရိုင်ဖယ် အသုံးမပြုပါဘူး၊ အဲဒီဒေသက နယ်စပ်မှာရှိတဲ့ မြန်မာတပ်စခန်းနဲ့ ယိုးဒယားတပ်စခန်းများဟာ ဆက်ဆံရေးလည်း ကောင်းမွန်မှုရှိကြပါတယ်၊ ဒီလုပ်ရပ်ဟာ မြန်မာ့တပ်မတော်က လုပ်တာမဟုတ်နိုင်ဘူးလို့ ပြောပါတယ်၊ ဒီလုပ်ရပ်ဟာ နယ်စပ်မှာရှိနေတဲ့ မနီလွှိုင်ဒုက္ခသည်စခန်း အဖျက်ခံရတဲ့ ကျောင်းသားအမည်ခံ ABSDF အဖွဲ့နဲ့ KNU အကြမ်းဖက်သောင်းကျန်းသူတွေ လုပ်နိုင်တယ်လို့ပြောပါတယ်။

ကျောင်းကား ကိုပစ်ခတ်သွားသူများကို ဖမ်းဆီးရမိဘို့အတွက် ယိုးဒယားစစ်တပ်၊ စစ်ခွေး၊ ရဲကွန်မန်ဒိုများနဲ့လိုက်လံရှာဖွေနေကြပြီလို့သိရှိရပါတယ်၊ သားသမီးချင်းစာနာပြီး ဒီလို ရက်စက်တဲ့ အကြမ်းဖက်မှု၊ အောက်တန်း ကျတဲ့လုပ်ရပ်ကို လုပ်တဲ့သူတွေကို ဖမ်းဆီးရမိစေချင် ပါတယ်၊ ယိုးဒယားမှာလည်း မြေပူရာကင်းမှောင့်ဆိုသလို မြောက်ပိုင်းနယ်စပ်မှာ ပြဿနာဖြစ်တုန်း၊ မဲဆောက်ဘက်မှာလည်း နယ်စပ်မှာဘယ်အဖွဲ့မှန်းမသိ၊ ဘာမှန်းမသိ ဟိုနားပစ်လိုက်၊ ဒီနားပစ်လိုက်ဖြစ်လို့ ရွာတချို့ စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်နေရသတဲ့၊ ဘာမဆိုင် ညာမဆိုင် အေးအေးချမ်းချမ်း နေချင်တဲ့ လူထုအတွက် တယ်ပြီးစိတ်ညစ်ကြမှာဘဲ၊ ဒါကြောင့် မဲဆောက်ဘက် နယ်စပ်က ယိုးဒယားရွာတချို့ဟာ သူတို့ရွာနား ယိုးဒယားစစ်တပ်လာထားလို့ ဒီလိုပြဿနာဖြစ်ရတယ်ဆိုပြီးဆန္ဒပြကြသတဲ့၊ နယ်စပ်က ယိုးဒယား လူထုကိုတော့ ကိုယ်ချင်းစာမိပါရဲ့၊ မြန်မာနိုင်ငံက လက်နက်ကိုင် သောင်းကျန်းသူတွေကို ယိုးဒယား စစ်တပ်တို့ရဲတို့က လက်ခံထားလေတော့ ဒီဒုက္ခတွေ လူထုမှာအချောင်ခံနေရတာ မဟုတ်လား၊ အမှန်တော့ မြန်မာနိုင်ငံကို ဆန့်ကျင်သူမှန်သမျှ လက်ခံအားပေးတာဟာ အကြမ်းဖက်အဖွဲ့တွေကို မွေးထားတာဖြစ်လေတော့ မြွေပွေးခါးပိုက်ပိုက်သလို ဖြစ်နေပြီ၊ ကြည့်လေ- SURA ဆိုတာက ဘိန်းမှောင်ခို အကြမ်းဖက်အဖွဲ့၊ KNU ဆိုတာကတော့ အကြီးဆုံးအကြမ်းဖက်အဖွဲ့၊ ကျောင်းသားအမည်ခံ ABSDF ဆိုတာလည်း အကြမ်းဖက်အဖွဲ့ပါဘဲ၊ လေယာဉ် အပိုင်စီးတာတွေ၊ ဘန်ကောက်ကမြန်မာသံရုံး အပိုင်စီးခဲ့တာတွေ၊ ရပ်ချ်ဘူရီဆေးရုံ အပိုင်စီးတာတွေဟာ KNU ရဲ့ ကျောထောက်နောက်ခံနဲ့ ABSDF နဲ့ God's Army က လုပ်ခဲ့တယ် ဆိုတာ အားလုံးအသိဘဲ၊ ပြီးခဲ့တဲ့ သင်္ကြန်ပွဲတော်မှာ မြဝတီမြို့ထဲ ဗုံးခွဲခဲ့လို့ အပြစ်မဲ့ ပြည်သူ(၅)ဦး သေဆုံးပြီး (၃၄)ဦးဒါဏ်ရာရခဲ့တာ KNU ရဲ့လက်ချက်ပါလို့ အတိအကျ ပြောခဲ့ပြီးပြီဘဲ၊ ဒါတွေလုပ်တဲ့အဖွဲ့မှ အကြမ်းဖက်အဖွဲ့မဟုတ်ရင် ဘယ်အဖွဲ့ကိုအကြမ်းဖက် အဖွဲ့လို့ ပြောမလဲ၊ ယိုးဒယားနိုင်ငံက အဲဒီ အကြမ်းဖက်အဖွဲ့တွေကို အကြမ်းဖက်မှန်းသိသိရက်နဲ့ကို မွေးထားခဲ့တာ ကလည်း ကြာခဲ့ပြီဘဲ၊ မြန်မာနိုင်ငံကို ပျက်စီးစေလိုတဲ့ဆန္ဒ၊ မြန်မာနိုင်ငံကို တည်ငြိမ်မှုမရှိစေလိုတဲ့ဆန္ဒ၊ သောင်းကျန်းသူတွေနဲ့ပေါင်းပြီး စီးပွားရေး အမြတ်ရလိုမှု ဆန္ဒလောက်ဘဲကြည့်ပြီး အကြမ်းဖက် သောင်းကျန်းသူတွေကို ဆက်ပြီး မွေးထားမယ်ဆိုရင်တော့ နယ်စပ်တစ်လျှောက် ဒီလိုပြဿနာတွေ ပေါ်နေဦးမှာမလွဲပါဘူး၊ တကယ်တော့ နှစ်နိုင်ငံစလုံးအတွက် အကျိုးမရှိပါဘူး၊ ဘာဘဲဖြစ်ဖြစ် အခု ကျောင်းကား ပစ်ခတ်တဲ့ဖြစ်ရပ်ဟာ သောင်းကျန်းသူတွေကို လက်ခံထားရှိတဲ့နယ်မြေ၊ သောင်းကျန်း သူတွေ ခြေရှုတ်တဲ့နယ်မြေ တစ်ခုဖြစ်နေတော့ ဒီအဖွဲ့တွေနဲ့ ဆက်စပ်ပါတ်သက်မှုတွေ ရှိနေပါလိမ့်မယ်၊ ဒီလို ရက်စက်မှုမျိုးကိုတော့ ဒီအဖွဲ့အစည်းတွေဘဲ လုပ်ဘို့များပါတယ်၊ ပြုံးပျော်နေကြတဲ့ ကျောင်းတက်စ ကလေးများကိုတွေ့တိုင်း ရပ်ချ်ဘူရီက ကျောင်းသားလေးများကို မြင်ယောင်ပြီး မိဘချင်း ကိုယ်ချင်းစာနာမိပါတယ်၊ သို့ပေမဲ့ တစ်ခုတော့ ပြောချင်မိတယ်၊ ယိုးဒယား များဟာ ကိုယ့်အတတ်နဲ့ကိုယ်စူး ဆိုသလိုများ ဖြစ်နေမလား၊ ဒါမှမဟုတ် ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက် ဆိုသလိုများ ဖြစ်နေပြီလားလို့ စဉ်းစားမိဘို့တော့ ကောင်းပါပြီ။



(၂၄-၁-၂၀၀၀) ယိုးဒယားနိုင်ငံ ရပ်ချ်ဘူရီဆေးရုံအား စီးနင်းခဲ့သူ KNU
အကြမ်းဖက်သောင်းကျန်းသူ လက်အောက်ခံ God's Army အဖွဲ့ဝင် (၁၀)ဦးအား
လက်နက်ချပြီးနောက် ယိုးဒယားအထူးတပ်ဖွဲ့မှ ကြိုးတုတ်၍ပစ်ခတ်သတ်ဖြတ်ခဲ့ရာ
ဦးခေါင်းတွင်သေနတ်ဒါဏ်ရာများဖြင့်သေဆုံးခဲ့ပုံ





*Karen twins Johnny Htoo (L) and Luther at the God's Army base in Burma in December last year.* — AP

**KNU အကြမ်းဖက်သောင်းကျန်းသူလက်အောက်ခံ God's Army တမန်တော်တပ်ရင်းမှ လျှာမဲညီနောင် နှစ်ဦးဖြစ်သော လူသာထူးနှင့် ဂျော်နီထူး**



**ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးအား အကြမ်းဖက်သမားတစ်စုမှ စီးနင်းဝင်ရောက်ခဲ့စဉ်**



ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးအား ဝင်ရောက်စီးနင်းခဲ့သည့် အကြမ်းဖက်
သောင်းကျန်းသူများအား ယိုးဒယားနိုင်ငံတာဝန်ရှိသူများမှ ရဟတ်ယာဉ်ဖြင့်ခေါ်ဆောင်သွားစဉ်



ယိုးဒယားနိုင်ငံ ဘန်ကောက်သံရုံးအား ဝင်ရောက်စီးနင်းခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူ
အဖွဲ့မှ တန်ဆာခံအချို့အား ယိုးဒယားတာဝန်ရှိသူများထံ ရင်းနှီးစွာလွှဲပြောင်းပေးစဉ်



(၁၅-၄-၂၀၀၂)ရက်နေ့တွင် မြဝတီမြို့၌ KNU အကြမ်းဖက်သောင်းကျန်းသူများမှ မြန်မာ့ရိုးရာ သင်္ကြန်ကာလအတွင်း ချိန်ကိုက်မိုင်း ဖောက်ခွဲခဲ့ရာ (၅)ဦးသေဆုံး၊ (၃၄)ဦးဒဏ်ရာရရှိခဲ့သော ဖြစ်စဉ်အားတွေ့ရပုံ




ယိုးဒယားနယ်မြေအတွင်း ကျောင်းသားအမည်ခံ ABSDFသောင်းကျန်းသူအဖွဲ့ အစည်းအဝေးကျင်းပနေပုံ

## လက်ပါးစေ–ဘိန်းဘုရင်လေးမွေးထားတယ်

၁၉၉၆ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်နေ့က ဦးခွန်ဆာရဲ့ MTA အဖွဲ့ကြီး လက်နက်နဲ့ ငြိမ်းချမ်းရေးလဲတဲ့ သတင်းကြားရတော့ တစ်နိုင်ငံလုံးဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြပါတယ်၊ ဝမ်းမသာတဲ့သူ မကြိုဆိုတဲ့သူ ဘယ်ရှိမလဲဗျာ၊ လူအင်အား(၂၀၀၀၀)နီးပါး၊ လက်နက်မျိုးစုံ(၁၀၀၀၀) နီးပါးရှိတဲ့ ဒီအဖွဲ့ကြီး ချွင်းချက်မရှိ လက်နက်ချခဲ့တာမဟုတ်လား၊ သမိုင်းမှာမကြုံစဖူး ထူးထူးကဲကဲဖြစ်ရပ်ကြီးဘဲ၊ နိုင်ငံတကာကတောင် အသိအမှတ် ပြုခဲ့ကြပါတယ်၊ သို့ပေမဲ့ အဲဒီတုံးက အများသူငါလို ဝမ်းမသာနိုင်ဘဲ ကြိတ်ပြီး ဝမ်းနည်းသူတွေ ရှိတယ်ခင်ဗျ၊ ဦးခွန်ဆာလက်နက်ချတာ ဝမ်းနည်းသူတွေကတော့ ယိုးဒယား နိုင်ငံသားတချို့ဘဲဗျ၊ အထူးသဖြင့် မူးယစ်ဆေးဝါးနဲ့ အကျိုး ဖြစ်ထွန်းနေကြတဲ့ ယိုးဒယားစစ်တပ်၊ ယိုးဒယားရဲနဲ့ အာဏာပိုင် အဖွဲ့က လူတချို့ပေါ့ဗျာ၊ ဒီလိုပြောလို့ ယိုးဒယားနဲ့ နယ်စပ်ပြဿနာဖြစ်တာနဲ့ ရမ်းပြီးစွပ်စွဲနေတယ်လို့ ထင်ပါလိမ့်မယ်၊ တကယ့်ဖြစ်ရပ်မှန်ကို ပြောနေတာပါ။ ကမ္ဘာ့ဘိန်းဘုရင်လို့ စွပ်စွဲပြောဆိုနေကြတဲ့ ဦးခွန်ဆာရဲ့ MTA အဖွဲ့တွေနဲ့ ယိုးဒယားအာဏာပိုင်တွေ ဘယ်လိုဆက်နွယ် ခဲ့ကြလဲ ဆိုတာသိရင် ယိုးဒယားတွေဟာ ဒီလိုပါလားလို့ သဘောပေါက်မှာပါ။

ဦးခွန်ဆာ လက်နက်မချမီက မြန်မာနိုင်ငံ အမေရိကန်သံရုံးမှာ Counsellor တာဝန် ထမ်းဆောင်ခဲ့တဲ့ Barry Broman ဆိုတဲ့ပုဂ္ဂိုလ်က ၁၉၉၆ခုနှစ် သူအငြိမ်းစားမယူမီက ပြောခဲ့ပါတယ်၊ သူ့ရဲ့ပြောဆိုချက်ကို Fait and Projects ဆိုတဲ့ မဂ္ဂဇင်းမှာ ၁၉၉၈ခုနှစ်က ဖော်ပြခဲ့ပါတယ်၊ **"အခုအခါ မြန်မာအစိုးရကို မူးယစ်ဆေးဝါးနဲ့ ပတ်သက်တယ်လို့ စွပ်စွဲနေကြပေမဲ့ လက်တွေ့မှာ ဘာအထောက် အထားမှ ခိုင်ခိုင်မာမာ မတင်ပြနိုင်ပါဘူး။ ကျွန်တော်တို့ အတွေ့အကြုံ အရ အမှန်တကယ် မူးယစ်ဆေးဝါးနဲ့ ပတ်သက်နေသူတွေကတော့ မြန်မာနယ်စပ်ရဲ့ တစ်ဘက်မှာ ရှိနေတဲ့ ယိုးဒယား နိုင်ငံရေးသမားနဲ့ ဗိုလ်ချုပ်များစွာတို့သာဖြစ်ပြီး သူတို့သာ မူးယစ်ဆေးဝါး ကုန်သည်များနဲ့ တစ်ဖိတ်ယာတည်း အတူဖိတ်နေသူများဖြစ်ပါတယ်"** လို့ Broman ရဲ့ ပြောဆိုချက်ကို ဖော်ပြခဲ့ပါတယ်၊ အမေရိကန်နိုင်ငံသား၊ မူးယစ်ဆေးဝါးကိစ္စကျွမ်းကျင်သူ Borman လို သံတမန်တစ်ဦးအနေနဲ့ ဒီလိုပြောဆိုဘို့ဆိုတာ မခိုင်မာဘဲ ပြောမှာမဟုတ်ပါဘူး၊ အထောက်အထားတွေရှိလို့ ဒီလိုပြောတာပါ၊ ယိုးဒယားစစ်တပ်၊ ယိုးဒယားရဲနဲ့ အာဏာပိုင်တွေ မူးယစ်ဆေးဝါးကိစ္စမှာ ဘယ်လောက်ပါဝင် ပတ်သက်ခဲ့လဲဆိုတာ နမူနာ ပြစရာတွေလည်း အများကြီးရှိပါတယ်၊ ခေတ်ဟောင်းကြည့်မလား၊ ခေတ်သစ်ကြည့်မလား၊ မူးယစ်ဆေးဝါး ကင်းတဲ့သူ ခပ်နည်းနည်းပါ။

မြန်မာနိုင်ငံမှာ ကျူးကျော် ဝင်ရောက်ခဲ့တဲ့ တရုတ်ဖြူတွေ ထုတ်လုပ်တဲ့ ဘိန်းမှန်သမျှ CIA ရဲ့ ကျောထောက်နောက်ခံနဲ့ လက်ဝါးကြီးအုပ် လုပ်ကိုင်ခဲ့တာဟာ ယိုးဒယားရဲချုပ် ဖောင်ဆရီယာနွန်ဒါနဲ့ ယိုးဒယားကြည်းတပ် ဦးစီးချုပ် ဆရစ်သာနာရတ်တို့ နှစ်ဦးဆိုတာ ကမ္ဘာသိ ဖြစ်ခဲ့ပါတယ်၊ အဲဒီတုန်းကယိုးဒယားရဲနဲ့ ယိုးဒယားစစ်တပ် ဘိန်းလုတဲ့တိုက်ပွဲတောင် ဖြစ်ခဲ့ကြသေးတာဘဲ၊ ဆရစ်ဟာ ဘိန်းကြောင့် ဘယ်လောက်များ ချမ်းသာခဲ့လဲဆိုရင် သူသေတော့များပြားလှတဲ့ စီးပွားရေး လုပ်ငန်းများ၊ ဒေါ်လာသန်း(၁၅၀)၊ လယ်ဧက(၈၀၀၀)၊ ဘန်ကောက်မြို့မှာ အိမ်ကြီးအိမ် ကောင်းများ၊ တရားဝင်ဇနီး(၂)ဦးနဲ့ မယားငယ်(၅၀)ကျော် ကျန်ရစ်ခဲ့တယ်ဆိုပြီး ဟိုးလေးတကျော် ဖြစ်ခဲ့ပါတယ်၊ အဲဒီအချိန်က ယိုးဒယားရဲနဲ့ ယိုးဒယားစစ်တပ်ဟာ မြန်မာနိုင်ငံထဲက တရုတ်ဖြူတွေအတွက် လက်နက် ခဲယမ်းတွေကို ဘန်ကောက်ကနေ နယ်စပ်ထိ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းနဲ့ ပို့ပေးသလို၊

အပြန်မှာ ဘိန်းသယ်ခဲ့ကြပြီး ကမ္ဘာ့ဘိန်း ဈေးကွက်ကို ဖြန့်ခဲ့ကြသူတွေဖြစ်ပါတယ်၊ တရုတ်ဖြူတွေနဲ့ ယိုးဒယားစစ်တပ်၊ ရဲတို့ရဲ့ ဘိန်းလုပ်ငန်းဟာ ဗီယက်နမ်စစ်ကာလ ရောက်တဲ့အခါ ယိုးဒယားနိုင်ငံဟာ ကမ္ဘာပေါ်မှာ အကြီးမားဆုံး ဘိန်းဖြန့်ဖြူး ရောင်းချတဲ့နိုင်ငံ ဖြစ်လာခဲ့ပါတယ်၊ အဲဒီကာလက ယိုးဒယားစစ်တပ်၊ ရဲတပ်ဖွဲ့တို့ရဲ့ ထိပ်တန်းခေါင်းဆောင်များဟာ ဘိန်းသယ်ဆောင်ရောင်းဝယ်မှုမှာ မပတ်သက် တဲ့သူဆိုတာ မရှိသလောက်ပါဘဲ၊ တရုတ်ဖြူကျူးကျော်သူတွေကို မြန်မာနိုင်ငံက မောင်းထုတ်တဲ့အခါ ယိုးဒယား နိုင်ငံကလက်ခံပြီး နေရာချထားပေးပြန်တော့ နယ်စပ်တစ်လျှောက်မှာ ဘိန်းဖြူထုတ်လုပ် ရောင်းဝယ်မှုဟာ ဆက်လက်ရှင်သန်ခဲ့ပြန်ပါတယ်၊ တရုတ်ဖြူလက်ကျန်နဲ့ မြန်မာနိုင်ငံက သောင်း ကျန်းသူတွေ အပြန်အလှန် အကျိုးပြုဆက်နွယ်ခဲ့ကြပြန်တယ်။

ဒီလိုနဲ့ ဗီယက်နမ်စစ်ပြီးတဲ့ နောက်လည်း မူးယစ်ဆေးဝါးလုပ်ငန်းဟာ အရှိန်အဟုန် ကျမသွားခဲ့ဘူး၊ ရွှေတြိဂံကထွက်သမျှ ဘိန်းဖြူဟာ ယိုးဒယားကို ဖြတ်သန်းပြီးမှ ကမ္ဘာ့ဈေးကွက်ကို ရောက်ခဲ့တာဖြစ်လို့ ယိုးဒယားအာဏာ ပိုင်တွေနဲ့ မူးယစ်ဆေးဝါးဟာ ဘယ်လိုမှ မကင်းခဲ့ဘူးဆိုတာ ထင်ရှားလှပါတယ်၊ MTA အဖွဲ့ကြီး လက်နက်ချစဉ်က ဟိုမိန်းဌာနချုပ်မှာ ဦးခွန်ဆာနဲ့ ကာလအတော်ကြာ အတူနေထိုင်ခဲ့တဲ့ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦး ပြန်ပြောပြတာ သတိရမိပါတယ်၊ ဒီတုန်းက ဦးခွန်ဆာက " **ယိုးဒယားတွေ ကတော့ ခွန်ဆာမရှိတော့ရင် ဒုတိယခွန်ဆာ မွေးလိမ့်မဗျ"** လို့ပြောခဲ့တယ်လို့ သိရပါတယ်၊ တာဝန်ရှိပုဂ္ဂိုလ်က ဘာကြောင့်လဲလို့ ပြန်မေးတဲ့အခါ **" ယိုးဒယားနိုင်ငံမှာ ဘယ်နေရာမှာ ဘိန်းဖမ်းမိဖမ်းမိ၊ ခွန်ဆာ့ဘိန်း လို့ ပြောကြရေးကြတာဘဲ၊ ယိုးဒယားတွေပို့လို့ ဘယ်နိုင်ငံမှာ ဖမ်းမိဖမ်းမိ ခွန်ဆာ့ဘိန်းဘဲ ပြောတာဘဲ၊ ခွန်ဆာမရှိရင် တရားခံရှာရခက်သွားမယ်လေ၊ ဒါကြောင့် ဒုတိယခွန်ဆာရှာပြီး ဘိန်းဘုရင် အမည်တပ်ဖို့မှာဘဲ၊ စောင့်ကြည့်ပါ၊ သေချာပါတယ်လို့ "** ဦးခွန်ဆာက ပြန်ပြောခဲ့တယ်လို့ ဆိုပါတယ်၊ အဓိပ္ပါယ် သဘောမပေါက်လို့ မေးတဲ့အခါ ယိုးဒယားနိုင်ငံဟာ ဘိန်းနဲ့ဝင်ငွေ အများကြီးရခဲ့တယ်၊ အာဏာပိုင်တွေလည်း ဘိန်းကြောင့်ချမ်းသာခဲ့တယ်၊ အင်မတန် နံမည်ပျက်တဲ့အခါ ဘိန်းဘုရင် သရဖူကို မြန်မာပြည်ဘက်ကို ပစ်ပေးလိုက်တာဘဲ၊ ဒီလိုနဲ့ ဦးလော်စစ်ဟန် ကို ဘိန်းဘုရင်ဘွဲ့ပေးခဲ့တယ်၊ ပြီးတော့ ခွန်ဆာဘိန်းဘုရင် ဖြစ်လာတယ်၊ ယိုးဒယားနိုင်ငံအတွက် အကာအကွယ်ရဘို့ ခွန်ဆာလို ဘိန်းဘုရင် မရှိလို့မဖြစ်ဘူး၊ ဘိန်းဘုရင် ရှာဦးမှာဘဲလို့ ဦးခွန်ဆာက ရှင်းပြခဲ့တယ်လို့ သိရပါတယ်၊ ဒါကြောင့်လဲ ဒီကနေ့ 'ဝ'အဖွဲ့ကို မူးယစ်ဆေးဝါးထုတ်လုပ်တဲ့ အဖွဲ့ကြီးအဖြစ် ကမ္ဘာကျော်အောင် ဘက်ပေါင်းစုံက ပို့နေကြတာ ဖြစ်ပါတယ်၊ ခွန်ဆာနဲ့ MTA မရှိကတည်းက ယိုးဒယားနိုင်ငံထဲမှာ ဘယ်နေရာမှာဘဲ မူးယစ်ဆေးဝါး ဖမ်းမိဖမ်းမိ 'ဝ'အဖွဲ့ဟာဘဲလို့ ခေါင်းစဉ်တပ် ပါတယ်၊ ယိုးဒယားနိုင်ငံက ထုတ်လုပ်တဲ့ဘိန်းဖြူ ယိုးဒယားနိုင်ငံက ထုတ်လုပ်တဲ့ ဆေးပြားရယ်လို့ တစ်ခါမှ မကြားမိခဲ့ပါဘူး၊ သူတော်ကောင်းများ နေထိုင်တဲ့ တိုင်းပြည်လို့ မကြေညာတာဘဲ တော်သေးရဲ့လို့ အောက်မေ့ရပါလိမ့်မယ်။

ယိုးဒယားနိုင်ငံဟာ ဦးခွန်ဆာကို ကမ္ဘာ့ဘိန်းဘုရင်အဖြစ် သရဖူ ဆောင်းပေးပြီး လူကြားကောင်းအောင် အော်ခဲ့ပေမဲ့ တကယ်လက်တွေ့မှာ MTA အဖွဲ့ရဲ့ ကိုယ်စားလှယ်ရုံးတွေကို ချင်းမိုင်၊ မယ်ဆိုင်၊ မယ်ဟောင်ဆောင် မြို့များမှာ ပေါ်ပေါ်ထင်ထင် နေထိုင်လှုပ်ရှားခွင့် ပြုခဲ့ပါတယ်၊ တာချီလိတ်ကနေ မယ်ဟောင်ဆောင် တစ်လျှောက် ကြိုက်တဲ့နေရာ ကြိုက်သလို ဝင်ထွက်ခွင့်ပြုခဲ့ပါတယ်၊ ၁၉၇၇ခုနှစ်လောက်ကဆိုရင် ခွန်ဆာဟာ ယိုးဒယားနိုင်ငံ ဝန်ကြီးချုပ်နဲ့တောင် တွေ့ဆုံခဲ့ရပါသေးတယ်၊ ၁၉၈၃ခုနှစ်လောက်က ယိုးဒယားစစ်တပ်ဟာ မဟိန်တက်မှာ ခွန်ဆာကို တိုက်တယ်ဆိုပေမဲ့ နောက်ပိုင်း လက်နက်ချချိန်ထိ ယိုးဒယားတပ်များက နားလည်မှု ယူခဲ့ပါတယ်၊ ဘာလို့လဲဆိုတော့ တိုက်မယ်ဆိုရင်

ယိုးဒယားတပ်များက ကြိုပြီးပြောတယ်လို့ ဆိုပါတယ်၊ MTA တပ်များ စစ်ရေးလှုပ်ရှားနိုင်ဘို့ ယိုးဒယား စစ်တပ်၊ ယိုးဒယားရဲများဘဲ သယ်ပို့ယူဆောင်ပေးခဲ့ပါတယ်၊ ၁၉၉၅ခုနှစ်က ခွန်ဆာအဖွဲ့ တာချီလိတ်မြို့ ဝင်တိုက်တဲ့အခါ ယိုးဒယားက ဘယ်လောက် ကူညီသလဲဆိုတာကြည့်ရင် သိသာထင်ရှားလှပါတယ်၊ MTA ဩဇာသက်ရောက်တဲ့နယ်စပ် တစ်လျှောက် မူးယစ်ဆေးဝါးထုတ်လုပ်မှု လုပ်ခဲ့တာလည်း ယိုးဒယား နိုင်ငံသားများဘဲ ဖြစ်ပါတယ်၊ MTA အတွက် လက်နက်ခဲယမ်းဆိုတာ ယိုးဒယားတပ်နဲ့ ရဲကဘဲ လိုသလောက် ဝယ်ယူရရှိခဲ့တာဘဲ ဖြစ်ပါတယ်၊ ဦးခွန်ဆာရဲ့ MTA အဖွဲ့ကြီး ရှိနေခဲ့တာဟာ ယိုးဒယားနိုင်ငံ၊ ယိုးဒယားလူမျိုးတွေအတွက် ဘယ်လိုအကျိုးအမြတ်တွေ ရခဲ့လဲဆိုရင်-

- ယိုးဒယားအစိုးရ အသီးသီးရဲ့ ကာကွယ်ရေးမူဝါဒအရ Buffer Zone ကြားခံနယ်မြေ (သို့) ခြစည်းရိုး(သို့) ရှေ့တန်းခံစစ်အဖြစ် လုံခြုံမှုအပြည့်အဝရနေတယ်။

- MTA အတွက် လိုအပ်တဲ့ လက်နက်ခဲယမ်း၊ စားနပ်ရိက္ခာ၊ စစ်ဝတ်တန်ဆာတွေ ရောင်းချရတဲ့အတွက် အကျိုးအမြတ်တွေ ရခဲ့တယ်။

- MTA ဩဇာသက်ရောက်တဲ့ နယ်မြေမှာ ယိုးဒယားသားများ ဘိန်းဖြူထုတ်လုပ်ခွင့်ရသလို MTA က ထုတ်လုပ်တဲ့ဘိန်းဖြူများလည်း ယိုးဒယားသားများ လက်ဝါးကြီးအုပ် ဝယ်ယူခွင့် ရရှိပြီး ကမ္ဘာ့ဈေးကွက်ကို ဖြန့်နိုင်ခဲ့လို့ အကျိုးအမြတ် အများအပြား ရခဲ့တယ်၊ (မူးယစ်ဆေးဝါးမှ ရငွေဟာ တစ်နှစ်မှာ ယိုးဒယားနိုင်ငံရဲ့ ပိုကုန်တန်ဘိုး (၂)ဆရှိတယ်လို့ ကျွမ်းကျင်သူများက ခန့်မှန်းခဲ့ကြပါတယ်။)

- တရုတ်ဖြူတွေ ဝင်ရောက်လာချိန်နဲ့ ဗီယက်နမ်စစ်ကာလများမှာ ယိုးဒယားနိုင်ငံဟာ ကမ္ဘာပေါ်မှာ အကြီးမားဆုံး ဘိန်းနဲ့ဘိန်းဖြူ ဖြန့်ဖြူးရောင်းချတဲ့ နိုင်ငံအဖြစ် ကျော်ကြားခဲ့ပါတယ်၊ ဒီလိုကျော်ကြားမှုကို မြန်မာနိုင်ငံဘက်ကို ဦးလှည့်သွားအောင် လုပ်ဆောင်ရာမှာ MTA အဖွဲ့ကြီး ရှင်သန်ကြီးထွားလာအောင် ပံ့ပိုးကူညီခဲ့ပါတယ်၊ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုသလို တစ်ဘက်က မြန်မာနိုင်ငံရဲ့ ရန်သူတစ်ဖွဲ့ အင်အားကြီးထွားလာစေသလို တစ်ဘက်မှာ မြန်မာနိုင်ငံကို ကမ္ဘာ့မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရာ နိုင်ငံအဖြစ် တစ်ကမ္ဘာလုံး အာရုံစိုက်လာစေခဲ့ပါတယ်။

ဒါကြောင့် ဦးခွန်ဆာ လက်နက်ချတဲ့အခါ ယိုးဒယားသားတချို့ ကြိတ်ပြီးဝမ်းနည်းခဲ့ကြပါတယ်လို့ ပြောခဲ့တာဖြစ်ပါတယ်၊ သို့ပေမဲ့ ကာလကြာရှည်စွာဝမ်းမနည်းလိုက်ရပါဘူး၊ ယိုးဒယားနိုင်ငံသားများအတွက် ဦးခွန်ဆာရဲ့ MTA အဖွဲ့ထက်ပိုပြီးအကျိုးပြုမဲ့ လက်ပါးစေအဖြစ် လည်းလိုရာသုံးလို့ရမဲ့ ရွက်ဆစ်ကို မွေးနိုင်ခဲ့လို့ပါဘဲ၊ ၉၆ခုနှစ် MTA လက်နက်ချတဲ့အချိန် ရွက်ဆစ်လည်း မုံးထော်-မုံးထမှာ လက်နက်ချခဲ့ပါတယ်၊ ချိန်းမိုင်မှာနေတဲ့ ရှမ်းသောင်းကျန်းသူ လူဟောင်းထဲက ခွန်ကြာနုတို့ကို ဆက်သွယ်စေပြီး ရွက်ဆစ်ကိုစည်းရုံးခဲ့ပါတယ်၊ ယိုးဒယားတို့ ဖဲ့ထုတ်စည်းရုံးခံရတဲ့ရွက်ဆစ်ဟာ ယိုးဒယားနိုင်ငံ ပိန်းလုံဘက်ကို ဝင်ရောက်သွားခဲ့ပါတယ်၊ SURA အဖွဲ့ ဖွဲ့စည်းပြီး လူမျိုးရေးအသံကောင်းဟစ်ရင်း ယိုးဒယားတို့ရဲ့ လက်ပါးစေဖြစ်ခဲ့ရပါတယ်၊ ယိုးဒယားကလည်း MTA အဖွဲ့ကြီး လက်နက်ချသွားတဲ့အခါ နယ်စပ်တစ်လျှောက် MTA များနေရာမှာ မြန်မာ့တပ်မတော်က အစားထိုးဝင်လာပြီဆိုတော့ ထိပ်တိုက်တွေ့နေရပြီ ဖြစ်ပါတယ်၊ ဘယ်တုန်းကမှ ကြားခံမရှိရင်မနေလိုတဲ့ ယိုးဒယားဟာ SURA ကို ကြားခံအဖြစ်သုံးဖို့ အင်အားတောင့်တင်းလာအောင် တရားမဝင် စီစဉ်ခဲ့ပါတယ်၊

အလုပ်လာလုပ်တဲ့ ရှမ်းတိုင်းရင်းသားတွေကို ဖမ်းဆီးပြီး လူသစ်အဖြစ် စုဆောင်းပေးခဲ့ပါတယ်၊ အမေရိကန်နိုင်ငံက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အကြောင်းပြချက်နဲ့ အထောက်အပံ့ရတဲ့ လက်နက်ခဲယမ်းတွေကို လည်း SURA အဖွဲ့ကို ပံ့ပိုးပေးခဲ့ပါတယ်၊ ယိုးဒယားစစ်တပ်က နည်းပြတွေနဲ့ သင်တန်းတွေလည်း ပေးခဲ့ပါတယ်၊ ရိက္ခာ/စစ်ဝတ်ပစ္စည်းများလည်း ထောက်ပံ့ခဲ့တယ်၊ ဒါကြောင့်လည်း လူလက်နက်အင်အား အသင့်အတင့် တောင့်တင်းလာခဲ့ပါတယ်၊ ဒီလိုနဲ့နယ်စပ်မှာ ပြဿနာရှာချင်တဲ့အခါ SURA ကို ရှေ့တန်းတင်အသုံးချခဲ့ပါတယ်၊ တကယ်တော့ ယိုးဒယားများဟာ SURA ခွန်ဆာအဖွဲ့ကို မွေးမြူတာဟာ လုံခြုံရေးအတွက်ကြားခံ (သို့) ခြံစည်းရိုးအတွက်သာ မဟုတ်ပါဘူး၊ အဓိကအကြောင်းရင်းကတော့ ကာလကြာမြင့်စွာ အစဉ်အဆက်လုပ်ခဲ့ကြတဲ့ မူးယစ်ဆေးဝါးလုပ်ငန်းကို မစွန့်လွှတ်လိုကြသေးလို့ဆိုတာ တဖြည်းဖြည်း ထင်ရှားလာပါတယ်။

ခွန်ဆာဟာ လွယ်တိုင်းလျှံဌာနချုပ် စခန်းအနီးမှာ ဗျူဟာမှူး ခေးဖြူဆိုသူကို ဦးစီးစေပြီး ဘိန်းဖြူနဲ့စိတ်ကြွရူးသွပ်ဆေးပြား အများအပြားထုတ်နေတယ်ဆိုတာ မကြာသေးမီက အလင်းဝင် (၃)ဦးရဲ့ ပြောပြချက်အရ သိကြပြီးဖြစ်ပါတယ်၊ တကယ်တော့ အခုမှလုပ်တာမဟုတ်ပါဘူး၊ ၁၉၉၇ခုနှစ် ကတည်းကလုပ်ခဲ့တာပါ။ ၉၇ခုနှစ် ဇူလိုင်လမှာ မိုင်းတုံမြို့နယ်မှာ သစ်ထုတ်နေတဲ့ ထိုင်းနိုင်ငံက ထိုင်းစဝပ် သစ်ကုမ္ပဏီက အလုပ်သမားခေါင်းဆောင် ပူထန်နဲ့(၃)ဦးကို ခွန်ဆာအဖွဲ့က ပြန်ပေးဆွဲပါတယ်၊ ဘတ်သန်း(၃၀)တောင်းတဲ့အခါ ငွေမပေးနိုင်ရင် မူးယစ်ဆေးဝါး ထုတ်ရာမှာသုံးတဲ့ အက်စစ်နဲ့ ဓါတုဗေဒ ဆေးရည်တွေပေးဘို့ ကုမ္ပဏီနဲ့သဘောတူခဲ့ပါတယ်၊ ထိုင်းစဝပ်ကုမ္ပဏီက အလုပ်သမား လုံးလေ့ ဆိုသူ ကိုယ်တိုင် အက်ဆစ်နဲ့ဓါတုဗေဒ ဆေးရည်တွေ ခွန်ဆာဆီ ပို့ပေးခဲ့ရပါတယ်၊ ၉၇ခုနှစ်မှာဘဲ မိုင်းတုံမြို့နယ် မော်ခလိရွာက ဒေါ်နန်းကျန်ဆိုသူရဲ့အိမ်မှာ စိတ်ကြွဆေးပြား (၃၈၀၀၀) ဖမ်းဆီးရမိခဲ့ပါတယ်၊ ဒေါ်နန်းကျန်ဟာ ခွန်ဆာရဲ့ခိုင်းစေမှုကြောင့် စိတ်ကြွဆေးပြား(၄)သိန်းရောင်းချဘို့ ယူလာခဲ့ကြောင်း သိရပါတယ်၊ အလားတူ မိုင်းတုံမြို့နယ်၊ ဝမ်စလားရွာက စံဝ ကိုလည်း စိတ်ကြွဆေးပြား(၄)သိန်းပေးပြီး ရောင်းချစေခဲ့ကြောင်း သိရှိရပါတယ်၊ ၉၇ခုနှစ်ကတဲက ခွန်ဆာကိုယ်တိုင် မူးယစ်ဆေးဝါး လုပ်နေပြီဆိုတာ သိခဲ့ပါတယ်၊ ဒါကြောင့်လဲ မူးယစ်ဆေးဝါး ထုတ်လုပ်တဲ့အဖွဲ့ဖြစ်တယ်ဆိုတာ အခိုင်အမာ ပြောနိုင်ပါတယ်၊ ယိုးဒယားစစ်တပ်နဲ့ ယိုးဒယားရဲများဟာ ခွန်ဆာကိုမွေးတာဟာ ကြားခံနယ်မြေသာမက ဘဲ မူးယစ်ဆေးဝါးကပါ အကျိုးအမြတ် ရနေတယ်ဆိုရင် ငြင်းနိုင်မှာမဟုတ်ပါဘူး။

သို့ပေမဲ့ ငြိမ်းချမ်းရေးရယူထားပြီး မူးယစ်ဆေးဝါးပပျောက်ရေးကို ကြိုးစား လုပ်ဆောင်နေတဲ့ 'ဝ'အဖွဲ့ကို တစ်ကမ္ဘာလုံးက မူးယစ်ဆေးဝါး ထုတ်လုပ်တဲ့အဖွဲ့ကြီးအဖြစ် ထင်မှတ်လာအောင် Media တွေ အသုံးချပြီး ပုံဖော်နေကြပါတယ်၊ ယိုးဒယားနိုင်ငံထဲမှာ ဘယ်နေရာဘယ်ဒေသမဆို ဘိန်းဖြူနဲ့ဆေးပြားမိရင် 'ဝ' အဖွဲ့က ဖြစ်တယ်ဆိုပြီး စွပ်စွဲပါတယ်၊ တစ်ဘက်က 'ဝ'လို့စွပ်စွဲရင်းတစ်ဘက်မှာတော့ SURA ခွန်ဆာအဖွဲ့ရဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို အားပေးအားမြှောက်ပြုပြီး အကျိုးတူ ခံစားနေကြတဲ့ သဘောရှိပါတယ်၊ ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးနဲ့မကင်းခဲ့တဲ့ ယိုးဒယား စစ်တပ်နဲ့ ယိုးယားရဲများဟာ ခွန်ဆာအဖွဲ့ရဲ့ မူးယစ်ဆေးဝါးလုပ်ငန်းမှာ ပါဝင်ပတ်သက်မှုရှိမယ်ဆိုတာ မြေကြီး လက်ခတ်မလွဲပါဘူး။ နယ်စပ်ပြဿနာဖြစ်တိုင်း ယိုးဒယားနိုင်ငံအတွင်းမှာ မူးယစ်ဆေးဝါး ဈေးနှုန်းများကလည်း (၂)ဆလောက်မြင့်တက်လေ့ရှိတယ်လို့ သိရပါတယ်၊ မူးယစ်ဆေးဝါးက အကျိုးအမြတ်ကလည်း မနည်းလှတဲ့ငွေကြေးမို့ နယ်စပ်ပြဿနာ မပေါ်ပေါ်အောင် ဖန်တီးနေကြသလားလို့လည်း စဉ်းစားစရာ ဖြစ်နေပါတယ်၊ ဘာဘဲဖြစ်ဖြစ် SURA အဖွဲ့ကို လက်ပါးစေအဖြစ် မွေးမြူထားနိုင်တာဟာ ယိုးဒယားအတွက်

ဘက်ပေါင်းစုံ အကျိုးအမြတ်ရနေပါတယ်၊ မြန်မာနိုင်ငံအနေနဲ့ကတော့ SURA အဖွဲ့ကို ဘိန်းမှောင်ခိုသောင်းကျန်းသူအဖွဲ့လို့ဘဲ သတ်မှတ်ထားပါတယ်၊ ဒါ့အပြင်နယ်စပ်မှာ ပြဿနာဖန်တီးနေတဲ့အဖွဲ့၊ သူတပါးရဲ့လက်ပါးစေ၊ အမျိုးသားရေး သစ္စာဖောက်အဖွဲ့ဖြစ်တာမို့ အမိကဦးတည်ရန်သူအဖြစ် တမျိုးသားလုံး ဝိုင်းဝန်းချေမှုန်းဘို့ လိုအပ်ကြောင်း နှိုးဆော်အပ်ပါတယ်။



**ယခင် MTA ဟိုမိန်းဌာနချုပ်တွင် ဦးခွန်ဆာနှင့် ယိုးဒယားစစ်တပ်မှအရာရှိကြီးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနေပုံ**




ဟိုမိန်းဒေသမှ သစ်များထုတ်ယူရန် ဦးခွန်ဆာနှင့် ယိုးဒယားနိုင်ငံသားများ ဆွေးနွေးနေကြစဉ်



ယိုးဒယားနိုင်ငံ Nation သတင်းထောက် Yindee နှင့် ဦးခွန်ဆာတို့ ဟိုမိန်းဒေသ
ကော့မိုင်ကုန်းအနီး ခင်မင်ရင်းနှီးစွာ လမ်းလျှောက်ရင်း စကားပြောနေပုံ



ယိုးဒယားတို့၏လက်ပါးစေအဖြစ် မွေးမြူထားသည့် SURA
ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူ ရွက်ဆစ်အား ယိုးဒယားသတင်းထောက်များနှင့်တွေ့ရပုံ



SURA ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူ အဖွဲ့မှ(၂၉- ၁၀ - ၂၀၀၁)ရက်နေ့တွင်
လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့သူ တပ်ခွဲမှူးအဆင့်ရှိကွမ်ခမ်း၊ တပ်စုမှူးအဆင့်ရှိ
ဖိုက်မောင်နှင့် တပ်သားအဆင့်ရှိ ဖိုက်ပီးတို့(၃)ဦးအား တွေ့ရပုံ

## သောင်းကျန်းသူတွေရှိလေ ယိုးဒယားတို့အကျိုးများလေ


စိတ်သဘောထားမှန်ကန်တဲ့ ယိုးဒယားပညာရှင်တချို့က ယိုးဒယားနိုင်ငံရဲ့ ကာကွယ်ရေးမူဝါဒကြောင့် အိမ်နီးချင်း တိုင်းပြည်များဟာ ယိုးဒယားနိုင်ငံအပေါ် အပြည့်အဝယုံကြည်မှုမရှိဘူး၊ အမြဲသံသယ ရှိနေကြတယ်လို့ မှန်မှန်ကန်ကန် သုံးသပ်ပြောဆိုကြပါတယ်၊ အိမ်နီးချင်းတိုင်းပြည်များရဲ့ အကြမ်းဖက်သောင်းကျန်းသူ အုပ်စုတွေနဲ့ ဆန့်ကျင်ဘက်အုပ်စုတွေကို တစ်ဘက်မှာ လက်ခံအားပေးကူညီပြီး တစ်ဘက်မှာတော့ ဘယ်သောင်းကျန်းသူမှ လက်မခံပါဘူး၊ ဒီလိုမူဝါဒလည်း မကျင့်သုံးပါဘူးလို့ ပြောင်လိမ်ပြီးပြောခဲ့တာ ရာစုနှစ်ဝက်လောက်ကြာခဲ့ပြီဘဲ၊ ယခင်အစိုးရတော့မသိဘူး၊ ကျွန်တော်တို့ အစိုးရလက်ထက်မှာတော့ ဒီမူဝါဒမသုံးဘူးလို့ ပြောခဲ့တာလည်းများလှပါပြီ၊ ဒါကြောင့်လည်း ယိုးဒယားကို အိမ်နီးချင်းနိုင်ငံအားလုံးက သမိုင်းနဲ့ချီပြီး မယုံကြည်ကြတာဖြစ်ပါတယ်၊ ယိုးဒယားဟာ အိမ်နီးချင်းနိုင်ငံများရဲ့ သောင်းကျန်းသူတွေကိုဘာကြောင့် လက်ခံအားပေး ကူညီရတာလဲဆိုတာကို လေ့လာကြည့်တဲ့အခါ စီးပွားရေးအကျိုးအမြတ်ရရှိမှုဟာ အဓိကအကြောင်းအရင်း တစ်ခုဖြစ်နေတယ်ဆိုတာ တွေ့ရပါတယ်၊ သောင်းကျန်းသူများကြောင့် မူးယစ်ဆေးဝါးမှာ လက်ဝါးကြီးအုပ် ရောင်းဝယ်နိုင်ခဲ့လို့ အဆမတန် အကျိုးအမြတ်ရခဲ့တယ်၊ သစ်၊ သတ္တု၊ ကျောက်မျက်စတဲ့ သယံဇာတ ကုန်ကြမ်းများကို ဈေးပေါပေါနဲ့ ရလို့လည်း အကျိုးအမြတ်ရခဲ့တယ်၊ ဒ့ါပြင် လက်နက်၊ ခဲယမ်းစတဲ့ တရားမဝင်မှောင်ခိုရောင်းဝယ်မှုကလည်း အကျိုးအမြတ်ရတယ်၊ ဒီလိုစီးပွားရေး အကျိုးဖြစ်ထွန်းနေတာကြောင့် သောင်းကျန်းသူမှန်သမျှ လက်ခံအားပေးကူညီခဲ့တာ ဖြစ်ပါတယ်။

သောင်းကျန်းသူတွေကို လက်ခံအားပေး ကူညီတဲ့နေရာမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ကတော့ ယိုးဒယားနိုင်ငံအတွက် အကျိုးအမြတ်အရှိဆုံးဖြစ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ သောင်းကျန်းသူအဖွဲ့မျိုးစုံ ရှိခဲ့တဲ့အပြင် ကာလကြာမြင့်ခဲ့သလို နှစ်နိုင်ငံနယ်နိမိတ်ကလည်း အရှည်လျားဆုံးဖြစ်လို့ပါဘဲ၊ သောင်းကျန်းသူတွေကို လက်ခံအားပေးကူညီတာလည်း အာဏာပိုင်အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေဖြစ်သလို စီးပွားရေး အကျိုးအမြတ်ရခဲ့တာလည်း သူတို့ဘဲဖြစ်ပါတယ်၊ မူးယစ်ဆေးဝါးဘဲဖြစ်ဖြစ်၊ လက်နက်မှောင်ခိုတာဘဲလုပ်လုပ်၊ သစ်ခိုးတာ၊ ငါးခိုးတာ ဘယ်မှာမဆို စစ်ဘက်၊ နယ်ဘက်၊ ရဲဘက်က အကျင့်ပျက် အာဏာပိုင်များဘဲ အဓိကလုပ်တာဖြစ်ပါတယ်၊ ဒ့ါကြောင့် မြန်မာနိုင်ငံမှာ သောင်းကျန်းသူ ချုပ်ငြိမ်းမှာကို မလိုလားကြဘူး၊ သောင်းကျန်းသူရှိလေ ယိုးဒယားတို့အကျိုးစီးပွား ဖြစ်ထွန်းလေမို့ ကြားခံဇုံထားရှိတဲ့မူဝါဒကို နိုင်ငံတော်ကာကွယ်ရေး မူဝါဒအဖြစ် ကျင့်သုံးနေတာဖြစ်ပါတယ်၊ စာရေးသူရဲ့ အကြမ်းဖျဉ်းလေ့လာ တွေ့ရှိချက်များကို တင်ပြထားတဲ့ ယခုဆောင်းပါးကို ဖတ်ရှုပြီးရင် ယိုးဒယားများဟာ မြန်မာနိုင်ငံအပေါ်မှာ သောင်းကျန်းသူလက်ခံအားပေးပြီး စီးပွားရေးအမြတ်ထုတ်နေတယ်ဆိုတာ ပိုမိုသဘော ပေါက်လာမယ်လို့ထင်ပါတယ်။

### လက်နက်ခဲယမ်းရောင်းရလို့လည်းအကျိုးဖြစ်

မေလ(၂၁)ရက်နေ့ထုတ် NEW STRAITS TIMES သတင်းစာမှာ Thai arms smuggling Web, Eassy access to military stockpiles threatens Asian Stability ဆိုတဲ့ ခေါင်းစဉ်နဲ့ သတင်းဖတ်ရပါတယ်၊ ဒီသတင်းထဲမှာ "**ယိုးဒယား လက်နက်ခဲယမ်း မှောင်ခိုရောင်းဝယ်ရေး ကွန်ယက်ဟာ သမိုင်းနှင့်ချီပြီး တောင်းစွာဖွဲ့စည်းတည်ဆောက်ထားခဲ့ပါတယ်၊ ဆယ်စုနှစ်(၁)စု ကျော်ကြာ ကမ္ဘောဒီးယားပြည်တွင်းစစ်ရဲ့ လက်ကျန်လက်နက်များကို ယိုးဒယားနိုင်ငံ မြောက်ပိုင်းဒေသ ဖြတ်သန်းပြီး**

**မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့များနှင့် မူးယစ်ဆေးဝါးသောင်းကျန်းသူ အဖွဲ့အစည်းကြီးများအား ယိုးဒယားများက သယ်ဆောင်ရောင်းချခဲ့ တာဟာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ"** လို့ ပါရှိပါတယ်၊ ၁၉၅၀ ဝန်းကျင်ကစပြီး တရုတ်ဖြူများကို အမေရိကန်တို့ ထောက်ပံ့ခဲ့တဲ့ လက်နက်၊ ခဲယမ်းတွေဟာ တရုတ်ဖြူများသာမက ယိုးဒယားတို့ပါ ရရှိခဲ့ပါတယ်၊ တရုတ်ဖြူတွေ ထိုင်ဝမ် ပြန်သွားတဲ့အခါ တရုတ်ဖြူ၏ လက်ကျန် လက်နက်ခဲယမ်းများ ယိုးဒယားလက်နက်မှောင်ခိုဈေးကွက် ရောက်ခဲ့ပါတယ်၊ ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် ယိုးဒယားကို အမေရိကန်ထောက်ပံ့ခဲ့တဲ့ လက်နက်၊ ခဲယမ်းများလည်း မှောင်ခိုဈေးကွက် ရောက်လာခဲ့တာဘဲ၊ ၁၉၆၀ နောက်ပိုင်း ဗီယက်နမ်စစ်အတွင်းနဲ့ စစ်ပြီးကာလမှာ လက်ကျန်စစ်လက်နက်ပစ္စည်းများလည်း ယိုးဒယားလက်နက်မှောင်ခို ဈေးကွက်ကြီး ဖြစ်နေဘို့ ဆက်ပေးခဲ့ပြန်ပါတယ်၊ ဒီနောက် ၁၉၈၀ ဝန်းကျင်ကြတော့ ကမ္ဘောဒီးယား ပြည်တွင်းစစ်မှာ ပြည်ပနိုင်ငံကြီးတွေကသူ့အုပ်စု၊ ကိုယ့်အုပ်စု ထောက်ပံ့ခဲ့တဲ့ လက်နက်၊ ခဲယမ်းများလည်း ယိုးဒယား မှောင်ခိုဈေးကွက်ကို အမြောက်အများ ရောက်လာခဲ့ပြန်တယ်၊ ဒါကြောင့်လည်း ၁၉၅၀ ဝန်းကျင်ကစခဲ့တဲ့ လက်နက်မှောင်ခို ဈေးကွက်ဟာယခုအချိန်ထိ ကာလကြာခဲ့ပြီမို့ အခိုင်အမာအမြစ်တွယ်ခဲ့ပြီး ဖြစ်ပါတယ်။



**(၁၈-၂-၂၀၀၁)ရက်နေ့တွင် လွယ်မဆုတ်စခန်း အရှေ့ဘက်မှ သိမ်းဆည်း ရမိခဲ့သော ယိုးဒယားတပ်သုံး VHF /FMဆက်သွယ်ရေးစက်အား တွေ့ရပုံ**

မြန်မာနိုင်ငံရဲ့ ပြည်တွင်းလက်နက်ကိုင်ဆူပူသောင်းကျန်းမှုကလည်း ၁၉၅၀ က ယနေ့ထိ သက်ဆိုးရှည်ရတာဟာ ယိုးဒယားနိုင်ငံက လက်နက်၊ ခဲယမ်းဝယ်ယူရရှိမှုဟာ အဓိက ဖြစ်ပါတယ်၊ ဗမာပြည်မှာပေါ်ပေါက်ခဲ့တဲ့ သောင်းကျန်းသူမှန်သမျှ ကိုင်တွယ်အသုံးပြုခဲ့တဲ့ လက်နက်၊ ခဲယမ်းများဟာ ယိုးဒယားမှောင်ခိုဈေးကွက်က ဝယ်ယူရရှိခဲ့တာဖြစ်ပါတယ်၊ လက်နက်ငယ်မျိုးစုံနဲ့ဗိုင်(၅) စက်သေနတ်ကြီး၊ ၇၅ မမ၊ ၅၇ မမ နောက်ပွင့်ရိုင်ဖယ်စတဲ့ လက်နက်ကြီးတွေအပြင် တင့်ဖျက် လက်နက်နဲ့ SAM-7 မြေပြင်မှ ဝေဟင်ပစ် ပခုံးထမ်းဒုံးကျည်ထိ ဝယ်ယူရရှိပါတယ်၊ လက်နက်ငယ်ကျည်တစ်တောင့် (၁၅)ဘတ်၊ (၁၆)ဘတ်ကနေ ဒုံးကျည်(၁)လုံး ဘတ်(၂)သန်းထိပေးရင် အချိန်မရွေး ဝယ်လို့ရပါတယ်၊

ခွန်ဆာရဲ့ MTA အဖွဲ့ဟာ အဲဒီလိုဒုံးကျည်များဝယ်ယူခဲ့လို့ လက်နက်ချတုန်းကတောင် အတော်များများ ပါခဲ့ပါတယ်၊ နှစ်ပေါင်းများစွာ မြန်မာနိုင်ငံက သောင်းကျန်းသူတွေကို လက်နက်ခဲယမ်း ရောင်းချရတဲ့ အတွက် ယိုးဒယားသားတွေ အကျိုးအမြတ် ဘယ်လောက်များရခဲ့မလဲဆိုရင် ခန့်မှန်းဘို့တောင်ခက်ခဲပါ လိမ့်မယ်၊ လက်နက်ခဲယမ်းများ မှောင်ခိုရောင်းချတဲ့နေရာမှာ ယိုးဒယားစစ်တပ်၊ ယိုးဒယားရဲတွေ ကိုယ်တိုင် ပါဝင်ပတ်သက်တယ်ဆိုတာ နိုင်ငံတကာအသိပါ။ မကြာမကြာ ဖမ်းဆီးရမိလို့ အရှက်ကွဲခဲ့ရတာ လည်း မနည်းလှတော့ပါဘူး၊ ဒါကြောင့်လည်း မြန်မာနိုင်ငံက သောင်းကျန်းသူတွေကို လက်ခံအားပေး ကူညီတာဟာ ယိုးဒယားတို့အကျိုးစီးပွားဖြစ်ထွန်းနေလို့ဆိုတာ ဘယ်လိုမှငြင်းလို့ မရပါဘူး။



**ဖို-၇ တောင်ကုန်းတိုက်ပွဲတွင်** SURA **ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသော ယိုးဒယားနိုင်ငံ စစ်တပ်သုံးလက်နက်၊ ခဲယမ်းများအား တွေ့ရပုံ**



# သစ်ခိုးလို့လည်းအကျိုးဖြစ်

တာချီလိတ်ကနေ ကော့သောင်းထိ နယ်စပ်တစ်လျှောက်ကလည်း ကျွန်းနဲ့သစ်မာ ထူထပ်ပေါက်ရောက်တဲ့ ဒေသတွေဖြစ်တယ်ဆိုတာ အများသိပါတယ်၊ ဒီနယ်စပ်တစ်လျှောက်လုံးကလည်း ၁၉၅၀ ဝန်းကျင်ကနေ ဒီကနေ့ထိသောင်းကျန်းသူလှုပ်ရှားရာနယ်မြေ ဖြစ်နေပါတယ်၊ ဒါကြောင့် နိုင်ငံတော်က သစ်ထုတ်လုပ်နိုင်တာ အလွန်နည်းပါးပါတယ်၊ သောင်းကျန်းသူတွေနဲ့ ယိုးဒယားပေါင်းပြီး သစ်ခိုးထုတ်ခဲ့တာက ပိုများပါတယ်၊ ဘယ်လောက်များ ခိုးထုတ်ခဲ့လဲဆိုတာ နမူနာလောက်ဘဲ တင်ပြပါ့မယ်၊ ခွန်ဆာရဲ့ MTA အဖွဲ့ လက်နက်မချခင်က သံလွင်အရှေ့ခြမ်း ဟိုမိန်းဒေသက ကျွန်းသစ်တွေဟာ ထိုင်းကုမ္ပဏီများကို ခုတ်ယူခွင့်ပေးခဲ့လို့ အဲဒီဒေသမှာ ကျွန်းဆိုတာကုန်ခဲ့ပါပြီ၊ ဒီလိုပါဘဲ- ကယားပြည်နယ် နယ်စပ်တစ်လျှောက်မှာလည်း ကရင်နီသောင်းကျန်းသူတွေနဲ့ ယိုးဒယားကုမ္ပဏီ အတော်များများ ပူးပေါင်းပြီးဝင်ခိုးလို့ ကျွန်းနဲ့ပိတောက်တန်ပေါင်း သောင်းနဲ့ချီ ပါသွားခဲ့ပါတယ်၊ ၁၉၉၃ခုနှစ် တစ်နှစ်ထဲဘဲ ကရင်နီကသစ်အတွက် ဘတ်(၆၅)သန်း ရခဲ့တယ်လို့ သိရပါတယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီနယ်စပ် တစ်လျှောက်ကတော့KNU သောင်းကျန်းသူတွေနဲ့ ယိုးဒယားတွေပေါင်းပြီး သစ်ခိုးထုတ်ခဲ့ပါတယ်၊ သစ်တောလည်း ကုန်သလောက်ဖြစ်နေပါပြီ ၁၉၈၆ ခုနှစ်ကနေ ၁၉၉၄ခုနှစ်အထိ ဖာပွန်၊ မဲလ၊ ဝေါ့လေဒေသက နှစ်စဉ်ကျွန်းတန် (၁)သိန်းကျော်၊ ဘုရားသုံးဆူကနေ တနင်္သာရီထိ နယ်စပ်တစ်လျှောက်မှာ ပျဉ်းကတိုး၊ အင်၊ ကညင် နှစ်စဉ်တန်(၂)သိန်း ခိုးထုတ်ခဲ့တယ်လို့သိရပါတယ်။

သစ်ခိုးထုတ်လို့ KNU မှာ တစ်နှစ်တစ်နှစ် ဘတ်သန်း(၄၀၀)ဝန်းကျင်ရခဲ့ပါတယ်၊ KNUတောင် အဲလောက်ရရင် ယိုးဒယားတွေ ဘယ်လောက်အကျိုးရှိမလဲ စဉ်းစားကြည့်ပါ၊ အဲဒီကာလမှာ ယိုးဒယားတွေက သောင်းကျန်းသူတွေကို ကျွန်း(၁)တန်မှ ဒေါ်လာ(၁၂၀) လောက်ဘဲပေးပါတယ်၊ ကမ္ဘာ့ပေါက်ဈေးက သာမန်ကျွန်း(၁)တန် ဒေါ်လာ(၅၀၀)ကနေ(၈၀၀)၊ အကောင်းစား(၁)တန် ဒေါ်လာ(၂၀၀၀)ကနေ (၃၀၀၀)ရှိခဲ့ပါတယ်၊ မြန်မာနိုင်ငံအတွက်တော့ အတော့်ကို ဆုံးရှုံးနစ်နာခဲ့ပါတယ်၊ ယိုးဒယားတွေအတွက် သူခိုးဈေးနဲ့ရတော့ အမြတ်ပိုရတာပေါ့၊ သစ်ခိုးဝယ်တာမှာလည်း ယိုးဒယားစစ်တပ်၊ ယိုးဒယားရဲနဲ့ ဒေသအာဏာပိုင်တွေ မပါရင်ဘယ်ဖြစ်ပါ့မလဲ၊ ပါတာမှ ကိုယ်တိုင်တောင်လုပ်ခဲ့ကြတဲ့ သူတွေရှိပါတယ်၊ KNU နဲ့ သစ်ခိုးထုတ်ဘို့ ကန်ထရိုက်စာချုပ်(၂)ခုကို ထားဝယ်၊ မင်းသမီး ချောင်းဖျားမှာရှိတဲ့ KNU တပ်မဟာ(၄)ဌာနချုပ်ကို တပ်မတော်ကသိမ်းတော့ ရှာဖွေတွေ့ရှိခဲ့ပါတယ်၊ ဓါတ်ပုံနဲ့ဖော်ပြလိုက်ပါတယ်။ အဲဒီတုံးက ကန်ထရိုက်စာချုပ်မှာ KNU ဘက်က လက်မှတ်ထိုးခွင့် ပြုခဲ့သူက လက်နက်နဲ့ငြိမ်းချမ်းရေးလဲခဲ့တဲ့ ဖဒိုအောင်ဆန်းဖြစ်ပါတယ်၊ ဖဒိုအောင်ဆန်းဟာ KNU သောင်းကျန်း သူများအခေါ် သစ်တောဝန်ကြီးတာဝန် ထမ်းဆောင်နေသူပါ၊ ယိုးဒယားတွေက KNU ကို အစိုးရတစ်ရပ်လို သဘောထားပြီး မြန်မာနိုင်ငံပိုင်သစ်တောများကို ခိုးယူခဲ့ကြတယ်ဆိုတာ ငြင်းနိုင်မယ် မဟုတ်ပါဘူး၊ ဒီလောက်ဆိုရင် သောင်းကျန်းသူတွေကြောင့် ယိုးဒယားဟာ မြန်မာနိုင်ငံက သစ်ခိုးထုတ်နိုင်ပြီး အကျိုးအမြတ်တွေ အများကြီးရခဲ့တယ်ဆိုတာ သိသာလောက်ပါပြီ၊ ဒါကြောင့်လည်း ယိုးဒယားတို့က သောင်းကျန်းသူတွေကို လက်ခံအားပေးနေတယ်ဆိုတာ ထင်ရှားပါတယ်။

မြန်မာ့ရေမြင်မှာ ငါးခိုးတဲ့ကိစ္စဆက်ပြီးမပြောခင် မနေ့က သတင်းစာထဲပါခဲ့တဲ့ ဆောင်းပါးဖတ်ပြီး ဖဒိုအောင်ဆန်းက ဖုန်းဆက်တဲ့အကြောင်း ပြောပြချင်ပါတယ်၊ ဖဒိုကြီးက KNU သစ်တော တာဝန်ခံလုပ်ပြီး ယိုးဒယားသားတွေကို သစ်ထုတ်ခွင့်ပေးခဲ့သူဖြစ်တော့ အကုန်သိနေတာမို့ စာရေးသူရဲ့ဆောင်းပါးကို မပြည့်စုံသေးဘူးလို့ ပြောပါတယ်၊ မနေ့က ဖော်ပြလိုက်တဲ့ စာချုပ်ထဲမှာပါတဲ့ **Field Marshal Prapass Charusathien** ကတော့ ဝန်ကြီးချုပ် ကစ်တီကချွန် လက်ထက်မှာ ဒုဝန်ကြီးချုပ်နဲ့ ကာကွယ်ရေးဝန်ကြီး လုပ်ခဲ့ဘူးပါတယ်၊ ၁၉၈၇-၈၈လောက်က ယိုးဒယားကြည်းတပ်မ

တော် အကြံပေးအဖွဲ့ဝင်လည်း လုပ်နေတယ်လို့ သိရပါတယ်၊ Police Colonel Condit Chusri ကတော့ အဲဒီအချိန်က ဘန်ကောက်မှာ တာဝန်ထမ်းဆောင်နေပါတယ်၊ အခုတောင် တာဝန်ထမ်းဆောင်ဆဲလို့သိရပါတယ်၊ ဖဒိုကြီးကပြောပါတယ်၊ သူသစ်ရောင်းခဲ့တဲ့ ကုမ္ပဏီအားလုံးမှာ ယိုးဒယားစစ်တပ်နဲ့ ယိုးဒယားရဲမပါတာမရှိပါဘူးတဲ့၊ ဒါပေမဲ့ ကိုယ်တိုင်ပါတာရှိသလို ကုမ္ပဏီတွေရဲ့ နောက်ကွယ်ကပါတာလည်းရှိသတဲ့၊ 3rd Army Commander (၃)ယောက်တော့ သစ်ထုတ်တဲ့ကိစ္စနဲ့ ပတ်သက်လို့ ဖဒိုကြီးကိုယ်တိုင် သိရှိဆက်ဆံခဲ့ဘူးတယ်ဆိုပဲ၊ (၃)ဦးထဲက (၁)ဦးရဲ့ ဘန်ကောက်ကအိမ်ကော၊ ဇင်းမယ်ကအိမ်ရော ရောက်ခဲ့ဘူးသတဲ့၊ အဲဒီ ဗိုလ်ချုပ်ကြီးရဲ့ မယားငယ်နဲ့တောင် သိခဲ့သေးဆိုဘဲဗျ၊ သစ်ဘဲခိုးထုတ်တာလားဆိုတော့ မဟုတ်ပါဘူးတဲ့၊ သပြုမိုင်း၊ စောထမိုင်းစတဲ့ KNU သတ္တုမိုင်းတွေကထွက်သမျှ ဇင့်တို့၊ ခနောက်စိမ်းတို့လည်း ယိုးဒယားစစ်တပ်၊ ယိုးဒယားရဲတို့ဘဲ ဈေးချောင်ချောင်နဲ့ ဝယ်ခဲ့ကြတာပါဘဲတဲ့၊ ဖဒိုကြီး ပြောတာကတော့ နယ်စပ်မှာတာဝန်ကျဘူးတဲ့ တပ်တို့၊ ရဲတို့က လူကြီးပိုင်းများဟာ KNU နဲ့ ကင်းတဲ့သူရှားပါတယ်၊ တစ်နည်းမဟုတ်တစ်နည်းတော့ စီးပွားရှာကြတာဘဲလို့ သိရပါတယ်၊ ဖဒိုကြီးကို နောင်အေးအေးဆေးဆေး တွေ့ကြမှဘဲ အသေးစိတ်မေးပြီး ရေးရအုံးမယ်လို့ ပြောလိုက်ပါတယ်။

4. RULE AND REGULATION

(a) The contractor shall strictly abide by the rules and regulations laid down by the Forest Department.
(b) In case of infringement of the rules and regulations, this agreement shall be abrogated immediately.

5. PERIOD OF AGREEMENT

The term of agreement shall extend until the completion of the operation of timber extraction.

Pol.col. K. chusri.
Contractor

9/10/89
Chairman
State Timber Trading Committee
Kawthoolei

Witness (1)
(2)

4. RULE AND REGULATION

(a) The contractor shall strictly abide by the rules and regulations laid down by the Forest Department.
(b) In case of infringement of the rules and regulations, this agreement shall be abrogated immediately.

5. PERIOD OF AGREEMENT

The term of agreement shall extend until the completion of the operation of timber extraction.

Pol.col. K. chusri.
Contractor

9/10/89
Chairman
State Timber Trading Committee
Kawthoolei

Witness (1)
(2)

**KNU နှင့် ယိုးဒယားရဲအရာရှိကြီးတို့၏ သစ်ခိုးထုတ်ခွင့်ကန်ထရိုက်စာချုပ်**

THE GOVERNMENT OF KAWTHOOLEI

FOREST MINISTRY

TIMBER SALE AGREEMENT

No: SHQ / F - 26/017

Date: 9th July 1989

This Agreement is made on the day of 9th July, 1989 between Timber Trading Committee of Kawthoolei and Mr. FIELD MARSHAL PRAPAS CHARUSATHIEN as a contractor.
They both agreed that: -

1. LOCATION OF TIMBER EXTRACTING

Timber should be extracted from Mergui & Tavoy Province, Tenasserim township ______________ village Tract area shown on the map attached.

2. PRICE OF TIMBER AND MEASUREMENT

Measurement of Timber must be effect by both parties concerned. The timber shall be measured in tonnage on round log and the price of teak, hard and soft wood must be paid as specified by State Timber Trading Committee.

3. PAYMENT

(a) On completion of the contract, the number of logs to be extracted must be stipulated. Only after full payment of the value of the required tonnage, the Forest Department will arrange for the extraction of timber. All the payment must be paid to the Province Forest Officer of Tavoy & Mergui Province.
(b) The Contractor must assume full responsibility for removing every log from site of extraction.
(c) Failure to comply strictly with the above stipulation will result in the contractor having to meet any fine imposed by the forest Department.
(d) Full payment for all measured timber must be effected even if, for any reason the entire consignment cannot be removed from site.

4. RULE AND REGULATION

(a) The contractor shall strictly abide by the rules and regulations laid down by the Forest Department.
(b) In case of infringement of the rules and regulations, this agreement shall be abrogated immediately.

5. PERIOD OF AGREEMENT

The term of agreement shall extend until the completion of the operation of timber extraction.

Contractor
FIELD MARSHAL PRAPAS CHARUSATHIEN

Chairman
State Timber Trading Committee
Kawthoolei

AREAS APPROVED UNDER THIS CONTRACT ARE:- (OPPOSITE)
1. PETCHABURI PROVINCE.
2. PRACHUAP KIRIKHAN PROVINCE.
3. CHUMPORN PROVINCE.

Witness (1) ______________
(2) ______________

KNU နှင့် ယိုးဒယားကာကွယ်ရေးဝန်ကြီးဟောင်းတို့၏ သစ်ခိုးထုတ်ခွင့်ကန်ထရိုက်စာချုပ်

## ငါးခိုးတာလည်း အကျိုးများ

ယိုးဒယားသားများ သူများရေပိုင်နက် ငါးခိုးတာကတော့ မြန်မာ့ရေပိုင်နက်မှ မဟုတ်ပါဘူး။ အာရှတစ်လွှားတော်တော်များများရေပိုင်နက် လိုက်ပြီးခိုးတာ အများသိပါရဲ့၊ မြန်မာ့ရေပိုင်နက်ကတော့ အနီးဆုံးဆိုတော့ အခိုးဆုံးပါဘဲ၊ မခိုးလို့လည်းမဖြစ်ဘူးလေ၊ သူ့ရေပိုင်နက်မှာက ငါးမှမရှိတော့တာ၊ ၁၉၈၉ခုနှစ်ကစပြီး ယိုးဒယားမှာ ငါးဖမ်းတာကို ကန့်သတ်မိန့်တွေထုတ် ခဲ့တော့ ပတ်ဝန်းကျင် နိုင်ငံတွေလှည့်ပြီး ခိုးရတော့တာပေါ့၊ ဘာဘဲဖြစ်ဖြစ် ယိုးဒယားကတော့ ကမ္ဘာ့ငါး၊ ပုဇွန် ဈေးကွက်မှာ ထိပ်ကနေရာယူထားပါတယ်၊ ဘယ်လောက်များခိုးလည်းဆိုတာ လေ့လာကြည့်တဲ့အခါ မြန်မာ့ရေပိုင်နက်မှာ ငါးခိုးဖမ်းတဲ့ယိုးဒယား ငါးခိုးလှေတွေ ဖမ်းလို့ဆီးလို့ မနိုင်လောက်အောင် ဖြစ်လာခဲ့ပါတယ်၊ ၁၉၇၀ပြည့်နှစ်ကနေ ၁၉၈၇ခုနှစ်အထိ ရေယာဉ်ကြီးငယ် (၃,၀၀၄)စီး၊ ငါးခိုးတရားခံ (၂၀,၇၅၄)ဦး ဖမ်းမိရာမှာ ယိုးဒယားနိုင်ငံသား(၅,၁၀၂)ဦးမိခဲ့ပါတယ်၊ ၁၉၈၈ခုနှစ် ကနေ ၂၀၀၀ပြည့်နှစ်အထိ ငါးခိုးလှေ(၂,၆၉၃)စီးမှာ တရားခံ(၁၅,၈၆၈)ဦးဖမ်းမိပြီး ယိုးဒယားနိုင်ငံသား (၂,၉၈၃)ဦး ဖမ်းမိခဲ့ပါတယ်၊ ၂၀၀၀ပြည့်နှစ်ကနေ ယခုချိန်ထိ ငါးခိုးလှေ(၅၉)စီး၊ ယိုးဒယားတရားခံ (၅)ဦး ဖမ်းဆီးရမိခဲ့ပါတယ်၊ ၁၉၇၀ပြည့်နှစ်မှယနေ့ထိ ယိုးဒယားငါးခိုးလှေ စုစုပေါင်း(၅၇၅၆) စီးနဲ့ ယိုးဒယားတရားခံ(၈၀၉၀)ဦး ဖမ်းဆီးရမိခဲ့ပါတယ်၊ ကဲ . . . စဉ်းစား ကြည့်ပါတော့၊ ခိုးတော့လည်း မှိုရှိုးခိုးတာမဟုတ်ဘူးနော် အင်မတန်ခေတ်မီတဲ့ ရေဒါတွေ၊ ဆက်သွယ်ရေးစက်တွေတပ်တဲ့ငါးခိုးလှေတွေနဲ့




**မြန်မာနိုင်ငံရေပိုင်နက်တွင် ငါးခိုးဖမ်းသောဖမ်းဆီးရမိ ယိုးဒယားငါးခိုးလှေများပုံ**

ခိုးနေတာ၊ ငါးသေးငါးမွှားကအစဖမ်းပြီး ပင်လယ်ကြမ်းပြင်ကို ပျက်စီးစေတဲ့ပိုက်မျိုးတွေ၊ တစ်ချို့နေရာတွေမှာဆို ယမ်းတန်နဲ့ချိတဲ့ ယမ်းအိုးတွေ ဖေါက်ခွဲဖမ်းဆီးတာမျိုးတွေ၊ တစ်ခါတစ်လေ မြန်မာနိုင်ငံကလှေတွေကို အုပ်စုလိုက်လာပြီး အနိုင်ကျင့်ဝင်ဖမ်းပြီး ခိုးတာမျိုးတွေလုပ်တာ၊ ဒါ့ပြင်ဝိသမ လောဘသား ကိုယ့်နိုင်ငံသားတွေနဲ့ ပေါင်းပြီးခိုးတာလည်း နည်းမျိုးစုံပါဘဲ၊ ယိုးဒယားသားတွေ ငါးခိုးလွန်လွန်းလို့ တရားဝင်လိုင်စင်နဲ့ ချပေးပြန်တော့လည်း တရားဝင်ခွင့်ပြုချက်ရတဲ့ လှေတစ်စီးကို နာမည်တူပုံတူ (၁၀)စီးလောက်ပွားပြီး ခိုးပြန်ရော၊ စည်းပျက်ကမ်းပျက်ခိုးလို့ မကြာခဏ ဖမ်းခွင့် ပိတ်ရတာလည်းရှိခဲ့ပါတယ်၊ ဘာဘဲဖြစ်ဖြစ် ယိုးဒယားသားတွေကတော့ အနီးဆုံးဖြစ်တဲ့ မြန်မာ့ ပင်လယ်ပြင်ကို အမြဲမျက်စောင်းထိုးပြီး လစ်ရင်လစ်သလို ခိုးနေဦးမှာပါ၊ တစ်ကယ်လည်း အကျိုးများ တာကို၊ မြန်မာ့ပင်လယ်ပြင် ငါးခိုးနိုင်တာကိုက သောင်းကျန်းသူတွေနဲ့ ပေါင်းပြီးခိုးကြတာပါ၊ ဒါ့ကြောင့် လည်း သောင်းကျန်းသူတွေ ယိုးဒယားမှာရှိလေ ယိုးဒယားသားတွေ အကျိုးရှိလေ ဖြစ်နေပါတယ်။



**မြန်မာရေပိုင်နက်အတွင်း ငါးခိုးဖမ်းသော ဖမ်းဆီးရမိယိုးဒယားငါးခိုးလှေများပုံ**

## တွန့်ထွယ်ရှမှာလည်း အသားစီးရ

ဟောဒီဇယားကတော့ မြန်မာနဲ့ ယိုးဒယားတရားဝင်ကုန်သွယ်မှုမှာ မညီမျှမှုကို ပြတဲ့ ဇယားပါဘဲ၊ နှစ်စဉ် သုံးဆနီးပါး ကွာခြားခဲ့ပါတယ်၊ ယိုးဒယားက အမြဲအသာစီးရနေပါတယ်-

| ဘဏ္ဍာနှစ် | မြန်မာမှ ယိုးဒယားသို့ ပို့ကုန် (အမေရိကန်ဒေါ်လာသန်းပေါင်း) | မြန်မာသို့ ယိုးဒယားမှ သွင်းကုန် (အမေရိကန်ဒေါ်လာသန်းပေါင်း) |
|---|---|---|
| ၁၉၉၄-၉၅ | ၉၀. ၄၆ | ၁၃၈. ၃၆ |
| ၁၉၉၅-၉၆ | ၈၉. ၁၆ | ၂၁၉. ၈၁ |
| ၁၉၉၆-၉၇ | ၉၀. ၇၁ | ၁၉၈. ၆၁ |
| ၁၉၉၇-၉၈ | ၁၂၀. ၆၅ | ၂၂၀. ၈၉ |
| ၁၉၉၈-၉၉ | ၉၄. ၂၁ | ၃၄၄. ၁၆ |
| ၁၉၉၉-၂၀၀၀ | ၉၂. ၀၉ | ၃၆၀. ၅၆ |

တပ်မတော်အစိုးရ မတိုင်မီကတော့ ယိုးဒယားနဲ့ နယ်စပ်တစ်လျှောက် မှောင်ခိုရောင်းဝယ်မှု အလွန်များပြားလှပါတယ်၊ သောင်းကျန်းသူအဖွဲ့အစည်းပေါင်းစုံကတစ်ဆင့် အဘိုးတန် သတ္တုကုန်ကြမ်း၊ ကျောက်မျက်ရတနာ၊ ကျွဲ၊ နွား တိရိစ္ဆာန်နဲ့ ရှေးဟောင်းပစ္စည်းမျိုးစုံ စတဲ့ ပစ္စည်းတွေ ယိုးဒယားဘက်ထွက်သွားပြီး ယိုးဒယားဘက်ကဘာမှ တန်ဘိုးမရှိတဲ့ပလပ်စတစ်၊ အဝတ်အထည်၊ အလှကုန်နဲ့ မုန့်ပဲသရေစာအထိ ပြန်ဝင်လာပါတယ်၊ ယိုးဒယားကလည်း သူတို့အမြတ်ရဘို့ဆိုရင် မြန်မာနိုင်ငံက တားဆီးပိတ်ပင်တဲ့ကုန်မှန်သမျှ အဝင်ဖြစ်စေ၊ အထွက်ဖြစ်စေ၊ ကြိုက်တဲ့နေရာက ဝင်-ထွက်နိုင်အောင်လုပ်ခဲ့ပါတယ်၊ အခုလည်း ဒီအတိုင်းပါဘဲ၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးကို ကြည့်ရင်လည်း ပို့ကုန်မှာ(၄)ဆကွာပြီး သွင်းကုန်မှာ(၂၅)ဆကွာနေတယ်၊ အဲဒီကွာခြားချက် ပမာဏတွေဟာ အခွန်မဆောင်ဘဲ တရားမဝင်မှောင်ခိုလမ်းက ဝင်-ထွက်တဲ့ ပမာဏဖြစ်နေတယ်၊ ဒီလိုတရားမဝင် ရောင်း-ဝယ်နိုင်တာဟာ သောင်းကျန်းသူတွေရှိနေလို့ဖြစ်ပါတယ်၊ အခုနယ်စပ် ပြဿနာကြောင့် ဂိတ်တွေပိတ်လိုက်တဲ့အခါ ယိုးဒယားနိုင်ငံ၊ တာ့ခ်ခရိုင် ကုန်သည်ကြီးတွေက တစ်နေ့ကို ဘတ်သန်း (၁၄၀)၊ မယ်ဆိုင်ဘက်က ကုန်သည်တွေက တစ်နေ့ကိုဘတ်သန်း(၃၀) နစ်နာဆုံးရှုံးတယ်လို့ အော်နေပါတယ်၊ ယိုးဒယားနိုင်ငံက ကုန်သွယ်မှုမှာ အဲဒီလို အသာစီးရခဲ့တာဟာ သောင်းကျန်းသူ တွေကြောင့်ဘဲ ဖြစ်တယ်၊ အဲဒီလိုအသာစီးရလို့လည်း မြန်မာကျပ်ငွေတန်ဘိုးကျပြီး ယိုးဒယားငွေတန်ဘိုး တက်ခဲ့ရတာ ဖြစ်တယ်၊ သောင်းကျန်းသူတွေကို ယိုးဒယားကလက်ခံအားပေး ကူညီကြတာဟာ ဒီလိုအကျိုးစီးပွား ဖြစ်ထွန်းမှုတွေရှိနေလို့ဘဲ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။



ယိုးဒယားနိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ကျန်းမာရေးကို
ထိခိုက်စေနိုင်သော ဆေးဝါးများ၊ အားဖြည့်စိတ်ကြွအချိုရည်များအား သိမ်းဆည်းဖျက်ဆီးနေပုံ






**မြန်မာနိုင်ငံမှ ကျွဲ၊ နွားများအား တရားမဝင်ဝယ်ယူလျက်ရှိသော ယိုးဒယားနိုင်ငံ မဲဆောက်မြို့အနီးရှိ ကျွဲ၊ နွားဝယ်ယူသော နေရာအား တွေ့ရပုံ**

## ဒုက္ခသည်စခန်းများလေ ယိုးဒယားတို့အကျိုးများလေ

ယိုးဒယားနိုင်ငံမှာ ကမ္ဘောဒီးယား၊ လာအိုနဲ့ မြန်မာနယ်စပ် တစ်လျှောက် ဒုက္ခသည်စခန်းတွေရှိခဲ့ပါတယ်၊ လူကြားကောင်းအောင် အော်တာကတော့ စစ်ဘေးဒုက္ခသည်များကို လူသားချင်းစာနာသောအားဖြင့် လက်ခံထားရှိပါတယ်လို့ဆိုပါတယ်၊ ယိုးဒယားနိုင်ငံအတွက် အကျိုးအမြတ် (၃)ခုရပါတယ်၊ တစ်ခုကသောင်းကျန်းသူတွေကို ဒုက္ခသည်ဆိုင်းဘုတ်တပ်ပြီး လက်ခံထားတဲ့အတွက် Buffer Zone လည်းဖြစ်တယ်၊ သောင်းကျန်းသူတွေရဲ့ မိသားစုတွေ၊ သောင်းကျန်းသူတွေ အမွှေခေါ်ဆောင်လာတဲ့ ကျေးရွာသူ၊ ကျေးရွာသားတွေပါတဲ့အတွက် အင်အားများပြီး Buffer Zone မှာ ခိုင်ခန့်တဲ့ လူသားတံတိုင်း ကာရံထားသလိုဖြစ်ပြီး လုံခြုံမှုရနေတယ်၊ ဒုတိယအကျိုးအမြတ်ကတော့ နိုင်ငံတကာ NGO အဖွဲ့အစည်းအတွေရဲ့ ထောက်ပံ့ငွေတွေဟာ ဝန်ထမ်း၊ စားနပ်ရိက္ခာ၊ ဆေးဝါး၊ အဝတ်အထည်တွေ ယိုးဒယားမှာဘဲ ဝယ်ရလို့ ယိုးဒယားနိုင်ငံရဲ့ ဝင်ငွေအဖြစ် သပိတ်ဝင်အိတ်ဝင်ရရှိတယ်၊ တတိယအကျိုးကတော့ ဒုက္ခသည်စခန်းကလူတွေရဲ့ လုပ်အားကို ယိုးဒယားလုပ်ငန်းရှင်များက ဈေးသက်သက်သာသာနဲ့ရနေတယ်၊ မြန်မာ-ယိုးဒယား နယ်စပ်တစ်လျှောက် ယခုအခါ ဒုက္ခသည်စခန်းပေါင်း (၄၀)ကျော်ရှိနေပါတယ်၊ ဒုက္ခသည်စခန်းတွေများလေ သောင်းကျန်းသူများများလက်ခံကူညီနိုင်လေ၊ ယိုးဒယားများအတွက် အကျိုးများလေပါဘဲ၊ ဒုက္ခသည်စခန်းများဟာ ယိုးဒယားအတွက် အကျိုးများပေမယ့် မြန်မာနိုင်ငံအတွက်တော့ သောင်းကျန်းသူတွေ သက်ဆိုးရှည်စေတဲ့ စခန်းများဖြစ်နေပါတယ်။

## မူးယစ်ဆေးဝါးက ယိုးဒယားတို့အကျိုးအများဆုံး

ယိုးဒယားနိုင်ငံဟာ ကမ္ဘာ့ဘိန်းနဲ့ ဘိန်းဖြူဈေးကွက်မှာ အကြီးမားဆုံးဈေးကွက် ဖြစ်ခဲ့ပါတယ်၊ ရွှေတြိဂံဒေသရဲ့ ဘိန်းနဲ့ဘိန်းဖြူကို နှစ်ပေါင်းများစွာ လက်ဝါးကြီးအုပ်လုပ်ကိုင်ခဲ့တာမို့ အကျိုးအမြတ်အများဆုံးရခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်၊ ယိုးဒယားတို့ ဘိန်းနဲ့ဘိန်းဖြူကြောင့် စီးပွားဖြစ်ခဲ့ပုံကို မကြာခဏ ရေးကြပြောကြပြီးဖြစ်တာမို့ မဖော်ပြတော့ပါဘူး၊ ယိုးဒယားနိုင်ငံအခုလို စီးပွားရေး အခြေခံကောင်းခဲ့ရတဲ့

အကြောင်းရင်းထဲမှာ ဘိန်းနဲ့ဘိန်းဖြူရောင်းဝယ်မှုကရခဲ့တဲ့ အကျိုးအမြတ်တွေဟာ အဓိကအခြေခံ ဖြစ်တယ်ဆိုတာ နိုင်ငံတကာက သိရှိကြပြီးဖြစ်ပါတယ်၊ ဒီလိုအကျိုးဖြစ်ထွန်းလို့လည်း မူးယစ်ဆေးဝါးနဲ့ အဓိကငွေရှာခဲ့တဲ့ မြန်မာနိုင်ငံက ဗမာပြည်ကွန်မြူနစ်ပါတီအပါအဝင် သောင်းကျန်းသူအားလုံးဟာ ယိုးဒယားနဲ့ ဆက်စပ်ခဲ့ကြပါတယ်၊ လက်နက်နဲ့ဘိန်း အပြန်အလှန် ရောင်းဝယ်ကြရင်း အကျိုးတူ ဖြစ်ခဲ့ကြပါတယ်၊ ဒီလိုမူးယစ်ဆေးဝါးမှာ အကျိုးဖြစ်ခဲ့လို့လည်း ဘိန်းမှောင်ခိုသောင်းကျန်းသူအပါအဝင် သောင်းကျန်းသူမျိုးစုံကို လက်ခံအားပေးကူညီခဲ့တာဘဲ ဖြစ်ပါတယ်။

## ထိမ်နီးချင်းကောင်းအဖြစ် ဆက်ဆံဘို့ မဖြစ်နိုင်

သမိုင်းရန်ငြိုးအာဃာတတွေနဲ့ မြန်မာတို့အပေါ် အမြဲတမ်းရန်ဘက်လိုသဘောထား နေတဲ့ ယိုးဒယားများဟာ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ဆိုသလို မြန်မာနိုင်ငံတည်ငြိမ်မှု၊ တိုးတက်မှု မရအောင် တစ်ဘက်မှာသူတို့အတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းအောင် သောင်းကျန်းသူများကို လက်ခံအားပေးကူညီနေကြတာဖြစ်ပါတယ်၊ တဘက်သတ် ကိုယ်ကျိုးကြည့်ဝါဒ ကျင့်သုံးပြီး မြန်မာနိုင်ငံရဲ့ သောင်းကျန်းသူများကို လက်ခံအားပေးနေသရွေ့တော့ အိမ်နီးချင်းကောင်းအဖြစ် ဆက်ဆံဘို့မဖြစ် နိုင်ပါဘူး၊ ခုတစ်မျိုး တော်ကြာတစ်မျိုးမို့ ယုံကြည်စိတ်ချပြီး ဆက်ဆံဖို့မသင့်တဲ့ နိုင်ငံအဖြစ် သတ်မှတ်ရ ပါလိမ့်မယ်။

## ၇၃
## နှစ်ခွပေါ်လစီနဲ့ ဆက်ဆံနေတဲ့ ယိုးဒယား

စာရေးသူရဲ့ဘကြီး ကွန်မြူနစ်လူထွက် နိုင်ငံရေးသမားဟောင်းကြီးက ယိုးဒယား-မြန်မာ ဆက်ဆံရေးနဲ့ပတ်သက်လို့ **" ယိုးဒယားတွေဟာ ကျပ်စေ့တစ်စေ့ကို ခေါင်းဘက်ပြပြီး တစ်မျိုး၊ ပန်းဘက်ပြပြီးတစ်မျိုး နှစ်မျိုးသုံးချင်နေကြတယ်၊ တကယ်တော့ ကျပ်စေ့ဟာ ကျပ်စေ့ပါပဲ၊ အရှင်းဆုံး ပြောရရင်တော့ နှစ်ခွပေါ်လစီသုံးပြီး ဆက်ဆံနေတာပဲ "** လို့ သူ့ရဲ့ထင်မြင်ချက်ကို ပြောပြပါတယ်၊ စဉ်းစားကြည့်မှ မှန်လိုက်လေဗျာ၊ တစ်ဘက်က သောင်းကျန်းသူတွေကိုလည်း လက်ခံအားပေး ကူညီ နေတယ်၊ တစ်ဘက်မှာအစိုးရနဲ့လည်း ပြေပြေလည်လည် ဆက်ဆံချင်တယ်၊ (၂)ဘက်စလုံးနဲ့ ဆက်ဆံပြီး အကျိုးအမြတ်ထုတ်ချင်နေတယ်ဆိုတာ တွေ့ရပါတယ်၊ ဒီမူဝါဒကို မြန်မာနိုင်ငံသာ မဟုတ်ပါဘူး၊ လာအို၊ ကမ္ဘောဒီးယား အိမ်နီးချင်းနိုင်ငံများအပေါ်လည်းကျင့်သုံးခဲ့တာပါပဲ၊ ဒီလို ရိုးသားဖြောင့်စင်းမှုမရှိတဲ့ မူဝါဒတွေကိုကျင့်သုံးနေတဲ့အတွက် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ **" လေသာရာ ယိမ်းတဲ့ဝါဒ" " bend with the wind policy"** ကျင့်သုံးတဲ့နိုင်ငံလို့ မှတ်ချက်ပြုခံရတာဖြစ်ပါတယ်။

အခုတလောမှာ ယိုးဒယားခေါင်းဆောင်များအပါအဝင် ယိုးဒယားများဟာ မြန်မာ နိုင်ငံက သောင်းကျန်းသူတွေကို လက်ခံအားပေးကူညီတာမရှိပါဘူး၊ သောင်းကျန်းသူတွေကို လက်ခံထားတဲ့ Buffer Policy လည်းမကျင့်သုံးပါဘူးလို့ ကျယ်ကျယ်လောင်လောင် အော်လာပြန်ပါတယ်၊ နိုင်ငံရေးသိက္ခာအတွက် ပြောင်ပြောင်းကွယ်နေကြတယ်ဆိုတာ အားလုံးသိနေကြပါတယ်၊ မြန်မာနိုင်ငံ အနေနဲ့တော့ ဘိန်းမှောင်ခိုသောင်းကျန်းသူ SURA ရဲ့ဌာနချုပ် လွယ်တိုင်းလျံနဲ့စခန်း အတော်များများဟာ ယိုးဒယားပိုင်နက်ထဲမှာရှိတယ်ဆိုတာ အတိအကျပြောခဲ့ပြီပဲ၊ ယိုးဒယားသားများကသာ သောင်းကျန်းသူတွေ သူတို့နိုင်ငံထဲမရှိပါဘူး၊ လက်မခံပါဘူးလို့သာပြောနေတယ်၊ ယိုးဒယားနယ်မြေထဲမှာ SURA နဲ့ ယိုးဒယားတပ်များ အတူပူးပေါင်းလှုပ်ရှားနေတာတွေ မြင်တွေ့နေကြရပါတယ်၊ ယိုးဒယားရုပ်မြင် သံကြားမှာလည်း နေ့စဉ်ပြသနေတဲ့ SURA သတင်းရဲ့ မြင်ကွင်းတွေဟာ ယိုးဒယားနိုင်ငံထဲမှာ ရှိတယ်ဆိုတာ သက်သေပြနေပါတယ်၊ တကယ်လို့ သောင်းကျန်းသူစခန်းတွေဟာ မြန်မာနိုင်ငံထဲမှာ ဘာလို့ ပြောမယ်ဆိုရင်တော့၊ ယိုးဒယားသတင်း ဌာနကလူတွေနဲ့ စစ်တပ်၊ ရဲကနေ အဆိုတော်အထိ မြန်မာနိုင်ငံထဲကို ခိုးကြောင်ခိုးဝှက် ဝင်ထွက်နေကြတဲ့သဘောရှိနေပါတယ်၊ တကယ်တော့ SURA ဘိန်းမှောင်ခို သောင်းကျန်းသူသာ မဟုတ်ပါဘူး၊ KNU ၊ KNPP ၊ ABSDF အကြမ်းဖက်သောင်း ကျန်းသူအားလုံး ယိုးဒယားထဲမှာ ရှိနေပါတယ်။

စာရေးသူရဲ့ဘကြီးက ယိုးဒယားနိုင်ငံသား အားလုံးတော့မဆိုလိုပါဘူးတဲ့၊ သူတွေ့ဖူး ကြုံဖူးတဲ့ ယိုးဒယားသားနိုင်ငံရေးသမားနဲ့ စီးပွားရေးသမားတော်တော်များများကတော့ ကိုယ်ကျိုး ကြည့်သမားတွေသာများတယ်၊ ရိုးသားမှုမရှိကြဘူးတဲ့၊ သတိထားပြီးဆက်ဆံပေတော့လို့ ပြောပါတယ်၊ စာရေးသူကိုယ်တိုင်တော့ များများစားစားထိတွေ့ဆက်ဆံရတာမရှိပေမဲ့ နယ်စပ်ပြဿနာတွေ ဖြစ်မှ လေ့လာမိသလောက်ကတော့ ယိုးဒယားတွေမရိုးသားဘူးဆိုတာ တွေ့နေရပါတယ်။

ယိုးဒယားများဟာ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေးရဲ့ ယိုးဒယားကို သွားရောက်ခဲ့တဲ့ ချစ်ကြည်ရေးခရီးစဉ်ကို မရိုးမသားအမြတ်ထုတ်တဲ့လုပ်ရပ်တစ်ခု လုပ်ခဲ့ကြပါတယ်၊ မေလ(၁၉)ရက် နေ့ထုတ် The Nation သတင်းစာမှာ ဗိုလ်ချုပ်ကြီးမောင်အေး ဘန်ကောက်လာရောက်လည်ပတ်စဉ် ယိုးဒယားက 'ဝ' ကို တိုက်ခိုက်မယ့်အစီအမံကို အသိပေးခဲ့ပါတယ်၊ ဗိုလ်ချုပ်ကြီးမောင်အေးက ကန့်ကွက်ခြင်းမရှိခဲ့ဘူးလို့


ဖော်ပြထားပါတယ်၊ ဒီသတင်းဟာ လုံးဝမှန်ကန်မှုမရှိဘူးဆိုတာ သတင်းစာ ရှင်းလင်းပွဲမှာ ပြောခဲ့ပြီးဖြစ်ပါတယ်၊ မေလ(၂၀)ရက်နေ့မှာ ပန်မိုင်ဆွန်၊ ညောင်ပင်ကုန်း၊ ပန်ကန့်ကော်၊ ရန်ပိုင်ဆွန် တပ်မတော်စခန်းများနဲ့ လွယ်ထွေ၊ ကျူဆန်ကပ်၊ တပ်ဖာလိုင်၊ တန့်ယန်း 'ဝ' ပြည်သူ့စစ် စခန်းငယ်များကို SURA နဲ့ ယိုးဒယားတပ်များပေါင်းပြီး တိုက်ခိုက်ခဲ့ကြပါတယ်၊ ဒီလိုမဟုတ် မမှန်သတင်းများလွှင့်ပြီး မိမိတို့စခန်းငယ်များကို တိုက်ခိုက်ခြင်းဟာ တပ်မတော်နဲ့ငြိမ်းချမ်းရေး ရယူထားတဲ့ 'ဝ' တိုင်းရင်းသားများကြားမှာ အထင်အမြင်လွဲမှားအောင်၊ တပ်မတော်အတွင်းမှာ စိတ်ဝမ်း ကွဲပြီး ဇဝေဇဝါရှုပ်ထွေးသွားအောင် တမင်သက်သက် လုပ်ကြံဖန်တီးခဲ့တယ်ဆိုတာ တွေ့ရပါတယ်၊ ယိုးဒယားများက ပြောပါလိမ့်မယ်၊ ဒီမိုကရေစီနိုင်ငံဖြစ်လို့ သတင်းဌာနတွေကို မထိန်းနိုင်ပါဘူးလို့ ဆင်ခြေပေးပါလိမ့်မယ်၊ သတင်းဌာနတွေကိုမေးချင်ပါတယ်၊ ယိုးဒယားစစ်တပ်ကတကယ်ပဲ မြန်မာ့ နယ်နမိတ်ထဲဝင်ပြီး 'ဝ' ဌာနချုပ်ကိုတိုက်ဖို့ စီမံဆောင်ရွက်ခဲ့တဲ့သတင်းကို သတင်းဌာနတွေက တကယ် ရလို့ရေးတာလား၊ မှန်းဆပြီးရေးတာလား၊ ပိုလ်ချုပ်ကြီးမောင်အေးရဲ့ သဘောတူညီချက်နဲ့ တိုက်ရပါတယ် ဆိုတဲ့ ပုံစံဖြစ်အောင် ယိုးဒယားစစ်တပ်နဲ့ သတင်းဌာနတွေညှိနှိုင်းပြီး စီစဉ်ခဲ့ကြတာလား၊ သံသယ ဖြစ်စရာတွေများနေလို့ သိချင်မိတာပါ၊ တကယ်တော့ ဒီမေးခွန်းကို ဖြေမယ်မဟုတ်ဘူးဆိုတာတော့ သိပါတယ်၊ မဖြေလည်းရပါတယ်၊ ဒီကိစ္စဟာ ယိုးဒယားတွေမရိုးသားဘူးဆိုတာတော့ အရှင်းသား ပေါ်နေပါတယ်။

အခုတိုက်ခိုက်ခံရတဲ့ တပ်မတော်စခန်းများနဲ့နီးကပ်တဲ့ နယ်စပ်မှာ ယိုးဒယားစစ်တပ် က စစ်သည်အင်အား(၃၀,၀၀၀)နဲ့ စစ်ရေးလေ့ကျင့်မှုလုပ်မယ်ဆိုတာ ကြိုတင်ပြီးသတင်းများ ရခဲ့ပါတယ်၊ ကျည်ကျော်ကျရောက်တာတွေ၊ နယ်ကျော်ပစ်ခတ်မှုတွေရှိလာရင် နှစ်နိုင်ငံအထင်အမြင် လွဲမှားစရာတွေ ဖြစ်လာနိုင်လို့၊ မေလ(၈)ရက်နေ့ တာချီလိတ်-မယ်ဆိုင် (၂၅)ကြိမ်မြောက် မြို့နယ်အဆင့် နယ်ခြား ကော်မတီအစည်းအဝေးမှာ ကန့်ကွက်ပြောဆိုခဲ့ပါတယ်၊ မြန်မာဘက်ကတော့ နိုင်ငံအကြီးအကဲများရဲ့ ချစ်ကြည်ရေးခရီးစဉ်များနဲ့ နယ်ခြားကော်မတီမှာ ယိုးဒယားတို့ရဲ့ ပြောဆိုမှုများကို ယုံစားပြီး စစ်ရေးပြင်ဆင်မှု ဘာတစ်ခုမှမလုပ်ခဲ့ပါဘူး၊ သို့ပေမဲ့ ယိုးဒယားများကတော့ စစ်ရေးလေ့ကျင့်မှုနဲ့ အချိန် ကိုက်ပြီး မိမိတို့စခန်းများကို SURA နဲ့ပေါင်းပြီး အလစ်အငိုက်တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်၊ ယိုးဒယား စစ်တပ်ကတော့ မြန်မာ့တပ်မတော်က လက်နက်ကြီးကျည်တွေ သူတို့ဘက်ရောက်လို့ပြန်လည် ပစ်ခတ်တာပဲ ရှိပါတယ်လို့ပြောခဲ့ပါတယ်၊ လက်နက်ကြီးကျည်ကျလို့ ပြန်ပစ်တယ်ပြောရအောင် ဒီစခန်း လေးတွေမှာ တပ်စုအဆင့်သာဖြစ်လို့ ခြေလျင်ပစ်ကူလက်နက်ကြီးဆိုတာ မရှိခဲ့ပါဘူး၊ ယိုးဒယားဘက်က လက်နက်ကြီးရော၊ လူပါပစ်ခတ်တိုက်ခိုက်တဲ့အခါ လက်နက်ငယ်နဲ့ပဲ ပြန်လည်ပစ်ခတ်ခဲ့ပါတယ်၊ စခန်းများကိုတိုက်ခိုက်တဲ့ မေ(၂၀)ရက်နေ့မှာ ဒီသတင်းကို သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ထုတ်ပြန် ခဲ့ပါတယ်၊ ဒီလိုသာအချိန်နဲ့တပြေးညီ သတင်းမထုတ်ပြန်နိုင်ခဲ့ရင် ဒီစခန်းငယ်များသာမကဘဲ မြန်မာ့ နယ်မြေအတွင်းမှာ ဘယ်အထိများ ဝင်တိုက်မလဲဆိုတာကတော့ စီမံချက်ရေးထားတဲ့ ယိုးဒယားစစ်တပ် သာ အသိဆုံးဖြစ်ပါလိမ့်မယ်၊ စစ်ရေးလေ့ကျင့်မှုနဲ့ မိမိတပ်မတော်စခန်းများကို တိုက်ခိုက်မှုဟာ ချိန်ကိုက်စီမံခဲ့ကြပြီး၊ သူခိုးက လူ , လူ ဟစ်သလို လက်နက်ကြီးနဲ့ပစ်လို့ ပြန်ပစ်ရပါတယ်လို့ ဖြောင်လိမ်ပြီး ပြောခဲ့ပါတယ်၊ ဒီကိစ္စမှာလည်း ယိုးဒယားဟာ မရိုးသားပါဘူး၊ နောက်ကွယ်မှာ ကြီးမားတဲ့အကြံအစည် တွေရှိမယ်လို့ ယူဆရပါတယ်။

အဲဒီလို နယ်စပ်မှာပြဿနာတွေဖြစ်ကြပြီဆိုတော့ ယိုးဒယားစစ်တပ်က စုံစမ်းစစ်ဆေး ရေးကော်မတီနဲ့ စုံစမ်းစစ်ဆေးမှုတွေလုပ်တယ်လို့ပြောပါတယ်၊ စုံစမ်းစစ်ဆေးရေး ကော်မတီကရော၊

ဒုတိယဝန်ကြီးချုပ်နဲ့ ကာကွယ်ရေးဝန်ကြီး ချာဗလစ်ယောင်ချိုင်ယုဒ်ကပါ ယိုးဒယားစစ်တပ်က မြန်မာဘက်ကို လက်နက်ကြီးများနဲ့ပစ်ခတ်တယ်ဆိုတဲ့ မြန်မာဘက်ကစွပ်စွဲချက်နဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးတဲ့အခါ မှန်ကန်မှုမရှိဘူးလို့ ကြေညာခဲ့ကြပါတယ်၊ ကဲ- ကောင်းကြသေးရဲ့လားဗျာ၊ မြန်မာဘက်ကပဲ မဟုတ်မမှန်လုပ်ကြံပြီး အော်နေသလိုဖြစ်ပါရော့လား၊ မြန်မာတွေ လိမ်ညာပြောတာပါလို့ မကြေညာတာပဲ ကျေးဇူးတင်ရမယ့်ပုံ၊ ၂၀၀၁ခုနှစ်ကဖြစ်ခဲ့တဲ့ ကျထိနစခန်း၊ အို(၇) တောင်ကုန်း၊ ပါချီးစခန်း၊ ဘီပီ(၁) စတဲ့ တပ်မတော်စခန်းများကို SURA တိုက်တုန်းကလည်း SURA နဲ့ ယိုးဒယားတပ်တွေပေါင်းပြီး တိုက်ခဲ့ကြလို့ ပြဿနာဖြစ်ခဲ့ပြီးပါပြီ၊ နှစ်နိုင်ငံချစ်ကြည်ရေးကိုရှေ့ရှုပြီး မချစ်ပေမယ့် အောင့်ပြီးနမ်းခဲ့ရပါတယ်၊ ထိပ်ခေါက်ပြီး တောင်းပန်ပေမယ့် ကြေလိုက်ရပါတယ်။

အခုတစ်ခါဖြစ်တာကတော့ ထိပ်ခေါက်တာမဟုတ်တော့ပါဘူး၊ တူနဲ့ထုတာထက်ပိုဆိုးပါတယ်၊ ဘာကြောင့်လဲဆိုတော့ တပ်မတော်ခေါင်းဆောင်ကြီးတစ်ဦးရဲ့ ချစ်ကြည်ရေးခရီးစဉ် ကိုပါ အမြတ်ထုတ်ပြီး နိုင်ငံရေးလုပ်ကြံခဲ့ပါတယ်၊ ပြီးတော့အခွင့်သာရင် မိမိတို့နိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်ဖို့ ကြီးမားတဲ့အစီအမံတွေနဲ့ ကြံရွယ်ခဲ့တဲ့အနေအထားတွေ့ရပါတယ်၊ ဗူးပေါ် သလို ပေါ်နေတာ တောင် ယိုးဒယားစစ်တပ်ရဲ့ စုံစမ်းရေးကော်မရှင်ကလိမ်ညာပြီး အစီရင်ခံကြပြန်ပါတယ်၊ အောက်ခြေကညာတာကို ကာကွယ်ရေးဝန်ကြီးအထိ သိလျက်နဲ့အညာခံပြီး အဆင့်ဆင့်သိက္ခာမဲ့စွာ လိမ်ညာထုတ်ပြန်ကြပြန်ပါတယ်၊ အခုကိစ္စဟာ အချုပ်အခြာအာဏာကို ထိပါးတဲ့သဘောရှိတာမို့ ပွဲပြီးမီးသေ၊ ဘွာတေးနဲ့ကြေအေးရမယ့်ကိစ္စမဟုတ်တော့ပါဘူး၊ အမျိုးသားရေးပြဿနာအဖြစ် ရှုမြင်ကြဖို့လို အပ်ကြောင်းနှိုးဆော်အပ်ပါတယ်။





**ယိုးဒယားနိုင်ငံအတွင်း အခိုင်အမာအခြေပြု ဆောက်လုပ်ထားသော SURA လွယ်တိုင်းလျှံစခန်း ဌာနချုပ်နှင့် ဘိန်းချက်စခန်းများပြမြေပုံအား တွေ့ရပုံ**




(၂၀-၅-၂၀၀၂)ရက်နေ့တွင် မြန်မာ့တပ်မတော်စခန်းများအား SURA ဘိန်းမှောင်ခို အကြမ်းဖက်သောင်းကျန်းသူများနှင့် ယိုးဒယားစစ်တပ် ပူးပေါင်းတိုက်ခိုက်မှုပြမြေပုံ



(၁၁-၂-၂၀၀၂)ရက်နေ့တွင် ယိုးဒယားစစ်တပ်မှပစ်ခတ်မှုကြောင့် တာချီလိတ်မြို့ရှိ၊ ကုသိနာရုံဘုန်းကြီးကျောင်းအား လက်နက်ကြီး၊လက်နက်ငယ်များ ထိမှန်ထားပုံ



SURA ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူတို့ သိမ်းယူထားသောရန်ပိုင်ဆွန်၊ ပန်ဂန့်ဇော်၊
ပန်မိုင်ဆွမ်၊ ညောင်ပင်ကုန်း စခန်းများအား မြန်မာ့တပ်မတော်မှပြန်လည်သိမ်းပိုက်ရရှိမှုပြ မြေပုံ



(၁၁-၂-၂၀၀၂)ရက် နေ့တွင် ယိုးဒယား စစ်တပ်မှပစ်ခတ်မှုကြောင့် တာချီလိတ်မြို့ရှိ ကုသိန္နာရုံဘုန်းကြီး ကျောင်းရှိ ဆင်းတုတော်အား လက်နက်ကြီး၊ လက်နက်ငယ်များ ထိမှန်ပုံ



(၁၁-၂-၂၀၀၁)ရက်နေ့ ယိုးဒယားစစ်တပ်မှပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ မှုကြောင့်တာချီလိတ်မြို့နေ ပြည်သူ(၂)ဦးသေဆုံးခဲ့ပုံ

## ယိုးဒယားကို တယ်တင်ရှင်လို့သဘောထားနေရတဲ့ KNU

ဇွန်လ(၄)ရက်နေ့က ယိုးဒယားနိုင်ငံ၊ ရပ်ချ်ဘူရီခရိုင်မှာ အကြမ်းဖက်တစ်ဖွဲ့က ကျောင်းကားကို သေနတ်နဲ့ပစ်ခဲ့ပါတယ်၊ ကျောင်းသား-ကျောင်းသူ(၂)ဦးသေဆုံးပြီး (၁၄)ဦးဒဏ်ရာရခဲ့ပါတယ်၊ ယိုးဒယားစစ်တပ်ကတော့ ဒီကိစ္စဟာမြန်မာ့တပ်မတော်ရဲ့လုပ်ဆောင်မှု မဖြစ်နိုင်ဘူး၊ ကျောင်းသားအမည်ခံ ABSDF နဲ့ KNU အဖွဲ့က ဖြစ်နိုင်တယ်လို့ပြောဆိုခဲ့ပါတယ်၊ ဒါပေမယ့် ဇွန်လ(၅)ရက်နေ့မှာ KNU အကြမ်းဖက်သောင်းကျန်းသူက ကြေငြာချက်တစ်စောင် ထုတ်ခဲ့ပါတယ်၊ အဲဒီကြေငြာချက်မှာ ဒီလိုအကြမ်းဖက်သတ်ဖြတ်မှုကို မြန်မာ့တပ်မတော်ကလုပ်တာ ဖြစ်တယ်လို့ပါရှိပါတယ်၊ ကဲဗျား-ကာယကံရှင်ကတောင် အကျိုးအကြောင်းခိုင်ခိုင်လုံလုံဖော်ပြပြီး မြန်မာ့တပ်မတော်က မဟုတ်ပါဘူးလို့ တိတိကျကျပြောနေပါလျက်နဲ့ မျက်နှာလိုမျက်နှာရဝင်ပြီး စွပ်စွဲပြောဆိုခဲ့ပါတယ်၊ KNUဟာ ယိုးဒယားကို လုံးဝမှီခိုအားထားနေရတဲ့ အဖွဲ့ဖြစ်နေတော့ မြန်မာနိုင်ငံသားဆိုတဲ့ စိတ်လည်း မရှိတော့ပါဘူး၊ မြန်မာနိုင်ငံထဲမှာ မွေးခဲ့ပေမယ့် မြန်မာသွေးလည်းမရှိတော့ပါဘူး၊ တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးတော့မပြောပါနဲ့၊ ကရင်လူမျိုး၊ ကရင်အမျိုးသားရေး အတွက်ဆိုတာတောင် မစဉ်းစားတော့ပါဘူး၊ ခေါင်းဆောင်တစ်စု ဘဝရပ်တည်ရေးအတွက် ကိုယ့်လူမျိုးကိုတောင် ကိုယ်ပြန်စတေးနေတဲ့ သူတွေ ဖြစ်နေပါပြီ။

KNU နဲ့ပတ်သက်လို့ ပြန်ကြည့်ပြန်တော့လည်း ၁၉၄၈-၄၉ လက်နက်ကိုင်ပုန်ကန်မှု စကတည်းက ယိုးဒယားနဲ့ကျေးဇူးခံကျေးဇူးစား ဖြစ်ခဲ့ရတာကိုတွေ့ရပါတယ်၊ လက်နက်ကိုင်ဆူပူမှု ပေါ်ပေါက်အောင် နယ်ချဲ့အင်္ဂလိပ်ကမြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရတော့မယ် ဆိုကတဲက ကရင်အမျိုးသားများကို သွေးထိုးပေးခဲ့တယ်၊ ဆူပူမှုမှာ အဆင်သင့်ဖြစ်ဘို့လည်း အင်္ဂလိပ်ကဘဲ လက်နက်ခဲယမ်းစီစဉ်ပေးခဲ့ပါတယ်၊ ကနဦးမှာ ကရင်သောင်းကျန်းသူအင်အား များပြားခဲ့ပါတယ်၊ ဒီအတွက် လက်နက်ခဲယမ်းမပြတ်ရရှိဘို့ လိုအပ်လာခဲ့ပါတယ်၊ အင်္ဂလိပ်ကတော့ ဘယ်မှာပို့လို့ ရတော့မလဲ၊ နီးစပ်ရာရှာတဲ့အခါ နဂိုကမှ မြန်မာကိုမုန်းတီးနေတဲ့ ယိုးဒယားနဲ့တွေ့ကြတော့တာပေါ့၊ လိုအပ်တဲ့လက်နက်ခဲယမ်းကို ယိုးဒယားကဘဲ ဝယ်ယူရရှိခဲ့ကြပါတယ်၊ ယိုးဒယားရဲ့ကူညီမှုကြောင့် မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်လာတဲ့ တရုတ်ဖြူတွေနဲ့ KNU အဆက်အသွယ်ရခဲ့ကြတယ်၊ တရုတ်ဖြူဆီက လက်နက်ခဲယမ်းသာမဟုတ်ပါဘူး၊ လူအင်အားနဲ့ပါကူညီခဲ့တာပါ၊ တရုတ်ဖြူကတပ်အင်အားနဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့ဒေသမှာ ဝင်ရောက်ကူညီခဲ့ပါသေးတယ်၊ အဲဒီကာလကစပြီး KNUဟာ ယိုးဒယားရဲ့အားပေးကူညီမှုကိုရလို့ ကျေးဇူးခံကျေးဇူးစားဖြစ်လာခဲ့ပါတယ်၊ ဒီနောက်မှာတော့ ပြည်သူလူထုရဲ့လက်မခံမှု၊ မြန်မာ့တပ်မတော်ရဲ့ ထိုးစစ်များကြောင့် ပြည်တွင်းကနေ တဖြည်းဖြည်း မြန်မာ-ယိုးဒယားနယ်စပ်ကို ပြောင်းရွှေ့အခြေခံရတဲ့ဘဝကို ရောက်ရှိလာခဲ့တယ်၊ နယ်စပ်မှာ အခြေခံရပြီဆိုကတည်းက ယိုးဒယားကို ပိုမိုအားထားရတော့တာပေါ့၊ KNU သက်ဆိုးရှည်ရတဲ့ အဓိကအကြောင်းရင်းဟာ ယိုးဒယားရဲ့အားပေးကူညီမှုရလို့ဆိုတာ ဘယ်သူမှမငြင်းနိုင်ပါဘူး။

၁၉၆၃ခုနှစ်မှာ စောဟန်တာသာမွေး ခေါင်းဆောင်တဲ့ နိုင်ငံရေးအမြင်မှန်ရသူများ လက်နက်နဲ့ငြိမ်းချမ်းရေးလဲခဲ့တဲ့နောက် KNU ဟာ အင်အားကျဆင်းလာခဲ့ပါတယ်၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဩဇာခံလိုသူ လက်ဝဲအုပ်စုခွဲထွက်ကြပြန်လို့ နှစ်စုကွဲကြပြန်ပါတယ်၊ ၁၉၆၈-၆၉ မတိုင်မီမှာ KNU ဟာ အတော့်ကိုယိမ်းယိုင်နေတဲ့ အခြေအနေရောက်ခဲ့ပါတယ်၊ ယိုးဒယားရဲ့ကျေးဇူးကြောင့် ပြန်ထောင်လာခဲ့တယ်လို့ ဆိုရပါမယ်၊ ဘာကြောင့်လည်းဆိုတော့ ၁၉၆၉-၇၀မှာ ယိုးဒယားကိုအခြေခံပြီး

ဝန်ကြီးချုပ်ဟောင်းဦးနုရဲ့ ပြည်ပြေးအဖွဲ့ ပေါ်ပေါက်လာပါတယ်၊ အနောက်အုပ်စုရဲ့ ပံ့ပိုးမှု၊ ယိုးဒယားရဲ့ အစွမ်းကုန်အကူအညီနဲ့ ပြည်ပြေးအဖွဲ့ဟာ ခေတ်မီလက်နက်ခဲယမ်းများ ရခဲ့ပါတယ်၊ KNU လည်း ပြည်ပြေးကြောင့် ပြည်ပအဆက်အသွယ်တွေရပြီး ပံ့ပိုးမှုရလာပါတယ်၊ ပြည်ပြေးပြိုကွဲချိန်မှာတော့ လက်နက်ခဲယမ်းအားလုံးဟာ KNU လက် ရောက်ရှိခဲ့ပါတယ်၊ အဲဒီမှာ KNUဒုတိယအကြိမ် ခေါင်းပြန်ထောင်နိုင်ခဲ့ပါတယ်၊ ယိုးဒယားနယ်စပ်မှာ ၁၉၇၀ ခုနှစ်လောက်ကစတင်ပြီး ခေတ်စားလာတဲ့ မှောင်ခိုစီးပွားရေးကလည်း KNU အတွက် ကြီးမားတဲ့ဝင်ငွေရခဲ့ပါတယ်၊ ဗီယက်နမ်စစ်မှာ ယိုးဒယားတို့မှာ ပေါများနေတဲ့ လက်နက်ခဲယမ်းများကို ရောင်းချဘို့ KNU ဈေးကွက်က အသင့်ဖြစ် နေပါတယ်၊ ဒါကြောင့် ၁၉၇၀နောက်ပိုင်းကာလများဟာ ယိုးဒယားရဲ့ကျေးဇူးကြောင့် KNU ဟာ လူလက်နက်အင်အား အတောင့်တင်းဆုံး ကာလများ ဖြစ်လာခဲ့ရပါတယ်။



**ယိုးဒယားနယ်မြေအတွင်းရှိ KNU အကြမ်းဖက်သောင်းကျန်းသူစခန်း၌ အခမ်းအနားတစ်ခုတွင် နိုင်ငံခြားသတင်းထောက်များအား တွေ့မြင်ရစဉ်**

၁၉၈၀ပြည့်နှစ်ရဲ့နောက်ပိုင်းမှာ KNU ဟာစစ်ရေး၊ နိုင်ငံရေးတဖြည်းဖြည်းကျဆင်း လာပါတယ်၊ တပ်မတော်ရဲ့ထိုးစစ်ကြောင့် နယ်စပ်အခြေခံစခန်းကြီးများပါ လုံခြုံမှုနည်းလာပါတယ်၊ ဒါကြောင့် မိသားစုဝင်တွေကို ယိုးဒယားနိုင်ငံထဲမှာ အခြေချနေထိုင်ဘို့ လိုအပ်လာပါတယ်၊ ဒီမှာအမြတ် ထုတ်ဘို့ အခွင့်ကြုံလာတဲ့ယိုးဒယားဟာ ဒုက္ခသည်အဖြစ် လက်ခံနေရာချထားပြီး နိုင်ငံတကာကိုပြစား ပါတော့တယ်၊ နိုင်ငံတကာ NGO အဖွဲ့အစည်းတွေ ဝင်လာပြီဆိုကတည်းက ယိုးဒယားတို့ အကျိုးအမြတ် ရကြပြီပေါ့၊ ဒုက္ခသည်စခန်းမှာ မှီတင်းနေထိုင်ကြတဲ့ KNU မိသားစုဝင်တွေ၊ ဆွေမျိုးသားချင်းနဲ့အတင်း အကြပ်ပြောင်းရွှေ့စေသူများဟာ တစ်ဘက်ကဝင်ငွေရဘို့ အလုပ်ရှာကြပါတယ်၊ NGO ရဲ့ အထောက် အပံ့က ယိုးဒယားတွေဖြတ်စားလို့ မဝရေစာဘဲရတာမဟုတ်လား။ ဒါကြောင့်ဝင်ငွေရဘို့ အလုပ်ရှာတဲ့အခါ ယိုးဒယားနိုင်ငံသားများအတွက် တန်ဘိုးနဲနဲနဲ့ လုပ်အားဝယ်လို့ ရကြပြန်ပါတယ်၊ ဒီလိုအကျိုးအမြတ်တွေ ရှိလို့ ဂျပန်အပါအဝင် ပြည်ပနိုင်ငံတွေက ယိုးဒယားကိုလာပြီး အရင်းအနှီးမြှုပ်နှံသူတွေကို မြန်မာနယ်စပ် နဲ့နီးတဲ့နေရာတွေမှာ စက်ရုံ၊ အလုပ်ရုံ၊ စိုက်ပျိုးရေးလုပ်ငန်းတွေ ထူထောင်စေခဲ့ပါတယ်၊ ဘာဘဲပြောပြော

ယိုးဒယားနိုင်ငံသားများနဲ့ KNU သောင်းကျန်းသူတွေဟာ အပြန်အလှန်အကျိုးဖြစ်ထွန်းခဲ့တယ်ဆိုတာ တွေ့ရပါတယ်။

၁၉၈၈ခုနှစ် တပ်မတော်အစိုးရတက်လာချိန်ကစပြီး KNU ရဲ့နိုင်ငံရေး၊ စစ်ရေးဟာ ယိမ်းယိုင်လာရာကနေ ပြိုကွဲမယ့်အခြေအနေ ရောက်လာပါတယ်၊ တပ်မတော်အစိုးရအနေနဲ့ အမျိုးသား နိုင်ငံရေးရည်မှန်းချက်အဖြစ် ဒို့တာဝန်အရေး(၃)ပါးချမှတ်ပြီး နိုင်ငံရေးဦးတည်ချက်(၄)ရပ်မှာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်၊ ဒါကြောင့်လည်း ၁၉၈၉ခုနှစ်ကစပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးစတင်ယူလာခဲ့ကြပါတယ်၊ ဒီငြိမ်းချမ်းရေးဂယက်ဟာ ကရင်ပြည်နယ်မှာလည်း ရိုက်ခတ်ခဲ့ပါတယ်၊ ၁၉၉၂ခုနှစ်မှာ တပ်မတော်က ငြိမ်းချမ်းရေးရရှိစေလိုတဲ့အတွက် ကရင်ပြည်နယ်မှာ ထိုးစစ်ကြီးများ ရပ်ဆိုင်းပေးပြီး KNU ကို ငြိမ်းချမ်း ရေးဖိတ်ခေါ်ခဲ့ပါတယ်၊ စစ်ဘေးစစ်ဒဏ်ကို ကာလကြာရှည်ခံလာရတဲ့ ကရင်ပြည်နယ်လူထုသာမက KNU တပ်ဖွဲ့ဝင်များကိုပါရိုက်ခတ်လို့ ငြိမ်းချမ်းရေးရယူလိုလာကြပါတယ်၊ အခြေအနေကို ရိပ်စားမိတဲ့ KNUခေါင်းဆောင်များဟာ ၁၉၉၃ခုနှစ်မှာ ငြိမ်းချမ်းရေးဆွေးနွေးလိုပါတယ်ဆိုပြီး မဖြစ်နိုင်တဲ့ တောင်းဆိုချက်တွေ ကမ်းလှမ်းခဲ့ပါသေးတယ်၊ တကယ်တော့ ဒို့လည်းငြိမ်းချမ်းချင်တာဘဲ အစိုးရက မလိုက်လျောလို့ဆိုတာမျိုးနဲ့ ဟန်ပြကျည်ထိုးပြီး နိုင်ငံရေးကစားခဲ့ပါတယ်။ တကယ်ငြိမ်းချမ်းရေးလိုလားလို့ မဟုတ်ပါဘူး။

ဒါကြောင့်လည်း ၁၉၉၄ခုနှစ်မှာ ပြိုကွဲဘို့ ပြဿနာပေါ်ပေါက်လာပါတယ်၊ မြိုင်ကြီးငူ ဆရာတော်ကို အကြောင်းပြုပြီး ဗုဒ္ဓဘာသာဝင် KNU တပ်ဖွဲ့ဝင်များ ခွဲထွက်ခြင်းဟာ တကယ့်တကယ် တော့ ငြိမ်းချမ်းစွာ နေထိုင်လိုမှုကလည်း အဓိကတွန်းအားဖြစ်ပါတယ်၊ ငြိမ်းငြိမ်းချမ်းချမ်းနေချင်လို့လည်း ဗုဒ္ဓဘာသာ KNU တပ်ဖွဲ့ဝင်တွေဟာ DKBA ဆိုတဲ့အဖွဲ့ ဖွဲ့စည်းပြီး ပြည်သူလူထုကို နှိပ်စက်နေတဲ့ KNU ကို ပြန်လည်တိုက်ခိုက်ခဲ့ကြတာ ဖြစ်ပါတယ်၊ ဒီလိုနဲ့ ၁၉၉၅ခုနှစ်မှာ ပြည်သူကလည်းဆန့်ကျင်၊ ငြိမ်းချမ်းလိုကြတဲ့တပ်ဖွဲ့ဝင်တွေက ခွဲထွက်တဲ့အချိန်မှာ မာနယ်ပလော KNU ဌာနချုပ်နဲ့ စခန်းကြီးတွေကို တပ်မတော်က တိုက်ခိုက် သိမ်းပိုက်လိုက်ပါတယ်၊ KNU စခန်းဆိုလို့ မြန်မာ့မြေပေါ်မှာ လုံးဝမရှိတော့ဘဲ သောင်ရင်းမြစ်တစ်ဘက်ကမ်း ယိုးဒယားနိုင်ငံထဲပြေးဝင်ပြီး ဒုက္ခသည်အမည်ခံနေထိုင်ခဲ့ရပါတယ်၊ အဲဒီအချိန်ကစပြီး KNUဟာ ယိုးဒယားအပေါ်မှာ လုံးဝမှီခိုအားထားနေရတဲ့ အခြေအနေကို ရောက်ရှိခဲ့ ပါတော့တယ်။

နဂိုကတည်းက KNU ခေါင်းဆောင် ဘိုမြအပါအဝင် ဗဟိုကော်မတီဝင် တော်တော် များများဟာ ယိုးဒယားနိုင်ငံသားလက်မှတ်ရရှိပြီး အိမ်ခြံမြေ စီးပွားရေးလုပ်ငန်းတွေ ရှိကြပြီးသားပါ။ ယိုးဒယားထဲဝင်ပြေးရတယ်ဆိုပေမယ့် ကိုယ့်အိမ်ကိုယ့်ယာကို အသင့်ဝင်နေရသလိုပါဘဲ၊ သို့ပေမယ့် အောက်ခြေတပ်ဖွဲ့ဝင်တွေကတော့ ဒုက္ခသည်စခန်းမှာ မဝရေစာမှီခိုစားနေရတာပါ။ ဘာဘဲဖြစ်ဖြစ် တိုင်းပြည်မဲ့ဘဝဖြစ်နေတဲ့ KNU အနေနဲ့ လက်နက်ကိုင်ပုန်ကန်မှုစကတည်းက ယိုးဒယားရဲ့အကူအညီနဲ့ ရပ်တည်ခဲ့ရပြီး ယခုအခါမှာလည်း အစွမ်းကုန်ကူညီထားတာမို့ ယိုးဒယားကို KNUက ကယ်တင်ရှင်လို သဘောထားမှာပါဘဲ၊ ဒါကြောင့်လည်း ယိုးဒယားရဲ့လက်ပါးစေဖြစ်ခဲ့ရပြီး ယိုးဒယားတို့အလိုကျ မျက်နှာလို မျက်နှာရလုပ်နေရတယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် KNU ခေါင်းဆောင်တစ်စုရဲ့ ဘဝရပ်တည်ရေး အတွက် ကရင်အမျိုးသားများရဲ့ဘဝကို စတေးနေကြပါလားဆိုတာတော့ အများပြည်သူများသိရှိအောင် ဖြစ်ရပ်တစ်ချို့ကို ပြောပြချင်ပါသေးတယ်။

KNU ဟာ ယိုးဒယားတို့အလိုကျ ဘယ်လောက်လုပ်နေရလဲဆိုရင် SURA လိုပဲ လက်ပါးစေအဖြစ် ခိုင်းတာလုပ်ပေးနေရပါတယ်၊ နယ်စပ်မှာ ပြဿနာတွေမပေါ်ခင် ယိုးဒယားစစ်တပ်က SURA ကို လက်နက်ခဲယမ်းတွေထောက်ပံ့သလို KNU ကိုလည်းထောက်ပံ့ခဲ့ပါတယ်၊ ယိုးဒယားစစ်တပ်ရဲ့ ခဲယမ်းဂိုဒေါင် မီးလောင်တုန်းက ကျန်ခဲ့တဲ့ခဲယမ်းအကောင်းတွေကို အပျက်အစီးစာရင်းပြပြီး (၃)ပုံ(၂)ပုံကို SURA ပေးပြီး (၃)ပုံ(၁)ပုံကို KNU ပေးခဲ့ပါတယ်၊ KNU ဟာ ယိုးဒယားကရတဲ့ ခဲယမ်းတွေနဲ့ DKBA နဲ့ တပ်မတော်စခန်းငယ်များကို ပစ်ခတ်တိုက်ခိုက်ပြီး စစ်ရေးလှုပ်ရှားမှု ပြုလုပ်လာပါတယ်၊ မကြာသေးခင်က မြဝတီ-မဲဆောက် နယ်စပ်တစ်လျှောက် ယိုးဒယားဘက်မှာ ပစ်ခတ်မှုတွေ ဖြစ်ပွားခဲ့ပါတယ်၊ ယိုးဒယားစစ်တပ်ကတော့ KNU အဖွဲ့ ဖြစ်နိုင်တဲ့အကြောင်းပြောပါတယ်၊ ဒါပေမဲ့ KNU ကတော့ DKBA နဲ့ မြန်မာ့တပ်မတော်ရဲ့ လက်ချက်ပါလို့ စွပ်စွဲပါတယ်၊ ကိုယ်တိုင်ဖန်တီးပြီး ကိုယ့်ကရင်အမျိုးသားအချင်းချင်းအပေါ် အပြစ်ပုံချတာတော့အံ့ဩမိပါတယ်။

သိတ်လည်း အံ့ဩစရာတော့မဟုတ်ပါဘူး၊ ပြီးခဲ့တဲ့ ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလတုန်းက ရပ်ချ်ဘူရီဆေးရုံကို God's Army ဘုရားသခင်တပ်မတော်ခေါ်တဲ့အဖွဲ့က ဝင်ရောက်အပိုင်စီးတဲ့ ကိစ္စကို ကြည့်ပါ၊ God's Army ဆိုတာ တကယ်တော့ KNU အဖွဲ့ရဲ့လက်အောက်ခံ ကရင်အမျိုးသားများနဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့ပါဘဲ၊ မဟုတ်ပါဘူးလို့ ငြင်းပါလိမ့်မယ်၊ တကယ်သာ သီးခြားအဖွဲ့ဆိုရင် KNUဟာ သူ့နယ်မြေမှာ ဘယ်တုန်းကမှ ကရင်အဖွဲ့ကို သီးခြားဖွဲ့စည်းရပ်တည်ခွင့်ပေးခဲ့တာ မရှိပါဘူး၊ အဲဒီတုန်းက ဆေးရုံကို အပိုင်စီးတဲ့ အဖွဲ့ဝင်(၁၀)ယောက်ကို ယိုးဒယားတပ်က ချော့မော့ပြီး ဖမ်းဆီးတာပါ၊ ယိုးဒယားစစ်တပ်ကိုယုံစားပြီး လက်နက်ချအဖမ်းခံကြပါတယ်၊ ပြီးမှကြိုးတုတ်ပြီး ပစ်ခတ်သတ်ဖြတ်ခဲ့တာပါ၊ ကရင်အမျိုးသားများကို ရက်ရက်စက်စက် ဥပဒေမဲ့သတ်ဖြတ်တာတောင် KNU က ဘာတစ်ခွန်းမှ မပြောခဲ့ပါဘူး၊ ဒီအဖွဲ့ဟာ KNU နဲ့ ဘာမှမဆိုင်ဘူးဆိုတာပဲ တဖွဖွပြောခဲ့ပါတယ်၊ ယိုးဒယားနိုင်ငံထဲမှာ နေထိုင်ခွင့်ပေးထားတဲ့ မျက်နှာကြောင့် ကိုယ့်ကရင်လူမျိုးတွေကို မတရားသတ်ဖြတ်တာတောင် တစ်စုံတစ်ရာ ကန့်ကွက်ပြောဆိုတာမျိုး မလုပ်ခဲ့ကြပါဘူး။




**ယိုးဒယားနိုင်ငံရှိ မြန်မာသံရုံးအား ဝင်ရောက်စီးနင်းစဉ် ကြိုတင်ဖမ်းဆီးထားသည့်အတိုင်း တန်ဆာခံများအား တာဝန်ရှိသူများထံ ပြန်လည်စေလွှတ်ပေးစဉ်**

ဒီထက်ဆိုးတဲ့ ဖြစ်ရပ်ရှိပါသေးတယ်၊ ဒီကိစ္စလည်း ရပ်ချ်ဘူရီခရိုင်နယ်စပ်မှာ ဖြစ်ခဲ့တာပါ၊ ရပ်ချ်ဘူရီဆေး၍ အပိုင်စီးတဲ့ကိစ္စနဲ့ မရွေးမနှောင်းပါဘဲ၊ နယ်စပ်မှာ KNU တပ်မဟာ (၄)နဲ့ ယိုးဒယားစစ်တပ် မှားယွင်းပစ်ခတ်ကြတော့ ယိုးဒယားတပ်က အထိအခိုက်(၄-၅)ဦးရှိခဲ့ပါတယ်၊ ဒါကို အညှိုးအတေးထားပြီး ယိုးဒယားနယ်စပ်ထဲ ရောက်နေတဲ့ KNU မိသားစုဝင်နဲ့ ဆွေမျိုးသားချင်းတွေ တိုက်ပွဲဖြစ်ပွားလို့ ထွက်ပြေးတိမ်းရှောင်လာကြတဲ့ ကရင်ရွာသားတွေကို ယိုးဒယားစစ်တပ်ကလိုက်ဖမ်းပါတယ်၊ အဲဒီအထဲက ကရင်အမျိုးသား(၃၀)လောက်ဟာ လုံးဝပြန်လွတ်မလာတော့ပါဘူး၊ ဘယ်ပြန်လွတ်ပါ့မလဲ၊ ယိုးဒယားစစ်တပ်က အားလုံးကို ပစ်သတ်ခဲ့ပါတယ်၊ သတ်ဖြတ်ဘို့ အမိန့်ပေး ညွှန်ကြားသူတွေထဲမှာ ပါသူတချို့ဟာ ရဟတ်ယာဉ်ပျက်ကျလို့ သေဆုံးတဲ့အထဲ ပါသွားတယ်လို့ သိရပါတယ်၊ KNU တပ်မဟာ(၄) တပ်ဖွဲ့ဝင်အားလုံး ဒီကိစ္စလူတိုင်းသိပါတယ်၊ KNU ဗဟိုကလည်းသိပါတယ်၊ ဘယ်သူမှ မပြောဝံ့ကြပါဘူး၊ ရှေ့ငုံ့နှုတ်ပိတ် နေခဲ့ပါတယ်၊ ဘယ်လောက်များ ရင်နာစရာကောင်းလဲ၊ ကိုယ့်ကရင်လူမျိုးတွေကို ရက်ရက်စက်စက် ဥပဒေမဲ့သတ်ဖြတ်နေတာတောင် သူတို့မှိုကြည့်နေရက်တယ်။




**(၁၀-၁-၈၈)ရက်နေ့တွင် KNUသောင်းကျန်းသူများချိန်ကိုက်မိုင်းထောင်းဖောက်ခွဲမှုကြောင့် ပျက်ဆီးနေသည့် မန္တလေး-ရန်ကုန်အမြန်ရထားအား တွေ့ရပုံ**

စာဖတ်သူများအနေနဲ့ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရပြီလို့ ပြောရလောက်အောင် တိုင်းရင်းသားအဖွဲ့အစည်း(၁၇)ဖွဲ့ ငြိမ်းချမ်းရေးရယူခဲ့ပါလျှက် KNU အဖွဲ့ ဘာကြောင့်ကျန်နေခဲ့လဲလို့ သိချင်ကြပါလိမ့်မယ်၊ စာရေးသူလေ့လာသိရှိထားတာကို အကျဉ်းချုံးပြီး အသိပေးလိုပါတယ်၊ KNU ဟာ ငြိမ်းချမ်းရေးကိုတကယ်လိုချင်လို့၊ တကယ်ရချင်လို့ တွေ့ဆုံဆွေးနွေးမှုလုပ်ခဲ့တာမှ မဟုတ်တာဘဲ၊ နိုင်ငံရေးကစားတဲ့အနေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ယိုးဒယားတို့အလိုကျ ဖြစ်ခဲ့ရတယ်ဆိုတာ စာဖတ်သူများသိသင့်ပါတယ်၊ တပ်မတော်အစိုးရတက်လာပြီးကတည်းက ငြိမ်းချမ်းရေးရဘို့ ဘယ်လောက် ကြိုးစားခဲ့တယ်ဆိုတာ ပြောခဲ့ပြီးပါပြီ၊ အထူးသဖြင့် စစ်ဘေးစစ်ဒဏ်ကာလ တာရှည်စွာခံနေရတဲ့ ကရင်ပြည်နယ်ကို

ငြိမ်းချမ်းစေချင်လွန်းလို့ ၁၉၉၂ ခုနှစ်မှာ တပ်မတော်ရဲ့ ထိုးစစ်ကို ရပ်ဆိုင်းပေးကြောင်း ကြေငြာပြီး ငြိမ်းချမ်းရေးရဖို့ ကြိုးစားခဲ့ပါတယ်။



**KNU အကြမ်းဖက် သောင်းကျန်းသူများမှ ပစ်ခတ် တိုက်ခိုက်ခဲ့သည့် တော့ တရိတ် -မြဝတီ ခရီးသည် တင်ယာဉ်နှင့် ခရီးသည်များသေဆုံး၊ ဒဏ်ရာရရှိသူများအား တွေ့ရပုံ**

တကယ်တော့အဲဒီအချိန်မှာ KNU ဟာ စစ်ရေး၊ နိုင်ငံရေး ကျဆင်းနေပါပြီ၊ သိတဲ့အတိုင်း ထိုးစစ်ရပ်ဆိုင်းတာကို အခွင့်ကောင်းယူပြီး KNU က တပ်မတော်စခန်းတစ်ချို့ကို အလစ်အငိုက်တိုက်ခိုက်တာ လုပ်လာခဲ့ပါသေးတယ်၊ သို့ပေမယ့်တပ်မတော်က KNUကို ကြီးမားတဲ့ထိုးစစ်ကြီးတွေမလုပ်ခဲ့ပါဘူး၊ ငြိမ်းချမ်းရေးအတွက် လက်ကမ်းမြဲကမ်းခဲ့ပါတယ်၊ ပြောခဲ့တဲ့အတိုင်း တစ်နိုင်ငံလုံးရဲ့ငြိမ်းချမ်းရေးဂယက်ဟာ ကရင်ပြည်နယ်မှာရော KNUထဲမှာရော ရိုက်ခတ်ခဲ့တာမို့ KNU ဗဟိုအနေနဲ့ **"ဒို့လည်း ငြိမ်းချမ်းရေးလိုချင်တာဘဲ၊ ဒို့လည်းကြိုးစားတာဘဲ"** ဆိုတာ ဟန်ပြလုပ်ဖို့ လှုပ်ရှားလာပါတယ်၊ ၁၉၉၂ခုနှစ်မှာ စာနဲ့ စတင်ဆက်သွယ်ပါတယ်၊ ၁၉၉၃ခုနှစ်မှာ ဘန်ကောက်မှာရှိတဲ့ မြန်မာစစ်သံမှူးရုံးကို ဆက်သွယ်ခဲ့ပါတယ်၊ စစ်သံမှူးနဲ့ KNU ဘိုမြတို့ နယ်စပ်မှာ တွေ့ဆုံခဲ့ကြပါတယ်၊ ငြိမ်းချမ်းရေးရယူခဲ့ကြတဲ့ ဘယ်တိုင်းရင်းသားအဖွဲ့အစည်းမှ မတောင်းဆိုခဲ့တဲ့ ဟာတွေစတင်တောင်းဆိုခဲ့ပါတယ်၊ **ငြိမ်းချမ်းရေးဆွေးနွေးမှုကို ပြည်ပနိုင်ငံ တစ်ခုခုမှာ ဆွေးနွေးရမယ်၊ ကုလသမဂ္ဂ ဒါမှမဟုတ် ကြားနိုင်ငံတစ်ခုခုက ကိုယ်စားလှယ်တွေ ပါဝင်ဆွေးနွေးရမယ်၊ တပ်ပေါင်းစုနဲ့ ဆွေးနွေးရမယ်ဆိုပြီး တောင်းဆိုပါတယ်၊** စာဖတ်သူဘဲ စဉ်းစားကြည့်ပါတော့၊ ကိုယ့်အိမ်တွင်းရေး ညီအစ်ကိုချင်း အခန့်မသင့်ကြတာ အရပ်လူကြီးဝင်ပါဖို့လိုမလားဗျာ၊ ငြိမ်းချမ်းရေးရယူခဲ့ပြီးဖြစ်တဲ့ (၁၇)ဖွဲ့နဲ့ ဆွေးနွေးခဲ့တာ ကိုယ့်နိုင်ငံကိုယ့်ရေမြေထဲမှာ ကိုယ့်တိုင်းရင်းသား ငြိမ်းချမ်းရေးအကျိုးဆောင်များနဲ့ ဆက်သွယ်ပြီး တစ်ဦးကိုတစ်ဦး ယုံယုံကြည်ကြည် တွေ့ဆုံဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်၊ ပြီးတော့တစ်ဖွဲ့ချင်း သီးခြားဆွေးနွေးခဲ့ကြတာပါ၊ စစချင်းဆောက်နဲ့ထွင်းဆိုသလို မဖြစ်နိုင်တာတွေတောင်းဆိုခဲ့လို့ တွေ့ဆုံဆွေးနွေးဖို့မဖြစ်ခဲ့ပါဘူး၊ အမှန်တော့ KNU ရဲ့ ယိမ်းယိုင်လာတဲ့ အခြေအနေကို ငြိမ်းချမ်းရေးဆွေးနွေးမယ်ဆိုပြီး ကျားကန်ပေးခဲ့တာဖြစ်ပါတယ်၊ KNU ထဲမှာ ငြိမ်းချမ်းရေး လိုလားတဲ့သူတွေများနေပါပြီ၊ အောက်ခြေမှာ ပြောဆိုနေကြပါပြီ၊ ဆွေးနွေးမှုဖြစ်မလာတော့ တပ်ဖွဲ့ဝင်အများစုဟာ ဗဟိုခေါင်းဆောင်များကို ဘဝင်မကျဖြစ်နေကြပါတယ်။

ဒီအချိန်မှာ ဘာသာရေးပြဿနာပေါ်လာပါတယ်၊ KNU မှာ ဗုဒ္ဓဘာသာဝင် (၇၈%)၊ ခရစ်ယာန်(၂၂%) ရှိပါတယ်၊ သို့ပေမဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ တစ်လျှောက်လုံး အနှိမ်ခံခဲ့ရပါတယ်၊ ဗုဒ္ဓဘာသာဝင် တပ်မဟာမှူးမပြောနဲ့၊ တပ်ရင်းမှူးတောင် အတော်ရှားပါတယ်၊ နေရာတကာမှာ ဘာသာရေးခွဲခြားမှုက သိသိသာသာ ပြင်းထန်ခဲ့တဲ့အတွက် ဗုဒ္ဓဘာသာဝင်များမှာ ခံစားချက်တွေ ရှိနေပါတယ်၊ ကာလကြာရှည်စွာ တအုံနွေးနွေး ခံစားလာခဲ့ရတဲ့ ဘာသာရေးနှိပ်ကွပ်မှုဟာ မြိုင်ကြီးငူဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းကို ဘိုမြတို့ ပိတ်ပင်တားမြစ် ပစ်ခတ်နှောက်ယှက်မှု လုပ်တာ ကို အကြောင်းပြုပြီးပေါက်ကွဲခဲ့ပါတယ်၊ ဒီလိုနဲ့ ၁၉၉၄နှစ်ကုန်ပိုင်းမှာ ဗုဒ္ဓဘာသာဝင် (၄၀၀၀-၅၀၀၀) ကျော်လောက်ဟာ KNU ကခွဲထွက်ပြီး **"ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး"** DKBA ကို ဖွဲ့စည်းခဲ့ပါတယ်၊ ကရင်ပြည်နယ်နဲ့ ကရင်အမျိုးသားများရဲ့ တည်ငြိမ်အေးချမ်းမှုကို အနှောက် အယှက်ပြုနေတဲ့ KNU ကို ပြန်လည်ဆန့်ကျင်တိုက်ခိုက်ခဲ့ကြပါတယ်၊ ၁၉၉၅ခုနှစ်မှာတော့ KNU ဌာနချုပ် မာနယ်ပလောနဲ့ စခန်းကြီးများကို တပ်မတော်ကတိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်၊ KNU တပ်ဖွဲ့ဝင်တွေနဲ့ မိသားစုများဟာ ယိုးဒယားနိုင်ငံထဲ ပြေးဝင်ခိုလှုံခဲ့ရပါတယ်၊ ဘိုမြနဲ့ခေါင်းဆောင် များမှအပ ကျန်ရှိတဲ့ KNU အများစုကလည်း ဒုက္ခသည်စခန်းများမှာ မှီခိုနေရလို့ဒုက္ခရောက်ကြပြီး ငြိမ်းချမ်းရေး လုပ်ချင်နေကြပါပြီ၊ တစ်ဦးစနှစ်ဦးစ DKBA ထဲကို ဘက်ပြောင်းခိုလှုံကြတာလည်း နေ့စဉ်များပြားလာခဲ့ပါတယ်၊ ဆက်လက်ပြီးပြိုကွဲမဲ့ အခြေအနေဖြစ်လာပါတယ်၊ ဒီမှာ KNU က ငြိမ်းချမ်းရေးဆွေးနွေးချင်ပါတယ်လို့ ဆိုလာပြန်ပါတယ်၊ ကရင်အမျိုးသား လူကြီးလူကောင်းများဖြစ်တဲ့ ဦးအေးစိုးမြင့်၊ ဦးစောမာဂေကြီး၊ ဦးထွန်းအောင်ချိန်၊ ဦးဟန်ဆင်သဒေါ၊ ဦးစောရစ်ချတ်နဲ့ ဦးခွန်မြတ်တို့ ကတစ်ဆင့် ဆက်သွယ်ခဲ့တာပါ။

အတိုချုံးပြောရရင်တော့ ၁၉၉၅ခုနှစ်ကစပြီး ၁၉၉၆ခုနှစ်ထိတရားဝင်(၄) ကြိမ်တွေ့ဆုံဆွေးနွေးပြီး တရားဝင်ဆွေးနွေးမှုမဟုတ်တဲ့ တစ်ဘက်နဲ့တစ်ဘက် သဘောထားရှင်းပြတဲ့ တွေ့ဆုံမှုက(၃)ကြိမ်၊ စုစုပေါင်း(၇)ကြိမ် တွေ့ဆုံခဲ့ကြပါတယ်၊ စတုတ္ထအကြိမ် ၉၆ ခုနှစ်နိုဝင်ဘာလ တွေ့ဆုံဆွေးနွေးမှု အပြီးမှာ KNU ဗဟိုက လက်နက်ကိုင်လမ်းစဉ်စွန့်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်တယ်ဆိုတာ အညံ့ခံခြင်းဆိုတဲ့ အဓိပ္ပါယ်သက်ရောက်လို့ လက်မခံနိုင်တဲ့အကြောင်းအစချီတဲ့ သဘောထားပြန်ကြားချက်စာ ပေးပို့ခဲ့ပါတယ်၊ ဘယ်လိုမှဆက်ဆွေးနွေးလို့ မဖြစ်နိုင်တာကြောင့် ဒီမှာတင်နိဂုံးချုပ်ခဲ့ရပါတယ်။

ရှင်းရှင်းပြောရရင်တော့ KNU ဟာ ငြိမ်းချမ်းရေးတကယ်လိုလားလို့၊ တကယ်ရချင်လို့ ဆွေးနွေးခဲ့တာ မဟုတ်ပါဘူး၊ KNU ထဲမှာကျဆင်းနေတဲ့ စည်းလုံးညီညွတ်မှု ဆက်ပြီးပြိုကွဲဦးမယ့် အခြေအနေကို ငြိမ်းချမ်းရေးလုပ်နေတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ထိန်းသိမ်းပြီး ပြန်လည်စည်းရုံးရေးလုပ်ခဲ့ပါတယ်၊ ဗဟိုကော်မတီဝင်များကစ ပြန်ပြီးထိန်းရတဲ့ အခြေအနေဖြစ်ခဲ့ပါတယ်၊ ဆွေးနွေးနေတဲ့ ကာလမှာ တပ်မဟာ(၆)နယ်မြေမှာ သစ်နဲ့သတ္တုတူးထုတ် ရောင်းချနိုင်ခဲ့လို့ ဝင်ငွေအသင့်အတင့် ရခဲ့ပါတယ်၊ ဆွေးနွေးပွဲအကြောင်းပြပြီး အမြတ်ထုတ်ခဲ့တာဖြစ်ပါတယ်၊ စတုတ္ထအကြိမ် တွေ့ဆုံအပြီးမှာ အမေရိကန်က အဖွဲ့အစည်းတစ်ခုရဲ့ ထောက်ပံ့မှုနဲ့ မဲသရောထမှာ တိုင်းရင်းသား လူမျိုးစုများ နှီးနှောဖလှယ်ပွဲကို KNU က ဦးဆောင်ပြီး တိုင်းရင်းသားကိုယ်စားလှယ် အမည်ခံများနဲ့ ပြုလုပ်ခဲ့ပါတယ်၊ ဒီဆွေးနွေးပွဲရဲ့ ကြေညာချက်က ပိုပြီးတောင်ငြိမ်းချမ်းရေးနဲ့ ဒီလာဆန့်ကျင်ဖြစ်ခဲ့ပါတယ်၊ အသေအချာ ကြည့်မှ နောက်ကွယ်မှာ ယိုးဒယားရဲ့ ကြိုးဆွဲမှုအတိုင်း ကနေရတယ်ဆိုတာတွေ့ရပါတယ်၊ တကယ်လို့ KNU သာ ငြိမ်းချမ်းရေးရယူပြီဆိုရင် ယိုးဒယားရဲ့ခြံစည်းရိုးအဖြစ် ကာရံထားတဲ့ နယ်စပ်တစ်လျှောက် တိုင်းရင်းသား လက်နက်ကိုင်တွေဟာ အဲဒီအချိန်မှာ လုံးဝမရှိသလောက် ဖြစ်တော့မယ့်အခြေအနေ

ရောက်နေပါတယ်၊ ဒါကြောင့်လည်း ယိုးဒယားက MTA အစား ရှက်ဆစ်ကိုဖွဲ့ထုတ်ပြီး SURA ကို ပြန်လည် အသက်သွင်းခဲ့ တယ်၊ မယ်အောတစ်ဝိုက်မှာ မဟာဆန်း(၀)အဖွဲ့ကို မွေးထားတယ်၊ တစ်ဆက်တည်း မယ်ဟောင်ဆောင် နယ်စပ်မှာ KNPP ကရင်နီကိုမွေးမြူနေတယ်၊ နယ်စပ်တစ်လျှောက်လုံး ခြံစည်းရိုးကာသလိုဖြစ်နေဖို့ KNU ကိုလည်း ငြိမ်းချမ်းရေးမဖြစ်အောင် နောက်ကွယ်ကကြိုး ကိုင်ခဲ့တာဖြစ်ပါတယ်၊ ဘာပြောပြော KNU ကလည်း သူ့နိုင်ငံထဲမှာ လက်ခံထားရှိပြီး ကူညီထားတဲ့ ကျေးဇူးကြောင့် ယိုးဒယားတို့အလိုကျ လိုက်လုပ်ခဲ့ ရတာဖြစ်ပါတယ်၊ နဂိုကမှငြိမ်းချမ်းရေးမလိုလားကြတဲ့ KNU ဘိုမြနဲ့ ခေါင်းဆောင်များဟာ ငြိမ်းချမ်းရေး ဆွေးနွေးမှုကို နိုင်ငံရေးကစားကွက်တစ်ခုအဖြစ်သာ လုပ်ခဲ့တယ်ဆိုတာ အထင်အရှား မြင်တွေ့ရပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးဆဲမှာတောင် အကြမ်းဖက်လုပ်ရပ်တွေလုပ်လို့ သတိပေးခဲ့ရတဲ့ KNU ဟာ ငြိမ်းချမ်းရေးဆွေးနွေးမှု ရပ်တန့်တဲ့အချိန်ကစပြီး ယိုးဒယားနိုင်ငံထဲကနေ အခြေအနေ ပေးရင် ပေးတဲ့နေရာကို ဝင်ရောက်ပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေ လုပ်ခဲ့ပါတယ်၊ လောလောဆယ် ကာလမှာ SURA လိုပဲ ယိုးဒယားတို့ရဲ့ခိုင်းစေမှုနဲ့ နယ်စပ်တစ်လျှောက် နှောင့်ယှက်တိုက်ခိုက်မှု တွေပြုလုပ်နေတာလဲ သိနေပါတယ်၊ သူများနိုင်ငံမှာ မှီခိုနေရလေတော့ သူများကြိုးဆွဲသလိုက, နေရတဲ့ဘဝရောက်နေပါပြီ၊ ကရင်အမျိုးသားများရဲ့ အသက်သွေးကို သူတစ်ပါးအတွက်စတေးနေကြ တယ်ဆိုတာလည်း တွေ့နေရပါတယ်၊ ဒါ့ကြောင့်မို့ KNU ဟာ ကရင်အမျိုးသားရေးကို ကြွေးကြော်ရင်း ယိုးဒယားရဲ့လက်ပါးစေဖြစ်သွားပြီဆိုတဲ့အကြောင်း ရှင်းရှင်းလင်းလင်းသိမြင်စေဘို့ အသိပေး တင်ပြလိုက်ရပါတယ်။



KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းနင်းမိ၍ ခြေတစ်ဖက် ဆုံးရှုံးခဲ့ရသည့် ကရင်ပြည်နယ်မှ တိုင်းရင်းသူနှစ်ဦးအားတွေ့ရပုံ



KNU အကြမ်းဖက်သောင်းကျန်းသူများမှ သံဖြူဇရပ်မြို့နယ်အတွင်း ဓါတ်ငွေ့ပိုက်လိုင်း လုံခြုံရေးအရပ်ကင်းတဲအားပစ်ခတ်သဖြင့် သေဆုံးသွားသော မိသားစုအား တွေ့ရပုံ

# အယူဝါဒယခေတ်အတွေးအခေါ် တွေပြောင်းသင့်ပြီ

ဇွန်လ(၁၁)ရက်နေ့က ယိုးဒယားနိုင်ငံ ချူလာလောင်ကွန် တက္ကသိုလ်မှာ ဆွေးနွေးပွဲတစ်ခုလုပ်ခဲ့ပါတယ်၊ လုံခြုံရေးဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူပညာရှင် Surachart Bamrungsuk က ယိုးဒယားနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများအပေါ် ထားရှိကျင့်သုံးနေတဲ့မူဝါဒနဲ့ပတ်သက်လို့ ဆွေးနွေးတင်ပြသွားတာတွေကို သတင်းစာများမှာဖတ်ရှုရပါတယ်၊ **ယိုးဒယားနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်ဆံတဲ့နေရာမှာ ကမ္ဘာ့အင်အားကြီးနိုင်ငံများက ကျင့်သုံးနေကြတဲ့ မဟာဗျူဟာများကို အတုခိုးအသုံးပြုနေကြဖြစ်နေလို့ မိမိတို့ကိုယ်ပိုင်နည်းလမ်းများ၊ ချမှတ်ဆောင်ရွက်နိုင်စွမ်း မရှိဘဲဖြစ်နေတယ်၊ ဒါ့ပြင် ၂၁ရာစုနှစ်မှာ ယိုးဒယားနိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ နိုင်ငံရေးမူဝါဒတလည်း အယူဝါဒယခေတ်က အတွေးအခေါ်များ၊ လွှမ်းမိုးထားဆဲ ဖြစ်နေတာ တွေ့ရလို့ ဝမ်းနည်းစရာကောင်းပါတယ်လို့** ဆွေးနွေးခဲ့တာကို ဖတ်ရှုရပါတယ်၊ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်တဲ့ ပညာရှင်ဆိုတာထက် အမှန်ကိုအမှန်အတိုင်းပြောဆိုတဲ့ ယိုးဒယားနိုင်ငံသား တစ်ဦးအဖြစ် လေးစားမိပါတယ်၊ အဖြစ်မှန် တွေကို ပြောင်ပြောင်းကွယ်ပြောဆိုနေကြတဲ့ နိုင်ငံရေးသမားတွေနဲ့ ယိုးဒယားစစ်တပ်ကတာဝန်ရှိသူတွေ ထက် လေးစားစရာကောင်းလှပါတယ်၊

ယိုးဒယားနိုင်ငံက အိမ်နီးချင်းနိုင်ငံတွေအပေါ် ဘယ်လိုမူဝါဒသဘောထားတွေ ကျင့်သုံးနေတယ်ဆိုတာယိုးဒယားနိုင်ငံသားတွေ ကိုယ်တိုင်ပြောတာက ပိုကောင်းပါတယ်၊ စာရေးသူတို့က ပြောတယ်ဆိုရင် ပြဿနာဖြစ်လို့ရမ်းပြီး စွပ်စွဲတာပါလို့ ပြောကြလိမ့်မယ်၊ ပညာရှင် Surachart ပြောသလို ကမ္ဘာ့အင်အားကြီးနိုင်ငံများက ကျင့်သုံးနေတဲ့ မဟာဗျူဟာကို အတုခိုးကျင့်သုံးတယ်ဆိုတာထက် ပုံတူ ကူးချပြီး ကျင့်သုံးတယ်ဆိုရင်ပိုမှန်ပါလိမ့်မယ်၊ ဒီထက်မှန်တာပြောရရင်တော့ အင်အားကြီးနိုင်ငံများရဲ့ ညွှန်ကြားအတိုင်း လိုက်နာနေရတယ်ဆိုတာ အမှန်ကန်ဆုံး ကောက်ချက်ဖြစ်ပါတယ်၊ မြန်မာနိုင်ငံအပေါ် ထားရှိတဲ့ မူဝါဒကိုကြည့်ရင်သိသာလှပါတယ်၊ ယိုးဒယားဟာ ၁၉၉၀ပြည့်နှစ်ကစပြီး မြန်မာနိုင်ငံအပေါ်မှာ အပြုသဘောဆောင်တဲ့ ဆက်ဆံရေး Constructive Engagement မူဝါဒကို ကျင့်သုံးခဲ့ပါတယ်၊ ASEAN အရှေ့တောင်အာရှနိုင်ငံများအသင်း မြန်မာနိုင်ငံဝင်ရောက်ခွင့်ရဖို့လဲ ထောက်ခံခဲ့ပါတယ်။

အဲဒီကာလများမှာ နှစ်နိုင်ငံဆက်ဆံရေးကောင်းခဲ့ပါတယ်၊ ၁၉၉၇ခုနှစ်ရောက်တော့ အရှေ့တောင်အာရှမှာ စီးပွားရေးအကြပ်အတည်း ပြဿနာဖြစ်လာခဲ့ပါတယ်၊ ယိုးဒယားမှာ ငွေကြေးတန်ဘိုးတွေ ရုတ်တရက်ထိုးကျပြီး စီးပွားရေးပြိုလဲမှုဖြစ်ခဲ့ရပါတယ်၊ ချာဗလစ်ဝန်ကြီးချုပ်အစိုးရ ပြုတ်ကျပြီး ချွန်လိပိုင်ခေါင်းဆောင်တဲ့ ဒီမိုကရက်တစ်ညွန့်ပေါင်းအစိုးရ တက်လာပါတယ်၊ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးကိုလဲ အရင်ကစစ်ဘက်က အဓိကတာဝန်ယူနေရာကနေ နိုင်ငံခြားရေးဝန်ကြီးဌာနက လွှဲပြောင်းတာဝန်ယူခဲ့ပါတယ်၊ ချွန်လိပိုင်အစိုးရလက်ထက်မှာ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူ ကဆူရင်ပစ်ဆူဝမ်ဖြစ်ပါတယ်၊ ဆူရင်နိုင်ငံခြားရေး ဝန်ကြီးဖြစ်လာချိန်မှာ မြန်မာနိုင်ငံအပေါ် ယိုးဒယား ရဲ့သဘောထားက သိသိသာသာပြောင်းလဲလာခဲ့ပါတယ်၊ အာဆီယံနိုင်ငံများအနေနဲ့ မြန်မာနိုင်ငံကို အပြုသဘောဆောင်တဲ့ဆက်ဆံမှု Constructive Engagement မူဝါဒကနေ အပြုသဘောဆောင်တဲ့ စွက်ဖက်မှု Constructive Intervention ပြုလုပ်သင့်တယ်ဆိုပြီး စတင်ပြောဆိုလာခဲ့ပါတယ်၊ အာဆီယံ နိုင်ငံများက လက်မခံကြတဲ့အတွက် ပြောင်းလွယ်ပြင်လွယ် ထိတွေ့ဆက်ဆံမှု Flexible Engagement မူဝါဒကျင့်သုံးသင့်တယ်လို့ စည်းရုံးတိုက်တွန်းခဲ့ပါတယ်၊ ဒါကိုကြည့်ရင်ပဲ ယိုးဒယားဟာ အနောက်အုပ်စုနဲ့ အင်အားကြီးနိုင်ငံများရဲ့မူဝါဒအတိုင်းကျင့်သုံးခဲ့တာတွေ့ရပါတယ်၊ ပညာရှင် Surachat ပြောသလိုဘဲ ကိုယ်ပိုင်မူဝါဒချမှတ် စွမ်းဆောင်နိုင်မှုမရှိပဲ အင်အားကြီးနိုင်ငံရဲ့ အလိုကျကြိုးဆွဲသလိုကနေရတယ် ဆိုတာရှင်းနေပါတယ်။

ချွန်လိပိုင် အစိုးရလက်ထက်မှာ မြန်မာနိုင်ငံနဲ့ပါတ်သက်လို့ အနောက်အုပ်စုနဲ့ အင်အားကြီး နိုင်ငံများရဲ့အလိုကျ ကျင့်သုံးခဲ့တာတွေထဲက သဘောထားမမှန်ကန်တဲ့ ဖြစ်ရပ်တစ်ခု ရှိပါတယ်၊ ၁၉၉၉ ခုနှစ်က ဘန်ကောက်မှာရှိတဲ့ မြန်မာသံရုံးကို အပိုင်စီးခံရတဲ့ကိစ္စပါဘဲ၊ သံရုံးတစ်ခုလုံး လက်နက်တွေနဲ့ စီးနင်းခံရတာတောင် အကြမ်းဖက်တာမဟုတ်ဘူး၊ ဒီမိုကရေစီရေးအတွက်လုပ်တာပါလို့ အဲဒီတုန်းက ယိုးဒယားနိုင်ငံ ပြည်ထဲရေးဝန်ကြီး ဆနန်ကာချွန်ပရာဆက်ကပြောခဲ့ပါတယ်၊ ဟောဗျ- ၂၀၀၀ပြည့်နှစ်မှာ KNUအဖွဲ့ကြီးရဲ့ God's Army ဆိုတဲ့အဖွဲ့က ယိုးဒယားနိုင်ငံက ရပ်ချ်ဘူရီဆေးရုံကို စီးနင်းတာကြတော့ အကြမ်းဖက်တာပါ၊ အကြမ်းဖက်အဖွဲ့ပါလို့ကျွတ်ကျွတ်ညံ ဒေါ်ပါတော့တယ်၊ ပြီးတော့ အေးအေးဆေးဆေး အဖမ်းခံလိုက်တဲ့ God's Army အဖွဲ့ဝင်တွေကို ဆေးရုံထဲမှာပဲ ကြိုးတုပ်ပြီး ပစ်သတ် ခဲ့ပါတယ်၊ သံရုံးဆိုတာ နိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုထားတဲ့နေရာဘဲ၊ သံရုံးကိုထိပါးတာဟာ သက်ဆိုင်ရာ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးတာနဲ့ ဘာထူးမလဲ၊ သို့ပေမဲ့ယိုးဒယားအစိုးရ ပြည်ထဲရေးဝန်ကြီးက အကြမ်းဖက်လုပ်ရပ်မဟုတ်ဘူးလို့ ပြောလိုက်တာဟာ ဒီအဖွဲ့တွေကိုအားပေး အားမြှောက်ပြုနေတယ် ဆိုတာ ဝန်ခံနေသလိုဖြစ်နေပါတယ်။



**KNU အကြမ်းဖက်သောင်းကျန်းသူများ ချိန်ကိုက်မိုင်းထောင်ဖောက်ခွဲမှုကြောင့် ရန်ကုန်-မော်လမြိုင် လူစီးရထား တိမ်းမှောက်ခဲ့ပြီး ခရီးသည်များထံမှ ဓါးပြတိုက်လုယူမှုအား တွေ့ရပုံ**

ယိုးဒယားတွေကတော့ အကြမ်းဖက်လုပ်ရပ်နဲ့ အကြမ်းဖက်အဖွဲ့ဆိုတာရဲ့အဓိပ္ပါယ်ကို အင်အားကြီး နိုင်ငံကြီးအချို့လိုဘဲ ကိုယ်လိုရာဆွဲပြီး အဓိပ္ပါယ်ဖွင့်တဲ့သဘောရှိပါတယ်၊ ဒါကြောင့် Surachat ကသူတို့ ယိုးဒယားတွေဟာ အင်အားကြီးနိုင်ငံများကကျင့်သုံးတဲ့ မဟာဗျူဟာကို အတုခိုး နေတယ်လို့ပြောတာပါ၊ ကဲသူတို့ကာလကြာမြင့်စွာ လက်ခံအားပေးကူညီနေတဲ့ KNU ကိုကြည့်စမ်းပါ၊ တကယ့်အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ကြီးပါ၊ အပြစ်မဲ့ပြည်သူတွေကို တစ်ဦးစနှစ်ဦးစ သတ်ဖြတ်တာကို မပြောတော့ပါဘူး ရာနဲ့ချီတဲ့ပြည်သူတွေကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့တာ လက်နက်ကိုင်သောင်းကျန်းမှုစကတည်းကပါ၊ ၁၉၄၉ခုနှစ်၊ မတ်လ(၃)ရက်နေ့မှာဖြူးမြို့သူ မြို့သား(၃၅၀) ကျော် သတ်ဖြတ်ခဲ့ပါတယ်၊ ၁၉၄၅ခုနှစ်၊ နိုဝင်ဘာလ ရန်ကုန်-မော်လမြိုင်လူစီးရထားကို ဒုံဝန်းနဲ့ သိမ်ဆိပ်ကြား မိုင်းခွဲတိုက်ခိုက်ပြီး ခရီးသည်များကို ဓါးပြတိုက်လုယက်ခဲ့ပါတယ်၊ တက္ကသိုလ်ကျောင်းပိတ်လို့ ပြန်လာတဲ့ ကျောင်းသူ(၄၀)နဲ့ခရီးသည်ထဲကအမျိုးသမီးတချို့ကိုဖမ်းဆီးပြီး ယိုးဒယားကတရုတ်ဖြူ ဗိုလ်ချုပ်လောလီဆီမှာ

လက်နက်နဲ့လဲလှယ်ခဲ့ပါတယ်၊ ၁၉၇၆ခုနှစ်၊ ဧပြီလ(၂၆)ရက်နေ့မှာ ရွှေဝွန်းကနေ ဘားအံကိုခရီးသည်(၃၅၀)ကျော်တင်လာပြီး စုန်ဆင်းလာတဲ့စပါးနက်သင်္ဘောကို မိကရင်ရွာထိပ်မှာ KNU များကလက်နက်ကြီး၊ လက်နက်ငယ်များနဲ့ ပစ်ခတ်ခဲ့ပါတယ်၊ ဘာမှပြန်လည်ရန်ပြုနိုင်စွမ်းမရှိတဲ့ ခရီးသည်တင် သင်္ဘောဟာရေလည်မှာ KNU တို့ရဲ့ ပစ်ခတ်မှုကြောင့် မီးလောင်ခဲ့ပါတယ်။ KNU တို့ရဲ့အမိပ္ပါယ်မဲ့ပစ်ခတ်မှုကြောင့်(၁၂၂)ဦးဒဏ်ရာရပြီး အလောင်း(၇၈)လောင်းသာ ပြန်ရလို့ကျန်တဲ့ ခရီးသည်တွေ ရေနစ်၊ မီးလောင်သေဆုံးခဲ့ပါတယ်၊ ခရီးသည်(၂၀၀)ကျော်သေဆုံးခဲ့ပါတယ်၊ ဒီလိုအစု လိုက်အပြုံလိုက်သတ်ဖြတ်တာတင် မဟုတ်ပါဘူး လေယာဉ်ပျံ အပိုင်စီးတာလဲ အခုမှကမ္ဘာမှာ တုန်လှုပ် ချောက်ချားစရာဖြစ်ပေမယ့် မြန်မာနိုင်ငံမှာ ၁၉၅၄ခုနှစ်ကတဲက KNU က ပြန်ပေးဆွဲခဲ့ပါတယ်၊ ၁၉၈၃ ခုနှစ်ကလဲ ထားဝယ်လေဆိပ်မှာ KNU ဇဟိုကလေယာဉ်အပိုင်စီးဖို့လွှတ်လိုက်တဲ့ အဖွဲ့ဖမ်းဆီး ရမိခဲ့ပါ သေးတယ်။


Police set up committee to probe hijackers

**မြိတ်မှရန်ကုန်သို့ ပျံသန်းလာသော မြန်မာ့လေကြောင်းပိုင် အက်ဖ်-၂၈ ခရီးသည်တင် လေယာဉ်အား ဖြိမ်းခြောက်အပိုင်စီးပြီး ယိုးဒယားနိုင်ငံအတွင်း ပျံသန်းဆင်းသက်စေခဲ့သည့် (ဗညတ)သောင်းကျန်းသူ အဖွဲ့ဝင် ရဲသီဟ(ခ) စန်းနိုင် နှင့် ရဲရင့်(ခ)သန်းလွင်(ခ) သန်းစိုးအား တွေ့ရစဉ်**

မီးရထားမိုင်းခွဲတဲ့ကိစ္စဆိုတာ ၁၉၄၈-၄၉ ကတည်းကလုပ်ခဲ့တာ အကြိမ်ပေါင်းမရေ တွက်နိုင်တော့ပါဘူး၊ ခုချိန်ထိအပြစ်မဲ့ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်ကို နေ့စဉ်နီးပါး သတ်ဖြတ် ဖျက်ဆီးနေတဲ့ KNU လို အဖွဲ့ကိုအကြမ်းဖက်အဖွဲ့လို့ မသတ်မှတ်ရင် ဘယ်လိုအဖွဲ့ကို အကြမ်းဖက်လို့ သတ်မှတ်ကြမလဲ၊ ဒါတွေက မြန်မာနိုင်ငံထဲမှာလုပ်တဲ့လုပ်ရပ်၊ ယိုးဒယားနိုင်ငံသားတွေကို လုပ်တာမဟုတ် လို့ အကြမ်းဖက်အဖွဲ့၊ အကြမ်းဖက်လုပ်ရပ်မဟုတ်ဘူးလို့ ပြောကြမှာလား၊ ယိုးဒယားများသိဘို့ကတော့ ရပ်ချ်ဘူရီဆေးရုံကိုစီးနင်းတဲ့ God'sArmy အဖွဲ့ရယ်၊ ဒီနေ့ရပ်ချ်ဘူရီက ကျောင်းကားကို တိုက်ခိုက်သူ တွေရဲ့ အမိကအကြောင်းရင်းခံကတော့ KNU နဲ့ဆက်နွယ်ပါတ်သက်နေတယ်ဆိုတာတော့ ဘယ်လိုမှ ငြင်းလို့ရမယ် မဟုတ်ပါဘူး၊ ဒါပေမဲ့ ယိုးဒယားတွေကတော့ ယိုးဒယားပညာရှင် Surachart ပြောသလို မြန်မာနိုင်ငံအပေါ်မှာ ကျင့်သုံးနေတဲ့ မူဝါဒ အယူဒွယခေတ်အတွေးအခေါ်တွေ လွှမ်းမိုးနေတော့ KNU အကြမ်းဖက်အဖွဲ့ကို ဆက်ပြီးလက်ခွဲအားပေးနေဦးမယ်ဆိုတာ သဘောပေါက်ပါတယ်။

အိမ်နီးချင်းနိုင်ငံများအပေါ် အသာစီးနဲ့ဆက်ဆံချင်တဲ့ ယိုးဒယားများဟာ သူများနိုင်ငံက ခေါင်းဆောင်များနဲ့ ပတ်သက်လို့လဲ အလေးထားမှုမရှိကြဘူးဆိုတာ တွေ့ရပါတယ်၊ ယိုးဒယားနိုင်ငံက မေလ(၄)ရက်နေ့ထုတ် Nation အပါတ်စဉ်ဂျာနယ်မှာ ယိုးဒယားစစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး

တစ်ဦးရေးတဲ့ " **အနောက်အိမ်နီးချင်းပြဿနာမှာ Third Person ဘယ်သူလဲ** " ဆိုတဲ့ ဆောင်းပါးမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်အေးနဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တို့နဲ့ ပတ်သက်လို့ အထင်အမြင် လွဲမှားမှုတွေဖြစ်လာအောင်၊ စိတ်ဝမ်းကွဲအောင် အာဏာယှဉ်ပြိုင်ဘက်အဖြစ် ရေးသားထားတာတွေ တွေ့ရပါတယ်၊ ဒါ့ပြင် တပ်မတော်ခေါင်းဆောင်များကို ငြိမ်းချမ်းရေးအဖွဲ့အစည်းများက အထင်လွဲမှားမှုတွေ ဖြစ်လာအောင် ရေးသားထားတာလဲ တွေ့ရပါတယ်။ မြန်မာနိုင်ငံကိုမှ မဟုတ်ပါဘူး၊ ယိုးဒယားတွေက အိမ်နီးချင်း နိုင်ငံအားလုံးကို ဒီလိုဘဲသဘောထားမျိုး ကျင့်သုံးတာတွေ့ရပါလိမ့်မယ်။

၂၀၀၀ပြည့်နှစ်၊ ဇူလိုင်လ(၂၇)ရက်နေ့ထုတ် Bangkok Post သတင်းစာမှာ " The new threat from Cambodia ဆိုတဲ့ခေါင်းစဉ်နဲ့ ကမ္ဘောဒီးယားဘုရင် သီဟာနုရဲ့သမီးတော်၊ ပုဖ္ဖဒေဝီ မင်းသမီးကို မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုမှာ ပါဝင်ပတ်သက်တဲ့သဘောမျိုး စွပ်စွဲရေးသားခဲ့ပါ တယ်၊ ခိုင်လုံတဲ့ အထောက်အထားမရှိဘဲ ဘုရင်သီဟာနုနဲ့ သားတော်၊ သမီးတော်များ သိက္ခာကျစေဖို့ လုပ်ကြံဖန်တီး ရေးသားခဲ့တယ်လို့သိရပါတယ်၊ ကမ္ဘောဒီးယားပြည်သူတွေ ဘယ်လိုခံစားကြရမလဲ၊ ကိုယ်ချင်းစာပြီး စဉ်းစားကြည့်ဘို့ ကောင်းပါတယ်၊ ဒီမိုကရေစီနိုင်ငံမို့ သတင်းစာလွတ်လပ်ခွင့် ပေးထားလို့ပါလို့ အကြောင်းပြတာတွေလဲများလှပါပြီ၊ ကဲ--တကယ်တော့ ယိုးဒယားဟာ အိမ်နီးချင်း နိုင်ငံတွေအပေါ်မှာ အသာစီးနဲ့ဆက်ဆံချင်နေတယ်ဆိုတာ သိသာပါတယ်။

ယိုးဒယားနိုင်ငံရဲ့ အိမ်နီးချင်းများအပေါ်ထားရှိတဲ့ မူဝါဒဟာ ဒီအတိုင်းသာ ဆက်ပြီး ကျင့်သုံး နေမယ်ဆိုရင်တော့ နှစ်ဦးနှစ်ဘက်အကျိုးမရှိတဲ့အပြင် ဒေသအတွင်းမှာ အိမ်နီးချင်းကောင်း မပီသတဲ့ နိုင်ငံအဖြစ်သတ်မှတ်ခံရမှာဘဲဖြစ်ပါတယ်၊ ဒေသအတွင်းတည်ငြိမ်အေးချမ်းပြီး နှစ်ဦးနှစ်ဘက် အကျိုးရှိတဲ့ Win Win မူဝါဒကျင့်သုံးနိုင်ဘို့တော့ အယူဒ္ဓယခေတ်ကအတွေးအခေါ်တွေကို ပထမဆုံး ပြောင်းလဲသင့်ပြီဖြစ်ကြောင်း စေတနာကောင်းနဲ့ သတိပေးလိုက်ပါတယ်။



**KNUအကြမ်းဖက်သောင်းကျန်းသူများ လောင်ချာဖြင့် ချိန်ကိုက်ထောင်ပစ်ခတ်ခဲ့သဖြင့် တောင်ငူမြို့ ဟင်းဒုတ်ပင် ဓါတ်အားခွဲရုံရှိ ထရမ်ထဖော်မာများ မီးလောင်ကျွမ်း ပျက်ဆီးနေပုံ**

## အေးသူကိုရေကူ ပူသူကိုမီးနဲ့တိုက်ချင်တဲ့ ယိုးဒယား

နှစ်နိုင်ငံနယ်စပ်မှာ ပြဿနာဖြစ်အောင် ဖန်တီးတဲ့အပြင် မီးလောင်ရာလေပင့်ချင်တဲ့ ယိုးဒယားသားများရဲ့ စိတ်နေစိတ်ထားတွေ တွေ့ရပြန်တော့ ဒေါသဖြစ်ရဖန်များလွန်းလို့ ဒေါသတောင် မဖြစ်နိုင်တော့ပါဘူး။ ဒီလူမျိုးတွေဟာ ဒို့အပေါ် သမိုင်းနဲ့ချီပြီး ကောင်းကျိုးပေးခဲ့တာ မဟုတ်တာဘဲလေလို့ အောက်မေ့လိုက်ပါတယ်၊ ကဲဗျာ-- အခုလို ပြဿနာတွေဖြစ်နေချိန်မှာတောင် ယိုးဒယားအဆိုတော် အက်ခါလာဘောင်ဆိုတဲ့ သူက(မင်္ဂိုနဲ့)ဆိုတဲ့ ခေါင်းစဉ်ပါတဲ့ သီချင်းခွေနဲ့ သီချင်းစာအုပ်ကို SURA ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကို အားပေးထောက်ခံတဲ့အနေနဲ့ထုတ်သတဲ့၊ လူအများ စိတ်ဝင်စားတဲ့အချိန်ဖြစ်တော့ သူ့အတွက်ကျော်ကြားစေဘို့ ကြော်ညာပြီးသားလဲဖြစ်၊ SURA အဖွဲ့ကို လည်း အားပေးပြီးဖြစ်၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်၊ နိုင်ငံရေးရော စီးပွားရေးရော အမြတ်ထုတ်သွားသဗျ၊ ပြီးခဲ့တဲ့သတင်းပတ်က ထိုင်းရုပ်သံမှာ အဲဒီအဆိုတော်နဲ့ တွေ့ဆုံမေးမြန်းပြီး ဒီသတင်းထုတ်လွှင့်ခဲ့ကြပါ တယ်၊ ယိုးဒယားသားများဟာ အေးသူကိုရေကူ၊ ပူသူကိုမီးနဲ့တိုက်ဆိုသလို အိမ်နီးချင်းနိုင်ငံများရဲ့ လက်နက်ကိုင်ဆူပူ သောင်းကျန်းမှုတွေကို မီးထိုးပေးချင်ကြတယ်ဆိုတာ တစ်ဦးချင်းတစ်ယောက်ချင်း ကစ ဖော်ပြနေကြပါတယ်၊ တကယ်တော့ ယိုးဒယား နိုင်ငံဟာ သူတို့အကျိုးစီးပွားအတွက် အိမ်နီးချင်း နိုင်ငံများရဲ့ " ပဋိပက္ခများကို အခွင့်အရေး" အဖြစ် ပြောင်းလဲယူလေ့ရှိတဲ့ " Turn dilemma into opportunities " မူဝါဒကိုလဲ ကျင့်သုံးနေကြဖြစ်တာမို့ ဒီသဘောထားတွေက ယိုးဒယားသားအများ စုမှာ ရှိနေကြတယ်လို့ဘဲ ဆိုရပါမယ်။



**SURA လွယ်တိုင်းလျှံစခန်းတွင် ယိုးဒယားနာမည်ကြီး အဆိုတော် အက်ခရာပေါင်းမှ SURA ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူများအား ဖျော်ဖြေနေပုံ**

မှန်ပါ့ဗျာ- အိမ်နီးချင်းနိုင်ငံတွေရဲ့ ပဋိပက္ခပြဿနာတွေကို အခွင့်အရေးအဖြစ် အမြတ်ထုတ်တာကတော့ နေရာတိုင်းမှာပါ။ အိမ်နီးချင်းနိုင်ငံတွေမှာကလဲ ပြည်တွင်းရေး ပြဿနာတွေက ရှိခဲ့တာကိုး၊ ကျန်တဲ့နိုင်ငံတွေတော့ထားပါတော့၊ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ကတော့ ၁၉၄၈-၄၉

လက်နက်ကိုင်ဆူပူမှုတွေ စကတည်းက အမြုတ်ထုတ်နိုင်ခဲ့တာပါ၊ အဲဒီကြားထဲမှာ ၁၉၈၈ခုနှစ် လူထုဆူပူ အုံကြွမှု အရေးအခင်းအပြီးမှာလဲ ယိုးဒယားများ အမြုတ်ထုတ်ခဲ့တာ ရှိပါတယ်၊ ၈၈ အရေးအခင်းအပြီးမှာ ကျောင်းသားလူငယ်များဟာ ဆူပူမှုမှာ ပါဝင်တဲ့သူတွေကိုဖမ်းမယ်၊ ဆီးမယ်ဆိုတဲ့ ကောလဟာလ တွေကြောင့် နယ်စပ်ဒေသသောင်းကျန်းသူတွေရှိတဲ့ နယ်မြေကိုထွက်ပြေးတိမ်းရှောင်ခဲ့ကြပါတယ်၊ KNU သောင်းကျန်းသူ စခန်းတွေရှိနေတဲ့ မြန်မာ-ယိုးဒယားနယ်စပ်ကို လူငယ် (၄၀၀၀)ကျော်လောက် ရောက်ရှိခဲ့ပါတယ်၊ တချို့လဲ ယိုးဒယားနိုင်ငံထဲကနယ်စပ် မြို့ပြကျေးရွာများထိ ထွက်ပြေးဝင်ရောက် ခဲ့ပါတယ်၊ အဲဒီတုန်းက ကျောင်းသားလူငယ်တွေ ဘေးဒုက္ခမရောက်စေလိုတဲ့အတွက် တပ်မတော်က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက - ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)အနေနဲ့ ၁၉၈၈ စက်တင်ဘာ(၂၆)ရက်နေ့မှာ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်၊ ကြေညာချက်မှာ ကျောင်းသားကျောင်းသူများအပေါ် မည်သည့်အာယာတမှမထားကြောင်း၊ စိုးရိမ်စိတ်များနဲ့ ရှောင်တိမ်းပုန်းအောင်းခြင်း၊ သောင်းကျန်းသူအဖွဲ့အစည်းထံခိုလှုံရန် ကြံစည်ကြိုး စားခြင်းများမဖြစ်စေဖို့ မိဘဆရာများမှ ထိန်းသိမ်းကြဖို့ တိုက်တွန်းခဲ့ပါတယ်၊ ထွက်ပြေးတိမ်းရှောင် ကျောင်းသားလူငယ်များကို ချောချောမောမော ပြန်လာနိုင်ဖို့ ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံဖို့လဲ စီစဉ်ခဲ့ပါတယ်၊ ပြည်တွင်းရော ပြည်ပရောစီစဉ်ခဲ့တာဖြစ်ပါတယ်။



**SURA လွယ်တိုင်းလျှံစခန်းဌာနချုပ်သို့လာရောက်၍ ကူညီထောက်ပံ့မှုများ ပြုလုပ်နေသည့် ယိုးဒယားစစ်တပ်မှ တပ်ခွဲမှူးအဆင့်ရှိ အိုက်ပေါင်း(ယာအစွန်)နှင့် SURA စစ်ဦးစီးချုပ် အဆင့်ရှိ ခေးဝင်း(လက်ပြတ်)အား တွေ့ရပုံ**

တစ်ဘက်ကလည်း အဲဒီတုန်းက ယိုးဒယားစစ်တပ်ရဲ့ စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ချာဗလစ်(ယခုဒုဝန်ကြီးချုပ်နဲ့ ကာကွယ်ရေးဝန်ကြီး)ရဲ့ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်မှာ မေတ္တာရပ်ခံ ညှိနှိုင်းပြီး ယိုးဒယားနယ်စပ်မှာ ရောက်ရှိသွားတဲ့ ကျောင်းသားလူငယ်များကို ပြန်ခေါ်ဖို့စီစဉ်ခဲ့ပါတယ်၊

ဗိုလ်ချုပ်ကြီးချာဗလစ်ကလဲ ကူညီဖို့ကတိပြုခဲ့ပါတယ်၊ ဒီကိစ္စမှာတော့ ဗိုလ်ချုပ်ကြီးချာဗလစ်က တကယ်လဲ ကူညီခဲ့တာမို့ ကျေးဇူးတင်ခဲ့ရပါတယ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့နဲ့ ယိုးဒယားနိုင်ငံကြက်ခြေနီအဖွဲ့ ပူးပေါင်းပြီး ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလမှာ ယိုးဒယားနိုင်ငံတပ်ခ်မြို့မှာ ကြိုဆိုရေးစခန်း ဖွင့်လှစ်လက်ခံ ခဲ့ပါတယ်၊ ၁၉၈၉ခုနှစ်ဇန်နဝါရီလကုန်ထိ လက်ခံဆောင်ရွက်ခဲ့လို့ သံယာ(၃)ပါး၊ အမျိုးသမီး(၇)ဦး အပါ အဝင်စုစုပေါင်း(၃၆၁)ဦးကို လက်ခံကြိုဆိုပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးနိုင်ခဲ့ ပါတယ်၊ အလားတူဘဲ ပြည်တွင်းနယ်စပ်ဒေသ မြို့များမှာလဲ ကြိုဆိုရေးစခန်း(၂၇)ခုဖွင့်ပြီး လက်ခံ ခဲ့ပါတယ်၊ ၁၉၈၈ခုနှစ် ဒီဇင်ဘာလထိ ကြိုဆိုရေးစခန်း အသီးသီးကနေ ကျောင်းသားလူငယ် စုစုပေါင်း(၂၀၀၀)ကျော် ပြန်လည်ရောက်ရှိခဲ့တယ်လို့သိရပါတယ်၊ တချို့ကျောင်းသား လူငယ်တွေကတော့ KNU သောင်းကျန်းသူတွေနဲ့ ယိုးဒယားတို့ အားပေးအားမြှောက်မှုနဲ့ လက်နက်ကိုင် သောင်းကျန်းသူ ဘဝကို ရောက်ရှိသွားကြပါတယ်၊

၁၉၈၈ခုနှစ်၊ နိုဝင်ဘာလမှာ KNU သောင်းကျန်းသူ သေဘောဘိုးစခန်းမှာ KNU နဲ့ ယိုးဒယားတို့ရဲ့ စီစဉ်ပေးမှုနဲ့ ထွက်ပြေးတိမ်းရှောင် ကျောင်းသားလူငယ်များဟာ All Burma Student's Democratic Front (ABSDF) မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးဖွဲ့စည်း လိုက်ပြီး လက်နက်ကိုင်သောင်းကျန်းသူအဖြစ် လှုပ်ရှားခဲ့ပါတယ်၊ လိုအပ်တဲ့လက်နက်ခဲယမ်း ကလည်း အနောက်အုပ်စုက ထောက်ပံ့ငွေနဲ့ ယိုးဒယားလက်နက်မှောင်ခိုဈေးကွက်မှာ ယိုးဒယားတို့ရဲ့ကူညီမှုနဲ့ ရခဲ့ကြတာပါ။ ဒီအချိန်မှာ ကမ္ဘာ့အရပ်ရပ်ကိုရောက်ရှိနေတဲ့ ပြည်ပြေးလက်ကျန်တွေလဲ ယိုးဒယားကို ရောက်လာကြပါတယ်၊ KNU ရယ် ပြည်ပြေးနဲ့ ယိုးဒယားများဟာ ကျောင်းသားလူငယ်များကို သူတို့ရဲ့ အကျိုးအတွက် ကောင်းကောင်းအသုံးချပါတော့တယ်၊ ယိုးဒယားကသာ အားပေးအားမြှောက် မလုပ်ဘူး ဆိုရင် အရေးအခင်းအပြီးမှာ နယ်စပ်ကို ထွက်ပြေးတိမ်းရှောင်သူများဟာ လွဲမှားတဲ့ လက်နက်ကိုင်ဘဝ ရောက်ကြဖို့မရှိပါဘူး၊ စတင်ဖွဲ့စည်းစဉ်က ABSDF အဖွဲ့ဟာ (၂၀၀၀)ကျော် (၃၀၀၀)လောက်ရှိ ခဲ့ပါတယ်၊ လက်ရှိအချိန်မှာတော့ (၂၀၀-၃၀၀)ထက် မပိုတော့ပါဘူး၊ KNU နဲ့ ယိုးဒယားတွေအကျိုးရှိဖို့ ကျောင်းသားလူငယ်တွေဟာ ဘဝပျက်သူပျက်၊ ပြည်ပြေးဖြစ်သူဖြစ်၊ အသက်ဆုံးရှုံးသူ ဆုံးရှုံးဖြစ်ခဲ့ရတယ်။



**KNU နှင့် သောင်းကျန်းသူတို့၏ အားပေးအားမြှောက်ပြုမှုနှင့် လက်နက်ကိုင်သောင်းကျန်းသူ ဘဝသို့ ရောက်ရှိသွားသည့် ကျောင်းသားများအား တွေ့ရပုံ**



**KNU နှင့် သောင်းကျန်းသူတို့၏ အားပေးအားမြှောက်ပြုမှုနှင့် လက်နက်ကိုင်သောင်းကျန်းသူ ဘဝသို့ ရောက်ရှိသွားသည့် ကျောင်းသားများအား တွေ့ရပုံ**

KNU နဲ့ ပြည်ပြေးများကတော့ တဘက်ကကျောင်းသားလူငယ်တွေကို စစ်ရေးမှာ အသုံးချသလို တဘက်မှာဒုက္ခသည်အကြောင်းပြပြီး ပြည်ပနိုင်ငံတွေဆီက အကူအညီတွေကြောင့် အကျိုးအမြတ် အများကြီးရခဲ့ပါတယ်၊ ယိုးဒယားတွေအတွက်လဲ ခြစည်းရိုးလုံခြုံရေးအတွက် လက်နက်ကိုင်အဖွဲ့တစ်ခု တိုးလာတဲ့အပြင် ဒုက္ခသည်အဖြစ် နိုင်ငံတကာက NGO အဖွဲ့တွေက ထောက်ပံ့မှုတွေရပြီး အကျိုးအမြတ်ရခဲ့ပါတယ်၊ နိုင်ငံတကာ NGOအဖွဲ့အစည်း ကူညီပံ့ပိုးမှုတွေကို ၁၉၈၉ခုနှစ်မှာ Burma Co-ordinating Group (BCG) ဆိုတဲ့အဖွဲ့က ကိုင်တွယ်ခဲ့ပါတယ်၊ BCG ကို ခေါင်းဆောင်တဲ့သူက ဘန်ကောက်မှာနေတဲ့ Jack Dunford ဆိုသူဖြစ်ပါတယ်၊ ဘယ်လောက်များ အကျိုးရှိခဲ့လဲဆိုရင် တကယ့်သန်းကြွယ်သူဌေး ဖြစ်သွားခဲ့တယ်လို့သိရပါတယ်၊ ယိုးဒယားတွေကတော့ မြန်မာနိုင်ငံကို ဆန့်ကျင်တိုက်ခိုက်သူမှန်သမျှ လက်ခံအားပေးနေချင်တာ ဆိုတော့အံကိုက်ပါဘဲ၊ ABSDF အဖွဲ့သာမဟုတ်ပါဘူး၊ အရေးအခင်းအပြီး ပေါ်ပေါက်ခဲ့တဲ့ NLD ပြည်ပြေးအုပ်စုတွေအပါအဝင် မှိုလိုပေါ်ပေါက်လာတဲ့ ဆန့်ကျင်ဘက် အဖွဲ့အစည်းမှန်သမျှ လက်ခံအားပေးကူညီခဲ့ပါတယ်၊ ဘန်ကောက်၊ ဇင်းမယ်၊ မဲဆောက်မြို့များမှာ လက်နက်ကိုင်-ဆန့်ကျင်ဘက် အဖွဲ့အစည်းပေါင်းစုံရဲ့ ရုံးတွေ ဖွင့်လှစ်လှုပ်ရှားခွင့် ပေးခဲ့ပါတယ်၊ အခုအချိန်ထိတောင် တချို့ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေရဲ့ ရုံးတွေရှိနေပါသေးတယ်၊ ဆန့်ကျင်ဘက် အဖွဲ့အစည်းမှန်သမျှ ယိုးဒယားနိုင်ငံထဲမှာ ဒုက္ခသည်အမည်ခံစေပြီး လွတ်လပ်စွာသွားလာ လှုပ်ရှားခွင့်ပြုခဲ့ပါတယ်၊ ယိုးဒယားပြည်တွင်းသာမဟုတ်ဘူး၊ ပြည်ပနိုင်ငံတွေထိ အလွယ်တကူ သွားလာလှုပ်ရှားနိုင်ဖို့ ယိုးဒယားထောက်လှမ်းရေးများက ကူညီကြပါတယ်၊ အဲဒီကျောင်းသားအမည်ခံ ABSDF နဲ့ ဆန့်ကျင်ဘက်အဖွဲ့တွေ ဘန်ကောက်မှာရှိတဲ့ မြန်မာသံရုံးကို ၁၉၈၉ခုနှစ်ကနေ ၂၀၀၁ခုနှစ်ထိ အကြိမ်ပေါင်း(၁၀၀)ကျော် ဆန္ဒပြခဲ့တာ၊ မြန်မာသံရုံးအပိုင်စီးခဲ့တာတွေဟာ ယိုးဒယားထောက်လှမ်းရေး အဖွဲ့များရဲ့ ကိုင်တွယ်မှုနဲ့ ယိုးဒယားတို့ အားပေးအားမြှောက်ပြုခဲ့ကြတယ်ဆိုတာ ဘယ်လိုမှငြင်းလို့ မရပါဘူး။

ယိုးဒယားနိုင်ငံဟာ မြန်မာနိုင်ငံကို တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးလာမှာ

မလိုလားလေတော့ သောင်းကျန်းသူတွေကို သက်ဆိုးရှည်နေစေချင်တဲ့သဘောရှိပါတယ်၊ ဒါကြောင့်လဲ ၁၉၈၈ခုနှစ် အရေးအခင်းအပြီးမှာ တိမ်းရှောင်လူငယ်တွေကို ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေ၊ ABSDF အဖွဲ့လို လက်နက်ကိုင်အဖွဲ့တွေ ဖြစ်လာအောင် အားပေးအားမြှောက်ပြုခဲ့တယ်၊ အမြတ်ထုတ် အသုံးချခဲ့ကြတယ် ဆိုတာ အားလုံးသိနေပါတယ်၊ အိမ်နီးချင်းကောင်း ပီသချင်တယ်ဆိုရင်တော့ ယိုးဒယားနိုင်ငံဟာ သူတပါး ရဲ့ ပြည်တွင်းရေး ပဋိပက္ခပြဿနာတွေကို အခွင့်အရေးအဖြစ် ပြောင်းလဲ အသုံးချ အမြတ်ထုတ်ချင်တဲ့စိတ်ဓါတ်၊ ပူပါတယ်ဆို မီးနဲ့တိုက်ချင်တဲ့စိတ်ဓါတ်မျိုးတွေကို စွန့်လွှတ်ဘို့သင့်ပြီဖြစ်ကြောင်း စေတနာကောင်းနဲ့ သတိပေးလိုက်ပါတယ်။




**ယိုးဒယားနိုင်ငံအတွင်း ကျောင်းသားအမည်ခံ ABSDF သောင်းကျန်းသူများအားတွေ့ရပုံ**



SURAဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှအဖွဲ့မှူးအဆင့်ရှိကျောက်ပင်းခမ်း (ခ)မွန်းတစ် ငှားရမ်းနေထိုင်သောယိုးဒယားနိုင်ငံ၊ မယ်ဆိုင်မြို့၊ ပါရန်ရပ်ကွက်၊ အမှတ် (၈၁) နေအိမ်အားတွေ့ရပုံ



SURA ဘိန်းမှောင်ခိုအကြမ်းဖက်သောင်းကျန်းသူ အဖွဲ့မှတပ်မဟာမှူး အဆင့်ရှိစိုင်းခမ်းငှားရမ်း နေထိုင်သောယိုးဒယားနိုင်ငံ၊ မယ်ဆိုင်မြို့၊ ပါမွေရပ်ကွက်၊ အမှတ် (၉/၄) နေအိမ်အားတွေ့ရပုံ



(၂၈-၅-၂၀၀၂)ရက်နေ့တွင်ယိုးဒယားတပ်မှဖမ်းဆီးပြီး ရက်စက်စွာညှင်းပန်းနှိပ်စက်၍ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ကာ သောင်းရင်းမြစ်အတွင်းရေမျှောခဲ့ပြီးလွတ်မြောက်လာသည့် သန်းစိုးဝင်း၏ပုံ



(၈-၇-၂၀၀၂)ရက်နေ့တွင်မြန်မာ-ယိုးဒယားနယ်စပ် ပါလူ့ ရေဆိပ်နီးတွင် ပြောက်ကျားယူနီဖေါင်းဝတ် ယိုးဒယားတပ်မှ ဖမ်းဆီးချုပ်နှောင်၍ သေနတ်ဒင်ဖြင့်ရိုက်နှက်၊ ဓါးဖြင့် ခန္ဓာကိုယ်အား မွှန်းခဲ့သဖြင့် ပြင်းထန်စွာ ဒါဏ်ရာရရှိခဲ့သော မိမိနိုင်ငံသား မောင်ဖိုးလင်းအား တွေ့ရပုံ

၉၉

# ယိုးဒယားဒုက္ခသည်စခန်းက ပေးဆုံးမဲ့ဒုက္ခတွေ

ယိုးဒယားနဲ့ပတ်သက်တဲ့ ဆောင်းပါးတစ်ပုဒ်ရေးဘို့ စဉ်းစားနေတုန်း နယ်စပ်တစ်လျှောက် ယိုးဒယားဘက်မှာရှိတဲ့ ဒုက္ခသည်စခန်းများအကြောင်း စိတ်ကရောက်သွားပါတယ်၊ ယိုးဒယားနိုင်ငံ ချင်းရိုင်ကနေရပ်ချဘူရီကြား ဒုက္ခသည်စခန်းပေါင်း(၄၀)ကျော်ရှိပါတယ်၊ ဒီအကြောင်း ဆောင်းပါးများမှာလည်း ခဏခဏရေးကြတာဖတ်ရပါတယ်၊ ဒုက္ခသည်ဆိုတာကလဲ သောင်းကျန်းသူ တွေနဲ့ မိသားစုဝင်တွေ၊ ပြီးတော့သောင်းကျန်းသူတွေ အတင်းအဓမ္မခေါ်ဆောင်သွားတဲ့ ရွာသူရွာသား တွေသာဖြစ်ပါတယ်၊ ဒုက္ခသည်စခန်းတွေထဲမှာ KNU စခန်းကအများစုရှိတာမို့ ကရင်လူမျိုးအများဆုံး ရှိပါတယ်၊ စခန်းတစ်ခုတစ်ခု လူဦးရေထောင်နဲ့ချီရှိကြပါတယ်၊ တချို့က ၁၉၈၀ပြည့်နှစ်ဝန်းကျင် လောက်ကစပြီး ဒုက္ခသည်အဖြစ်နေကြတာဖြစ်ပါတယ်၊ မဲဆောက်အပေါ်အောက် တစ်ကြောမှာရှိတဲ့ KNU ဒုက္ခသည်စခန်းတွေမှာ AIDS ရောဂါအဖြစ်များတယ်ဆိုပြီး သတင်းထွက်လာပါတယ်၊ တပ်မဟာ(၇)က ဂျော်နီရဲ့ညီဂျော်ဖြူတို့၊ တမဟာ(၇)မှူး ထိန်မောင်သားတို့တောင် အဲဒီရောဂါနဲ့ သေတယ်လို့ကြားပါတယ်၊ ဒုက္ခသည်စခန်းများမှာ နေကြရတဲ့သူတွေဟာ မျက်နှာငယ်ငယ်နဲ့ သူ့နိုင်ငံထဲမှာ အောက်ကျနောက်ကျ မနေချင်ကြတော့ပါဘူးလို့လဲသိရပါတယ်၊ ယိုးဒယားတွေရဲ့ နေရာတကာ အနိုင်ကျင့်ခံနေရတဲ့ဘဝကို စိတ်ပျက်နေကြတယ်တဲ့၊ ဒါပေမယ့် KNU ဗဟိုကလူကြီးတွေကိုကြောက်လို့ ကြိတ်မှိတ်ခံစားနေကြရတယ်လို့ သိရပါတယ်၊ ဒုက္ခသည်စခန်းက လူတွေမပြောနဲ့၊ ယိုးဒယားမွန်၊ ယိုးဒယားကရင်လို့ပြောပြောနေကြတဲ့ ယိုးဒယားမှာ နေထိုင်ကြီးပြင်းသူတွေတောင် နှိမ်လွန်းလွန်းလို့ ယိုးဒယားနာမည်ခံပြီး မွန်မှန်း၊ ကရင်မှန်း မသိအောင် နေရတယ်လို့ သိရပါတယ်၊ ဒုက္ခသည်အဖြစ် မှီခိုနေရတဲ့ သူတွေကတော့ ပိုဆိုးပြီပေါ့။


ဒုက္ခသည်စခန်းက လူတွေ ခံစားနေရတဲ့ ဒုက္ခတွေကလဲ အများသားကလား၊ NGO တွေကထောက်ပံ့မှုအပေါ်မှာ ဝန်ထမ်းတွေ၊ဒုက္ခသည်စခန်းတာဝန်ရှိသူတွေရဲ့ ခေါင်းပုံဖြတ်မှုတွေကလဲ နေထိုင်စားသောက်ရေးမှာ နေ့စဉ်ကြုံတွေ့နေကြရတယ်၊ ချို့ချို့တဲ့တဲ့ နေထိုင်စားသောက်နေကြရတယ်၊ နံမယ်ကိုကလည်းဒုက္ခသည်လို့ခေါ်တာမဟုတ်လား၊ တကယ့်ကိုဒုက္ခရောက်နေကြရပါတယ်၊ နေထိုင်စား သောက်ရေးနေ့စဉ်ဒုက္ခထက် နောင်အနာဂတ် မျိုးဆက်သစ်တွေအပေါ်ကျရောက်မဲ့ ဒုက္ခကိုသိရလို့ တကယ်ကို စိတ်ဆင်းရဲမိပါတယ်၊ ဒီအကြောင်းကို လက်နက်နဲ့ငြိမ်းချမ်းရေးလဲခဲ့တဲ့ ဖဒိုအောင်ဆန်း ပြောပြလို့သိခဲ့ရပါတယ်၊ ဖဒိုအောင်ဆန်းကိုလဲ မဲဆောက်အခြေစိုက်၊ ပြင်သစ်နိုင်ငံသား ကက်သလစ် ဘုန်းတော်ကြီး ဂျိုးဇက်ဆိုတဲ့ပုဂ္ဂိုလ်ကပြောတာပါ၊ ဖါသာကြီးဂျိုးဇက်ဟာ ကရင်ဒုက္ခသည်တွေနဲ့ ဘယ်လောက်များ အနေကြာပြီလဲဆိုရင် ကရင်လိုရော ယိုးဒယားလိုရော တတ်ကျွမ်းတယ်လို့ဆိုပါတယ်၊ KNU တပ်ဖွဲ့ဝင်တွေရော မိသားစုတွေရော ကရင်လူမျိုးအားလုံးကို သံယောဇဉ်ရှိတယ်လို့သိရပါတယ်၊ ဖါသာဂျိုးဇက်က ဒုက္ခသည်စခန်းမှာ တရားဟောရောက်လာခိုက် ကလေးပေါက်စလေးတွေမြင်တဲ့အခါ ဖဒိုအောင်ဆန်းကိုပြောသတဲ့၊ **နောင်မကြာတော့တဲ့ ကာလရောက်ရင်မင်းတို့ကရင်လူမျိုးမှာ မျိုးနွယ်စု အသစ်တစ်ခု ပေါ်ပေါက်လာလိမ့်မယ်**လို့ ပြောပါသတဲ့၊ အဓိပ္ပါယ်နားမလည်လို့ ဖဒိုအောင်ဆန်းက ဘယ်လိုမျိုးနွယ်စု အသစ်လဲလို့ ပြန်မေးတဲ့အခါ ကမ္ဘာမှာတောင်မပေါ်ပေါက်ဘူးသေးတဲ့ မျိုးနွယ်စု ဖြစ်တယ်၊ အဲဒါဘာလဲဆိုတော့ လူပျင်းမျိုးနွယ်စု၊ ရှင်းရှင်းပြောရရင် ဘာမှမလုပ်ချင်၊ မကိုင်ချင်တော့ဘဲ သူတစ်ပါးရဲ့ထောက်ပံ့မှုနဲ့ နေထိုင်စားသောက်ချင်စိတ်သာရှိမဲ့ မျိုးနွယ်စုအသစ်လို့ ပြောသတဲ့။ ဒီတော့မှ ဖဒိုအောင်ဆန်းလည်း သဘောပေါက်သွား တယ်လို့ဆို ပါတယ်။ဒုက္ခသည်စခန်းမှာ ကြီးပြင်းလာရမဲ့ ကလေးတွေဟာ သူတပါးရေမြေ၊ သူတပါးဝန်းကျင်မှာ ကြီးပျင်းလာကြမှာဖြစ်ပါတယ်၊ ပြီးတော့

ဒီကလေးတွေအမြင်မှာ ဘာမှမလုပ်လဲ  စားရတာဘဲ၊ သူများဆီက ရနေတာဘဲဆိုတဲ့အမြင်လွှမ်းမိုးခံရပြီး ကြီးပြင်းလာကြမှာဖြစ်ပါတယ်၊ ဘယ်လောက်ရင်လေးစရာကောင်းလဲ စဉ်းစားကြည့်ကြပါ။

KNU မှ မဟုတ်ပါဘူး။ယိုးဒယားနိုင်ငံ၊ မယ်ဟောင်ဆောင်၊ မယ်စရင်းဘက်မှာလည်း ဒုက္ခသည်အဖြစ်မှီခိုနေရတဲ့ KNPP ကရင်နီသောင်းကျန်းသူများလည်းရှိပါသေးတယ်၊ အဲသည့် ဒုက္ခသည်စခန်းတွေလည်း ခေါင်းဆောင်အချို့ကလွဲရင် ဒုက္ခရောက်နေကြတာပါဘဲ KNPP ကရင်နီ သောင်းကျန်းသူတွေဆို ကိုယ်တိုင်နဲ့မိသားစုကိုသာ ဒုက္ခရောက်စေတာမဟုတ်ပါဘူး၊ ကယန်း(ပဒေါင်) များကို ရွာလုံးကျွတ် အစုမခေါ်သွားပြီး ယိုးဒယားထဲမှာထားပါတယ်၊ ဒုက္ခသည်အဖြစ် အထောက်အပံ့ ယူပါတယ်၊ (Long Neck Villege)ဆိုပြီး ယိုးဒယားတွေနဲ့ပေါင်းပြီး နိုင်ငံခြားသားများကို အခကြေးငွေ ယူပြီးပြစားပါတယ်၊တကယ့်ဖြစ်ရပ်မှန်ပါ၊ ယိုးဒယားနိုင်ငံ ချင်းမိုင်မြို့၊ မယ်ဟောင်ဆောင်မြို့များမှာ သူတို့နိုင်ငံက သူတို့လူမျိုးစုလိုလို Long Neck Village ကို သွားလည်ဘို့ လမ်းညွှန်ကြော်ငြာ ဆိုင်းဘုတ်ကြီးတွေနဲ့ပါ၊ အဲဒီလိုပြစားနေတာကို စာရေးသူကိုယ်တိုင်ရောက်ခဲ့လို့အတော့်ကို စိတ်မကောင်း ဖြစ်ရပါတယ်၊ လာကြည့်သမျှ နိုင်ငံခြားသားတွေရဲ့ ပေးတာကမ်းတာကိုယူပြီး သီချင်းလေးဆို ဂီတာလေး တီးပြနဲ့ ဘယ်လိုဘဝရောက်နေသလဲ စဉ်းစားသာကြည့်ကြပါတော့။


ဟော-နယ်စပ်မှာ ပြဿနာဖြစ်နေတဲ့ SURA ဘိန်းမှောင်ခို သောင်းကျန်းသူတွေရှိတဲ့ နေရာက ဒုက္ခသည်စခန်းတွေကြတော့တစ်မျိုး၊ သူတို့ကိုယ်သူတို့ Tai မျိုးတွေ၊ တကယ့်ညီအစ်ကိုတွေ ဆိုပြီး မတူညီတဲ့ဓလေ့ထုံးစံတွေကို သွတ်သွင်းခံနေရပါတယ်၊ ယိုးဒယားအလေ့အထတွေကို အဟုတ်မှတ်ပြီး လက်ခံနေကြတယ်၊ ကယ်တင်ရှင်ညီအကိုမျိုးလို့ထင်နေကြတယ်၊ ရေရှည်မှာ မျိုးဆက်သစ်ကလေးတွေဟာ ဘယ်လိုဘယ်စိတ်ဓါတ်၊ ဘယ်လိုအတွေးအခေါ်နဲ့ လူတန်းစားသစ်ဖြစ်လာမလဲဆိုတာ မစဉ်းစား ဝံ့လောက်အောင်ဘဲ စိုးရိမ်စရာ ကောင်းလှပါတယ်၊ ယိုးဒယားနိုင်ငံအတွက်ကတော့ ဒုက္ခသည်စခန်းဆိုတာ သောင်းကျန်းသူတွေသာဖြစ်တော့ လူသားခြံစည်းရိုးအဖြစ်လဲအကျိုးရှိ၊ နိုင်ငံတကာ NGO တွေရဲ့ ထောက်ပံ့မှုတွေကလဲရ၊ အကျိုးအမြတ်ကိုရှိနေတာပေါ့၊ စာရေးသူတို့ နိုင်ငံအတွက်တော့ သောင်းကျန်းသူ အဖွဲ့ပေါင်းစုံ သက်ဆိုးရှည်စေတဲ့အပြင် အဲဒီဒုက္ခသည်စခန်းတွေက ပြည်တွင်းလာပြီး အကြမ်းဖက် လုပ်ရပ်တွေ လာလာလုပ်လို့ ဒုက္ခတွေဘဲရနေပါတယ်၊ အဆိုးဆုံးကတော့ ပြင်သစ်ဘုန်းတော်ကြီး ဖါသာဂျိုးဇက်ပြောတဲ့ ဒုက္ခသည်မျိုးဆက်သစ်တစ်ရပ်က မလွဲမသွေပေါ်ပေါက်လာနေပြီမို့ အလွန်နစ်နာ လှပါတယ်၊ KNU , KNPP, SURA ခေါင်းဆောင်များဟာ မိမိတို့တစ်ဦးချင်း တစ်ယောက်ချင်းရဲ့ ခံစားမှုထက် မိမိတို့လူမျိုးစုအတွက် စဉ်းစားဖို့သင့်ပါပြီ၊ ဒုက္ခသည်စခန်းများမှာ ရှိတဲ့ကလေးတွေဟာ ဘယ်လိုမျိုးဆက်သစ်ကလေးတွေ ဖြစ်နေပြီလဲဆိုတာ လေ့လာသုံးသပ်ဖို့ကောင်းပါပြီလို့ စေတနာ ကောင်းနဲ့ တပ်လှန့်သတိပေးလိုက်ပါတယ်။

**ယိုးဒယားနိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းအမည်ခံ KNU အကြမ်းဖက်သောင်းကျန်းသူ စခန်းများနှင့် ဒုက္ခသည်စခန်းများပြမြေပုံ**





ယိုးဒယားနိုင်ငံအတွင်းရှိ နန့်ပိန်းလိန်ဒုက္ခသည်စခန်းမှ ကလေးငယ်များနှင့်
ဒုက္ခသည်စခန်းများအားတွေ့ရပုံ





## The Pa Dong Village of Nai Soi

*A Visit to the Long-Necked Women*

**14th May 2001**




### Are the Long- necked women exploited ?





It seems more than probable that a great deal of the money that they earn through tourism goes to support the Karenni resistance to Burma. But we also have the impression that it is willingly.
Although the Padong women are free to decide whether to wear the spiral or not, tradition and necessity certainly weight on their decision. But isn't that the case for all traditions, especially in times when these traditions are at risk and you have lost your homeland ?
In Thailand, they have reached access to some facilities that they could only have dreamed of in their country, for example owning motorbikes. But they keep their own schools, and do not send their children to Thai schools. They still marry within the tribe. They accept Thailand's hospitality and help, but with the hope that it is only temporary. They long for home. Isn't it then logical to think that all of them willingly want to take part in the Karenni efforts to regain their land ?
We have been impressed by the pride of these women. Pride of keeping the tradition, pride of their beauty, but also probably pride of the knowledge of their important participation in their cause. And we rather call them the Long-necked Ladies, than Long-Necked women.

We guess that some will not agree. In any case, all we sincerely hope, in spite of the fact that we will miss them in Thailand, is that the day when they can go home will come soon.

We guess that some will not agree. In any case, all we sincerely hope, in spite of the fact that we will miss them in Thailand, is that the day when they can go home will come soon.





**ယိုးဒယားနိုင်ငံ၊ မယ်ဟောင်ဆောင်ဒေသ၌ မိမိနိုင်ငံဘက်မှကယန်းပဒေါင်တိုင်းရင်းသားများအား အစုမခေါ်ဆောင်ပြီး Long neck Village ရွာတည်၍ နိုင်ငံခြားသားများအားအခကြေးငွေရယူ ပြသထားသည့်ခရီးသွားလမ်းညွှန်ကြော်ငြာများ**



ယိုးဒယားနိုင်ငံအတွင်းရှိ ဗုကွသည်အမည်ခံ သောင်းကျန်းသူစခန်းနှင့် ဂျင်းစခန်းများ၌
ယိုးဒယားတပ်ဖွဲ့ဝင်များအား တွေ့ရပုံ



## သူတပါးမြေကို အလကားလိုချင်နေတဲ့အိမ်နီးချင်း

ရှေးတုန်းက စာရေးသူတို့ အညာတောရွာများမှာ စိုက်မြေပျိုးမြေ၊ အိမ်မြေခြံမြေ အငြင်းအခုံဖြစ်ကြတဲ့အခါ မြေကိုင်ပြီးကျိန်တွယ်ကြတဲ့ဓလေ့ရှိခဲ့ပါတယ်၊ မမှန်မကန်လုပ်ရင် ကျိန်တွယ်တဲ့အတိုင်း ဖြစ်တယ်လို့ယုံကြပါတယ်၊ ဒါကြောင့်မို့ ဘိုးဘွားများက သူများမြေများ တစ်လက်မ လေးတောင်မတရား မယူချင်နဲ့၊ မြေနဲ့အမျှခံရတတ်တယ်၊ ကိုယ့်မြေလည်းတစ်လက်မတောင် မပေးနဲ့လို့ ဆုံးမလေ့ရှိပါတယ်၊ သူများမြေကို မတရားလိုချင်တာနဲ့ ပတ်သက်လို့ စာရေးသူတို့ အိမ်နီးချင်း ယိုးဒယားနိုင်ငံကို သတိပြုမိပါတယ်၊ မြန်မာနဲ့ယိုးဒယားကြားမှာ မိုင်ပေါင်း(၁၃၀၀)ကျော် မြေပြင် နယ်နိမိတ် ထိစပ်နေပါတယ်၊ နယ်ချဲ့အင်္ဂလိပ်နဲ့ ယိုးဒယားတို့ ချုပ်ဆိုခဲ့တဲ့ စာချုပ်ဘဲရှိပါတယ်၊ ဒီစာချုပ်များထဲမှာလည်း တိကျတဲ့တိုင်း တာချက်များမဟုတ်ဘဲ ယေဘုယျသတ်မှတ်ချက်များသာ ဖြစ်ပါတယ်၊ ယေဘုယျသတ်မှတ်ချက်ကြောင့် နယ်နိမိတ်အငြင်းပွားခဲ့ရတဲ့ကိစ္စတွေ ပေါ်ပေါက်ခဲ့ပါတယ်၊ အငြင်းပွားကန့်ကွက် ပြောဆိုခဲ့ရတဲ့ နယ်နိမိတ် ပြဿနာများကို အကြမ်းဖျင်း မှတ်သားမိတာကတော့-

- ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်နယ်စပ်၊ မယ်ဆိုင်၊မယ်ဟောက်ချောင်းပြဿနာ၊
- တာချီလိတ်နယ်စပ်၊ "အို-၇" တောင်ကုန်းပြဿနာ၊
- ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်၊ လွယ်လန်းဒေသ မြန်မာပိုင်နယ်မြေ အလျား (၁၀)မိုင်၊ အနံ(၃)မိုင်အတွင်း ယိုးဒယားတပ်များ ဝင်ရောက်စခန်းတည်ဆောက် အခြေပြုတဲ့ ပြဿနာ၊
- ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းမြစ်အတွင်း ရေလယ်ကျွန်းနဲ့ ကျွန်းတောကွေ့ ပြဿနာ၊
- မြဝတီမြို့နယ်၊ ဖလူးရွာ၊ သောင်ရင်းမြစ်ရေစီးကြောင်း ပြောင်းလဲတဲ့ပြဿနာ၊
- မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဘုရားသုံးဆူနယ်နိမိတ်ပြဿနာ၊
- တနင်္သာရီတိုင်း၊ ဘုတ်ပြင်းမြို့နယ် နယ်စပ်ရှိ တောင်ကုန်းအမှတ်(၄၉၁)ပိုင်ဆိုင်မှု ပြဿနာ၊
- တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်၊ ပါချန်မြစ်ဝကျွန်း(၃)ကျွန်းပိုင်ဆိုင်မှု ပြဿနာ များ ဖြစ်ပါတယ်၊

အငြင်းပွားရတဲ့ ကိစ္စရပ်တိုင်းဟာ ယိုးဒယားဘက်က နယ်မြေချဲ့ယူလိုတဲ့ ကိစ္စတွေ များပါ တယ်၊ ဥပမာအားဖြင့် မြစ်ချောင်းများမှာ မြန်မာဘက်ကို ရေစီးကြောင်း ပြောင်းလဲသွားအောင် တစ်ဘက်သတ် တမံရိုက်တာမျိုး၊ ပြောင်းလဲဖြစ်ပေါ်လာတဲ့ ကျွန်းမြေကို အပိုင်ရယူလိုတာမျိုး၊ မူလစာချုပ်ပါမြေပုံကို တစ်ဘက်သတ်ပြင်ဆင်ရေးဆွဲပြီး ယိုးဒယားပိုင်အဖြစ် အတင်းအဓမ္မ ငြင်းခုံနေတာမျိုးတွေ တွေ့ရပါတယ်၊ သူများမြေကို ဘာကြောင့်များ မတရားလိုချင်ရပါလိမ့်လို့ စဉ်းစား မိပါတယ်၊ မြန်မာမြေကို ဘယ်လောက်များ လိုချင်တပ်မက်သလဲဆိုရင် လွန်ခဲ့တဲ့ အနှစ်(၄၀) ဝန်းကျင် တုန်းက လူကြီးသူမများပြောကြဆိုကြတာ ကြားခဲ့ဖူးပါတယ်၊ မော်လမြိုင်ရဲ့ အရှေ့တောင်ယွန်းယွန်း၊ အခု ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဝေါ့လေဒေသဆိုတာ ယိုးဒယားနယ်စပ်မှာ ရှိပါတယ်၊ မြေပုံပေါ်မှာ လက်မလေးလို ယိုးဒယားနယ်ထဲ ဝင်နေတဲ့ ဧရိယာလေးဖြစ်ပါတယ်၊ ယိုးဒယားများဟာ မဲဆောက်ကနေ အုံးဖန်မြို့သွားရင် အဲဒီစွယ်ကို ကွေ့ပတ်သွားရတော့ အလွန်ဝေးပါတယ်၊ ဒီစွယ်ထဲက ဖြတ်သွားမယ်ဆိုရင် ခရီးတိုသွားပါမယ်၊ ဒါကြောင့် ဒီစွယ်ဧရိယာလေး ပေးပါဆိုပြီး ယိုးဒယားဘက်က တောင်းခဲ့တယ်လို့ ကြားသိရပါတယ်၊ အမိမြေကို သူတို့အကျိုး သက်သက်အတွက် ပေးရမယ်ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲဗျာ၊ ဒါတွေကိုကြည့်ရင် ယိုးဒယားများဟာ မြန်မာမြေကိုဘယ်နေရာမဆို ရနိုင်သမျှ

ရယူလိုတဲ့သဘောရှိနေတယ်ဆိုတာ တွေ့ရပါတယ်၊ နည်းနည်းပါးပါး လေ့လာကြည့်မှ ယိုးဒယားဟာ မြန်မာနိုင်ငံကမြေကိုမှ မတရားလိုချင်တာမဟုတ်ဘူး၊ ပတ်ဝန်းကျင်အိမ်နီးချင်းနိုင်ငံအားလုံးရဲ့ မြေကိုလည်း ဒီလိုဘဲမတရားလိုချင်တဲ့ လုပ်ရပ်တွေ ရှိနေပါလားလို့ သိရပါတယ်။

တစ်နေ့က ကမ္ဘောဒီးယား၊ ဖနွမ်းပင်မြို့တော်နေ့စဉ်ထုတ်သတင်းစာမှာ " Students, Monks meet with the King over Border Disputes " ခေါင်းစဉ်နဲ့ သတင်းတစ်ပုဒ်ဖတ်ရပါတယ်၊ **မေလ(၂၅)ရက်နေ့က ကမ္ဘောဒီးယား ကျောင်းသားအဖွဲ့အစည်း တစ်ခုက ကျောင်းသား(၃၅)ဦးနဲ့ သံဃာတော်(၅)ပါးဟာ ဘုရင်သီဟာနု ထံ သွားရောက်တွေ့ဆုံပြီး ဗီယက်နမ်၊ ကမ္ဘောဒီးယားနဲ့ ယိုးဒယား-ကမ္ဘောဒီးယား နယ်စပ်တို့မှာ ကမ္ဘောဒီးယားပိုင်မြေယာများ လုယက်သိမ်းပိုက်ခံရတဲ့ ပြဿနာများကို အပြည်ပြည် ဆိုင်ရာခုံရုံးမှာ တင်ပြဘို့ ကမ္ဘောဒီးယား အစိုးရကို ဖိအားပေး တိုက်တွန်းပေးရန် ပန်ကြားခဲ့ပါတယ်၊ အဲဒီပန်ကြားချက်ကို ဘုရင်က အလေးထားပါမယ်လို့ ကတိပေးခဲ့တယ်** လို့ သိရှိရပါတယ်၊ ကမ္ဘောဒီးယားမှာ ယိုးဒယားရဲ့ နယ်မြေလုယက်မှုဟာ အခုမှဖြစ်တာ မဟုတ်ပါဘူး၊ ပြင်သစ် လက်အောက်က ၁၉၅၃ခုနှစ် ကမ္ဘောဒီးယား လွတ်လပ်ရေးရပြီးကတည်းက ယိုးဒယားတို့ရဲ့ မြေလုတဲ့အန္တရာယ်ရင်ဆိုင်ခဲ့ရပါတယ်၊ အထင်ရှားဆုံးကိစ္စတစ်ခုကတော့ နှစ်နိုင်ငံ နယ်စပ်မှာရှိတဲ့ (၁၃)ရာစု ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်တဲ့ Preah Vihear ကျောင်းတော်ကို ယိုးဒယားတို့ကမကြာခဏ သူပိုင်တယ်ဆိုပြီးဝင်သိမ်းတဲ့ကိစ္စ ဖြစ်ပါတယ်၊ ဒီကျောင်းတော်ဟာ ပြင်သစ်နဲ့ ယိုးဒယား သဘောတူနယ်နိမိတ်စာချုပ်အရ ကမ္ဘောဒီးယားပိုင်နက်ထဲမှာပါရှိပါတယ်၊ ဒါပေမဲ့ ယိုးဒယားဟာ ဒီကျောင်းတော်ကိုလိုချင်နေတော့ ၁၉၅၈ခုနှစ်မှာဝင်သိမ်းခဲ့ပါတယ်၊ အဲဒီတုန်းက မင်းသားကြီးသီဟာနုက The Hague မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံးကို တင်ခဲ့ပါတယ်၊ ၁၉၆၂ ခုနှစ်မှာ တရားရုံးက ကမ္ဘောဒီးယားပိုင်အဖြစ် ဆုံးဖြတ်တဲ့အတွက် ယိုးဒယားက ပြန်ပေးခဲ့ရပါတယ်၊ နိုင်ငံတကာမျက်နှာစာမှာ ယိုးဒယားတို့ အရှက်ရခဲ့ရပါတယ်၊ ယိုးဒယားက ဒီကျောင်းတော်ကို ၁၉၆၆ခုနှစ်မှာ တစ်ခါဝင်သိမ်းလို့ ပြဿနာဖြစ်ခဲ့ရပါတယ်။ ယိုးဒယားနဲ့ ကမ္ဘောဒီးယားဟာ နှစ်နိုင်ငံ နယ်နိမိတ် တိုင်းတာသတ်မှတ်ဖို့ ဝန်ကြီးချုပ် ချွန်လီပိုင်လက်ထက်က လက်မှတ်ရေးထိုးခဲ့ပေမယ့် ဆွေးနွေး ညှိနှိုင်းမှုများ သိသိသာသာတိုးတက်မှုမရသေးဘူးလို့ သိရပါတယ်၊ ဒီအတောအတွင်းမှာဘဲ ယိုးဒယားဘက်က နယ်စပ်မှတ်တိုင်ရွှေ့တာတွေ၊ မြေခိုးတာတွေ၊ လုယက်သိမ်းပိုက်တဲ့လုပ်ရပ်တွေ မကြာခဏ လုပ်နေတယ်ဆိုတာ ကမ္ဘောဒီးယား သတင်းစာများမှာ ဖတ်ရှုရပါတယ်။

ဒီလိုပါဘဲ လာအိုနိုင်ငံနဲ့လည်း မကြာခဏဆိုသလို နယ်နိမိတ် အငြင်းပွားမှု ပြဿနာများ ရှိခဲ့ပါတယ်၊ လာအိုနဲ့ ယိုးဒယားနယ်နိမိတ်ကလည်း ၁၉၀၇ခုနှစ်မှာ ပြင်သစ်တို့ ရေးဆွဲခဲ့တာ ဖြစ်ပါတယ်၊ ၁၉၇၆ခုနှစ်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မကျူးကျော်ရေး အခြေခံမူကို ကိုင်စွဲကြဘို့ပူးတွဲ ကြေညာချက်ထုတ်ခဲ့ပါတယ်၊ ဒါပေမဲ့ ၁၉၈၄ခုနှစ်မှာ လာအိုနိုင်ငံ၊ ဆာရာဘူရီ ပြည်နယ်နဲ့ ယိုးဒယားနိုင်ငံ ဥတရာဒစ်ပြည်နယ်ကြား Ban Mai ,Ban Klang နဲ့ Ban Sawang ရွာ(၃)ရွာ ပိုင်ဆိုင်မှုနဲ့ ပတ်သက်လို့ အငြင်းပွားပြီး စစ်မက်ဖြစ်ပွားခဲ့ပါတယ်၊ နှစ်နိုင်ငံကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းပြီးမှ စစ်မက်ရပ်ဆိုင်း သွားခဲ့ပါတယ်၊ ၁၉၈၇ခုနှစ်မှာ လာအိုနိုင်ငံ၊ ဆာရာဘူရီပြည်နယ်နဲ့ ယိုးဒယားနိုင်ငံ ပစ်စနုလုပ်ပြည်နယ် ကြား Ban Romklao ကျေးရွာပိုင်ဆိုင်မှုနဲ့ပတ်သက်လို့ အငြင်းပွားပြီး နှစ်နိုင်ငံစစ်မက် ဖြစ်ပွားခဲ့ပါတယ်၊ ယိုးဒယားနိုင်ငံက အမြောက်ကြီးများ၊ လေကြောင်းပစ်ကူများ အသုံးပြုတိုက်ခိုက်ခဲ့ပါတယ်၊ လာအို တပ်မတော်ကလည်းအင်အားနည်းပေမဲ့ ကြံ့ကြံ့ခံ တိုက်ခိုက်ခဲ့ပါတယ်၊ ယိုးဒယားတို့ အထိအခိုက်အကျ

အဆုံးများပြီး အရေးမလှဖြစ်ခဲ့ပါတယ်၊ ယိုးဒယားက ကိုယ်စားလှယ်များစေလွှတ်ပြီး အပစ်အခတ်ရပ်စဲရေးဆွေးနွေး လက်မှတ်ထိုးခဲ့ရပါတယ်၊ လာအိုနဲ့ယိုးဒယားဟာ နယ်နိမိတ် ကိစ္စမကြာခဏဖြစ်ရတာမို့ အကြိမ်ကြိမ်ဆွေးနွေးပြီး ၁၉၉၆ခုနှစ်မှာပြင်သစ်နဲ့ချုပ်ဆိုခဲ့တဲ့ စာချုပ်ပါအတိုင်း နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး သဘောတူခဲ့ကြပါတယ်၊ ၁၉၉၇ခုနှစ်ကစပြီး နယ်နိမိတ်တိုင်းတာရေး ဆောင်ရွက်ခဲ့တာ ယခုချိန်ထိ ဆောင်ရွက်ဆဲလို့ သိရပါတယ်။

ကဲ- ယိုးဒယားဟာ ဘယ်အိမ်နီးနားချင်းနဲ့မှနယ်နိမိတ်ပြဿနာ မဖြစ်တဲ့နိုင်ငံ မရှိခဲ့ပါဘူး၊ ဘယ်သူကလွန်သလဲ၊ ဘယ်သူက သူများမြေ မတရားယူချင်တာလည်းဆိုတာ လွန်စွာသိသာထင်ရှားလှပါတယ်၊ မြန်မာနိုင်ငံအနေနဲ့တော့ ယိုးဒယားမှအပ လာအို၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနဲ့ သဘောတူ နယ်နိမိတ်တိုင်းတာ သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်၊ ဘယ်နိုင်ငံနဲ့မှလည်း နယ်နိမိတ်ပြဿနာ လုံးဝမရှိခဲ့ပါဘူး၊ ယိုးဒယားနိုင်ငံ တစ်နိုင်ငံထဲနဲ့ဘဲ တိကျတဲ့နယ်နိမိတ် မတိုင်းတာနိုင်သေးတာဖြစ်ပါတယ်၊ ဒါကလည်း သိတဲ့အတိုင်းဘဲ နယ်စပ်တစ်လျှောက် ယိုးဒယားကသောင်းကျန်းသူတွေကို လက်ခံထားရှိခဲ့လို့ မတိုင်းတာနိုင်ခဲ့တာဖြစ်ပါတယ်၊ အဲဒီလို မတိုင်းတာ နိုင်သေးတဲ့အပေါ်မှာ အခွင့်ကောင်းယူပြီး ယိုးဒယားတို့ကမတရားသဖြင့် မြေရယူလိုတာကြောင့် ပြဿနာများ ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်၊ တကယ်ဆိုတော့လည်း ယိုးဒယားရဲ့ ကာကွယ်ရေးမူဝါဒအရ တိကျတဲ့နယ်နိမိတ်မရှိလေ သောင်းကျန်းသူများကိုလက်ခံပြီး ကြားခံဇုံထားရှိဘို့ကောင်းလေ ဖြစ်နေပါတယ်၊ အဲဒီလိုနယ်စပ်တစ်လျှောက်မှာ သောင်းကျန်းသူမျိုးစုံကို လက်ခံမွေးမြူထားရှိတာဟာ ယိုးဒယားနိုင်ငံအတွက် တိကျတဲ့နယ်နိမိတ်ထက်ပိုပြီး အကျိုးရှိတဲ့သဘောဖြစ်နေပါတယ်၊ နယ်နိမိတ်နဲ့ ပတ်သက်လို့ အိမ်နီးချင်းယိုးဒယားရဲ့ စိတ်နေသဘောထား အကျင့်စရိုက်များကိုလည်း သိထားကြပြီမို့ အမြဲသတိထားစောင့်ကြည့်ဘို့ လိုပါတယ်၊ ဘာဘဲဖြစ်ဖြစ် ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ အမိမြေကိုတော့ အသက်နဲ့ထပ်တူ ချစ်မြတ်နိုးကြရပါလိမ့်မယ်၊ တစ်လက်မလေးတောင် အဆုံးအရှုံးမခံနိုင်ပါဘူး၊ သူများမြေကိုလည်းမတရားယူဘို့မပြောနဲ့ အလကားပေးတောင်မလိုချင်ပါဘူး၊ ကိုယ့်မြေကိုဘဲ တန်ဘိုးထားပါတယ်၊ မြန်မာတွေသဘောကောင်းတယ်၊ အားနာတတ်တယ်ဆိုတာကို ကြောက်တယ်လို့ ယူဆပြီး မြန်မာ့မြေကို မတရားရယူဘို့ ကြိုးစားမယ်ဆိုရင်တော့ မြန်မာ့သွေးဟာ နီစွေးတယ်ဆိုတာ ပြကြပါစို့။

# နယ်နိမိတ်စာချုပ်တွေရှိခဲ့သော်လည်း

## အပိုင်း(၁)

ယိုးဒယားနိုင်ငံနဲ့ ပါတ်သက်လို့ ဆောင်းပါးများရေးခဲ့တာ အကြောင်းအရာ စုံလောက်ပြီလို့အောက်မေ့ပြီးမှ နယ်နိမိတ်ကိစ္စကို ဒီထက်နဲနဲပြည့်ပြည့်စုံစုံ ရေးနိုင်ရင်ကောင်းမှာဘဲလို့စဉ်းစားမိပါတယ်၊ နယ်နိမိတ်နဲ့ပါတ်သက်လို့ ကျွမ်းကျင်သူမဟုတ်ပေမဲ့ လေ့လာမိသလောက် ဆွေးနွေးချင်ပါသေးတယ်၊ စာဖတ်သူများလဲ သိရှိပြီးဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံဟာ မြောက်ဘက်မှာ တရုတ်ပြည်နဲ့ (၁၃၈၀)မိုင်၊ အရှေ့ဘက်မှာ လာအို နိုင်ငံနဲ့ (၁၄၉)မိုင်၊ ယိုးဒယားနိုင်ငံနဲ့ (၁၃၁၀)မိုင်၊ အနောက်ဘက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ မြေပြင်(၁၂၈. ၇၄၇)မိုင်၊ ရေပြင်(၃၉. ၈)မိုင်၊ အိန္ဒိယနိုင်ငံနဲ့ (၈၃၂)မိုင် နယ်နိမိတ်ချင်း ထိစပ်နေပါတယ်၊ အဲဒီအိမ်နီးချင်း(၅)နိုင်ငံထဲမှာ ယိုးဒယားနိုင်ငံကလွဲရင် ကျန်တဲ့နိုင်ငံ (၄)နိုင်ငံနဲ့ နှစ်နိုင်ငံနယ်နိမိတ်အတိအကျတိုင်းတာကြပြီး နယ်နိမိတ်သဘောတူစာချုပ်များလဲ ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါတယ်၊ ၁၉၆၁ခုနှစ်မှာတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ၁၉၆၇ခုနှစ်မှာအိန္ဒိယနိုင်ငံ၊ ၁၉၉၄ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံ၊ ၁၉၉၉ခုနှစ်မှာ လာအိုနိုင်ငံတို့နဲ့ သဘောတူစာချုပ်ခဲ့ပြီး ဖြစ်ပါတယ်၊ နယ်နိမိတ်ကိစ္စနဲ့ ပတ်သက်လို့လဲ ဘယ်လိုပြဿနာမှ ဖြစ်ပွားခဲ့တာ မရှိခဲ့ကြပါဘူး။ အိမ်နီးချင်းနိုင်ငံများနဲ့ ဒီလိုနှစ်နိုင်ငံ နယ်နိမိတ်သဘောတူစာချုပ် အောင်အောင်မြင်မြင်နဲ့ချုပ်ဆိုနိုင်တာကိုကလဲ မြန်မာနိုင်ငံရဲ့ စိတ်ရင်းသဘောထားနဲ့ စွမ်းဆောင်နိုင်မှုကို ပြသခဲ့တာ ဘဲဖြစ်ပါတယ်။

အိမ်နီးချင်းနိုင်ငံ(၄)နိုင်ငံနဲ့ နယ်နိမိတ်သဘောတူစာချုပ်ချုပ်ဆိုနိုင်ပါလျက် ဘာကြောင့် ယိုးဒယားနိုင်ငံတစ်ခုထဲကျန်နေရသလဲလို့ မေးစရာရှိပါတယ်၊ မြန်မာနိုင်ငံအင်္ဂလိပ်တို့ လက်အောက်ကျရောက်ခဲ့ချိန်မှာ အင်္ဂလိပ်နဲ့ယိုးဒယားတို့ ချုပ်ဆိုခဲ့တဲ့ နယ်နိမိတ်သဘောတူ စာချုပ် (၃)ခုရှိခဲ့ပါတယ်၊ အဲဒီသဘောတူစာချုပ် (၃)ခုကတော့-

(၁) ၁၈၆၈ခုနှစ်မှာ သောင်ရင်းမြစ်နဲ့ သံလွင်မြစ်ဆုံရာမှ ပါချန်မြစ်ဝအထိ နယ်နိမိတ်စာချုပ်

**Convention regarding the Boundaries on the Mainland between the Kingdom of Siam and the British Province of Tenasserim.**

(၂) ၁၈၈၃ခုနှစ်မှာ မြန်မာ-ယိုးဒယား နယ်နိမိတ်အဖြစ် ထိစပ်နေတဲ့ သံလွင်မြစ် အပိုင်းအတွက် သဘောတူစာချုပ်

**Treaty between Her Majesty the Queen of the United Kingdom and His Majesty the King of Siam for the Prevention of Crime in the Territories of Chiangmai, Lakon and Lampoonchi, and for the Promotion of Commerce between British Burmah and the Territories.**

(၃) ၁၈၉၄ခုနှစ်မှာ မဲပေါက်ချောင်းနှင့် မဲခေါင်မြစ်ဆုံရာမှ ကယားပြည်နယ်က သံလွင်မြစ်နဲ့ ဖားချောင်းဆုံရာထိ နယ်နိမိတ်စာချုပ်များဘဲ ဖြစ်ပါတယ်၊

## Protocol of ratification of the Bruma-Siam Boundary Demarcation Survey Map.

ဟိုတုန်းက အင်္ဂလိပ်နဲ့ယိုးဒယားတို့ ချုပ်ဆိုခဲ့တဲ့နယ်နိမိတ်စာချုပ်မှာ တိုင်းတာသတ်မှတ်မှု Demarcation လုပ်တဲ့နေရာမှာ ယခုခေတ်မှာလိုခေတ်မီ တိုင်းတာရေးကိရိယာများ မပေါ်သေးတော့ အများအားဖြင့် တိတိကျကျ မရှိခဲ့ပါဘူး။ Demarcation တိုင်းတာသတ်မှတ်မှုလုပ်တဲ့ နယ်နိမိတ်မှတ်တိုင် တစ်ခုနဲ့တစ်ခုကလဲ အလှမ်းကွာဝေးပါတယ်၊ တာချီလိတ်၊ မဲခေါင်မြစ်နဲ့မယ်ပောက်ချောင်းဆုံကနေ ကယားပြည်နယ်ထဲက သံလွင်မြစ်နဲ့ ဖားချောင်းဆုံအထိ မိုင်ပေါင်း(၃၄၇)မိုင်မှာမှ နယ်နိမိတ်မှတ်တိုင် (၁၆)ခု Demarcation လုပ်ခဲ့တယ်လို့ဖော်ပြထားတာတွေ့ရပါတယ်၊ ယခုခေတ် မှာတော့ မြေတိုင်းကိရိယာ Theodolite တို့ Global Positioning System (G.P.S) လို့ခေါ်တဲ့ ရောက်ရှိနေရာ အတိအကျတိုင်းတာတဲ့ ခေတ်မီကိရိယာတွေအသုံးပြုတိုင်းတာတဲ့အပြင် တိုင်းတာ သတ်မှတ်ထားတဲ့ နယ်နိမိတ်မှတ်တိုင် တစ်ခုနဲ့တစ်ခုကလဲ မြေပြန့်မှာဆိုရင် မီတာ(၁၀၀)၊ တောင်ကုန်း တောင်တန်းများမှာ မီတာ(၁၀၀၀)အကွာ တိုင်းတာသတ်မှတ်ပြီး မှတ်တိုင်စိုက်ထူကြပါတယ်၊ ဒါကြောင့် တိကျပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း အိမ်နီးချင်းနိုင်ငံများနဲ့ သဘောတူ နယ်နိမိတ်တိုင်းတာပြီး စာချုပ်ချုပ်ဆိုနိုင်ပေမဲ့ ယိုးဒယားနိုင်ငံနဲ့တော့ နယ်နိမိတ်တိုင်းတာတဲ့ကိစ္စ မဆောင်ရွက်နိုင်ခဲ့ပါဘူး၊ ဒီလိုမဆောင်ရွက်နိုင်တာကလဲ မြန်မာ-ယိုးဒယားနယ်စပ်တစ်လျှောက်မှာ မြန်မာနိုင်ငံက သောင်းကျန်းသူတွေကို ယိုးဒယားက လက်ခံအားပေးကူညီနေတဲ့အတွက် သောင်းကျန်းသူတွေရှိနေလို့ ဖြစ်ပါတယ်၊ ယိုးဒယားနဲ့အင်္ဂလိပ်တို့ ချုပ်ဆိုခဲ့တဲ့စာချုပ်တို့၊ သဘောတူစာချွန်လွှာတို့မှာပါတဲ့ နယ်နိမိတ်ဆိုတာကလည်း ဟိုခေတ်ဟိုအခါက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအခြေအနေအရ လုံလောက်တဲ့ တိုင်းတာသတ်မှတ်ချက်ဖြစ်ခဲ့ပေမယ့် မျက်မှောက်ခေတ်မှာလို တိတိကျကျအသေးစိတ် တိုင်းတာထားတာ မဟုတ်တော့ ပြည့်စုံမှုမရှိပါဘူး၊ ယိုးဒယားကလည်း ဒီလိုအခြေအနေအပေါ်မှာ အမြတ်ထုတ်ချင်တာနဲ့က အံကိုက်ဖြစ်နေပါတယ်၊ သူတို့သဘောနဲ့သူတို့ မြေပုံပြင်ရေးဆွဲတာတို့၊ ရေစီးကြောင်း ပြောင်းလဲအောင် လုပ်ပြီး သူပိုင်မြေအဖြစ် အတင်းတိုးချဲ့ သတ်မှတ်တာတို့ကြောင့် ပြဿနာများဖြစ်ခဲ့ရပါတယ်၊ လက်ရှိဖြစ်နေတဲ့နယ်နိမိတ် ပြဿနာများကတော့-

- လွယ်လန်းဒေသ
- ဘုရားသုံးဆူဒေသ
- ပတ်ချန်မြစ်ဝရှိ ကျွန်း(၃)ကျွန်း ပိုင်ဆိုင်မှုကိစ္စ
- ဗိုလ်-၁၅၄၂(တောင်ကုန်း ၄၉၁)နေရာ နယ်နိမိတ်ကိစ္စ
- သောင်ရင်းမြစ်အတွင်းရှိ ကျွန်းတောကွေ့နှင့် ဖလူးဒေသ နယ်နိမိတ်ကိစ္စ
- **O-7** တောင်ကုန်းကိစ္စများဘဲ ဖြစ်ပါတယ်။

ယိုးဒယားနိုင်ငံဟာ နယ်နိမိတ်နဲ့ပတ်သက်ရင် မြန်မာနိုင်ငံနဲ့မှ ပြဿနာဖြစ်တာ မဟုတ်ပါဘူး၊ ကျန်တဲ့အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့နဲ့လဲ ပြဿနာတွေ ဖြစ်ခဲ့ပါတယ်၊ လာအိုနဲ့ ယိုးဒယားနယ်နိမိတ်ကလည်း လာအိုကိုသိမ်းယူခဲ့တဲ့ ပြင်သစ်နဲ့ ယိုးဒယားတို့ ချုပ်ဆိုခဲ့တဲ့ သဘောတူစာချုပ်အရ သတ်မှတ်ထားတဲ့ နယ်နိမိတ်ဖြစ်ပါတယ်၊ ၁၉၈၄ခုနှစ် မှာ Bam Mai , Bam Klang နဲ့ Ban Savang ရွာ(၃)ရွာပိုင်ဆိုင်မှု အငြင်းပွားရာက ပစ်ခတ်မှုများဖြစ်ပွား ခဲ့ပါတယ်၊

လာအိုကရင်းရွာများဟာသမိုင်းစဉ်တစ်လျှောက် လာအိုကပိုင်ခဲ့တာဖြစ်လို့ ထိုင်းတပ်တွေ နောက်ဆုတ်ပေးဘို့ ကြေညာခဲ့ပါတယ်၊ အတွင်းသတင်းများအရ အမေရိကန်စစ်သုံးမြေပုံမှာ အဲဒီရွာ (၃)ရွာကို ယိုးဒယားပိုင်တယ်ဆိုပြီး မှားယွင်းထည့်ထားမှန်းမသိဘဲ ယိုးဒယားစစ်တပ်က အတည်ယူခဲ့မိလို့ တိုက်ခိုက်မှုတွေဖြစ်ခဲ့ရတယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့ ယိုးဒယားနိုင်ငံခြားရေး ဝန်ကြီးဌာနက ယိုးဒယားတပ်တွေကို သတိပေးခဲ့ရတယ်လို့ သတင်းတွေ ဖြစ်ပေါ်ခဲ့ပါတယ်၊ နောက်ပိုင်းမှာ ယိုးဒယားတပ်တွေက ဆုတ်ပေးခဲ့ရပါတယ်၊ ၁၉၈၇ခုနှစ် နိုဝင်ဘာလမှာလဲ နယ်နိမိတ်ထင်ထင်ရှားရှားသတ်မှတ်ရခြင်း မရှိသေးတဲ့ တောင်ကုန်းမြင့်ဒေသကို သူပိုင်ငါပိုင် အငြင်းပွားပြီး တိုက်ပွဲတွေဖြစ်ခဲ့ရပါတယ်၊ ၁၉၈၈ခုနှစ် ဇန်နဝါရီလမှာ **Bam Rom Klao** ကျေးရွာကို သူပိုင်ငါပိုင် အငြင်းပွားပြန်ပါတယ်၊ လာအိုက သူတို့ပိုင်တယ်ဆိုတာ ပြင်သစ်နဲ့ချုပ်ဆိုခဲ့တဲ့ စာချုပ်အထောက်အထားပြခဲ့ပါတယ်၊ ယာယီပြေလည်ဘို့ လာအိုနဲ့ ယိုးဒယားစစ်ဦးစီးချုပ်(၂)ဦး ညှိနှိုင်းသဘောတူခဲ့ရပါတယ်၊ ၂၀၀၀ပြည့်နှစ်၊ စက်တင်ဘာလမှာ မဲခေါင်မြစ်အတွင်း ကျွန်း(၃)ကျွန်းနဲ့ပတ်သက်ပြီး သူပိုင်ငါပိုင် အငြင်းပွားပြန်ပါတယ်၊ လာအိုက ၁၉၂၆ခုနှစ် ပြင်သစ်နဲ့ယိုးဒယား စာချုပ်အရ လာအိုနိုင်ငံက ပိုင်တယ်ဆိုပြီး ကြေညာခဲ့ပါတယ်၊ ယိုးဒယားဟာ လာအိုနိုင်ငံနဲ့လည်း နယ်နိမိတ်နဲ့ပတ်သက်လို့ ပြဿနာတွေရှိခဲ့တယ်၊ ရှိလဲရှိဆဲဆိုတာ တွေ့ရပါတယ်။

အလားတူပါပဲ၊ ယိုးဒယားနိုင်ငံဟာ ကမ္ဘောဒီးယားနဲ့လည်း နယ်နိမိတ်ပြဿနာတွေရှိခဲ့ပါတယ်၊ ကမ္ဘောဒီးယားကို ပြင်သစ်တို့သိမ်းပိုက်ပြီးတဲ့နောက် ၁၉၀၄ခုနှစ်မှာ ပြင်သစ်နဲ့ယိုးဒယား နယ်နိမိတ်စာချုပ်ချုပ်ဆိုခဲ့ပါတယ်၊ နှစ်နိုင်ငံနယ်စပ်မှာ (၁၃)ရာစု အမွေအနှစ်ဖြစ်တဲ့ **Preah Vihear Temple** ဘုရားဝိဟာရ်ရှိပါတယ်၊ စာချုပ်မြေပုံမှာ ဒီဘုရားဝိဟာရ်ကို ကမ္ဘောဒီးယားပိုင်အဖြစ် ပါရှိပါတယ်၊ ဒါပေမဲ့ယိုးဒယားတွေက ထုံးစံအတိုင်း သူပိုင်ပါတယ်ဆိုပြီး အငြင်းပွားခဲ့ပြန်ပါတယ်၊ ၁၉၅၈ခုနှစ်မှာ ယိုးဒယားက တပ်နဲ့ဝင်သိမ်းခဲ့ပါတယ်၊ အဲဒီအချိန်က မင်းသားကြီးသီဟာနုဦးဆောင်ပြီး **The Hague** မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံးကို တင်ခဲ့ပါတယ်၊ တရားရုံးက ကမ္ဘောဒီးယားပိုင်အဖြစ် အဆုံးအဖြတ်ပေးခဲ့တော့ ယိုးဒယားတွေ မျက်နှာပျက်အရှက်ရခဲ့ရပါတယ်၊ ယိုးဒယားနဲ့ ကမ္ဘောဒီးယားကြားမှာ နှစ်နိုင်ငံနယ်နိမိတ် တိုင်းတာသတ်မှတ်ဘို့ ဝန်ကြီးချုပ် ချွန်လိပိုင်လက်ထက်က သဘောတူလက်မှတ်ရေးထိုးခဲ့ပေမဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ သိသိသာသာ တိုးတက်မှုမရှိသေးဘူးလို့ သိရပါတယ်၊ နှစ်နိုင်ငံနယ်စပ်မှာတော့ ယိုးဒယားဘက်က မြေခိုးယူတာတွေ၊ မြေလုသိမ်းတာ လုပ်နေတယ်ဆိုတဲ့ သတင်းတွေ ကမ္ဘောဒီးယား သတင်းစာများမှာ မကြာမကြာတွေ့ရပါတယ်၊ ယိုးဒယားနိုင်ငံဟာ ကမ္ဘောဒီးယားနဲ့လဲ နယ်နိမိတ်ကိစ္စတွေမှာ ပြဿနာရှိနေခဲ့တယ်၊ ယခုထိလဲ ပြေလည်မှုမရှိဘူးဆိုတာ တွေ့ရပါတယ်၊ ယိုးဒယားနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများနဲ့ နယ်နိမိတ်ပြဿနာဖြစ်ခဲ့ရတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကြည့်ရင် တစ်ယောက်နဲ့အများ ဘယ်သူလွန်သလဲ၊ ဘယ်သူမရိုးဖြောင့်လဲဆိုတာ ပြောစရာတောင်မလိုတော့ပါဘူး၊ ပြောစရာမလိုဘူးဆိုပေမယ့် အင်္ဂလိပ်နဲ့ ယိုးဒယားတို့ ချုပ်ဆိုခဲ့တဲ့ စာချုပ်တွေရယ်၊ ဖြစ်ခဲ့တဲ့ ပြဿနာတွေရယ်ကို အနည်းအကျဉ်း ဆက်ပြီး ဆွေးနွေးချင်ပါသေးတယ်။

မြန်မာ-ယိုးဒယားနယ်နိမိတ်အား ဗြိတိသျှနှင့်ယိုးဒယားတို့
စာချုပ်များအပိုင်းလိုက် ချုပ်ဆိုသတ်မှတ်ခဲ့ပုံ

၁။ မဲဟောက်ချောင်းနှင့်မဲခေါင်မြစ်ဆုံရာမှသံလွင်မြစ်နှင့် ဖားချောင်း ဆုံရာထိ အပိုင်း


**Protocol of ratification of the Burma-Siam Boundary Demarcation Survey Map, 1894.**

၂။ သံလွင်မြစ်အပိုင်း

**Treaty between Her Majesty the Queen of the United Kingdom and His Majesty the King of Siam for the Prevention of Crime in the Territories of Chiangmai, Lakon and Lampoonchi, and for the Promotion of Commerce between British Burmah and the Territories, 1883.**

၃။ သောင်းရင်းမြစ်နှင့် သံလွင်မြစ်ဆုံရာမှ ပါချန်မြစ်ဝ အထိ အပိုင်း


**Convention regarding the Boundaries on the Mainland between the Kingdom of Siam and the British Province of Tenasserim, 1868.**






မြန်မာနိုင်ငံပိုင် ဇာတို-၇ တောင်ကုန်းအားတွေ့ရပုံ


**မြဝတီကျွန်းတောကွေ့ ရေစီးကြောင်း ပြောင်းလဲပုံမြေပုံကြမ်းများပုံ**




**သောင်ရင်းမြစ်၏ 'ဂ'ငယ်ပုံသဏ္ဍာန် မူလရေစီးကြောင်းပုံ**




**၁၉၉၄ခုနှစ်တွင် မြစ်ရေတိုက်စားမှုကြောင့် မူလရေစီးကြောင်းသည် အဖြောင့်စီးဆင်းသွားကာ ကွေ့ပုံသဏ္ဍာန်မှ ကျွန်းပုံသဏ္ဍာန်ဖြစ်ပေါ်သွားပုံ**




**၁၉၉၅ခုနှစ်တွင် မူလမြစ်ကြောင်း၏ ရေစီးကြောင်းသည် သောင်ထွန်း၍ မြေပြင်နှင့်တပြေးညီ ဖြစ်ပေါ်ကာ နှစ်နိုင်ငံမြေပြင်ချင်း သဘာဝဆက်စပ်သွားပုံ**

# နယ်နိမိတ်စာချုပ်တွေရှိသော်လည်း

## အပိုင်း(၂)

စာရေးသူတို့ မြန်မာနိုင်ငံနဲ့ယိုးဒယားနိုင်ငံဟာ နယ်နိမိတ်နဲ့ပတ်သက်လို့ စာချုပ်စာတမ်း(၃)ခု ရှိခဲ့ပါတယ်လို့ ပြောခဲ့ပြီးပါပြီ၊ အင်္ဂလိပ်နဲ့ယိုးဒယားတို့ချုပ်ဆိုခဲ့တဲ့ စာချုပ်များ ဖြစ်ပါတယ်၊ ကိုလိုနီနိုင်ငံဘဲဖြစ်ဖြစ်၊ ကိုလိုနီမဟုတ်တဲ့နိုင်ငံဘဲဖြစ်ဖြစ် (Law of State Succession) နိုင်ငံဆက်ခံမှုဥပဒေအရ လိုက်နာကြရတာနိုင်ငံတကာကျင့်ထုံးပါပဲ၊ ဒါကြောင့် ဒီစာချုပ်များမှာ ပါတဲ့အတိုင်း လက်ခံကြရမှာဖြစ်ပါတယ်၊ ဒီစာချုပ်ပါ အချက်အလက်များကို နှစ်နိုင်ငံသဘောမတူဘဲ ပြုပြင်ပြောင်းလဲလို့ မရနိုင်ပါဘူး၊ သို့သော်လည်း ယိုးဒယားနိုင်ငံဟာ စာချုပ်ပါမြေပုံ၊ရေပုံများကိုပြောင်းလဲရေးဆွဲတဲ့ မရိုးဖြောင့်မှုလုပ်ရပ်တွေ လုပ်တာတွေ့ရပါတယ်။

ဗြိတိသျှကိုလိုနီနယ်ချဲ့များဟာ ၁၈၅၃ခုနှစ် အောက်မြန်မာနိုင်ငံကို သိမ်းပြီးတဲ့နောက် ကာလအတော်ကြာထိ ယိုးဒယားနဲ့နယ်နိမိတ်ပိုင်းခြား သတ်မှတ်နိုင်မှုမရှိခဲ့သေးပါဘူး၊ နောက်ပိုင်း သစ်ထုတ်ဘို့ကိစ္စ၊ သစ်တောဝန်ထမ်းများကို ဓါးပြတိုက်လို့ ဓါးပြတွေကိုလိုက်ပြီး နှိမ်နင်းရာမှာ နှစ်နိုင်ငံ နယ်နိမိတ် အငြင်းပွားမှုလေးတွေ ဖြစ်လာပါတယ်၊ ဒါကြောင့်နယ်နိမိတ်တိုင်းတာသတ်မှတ်ဘို့ ပြောဆိုခဲ့ကြပါတယ်၊ ၁၈၆၄ခုနှစ်မှာ အင်္ဂလိပ်ဘက်ကတနင်္သာရီအရေးပိုင် (O' Riley)ဦးဆောင်တဲ့ အဖွဲ့နဲ့ ယိုးဒယားဘုရင့်ကိုယ်စားလှယ်အဖွဲ့ပူးပေါင်းပြီး နယ်နိမိတ်တိုင်းတာခဲ့ကြပါတယ်၊ မြောက်ဘက်မှာ သောင်ရင်းမြစ်နဲ့သံလွင်မြစ် ဆုံရာကနေ တောင်ဘက်ပါချန်မြစ်ဝထိ တိုင်းတာသတ်မှတ်ခဲ့တာဖြစ်ပါတယ်၊ တိုင်းတာမှုပြီးတဲ့အခါ ၁၈၆၈ခု ဖေဖော်ဝါရီလ(၈)ရက်နေ့မှာ (၂)ဘက် ကိုယ်စားလှယ်များ ဘန်ကောက်မှာပူးတွဲမြေပုံများနဲ့အတူ သဘောတူစာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ကြပါတယ်၊ Convention regarding the Boundaries on the Mainland between the Kingdom of Siam and the British Province of Tenasserim,1868. ကစာချုပ်မှာပါတဲ့ အချက်အလက်အချို့ကိုဖော်ပြရမယ်ဆိုရင် သောင်းရင်းမြစ် ပိုင်းမှာ အရှေ့ဘက်(သို့မဟုတ်) လက်ျာဘက်ကမ်းသည် ယိုးဒယားနယ်မြေ၊ အနောက်ဘက်(သို့မဟုတ်) လက်ဝဲဘက်ကမ်းသည် အင်္ဂလိပ်နယ်မြေလို့ပါရှိပါတယ်၊ ရေနက်စီးကြောင်း(သို့မဟုတ်) ရေလယ်ကြောင်းမျဉ်းဖြစ်တဲ့ သောင်ရင်းမြစ်ရဲ့ အတွင်းနယ်နိမိတ်အနေအထားကို ဖော်ပြထားတာ မတွေ့ရပါဘူး၊ အလားတူ ပါချန်မြစ်အတွင်းမှာလဲ သောင်ရင်းမြစ်လိုဘဲမြစ်တွင်းနယ်နိမိတ်အနေအထားကို ဖော်ပြထားခြင်း မရှိပါဘူး၊ ယိုးဒယားနိုင်ငံပိုင်မလိဝမ်ကျွန်းအလွန် ကွမ်အမည်ရှိကျွန်းမှအပ ပါချန်မြစ်အတွင်း ကျွန်း များကို အင်္ဂလိပ်ဘက်ကမ်းနဲ့နီးတဲ့ကျွန်းများကို အင်္ဂလိပ်ကပိုင်တယ်၊ ယိုးဒယားဘက်ကမ်းနဲ့နီးရင် ယိုးဒယား ပိုင်တယ်လို့ ဖော်ပြထားပါတယ်၊ ပါချန်မြစ်ဝမှာရှိတဲ့ ကျွန်း(၅)ကျွန်းအနက် Victoria, St. Mathew, Bird's Nest ကျွန်း(၃)ကျွန်းကို အင်္ဂလိပ်ပိုင်၊ Saddle, Delisle ကျွန်း(၂)ကျွန်းကို ယိုးဒယားပိုင်ဆိုပြီး မြေပုံမှာပိုင်းခြားသတ်မှတ် ဖော်ပြပါရှိပါတယ်၊ အဲဒီကျွန်းများနဲ့ ပတ်သက်လို့ ၁၈၆၈ခုနှစ် ဧပြီလ(၃၀)ရက်စွဲနဲ့ ဗြိတိသျှဘုရင်ခံချုပ် (Sir. John Lawrence)က ယိုးဒယားဘုရင်ထံ မြေပုံ(၂)ပုံနဲ့အတူ ပေးပို့တဲ့ စာထဲမှာလဲ ဗြိတိသျှတို့ ပိုင်တယ်ဆိုတာ ဖော်ပြထားပါတယ်၊ အဲဒီမြေပုံများကို ၁၈၆၈ခုနှစ် ဇူလိုင်လ(၃)ရက်နေ့မှာ ဘန်ကောက် မြို့မှာ ယိုးဒယားဝန်ကြီး(၂)ပါးနဲ့ ဗြိတိသျှ ကောင်စစ်ဝန် တို့က အတည်ပြုခဲ့ကြပါတယ်။

ပထမဆုံးချုပ်ဆိုခဲ့တဲ့ နယ်နိမိတ်ဖြစ်တဲ့ သောင်ရင်းမြစ်နဲ့ သံလွင်မြစ်ဆုံရာကနေ ပါချန်မြစ်ဝအထိ နယ်နိမိတ်တစ်လျှောက် မျက်မှောက်ကာလမှာ ပြဿနာများ ရှိခဲ့ပါတယ်၊ သောင်ရင်းမြစ်ရေစီးကြောင်းပြောင်းလဲမှုကြောင့် မြဝတီအနီး ကျွန်းတောကျေး၊ ဖလူးရွာအနီးတို့မှာ အငြင်းပွားခဲ့ရတဲ့ကိစ္စ၊ ဘုရားသုံးဆူဝန်းကျင် နယ်နိမိတ်ပိုင်ဆိုင်မှုကိစ္စ၊ ဘုတ်ပြင်းမြို့နယ်နဲ့ ယိုးဒယားနယ်စပ်မှာရှိ ပွိုင့်(၁၅၄၂)တောင်ကုန်းပိုင်ဆိုင်မှု အငြင်းပွားရတဲ့ကိစ္စ၊ ပါချန်မြစ်ဝအတွင်းကကျွန်း(၃)ကျွန်းကို

ယိုးဒယားကသူပိုင်ပါတယ်လို့ ဆိုလာတဲ့ကိစ္စများ ပေါ်ပေါက်ခဲ့ရပါတယ်၊ ယိုးဒယားတွေကတော့အခု မျက်မှောက်ကာလမှ မဟုတ်ပါဘူး၊ အင်္ဂလိပ်တွေနဲ့လည်း အငြင်းပွားခဲ့ပါတယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ သပြုကျေးရွာအုပ်စုနဲ့ ဆက်စပ်နေတဲ့ဘက်မှာ ယိုးဒယားက သူပိုင်ပါတယ်ဆိုပြီး ပြောလာလို့ အငြင်းပွားခဲ့တာလဲရှိခဲ့ပါတယ်၊ ဒါကြောင့် ၁၈၉၅-၉၆မှာ အဲဒီတုန်းက ကျိုက္ကမီခရိုင်နဲ့ဆက်စပ်နေတဲ့ နယ်နိမိတ်ကို နှစ်ဘက်ကိုယ်စားလှယ်များ ပြန်လည်ပြီးတိုင်းတာခဲ့ကြတယ်လို့ သိရပါတယ်။

ယိုးဒယားတို့ သူများမြေကို လိုချင်တာကတော့ သမိုင်းကြောင်းကို ငဲ့စောင်းပြီး ပြန်ကြည့်ရင်ပိုသိသာပါတယ်၊ တနင်္သာရီကမ်းမြောင်ဒေသလို့ခေါ်တဲ့ ဆိပ်ကမ်းမြို့များဖြစ်တဲ့ မုတ္တမ၊ ရေး၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီဒေသတွေကို မြန်မာတွေအင်အားနည်းတိုင်း ကျူးကျော်ထိပါးခဲ့ပါတယ်၊ လိုချင်ရတဲ့ အကြောင်းအရင်းကလဲ ရှေးတုန်းကရေလမ်းကြောင်းကနေ ကုန်သွယ်မှုဟာ ယိုးဒယားတို့အတွက် အရေးပါတဲ့ တစ်ထောက်နားဆိပ်ကမ်းများ ဖြစ်ခဲ့လို့ပါဘဲ၊ ဒီအကြောင်းတစ်ခုတည်းတော့လည်း မဟုတ်ပါဘူး၊ ယိုးဒယားလူမျိုးတွေက အိမ်နီးချင်းနိုင်ငံတွေရဲ့မြေကို မတရားရယူချင်တဲ့ စိတ်ထားတွေရှိနေတာလဲ ပါပါတယ်၊ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတိုင်းနဲ့ နယ်နိမိတ်ပြဿနာတွေ ဖြစ်ခဲ့ရတာပါ။

ဘာကြာသေးလို့လဲ၊ ၁၉၉၄ခုနှစ်က သောင်းရင်းမြစ်ကိုဖြတ်ပြီး မြဝတီ-မဲဆောက် ချစ်ကြည်ရေးတံတားဆောက်ဖို့လုပ်ရင်း သောင်ရင်းမြစ်တွင်း မြန်မာဘက်ကမ်းနဲ့နီးတဲ့ ရေလယ်ကျွန်းလေးကို အပိုင်စီးဖို့ ကြိုးစားခဲ့သေးတယ်၊ တံတားဆောက်ဘို့ ယန္တယားတွေ သောင်ရင်းမြစ်ထဲ ဖြတ်နိုင်အောင် မြေဖို့တာတို့၊ ကျောက်တုံးတွေချတာတို့ တမင်ရည်ရွယ်ချက်နဲ့လုပ်ခဲ့တာကြောင့် ရေစီးကြောင်းပျောက်ပြီး ရေလယ်ကျွန်းလေးဟာ ယိုးဒယားဘက်ကမ်းနဲ့ တစ်ဆက်တည်းနီးပါး ဖြစ်သွားပါတယ်၊ ၁၉၉၅ခုနှစ်လည်းရောက်ရော အဲဒီကျွန်းပေါ်ကို ယိုးဒယားတွေက တစ်စတစ်စနဲ့ ဈေးဆိုင်ခန်းတွေ ဆောက်လာပါတယ်၊ သူတို့ပိုင်မြေဆိုတဲ့ သဘောပေါ့။

ဒါ့ကြောင့် ယိုးဒယားတို့ရဲ့ ဈေးဆိုင်ခန်းတွေ ဖျက်ပေးဖို့ကန့်ကွက်တော့မှ ဖျက်ပေးခဲ့ပါတယ်၊ အကယ်၍သာ ကျွန်တော်တို့ဘက်က ကန့်ကွက်မှုသာမလုပ်ခဲ့ရင် သူတို့ပိုင်တယ်ဆိုပြီးအပိုင်စီးမှာသေချာပါတယ်။ အခုဒီဘက်ကကန့်ကွက်လိုက်တော့မှ မူလရေစီးကြောင်း ပြန်ဖော်ဖို့ ပြောဆိုပြီး သဘောတူခဲ့ရပါတယ်၊ ယိုးဒယားသားတွေကတော့ သူများမြေကို တစ်လက်မရရင်တောင် တစ်လက်မလေးကိုပဲ ငန်းငန်းတက် လိုချင်နေတယ်ဆိုတာ အဲဒါသာကြည့်ပါတော့ခင်ဗျာ။

**၁၈၆၈ နယ်နိမိတ် စာချုပ်မှ မြစ်နယ်နိမိတ်များ ဆိုင်ရာ ကောက်နုတ် ဖော်ပြချက်**

**EXCERPTS FROM CONVENTION REGARDING THE BOUNDARIES ON THE MAINLAND BETWEEN THE KINGDOM OF SIAM AND THE BRITISH PROVINCE OF TENASSERIM OF 1868.**

.....the eastern of right bank of the said river (Thoungyeng) being regarded as Siamese territory, and the western or left bank being regarded as English territory.

.....With regard to the islands in the River Pakchan, those nearest to the English bank are to belong to the English and those nearest to the Siamese bank are to belong to the Siamese ,excepting the island of "Kwan" off Maleewan, which is Siamese property.

.....The whole of the western bank of the River Pakchan down to Victoria Point shall belong to the British, and the eastern bank throughout shall belong to Siam.

# ၁၈၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော ဗြိတိသျှနှင့်ယိုးဒယားတို့ကြား နယ်နိမိတ်စာချုပ်

CONVENTION BETWEEN THE KING OF SIAM AND THE GOVERNOR-GENERAL OF INDIA, DEFINING THE BOUNDARY ON THE MAINLAND BETWEEN THE KINGDOM OF SIAM AND THE BRITISH PROVINCE OF TENASSERIM. ( 1868 )

[illegible]



၁၈၆၈ နယ်နိမိတ်စာချုပ်၌ ပူးတွဲသည့်မြေပုံ

# နယ်နိမိတ်စာချုပ်တွေရှိသေးသလား

## အပိုင်း(၃)

မြန်မာနဲ့ ယိုးဒယားနယ်နမိတ်အဖြစ် (၁၄၅)မိုင်လောက် ရှည်လျားတဲ့ သောင်းရင်းမြစ်ဟာ မြန်မာပြည်ထဲက မြစ်တွေနဲ့ မတူဘဲတောင်ကနေ မြောက်ဘက်ကို စီးဆင်းနေတဲ့ မြစ်ဖြစ်ပါတယ်၊ ဖလူးအနားရောက်တော့ ကောက်ကွေ့မှုတွေနဲ့ မိုးတွင်းမှာရေစီးကလည်းသန်တော့ ကမ်းပြိုတာတွေ၊ ရေစီးကြောင်းပြောင်းလဲတာတွေရှိပါတယ်၊ မြဝတီမြောက်ဘက် (၁)ကီလိုမီတာအကွာ လောက်မှာ ကျွန်းတောကွေ့ဆိုတာရှိပါတယ်၊ မူလတုန်းကတော့ သောင်းရင်းမြစ်ဟာ ယိုးဒယားဘက်ကို "ဂငယ်" ပုံသဏ္ဍာန် ကွေ့စီးဆင်းပါတယ်၊ ၁၉၉၄ခုနှစ်မှာ မြစ်ရေကြီးပြီး ရေလွှမ်းတဲ့အခါ မူလ "ဂငယ်" ကွေ့ ရေစီးကြောင်းမှာ သဲ၊ နုံးမြေတွေဖို့ပါတယ်၊ ရေစီးကြောင်းက အဖြောင့်ဖြတ်စီးသွားပါတယ်၊ ၁၉၉၅ခုနှစ်မှာ ဒုတိယအကြိမ် ရေကြီးပြန်တော့ မူလ "ဂငယ်"ကွေ့ ရေစီးကြောင်းမှာ သဲ၊ နုံးတွေထပ်ဖို့ပြီး ရေစီးကြောင်း ပျောက်သလောက်ဖြစ်သွားပါတယ်၊ ဖြစ်ရတဲ့အကြောင်းရင်းကလည်း မြဝတီ-မဲဆောက် ချစ်ကြည်ရေးတံတား ဆောက်ဖို့လုပ်ကြတော့ ယိုးဒယားဘက်က ကျောက်တွေချ၊ မြေတွေဖို့နဲ့ တံတား ဆောက်တဲ့နေရာမှာ ရေစီးကြောင်းပြောင်းပါတယ်၊ တစ်ချိန်တည်းမှာ ယိုးဒယားဘက်က မြစ်ကမ်းပါး မြေထိန်းနံရံတွေ ကွန်ကရစ်နဲ့ ဆောက်လုပ်ကြတော့ ရေကြောင်းက မြန်မာဘက်ထိုးဆင်းပြီး "ဂငယ်" ကွေ့မှာ အဖြောင့်ဖြတ်စီးသွားတော့တာပေါ့၊ မူလ"ဂငယ်"ကွေ့ရေစီးကြောင်းက သဲတွေဖို့ပြီး ပျောက်ကွယ် သွားရတာဖြစ်ပါတယ်၊ ၁၆. ၂ ဧက ကျယ်တဲ့ "ဂငယ်" ကွေ့ကျွန်းဟာပြတ်ပြီး ယိုးဒယားနိုင်ငံမြေနဲ့ တစ်ဆက်တည်းလိုဖြစ်သွားပါတယ်၊ ၁၉၉၇ခုနှစ်မှာ မူလရေစီးကြောင်း ပြန်ဖော်ဖို့လုပ်တော့ ယိုးဒယား ဘက်ကကန့်ကွက်ခဲ့ပါတယ်၊ ယိုးဒယားဘက်ကသူ့ကမ်းပါး ရေမတိုက်စားအောင်လုပ်ရင်း ညစ်တာလည်း ပါပါတယ်။ အလားတူ ၁၉၉၄ခုနှစ်မှာ မြစ်ရေကြီးမှုကြောင့် ဖလူးရွာနားမှာ ရေတိုက်စားပြီး ရေစီးကြောင်း ပြောင်းလဲမှုတွေဖြစ်ပါတယ်၊ ယိုးဒယားဘက်က (၁၄၂)ဧကလောက်နဲ့ မြန်မာဘက်ကလည်း (၁၂)ဧက လောက် ပြတ်သွားပါတယ်၊ ယိုးဒယားဘက်က မူလရေစီးကြောင်း ပြန်လည်ထိန်းသိမ်းရေးလုပ်ဖို့ စီစဉ်ခဲ့ပါတယ်၊ ၁၉၉၇ခုနှစ်လောက်မှာ လုပ်ငန်းစတင်လာလို့ ကန့်ကွက်မှပဲ ရပ်ဆိုင်းသွားခဲ့ပါတယ်၊ ယိုးဒယားဘက်က ဖလူးမှာအဲလိုလုပ်ရင် မြန်မာဘက်ကလည်း ကျွန်းတောကွေ့ကို မူလရေစီးကြောင်း ပြန်ဖော်ဖို့ လုပ်မယ်ဆိုတာ အကြောင်းကြားခဲ့ပါတယ်၊ ခုထိတော့ ဒီကိစ္စလဲပြီးပြတ်ခြင်း မရှိသေးပါဘူး။

ဘုရားသုံးဆူဒေသမှာ ထူးထူးခြားခြား ယိုးဒယားဘက်က မြန်မာဘက်ထဲကို ကျီးကန်း နှုတ်သီးလို(၁)မိုင်လောက် ဝင်လာပြီး ယိုးဒယားနယ်မြေ ဖြစ်နေပါတယ်၊ ၁၈၆၈ခုနှစ်စာချုပ်မှာတော့ နယ်နမိတ်မျဉ်းဟာ အဓိက ရေဝေကြောများပေါ် ဖြတ်သန်း သတ်မှတ်ပါတယ်၊ နယ်နိမိတ်မျဉ်းဟာ တစ်ဖြောင့်ထဲမသွားဘဲ အနိမ့်ပိုင်းကျတဲ့ ဘုရားသုံးဆူကို ချိုးဝင်လာတဲ့အပြင် Demarcation အဖြစ် သတ်မှတ်ဖော်ပြ ထားပါတယ်၊ နယ်နိမိတ်သတ်မှတ်တဲ့ လုပ်ရိုးလုပ်စဉ် မဟုတ်ဘဲ အဲ့ဒီနေရာကျမှ တစ်မိုင်လောက် မြန်မာမြေထဲ ကျီးကန်းနှုတ်သီးလို ချွန်ဝင်လာတာ စဉ်းစားစရာ ဖြစ်နေပါတယ်၊ ၁၈၉၅/ ၁၈၉၆ မှာ ဘုရားသုံးဆူဒေသကို နယ်နမိတ်နှင့် နယ်နမိတ်အမှတ်များ ထပ်မံအတည်ပြုခဲ့ရာ မှာ ဘုရားသုံးဆူအနက် အလယ်စေတီကို Demarcation အဖြစ် သတ်မှတ်ခဲ့ပါတယ်၊ အဲ့ဒီအတိုင်း ယူမယ်ဆိုရင် ဘုရားသုံးဆူထဲက ကျန်ဘုရားနှစ်ဆူဟာ မြန်မာပိုင်ဖြစ်ရပါမယ်၊ အလယ်ဘုရား ကိုလည်း (၉၈%)ကျော် မြန်မာပိုင်ပါဦးမယ်၊ နယ်နမိတ်အနေအထားကလည်း လှိုင်းပုထိုးတောင်နဲ့ မစ္စတာ မာရီဖီး စိုက်ခဲ့တဲ့ အမှတ်နေရာ Merrifield's Pole က တစ်ဖာလုံလောက်ပဲ ကွာပါတယ်၊ အဲ့ဒီနှစ် နေရာကနေ

တစ်မိုင်လောက်ဝေးတဲ့ ဘုရားသုံးဆူအလယ်ဘုရားကို နယ်နမိတ်မျဉ်း သတ်မှတ်ရမှာမို့ ကျီးကန်းနှုတ်သီးလို ရှည်မျှောမျှောချွန်းချွန်းနဲ့ ဧရိယာကျဉ်းကျဉ်းလေးသာ ယိုးဒယားကပိုင်ပါတယ်၊ အဲ့ဒီအတိုင်းဆိုရင် ဘုရားသုံးဆူကို ယိုးဒယားတွေလှည့်ပတ်ပြီး ရှိခိုးလို့တောင်မရပါဘူး၊ အလယ်ဘုရားကိုဖူးပြီး နောက်ပြန်ဆုတ်သွားရမှာ ဖြစ်ပါတယ်။

မြေအနေအထားနဲ့ အခြေအနေကြည့်ရတာ မြန်မာမင်းများ လက်ထက်ကတည်းက အခုယိုးဒယားမြေလို့ဆိုတဲ့ တစ်မိုင်လောက်မြေပြန့် အပါအဝင် ဒီနေရာဟာ ဘုရားသုံးဆူရွာ နယ်ပယ်ဖြစ်မှာပါ။ အယုဒ္ဓယကိုသွားပြီးတိုက်ကြတာ ဒီလမ်းကြောင်းဟာစစ်ချီလမ်းကြောင်းတစ်ခု ဆိုတော့ ဒီနေရာကို ကင်းစခန်း၊ ရိက္ခာစခန်းအဖြစ် သုံးခဲ့မှာပါ။ အချက်အချာကျတဲ့ အဲ့ဒီနေရာဟာ အစဉ်အဆက် မြန်မာပိုင်ခဲ့မှာ သေချာပါတယ်၊ ဒေသခံကရင်လူမျိုးများ ပြောတာကတော့ ရှေးမြန်မာ မင်းများ လက်ထက်က အခုယိုးဒယားဘက်က ဝင်းကရွာတောင် မြန်မာပိုင်တယ်တဲ့၊ ကရင်အမျိုးသား ဝင်းက ရွာစားဟာ ယိုးဒယားအမျိုးသမီးနဲ့ အိမ်ထောင်ကြပြီး ယိုးဒယားကို သစ္စာခံသွားလို့ ဝင်းကရွာဟာ ယိုးဒယားပိုင်ဖြစ်သွားတယ်လို့ဆိုပါတယ်၊ ဒါဆိုရင် ဘုရားသုံးဆူဝန်းကျင်ဆိုတာကတော့ ဘာပြော စရာလိုသေးလဲ၊ မြန်မာပိုင်ဖြစ်ခဲ့မှာပါ။

ဘုရားသုံးဆူဒေသဟာ ၁၉၉၀ခုနှစ် မတိုင်မီက လက်နက်ကိုင်သောင်းကျန်းသူတွေ ကြီးစိုးခဲ့တဲ့ ဒေသဖြစ်ပါတယ်၊ သောင်းကျန်းသူဆိုတော့လည်း ယိုးဒယားအပေါ် မှီခိုနေကြရတော့ ယိုးဒယားရဲ့ဩဇာကို ဘယ်လွန်ဆန်နိုင်ပါ့မလဲ၊ ဒါကို ယိုးဒယားတွေက အခွင့်ကောင်းယူပြီး မြန်မာပိုင်မြေဘက် တိုးချဲ့ယူခဲ့တာတွေ ရှိခဲ့ပါတယ်၊ နောက်ပိုင်းမှာလဲ စေတီသုံးဆူကို ပတ်တဲ့ ကားလမ်း ဖောက်ပါတယ်၊ လမ်းဖောက်တော့ မြန်မာမြေထဲ ရောက်နေတာပေါ့၊ အဆောက်အဉီ အချို့ကိုလည်း ဆောက်လုပ်ခဲ့ပါတယ်၊ ဒါနဲ့ပတ်သက်ပြီး ၁၉၉၃ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့မှာ ယိုးဒယား သံအမတ်ကြီးကိုခေါ်ယူပြီး ကန့်ကွက်ခဲ့ပါတယ်၊ ဘုရားသုံးဆူကို ၁၉၉၀ပြည့်နှစ်မှာ သောင်းကျန်းသူ တွေကိုတိုက်ထုတ်ပြီး တပ်မတော်က သိမ်းပိုက်ခဲ့ပါတယ်၊ ၁၉၉၂ခုနှစ် နောက်ပိုင်း အစိုးရအုပ်ချုပ်ရေး ပီပီပြင်ပြင် ဆောင်ရွက်ခဲ့ပါတယ်၊ ငြိမ်းချမ်းလာပြီမို့ ရပ်ရွာ တည်ဆောက်မှု လုပ်ခဲ့တာပေါ့၊ မြန်မာဘက်က အဆောက်အဉီဆောက်၊ မြေယာပိုင်ဆိုင်ခွင့် သတ်မှတ်တာတွေနဲ့ ပတ်သက်လို့ ယိုးဒယားဘက်က နယ်နိမိတ် တိတိကျကျ မတိုင်းရသေးလို့ ဆိုပြီး ကန့်ကွက်ခဲ့ပါတယ်၊ ဒါနဲ့ပတ်သက်လို့ မြန်မာဘက်က အဆောက်အဉီတွေဟာ မြန်မာပိုင်မြေထဲမှာဆိုတာ အခိုင်အမာ ရပ်တည်ပြောကြားခဲ့ပါတယ်။ ၁၉၉၈ခုနှစ်၊ ဖေဖော်ဝါရီလ(၂၁)ရက်နေ့ရက်စွဲနဲ့ ယိုးဒယားနိုင်ငံခြားရေးဝန်ကြီးဌာနက ကန့်ကွက်စာပို့လို့ မြန်မာဘက် ကလည်း ယိုးဒယားဘက်က မော်တော်ကားလမ်းနဲ့ အဆောက်အဉီများဟာ မြန်မာပိုင်မြေဖြစ်လို့ ဖယ်ရှားပေးစေလိုကြောင်း သံတမန်စာနဲ့ ပေးပို့ပြန်ကြားခဲ့ပါတယ်၊ လက်ရှိအနေအထားမှာတော့ ယိုးဒယားတွေက ဘုရားသုံးဆူကိုပတ်ပြီး လမ်းတွေဖောက်၊ အဆောက်အဉီးတွေဆောက်၊ တချို့နေရာ စိုက်ပျိုးခြံတွေဝင်လုပ်နဲ့ စာချုပ်ပါအတိုင်းဆိုရင်တော့ မြေအတော်များများကို ယိုးဒယားတို့ ကျူးကျော် နေတယ်ဆိုတာ သိသာထင်ရှားလှပါတယ်၊ ဘာဘဲဖြစ်ဖြစ် ဘုရားသုံးဆူကိစ္စကတော့ ဆူးစူးနေတဲ့ပုံစံ ခံစားနေရတဲ့အပြင် ပြဿနာတွေလဲ ပေးနေဆဲဖြစ်ပါတယ်၊ တိကျတဲ့ တိုင်းတာမှု မလုပ်နိုင်သေးသမျှ ယိုးဒယားနဲ့က ပြဿနာတွေ ပေါ်နေဦးမှာ ဖြစ်ပါတယ်၊ မြေပြင်မှ မဟုတ်ပါဘူး၊ ရေပြင်လဲ ပြဿနာ တွေရှိနေတာဆက်ပြီး ဆွေးနွေးပါဦးမယ်။

မြန်မာ-ယိုးဒယား နယ်နိမိတ်တစ်လျှောက် မျက်မှောက်ကာလ ပြဿနာဖြစ်ခဲ့တာတွေထဲမှာ ပွိုင့်(၁၅၄၂)(တောင်ကုန်း-၄၉၁) ကိစ္စလဲပါရှိပါသေးတယ်၊ တနင်္သာရီတိုင်း၊ ဘုတ်ပြင်းမြို့နယ်က မြန်မာ-ယိုးဒယားနယ်စပ်မှာရှိတဲ့ KNU သောင်းကျန်းသူ ရွာဟော့လူစခန်းကို ၁၉၉၂ခုနှစ်၊ ဖေဖော်ဝါရီလ(၁၉)ရက်နေ့မှာ တပ်မတော်က တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်၊ ဒီစခန်းကို သိမ်းပြီးတဲ့အခါ တပ်မတော်ကဆက်ပြီး စခန်းချအခြေပြုခဲ့ပါတယ်၊ အဲဒီစခန်းနားက KNU ရှိနေတဲ့ ပွိုင့်-၁၅၄၂ တောင်ကုန်းကိုလည်း တပ်မတော်က တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်၊ တောင်ကုန်းသိမ်းတဲ့နေ့မှာပဲ ယိုးဒယားရဲတပ်ဖွဲ့က ဒီတောင်ကုန်းကို ယိုးဒယား-မြန်မာ တစ်ဝက်စီပိုင်လို့ မြန်မာတပ်မတော်က နေထိုင်ခြင်းမပြုဘို့ ကန့်ကွက်ခဲ့ပါတယ်၊ ယိုးဒယားတွေက တပ်အင်အားနဲ့ တင့်ကားတွေနဲ့ အင်အားပြပြီး ခြိမ်းခြောက်တဲ့ပုံစံတောင် လုပ်ခဲ့ပါသေးတယ်၊ မြန်မာသောင်းကျန်းသူများ ယိုးဒယားနယ်မြေမှာ မရှိကြောင်း၊ အစဉ်တစ်စိုက် ပြောဆိုခဲ့တဲ့အတွက် KNU သောင်းကျန်းသူတွေ အခြေပြုနေထိုင် တဲ့ဒီနေရာဟာ မြန်မာပိုင်မြေဖြစ်ကြောင်း ရပ်တည် ပြောကြားခဲ့ပါတယ်။ ယိုးဒယားတွေက KNU သောင်းကျန်းသူတွေ အခြေပြုနေထိုင်တာကို သူတို့မသိတဲ့အကြောင်း၊ သိရင်တိုက်ထုတ်မှာဖြစ်တဲ့ အကြောင်း ပြောင်ပြောင်တင်းတင်း ငြင်းခဲ့ပါသေးတယ်၊ ၁၉၉၂ခုနှစ်၊ ဒီဇင်ဘာလမှာ ကျင်းပခဲ့တဲ့ မြန်မာ-ယိုးဒယား ဒေသဆိုင်ရာ နယ်ခြားကော်မတီ ဒုတိယအကြိမ်အထူးအစည်းအဝေးမှာ အဲ့ဒီ တောင်ကုန်းကိစ္စဆွေးနွေးခဲ့ပါတယ်၊ နှစ်နိုင်ငံချစ်ကြည်ရေးကိုရှေ့ရှုပြီး ဒီတောင်ကုန်းမှာ မည်သည့်တပ်မှ တပ်စွဲနေထိုင်ခြင်းမပြုဖို့ သဘောတူညီခဲ့ပြီး မိမိတို့ဘက်က တပ်များကို ရွှေ့ပြောင်းနေရာချပေးခဲ့ပါတယ်။

ကုန်းပိုင်းနယ်နိမိတ်မှာ ပြဿနာတွေရှိသလို ပင်လယ်ရေပြင်မှာလဲ ပြဿနာရှိခဲ့ပါတယ်၊ ကုန်းမြေကမှတော်ပါသေးတယ်၊ ပင်လယ်ပြင်ဆိုတာ တဆက်တစပ်တည်းရှိသလို မှတ်တိုင်စိုက်လို့ ရတာလဲမဟုတ်၊ ပြီးတော့ရိုးရိုးသားသားအိမ်နီးချင်းဆိုရင် ကိစ္စမရှိပါဘူး၊ မြန်မာ့ပင်လယ်ပြင်ကို ကာလကြာမြင့်စွာ ငါးဝင်ခိုးတဲ့ အိမ်နီးချင်းဖြစ်နေတော့ ပိုဆိုးတာပေါ့၊ ဒါကြောင့် ပင်လယ်နယ်နိမိတ်သတ်မှတ်ဘို့ ဆွေးနွေးခဲ့ကြပါတယ်၊ ၁၉၈ဝပြည့်နှစ်၊ ဇူလိုင်လ(၂၅)ရက်နေ့မှာ မြန်မာ-ယိုးဒယား နိုင်ငံခြားရေးဝန်ကြီးများဟာ ပင်လယ်နယ်နိမိတ် သတ်မှတ်ရေးသဘောတူစာချုပ်ကို ရန်ကုန်မြို့မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်၊ ပင်လယ်ပြင်နယ်နိမိတ် တိုင်းတာသတ်မှတ်ရေးကိစ္စ သဘောတူပြီးလို့ အတည်ပြုစာချွန်လွှာကို ၁၉၈၂ခုနှစ်၊ ဧပြီလ(၁၂) ရက်နေ့မှာ ဗန်ကောက်မြို့မှာ လဲလှယ်ခဲ့ကြပါတယ်၊ ပင်လယ်ပြင်နယ်နိမိတ်ကိစ္စ ဆွေးနွေးစဉ်မှာပဲ နှစ်နိုင်ငံအတွင်းပိုင်း ရေနယ်နိမိတ်ရှိနေတဲ့ ပါချန်မြစ်ဝ ကျွန်း(၃)ကျွန်းကို ယိုးဒယားက သူတို့ပိုင်ပါတယ် ဆိုလာပြန်ပါ တယ်။

ယိုးဒယားသားများက သူတို့ပိုင်တယ်ဆိုပြီး ပြောလို့သာပြောနေတာ ၁၈၆၈ခုနှစ် အင်္ဂလိပ်နဲ့ယိုးဒယား ချုပ်ဆိုခဲ့တဲ့ နယ်နိမိတ်စာချုပ်နဲ့ ပူးတွဲမြေပုံမှာ မြန်မာပိုင်နက်ထဲမှာ ပါနေပါတယ်၊ အဲဒီမြေပုံက အင်္ဂလိပ်နဲ့ယိုးဒယား နှစ်ဦးနှစ်ဘက် တိုင်းတာစိစစ်ပြီး သဘောတူလို့ လက်မှတ်ရေးထိုးခဲ့ကြတဲ့မြေပုံပါ၊ တကယ်တော့ ဘာမှပြောစရာ ငြင်းစရာကိုမရှိပါဘူး၊ စာချုပ်ပါမြေပုံမှာ မြန်မာပိုင်ဆိုတာရှင်းနေပါတယ်၊ ဘာကြောင့် ယိုးဒယားများက သူတို့ပိုင်ပါတယ်လို့ ပြောသလဲလို့ ကြည့်လိုက်တော့မှ စာချုပ်ပါပူးတွဲမြေပုံအရ ပြောတာမဟုတ်ဘဲ သူတို့သဘောနဲ့သူတို့ ပြင်ဆင်ရေးဆွဲထားတဲ့ ရေပုံအရ သူတို့ပိုင်တယ်လို့ ပြောခဲ့တာဖြစ်တယ်ဆိုတာ တွေ့ရပါတယ်၊ ဒီကျွန်း(၃)ကျွန်းကတော့ Ginga, Ko Khan, Unnamed Rock စတဲ့ကျွန်းများပဲ ဖြစ်ပါတယ်။

ဗြိတိသျှတွေက စာချုပ်အရပိုင်ခဲ့လို့ သူတို့ထုတ်ဝေခဲ့တဲ့ မြေပုံများမှာ အစဉ်တစိုက် မြန်မာပိုင်ဖြစ်တယ်ဆိုတာ ဖော်ပြခဲ့ပါတယ်၊ ဒါကြောင့် ဗြိတိသျှထုတ် ရန်နောင်း ၉၆ ကေ (စီ-၄၇အို) မြေပုံ

- --- 1st Edition 1942
- --- 2nd Edition 1945 March
- --- Reprinted 1957; with Minor Corrections
- --- Reprinted 1963 ၊စတဲ့ ဒီမြေပုံများမှာ ကျွန်း(၃)ကျွန်းဟာ မြန်မာပိုင် နယ်နိမိတ်ထဲမှာ ဖော်ပြထားပါတယ်။

မြေပုံမှာသာမဟုတ်ပါဘူး၊ ဗြိတိသျှများထုတ်ခဲ့တဲ့ရေပုံ (ADMIRALTY CHARTS) များမှာလဲ မြန်မာပိုင်နက်ထဲမှာ ဖော်ပြထားပါတယ်၊ အဲဒီရေပုံတွေကတော့


- --- ရေပုံအမှတ် 830 ANDMAN SEA Small Correction 1989
- --- ရေပုံအမှတ် 3051 DOMEL ISLAND TO PAKCHAN RIVER Small Correction 1961
- --- ရေပုံအမှတ် 3052 ST. MATTHEW'S ISLAND TO SIMILAN ISLANDS Small Correction 1982 ၊ စတဲ့ဒီရေပုံများထဲမှာလည်း


ကျွန်း(၃)ကျွန်းဟာ မြန်မာပိုင်နယ်နိမိတ်ထဲမှာ ဖော်ပြထားပါတယ်။

ဒါဖြင့် ယိုးဒယားက ဘယ်မြေပုံ၊ ရေပုံ၊ ဘာအထောက်အထားနဲ့ ယိုးဒယားပိုင်ပါလို့ ပြောသလဲဆိုတာကြည့်ရအောင်၊ တကယ်တော့ အင်္ဂလိပ်နဲ့ချုပ်ခဲ့တဲ့ ၁၈၆၈ခုနှစ် စာချုပ်ပါမြေပုံမှာ ဒီကျွန်း(၃)ကျွန်းဟာ မြန်မာပိုင်ဆိုတာ ယိုးဒယားတွေကောင်းကောင်းသိပါတယ်၊ အဲဒီတုန်းက သဘောတူ လက်မှတ်ရေးထိုးခဲ့ကြတဲ့ကိစ္စပဲ၊ ၁၈၆၈ခုနှစ်၊ ဧပြီလ(၃၀)ရက်စွဲနဲ့ အင်္ဂလိပ်ဘုရင်ခံချုပ် **Sir.John Lawrence** က ယိုးဒယားဘုရင့်ဆီပေးတဲ့စာထဲမှာလည်း ပါချန်မြစ်ဝကျွန်းများကိစ္စပါခဲ့ပါတယ်၊ ဘယ်ကျွန်းတွေကို ဘယ်သူပိုင်တယ်ဆိုတာ ဖော်ပြထားပါတယ်၊ အဲဒီပေးစာအရ မြေပုံပေါ်မှာ ဘုရင် လက်မှတ်ထိုးတံဆိပ်နှိပ်ပြီး၊ ပြန်လည်ပေးပို့ဖို့ ရေးခဲ့တယ်လို့သိရပါတယ်၊ အားလုံးသဘောတူခဲ့လို့လည်း စာချုပ်ကိုလက်မှတ်ရေးထိုးအတည်ပြုခဲ့ကြပါတယ်၊ တလျှောက်လုံးလည်း ဒီစာချုပ်ပါအတိုင်း မြေပုံ၊ ရေပုံများမှာ မြန်မာပိုင်အဖြစ်ဖော်ပြခဲ့ကြပါတယ်။


သဘောတူလို့ စာချုပ်ခဲ့တယ်၊ စာချုပ်ပါအတိုင်းလည်း ကာလကြာမြင့်စွာ ဒီမြေပုံ၊ ရေပုံပဲသုံးခဲ့ပါလျက်နဲ့ ယိုးဒယားတွေက ၁၉၇၅ခုနှစ်နောက်ပိုင်း ပြင်ဆင်ထုတ်ဝေတဲ့ အင်္ဂလိပ်ထုတ် ရေပုံအမှတ် 216-MERGUI ၊ ARCHIPELAGO 1975 မှာ ကျွန်း(၃)ကျွန်းကို ယိုးဒယားနိုင်ငံ နယ်နိမိတ်ထဲပြောင်းလဲဖော်ပြခဲ့ပါတယ်၊ ယိုးဒယားတို့က သူတို့သဘောနဲ့သူတို့ ပြင်ဆင်ထုတ်တဲ့ ရေပုံသာ ဖြစ်ပါတယ်၊ ဒီရေပုံကို ယိုးဒယားနိုင်ငံကပေးတဲ့ အချက်အလက်နဲ့ ယိုးဒယား-အမေရိကန် (၂)နိုင်ငံပူးတွဲ မြေပုံထုတ်လုပ်ရေးလုပ်ငန်း (Thai - American Joint Mapping Operation)က အချက်အလက်များ အပေါ်မူတည်ထုတ်တဲ့ ရေပုံကိုရည်ညွှန်းပြီး၊ အင်္ဂလိပ်ရေတပ်ဌာနချုပ်က ထုတ်ဝေခဲ့တာဖြစ်ပါတယ်၊ မူလစာချုပ်ပါအချက်အလက်အတိုင်း ရေးဆွဲထားတဲ့ရေပုံကို ပြင်ဆင်ပြီးထုတ်ခဲ့တယ်ဆိုတာ အထင်အရှား ဖြစ်နေပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့ မိမိတို့နိုင်ငံက တရားဝင်ကန့်ကွက်ခဲ့ရပါသေးတယ်၊ နှစ်နိုင်ငံ နယ်နိမိတ်ပါတဲ့ရေပုံကို သူတစ်နိုင်ငံထဲသဘောနဲ့ ပြင်ချင်သလိုပြင်ပြီး ရေပုံထုတ်တာဟာ တရားဝင်တဲ့

လုပ်ရပ်လဲမဟုတ်ပါဘူး၊ မူလစာချုပ်ပါ အချက်အလက်ကို ဒီလိုပြင်ဆင်တဲ့လုပ်ရပ်ဟာ မလုပ်သင့် မလုပ်ထိုက်တဲ့ လုပ်ရပ်လဲဖြစ်ပါတယ်၊ ကဲ. . . အဲဒါသာကြည့်ပေတော့၊ ယိုးဒယားတွေမရိုးမသား လုပ်တယ်ဆိုတာ အထင်အရှားဖြစ်နေပါတယ်။






၁၉၈၅ခုနှစ်တွင် မြန်မာပိုင်ကျွန်း(၃)ကျွန်းအား ယိုးဒယားနိုင်ငံမှ ၎င်းတို့ပိုင် နယ်နိမိတ်အတွင်း ရောက်အောင် နယ်နိမိတ်မျဉ်းကိုပြင်ဆင်ရေးဆွဲ ထုတ်ဝေသည့် မြေပုံအမှတ်၊ NC 47-10




**၁၈၆၈ခုနှစ် နယ်နိမိတ်စာချုပ် ပူးတွဲမြေပုံမှ ကျွန်း(၃)ကျွန်း (ဂဂီကျွန်းစု)အား မြန်မာပိုင်အဖြစ် ဖော်ပြထားသည့် မူရင်းမြေပုံ၏ အစိတ်အပိုင်း**

## အပိုင်း(၅)

မိုင်(၇၀)လောက်ရှည်လျားတဲ့ သံလွင်မြစ်အစိပ်အပိုင်းဟာလည်း မြန်မာ-ယိုးဒယား နယ်နိမိတ်အဖြစ်ရှိနေပါတယ်၊ ၁၈၆၈ခုနှစ်မှာ အင်္ဂလိပ်နဲ့ယိုးဒယားပထမဆုံး နယ်နိမိတ်စာချုပ် ချုပ်ဆိုပြီးတဲ့နောက် ဒုတိယအဖြစ်သံလွင်မြစ်အစိတ်အပိုင်းကိစ္စ စာချုပ်ချုပ်ဆိုခဲ့ကြပါတယ်၊ ချုပ်ဆိုခဲ့တဲ့ စာချုပ်ကတော့ အင်္ဂလိပ်နဲ့ယိုးဒယားတို့ရဲ့ ပြစ်မှုကာကွယ်ရေးနှင့်ကုန်သွယ်မှု တိုးတက်ရေးစာချုပ်ဖြစ်ပါတယ်၊ **Treaty between Her Majesty the Queen of the United Kingdom and His Majesty the King of Siam for the Prevention of Crime in the Territories of Chiangmai, Lakon and Lampoonchi, and for the Promotion of Commerce between British Burmah and the Territories.** ၁၈၈၃ခုနှစ်၊ စက်တင်ဘာလ(၃)ရက်နေ့မှာ ဘန်ကောက်မြို့မှာလက်မှတ်ရေးထိုးခဲ့ပြီး ၁၈၈၄ခုနှစ်၊ မေလ(၇)ရက်နေ့မှာ အတည်ပြုစာချွန်လွှာ လဲလှယ်ခဲ့ပါတယ်၊ အဲ့ဒီစာချုပ်ရဲ့အပိုဒ်(၅)မှာ သံလွင်မြစ်အရှေ့ဘက်ကမ်းကို ယိုးဒယားနိုင်ငံ၊ ဇင်းမယ် ခရိုင်နယ်နိမိတ်အဖြစ်ဖော်ပြထားပြီး၊ သင့်လျော်တဲ့အရာရှိများအုပ်ချုပ်တဲ့ ကင်းစခန်းချထားရေး၊ လူသတ်မှု၊ ဓါးပြမှု၊ လူယက်မှုနဲ့ အကြမ်းဖက်မှုများတားဆီးရေးအတွက် လုံလောက်တဲ့ရဲတပ်ဖွဲ့များချထား ရေးတို့ပါဝင်ပါတယ်၊ နယ်နိမိတ်မျဉ်းရဲ့အနေအထားကိုတော့ ဖော်ပြထားတာမရှိပါဘူး၊ ဘာဘဲဖြစ်ဖြစ် နယ်နိမိတ်ကိစ္စစာချုပ်လို့သတ်မှတ်ရမှာဖြစ်ပါတယ်၊ သံလွင်မြစ် အပိုင်းမှာတော့ ပြဿနာထူးထူးထွေထွေ မရှိခဲ့ပါဘူး၊ သိရှိရသာဖော်ပြလိုက်တာဖြစ်ပါတယ်။

အင်္ဂလိပ်နဲ့ယိုးဒယား တတိယနယ်နိမိတ်စာချုပ်က မဲခေါင်မြစ်နဲ့ မယ်ဆိုင်-မယ်ဟောက်ချောင်းဆုံကနေ သံလွင်မြစ်နဲ့ ဖားချောင်းဆုံတဲ့နေရာအထိ အပိုင်းဘဲဖြစ်ပါတယ်၊ ၁၈၈၅ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်တို့သိမ်းပြီးတဲ့နောက် အင်္ဂလိပ်များဟာ ရှမ်းပြည်နယ်ရဲ့ အကျယ်အဝန်း အတိုင်းအတာကို လေ့လာခဲ့ပါတယ်၊ အဲ့ဒီလို လေ့လာစဉ်မှာဘဲ၊ မိုင်းလား၊ မိုင်းဟာန်၊ မိုင်းကျွတ်၊ မိုင်းတုံ၊ မိုင်းပုဒေသများကို ယိုးဒယားတို့က သူတို့ပိုင်ပါတယ်ဆိုပြီး အရေးဆိုလာခဲ့ ကြပါတယ်၊ အင်္ဂလိပ်နဲ့ ယိုးဒယားတို့ဟာမိုင်းပန်မှာ အစည်းအဝေးပြုလုပ်ခဲ့ကြပါတယ်၊ ၁၈၈၉-၉၀ခုနှစ်မှာ အင်္ဂလိပ်နဲ့ ယိုးဒယားနယ်နိမိတ်ကော်မရှင် (Anglo-Siamese Boundary Commission)ကို ဖွဲ့စည်းခဲ့ပါတယ်၊ နယ်နိမိတ် ပူးတွဲတိုင်းတာဘို့ သဘောတူခဲ့ကြပါတယ်၊ ချိန်းဆိုထားတဲ့အချိန်မှာ ယိုးဒယားတို့ကမလာ ရောက်ဘဲ သူတို့သဘောနဲ့သူတို့ သီးခြားလေ့လာတိုင်းတာခဲ့လို့ အင်္ဂလိပ်တို့ကလည်း သီးခြားလေ့လာ တိုင်းတာခဲ့ကြတယ်လို့ ဆိုပါတယ်၊ ဒါနဲ့ပထမအကြိမ် နယ်နိမိတ်ပူးတွဲ တိုင်းတာသတ်မှတ်ရေးလုပ်ငန်းဟာ အထမမြောက်ခဲ့ဘူးလို့ သိရပါတယ်၊ ဒါ့ကြောင့် ၁၈၉၂-၉၃ခုနှစ်မှာ အင်္ဂလိပ်-ယိုးဒယား နယ်နိမိတ် ပူးတွဲကော်မရှင်ကို ထပ်မံဖွဲ့စည်းခဲ့ကြောင်း သိရှိရပါတယ်၊ ပူးတွဲနယ်နိမိတ်တိုင်းဖို့ ဖွဲ့စည်းတဲ့အခါ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဖွဲ့စည်းခဲ့ကြပါတယ်၊ မဲခေါင်မြစ်ကနေ Loi-um လွိုင်အံတောင်ထိကို အင်္ဂလိပ်ဘက်က ခေါင်းဆောင် Mr. Hildebrand နဲ့ ယိုးဒယားဘက်က Luamg Kamchat Phairint တို့ ဦးဆောင်ပါတယ်၊ လွိုင်အံတောင်ကနေ သံလွင်မြစ်ထိကို အင်္ဂလိပ်ဘက်က ဒုတိယခေါင်းဆောင် Mr. Leveson နဲ့ ယိုးဒယား ဘက်က Duang Sarasiddhi Yanukar တို့ ဦးဆောင်ပြီး တိုင်းတာသတ်မှတ်ခဲ့ကြပါတယ်၊ ပူးတွဲတိုင်းတာမှု ပြီးတဲ့အခါ နယ်နိမိတ်မြေပုံ(၃)ပုံကိုရေးဆွဲပြီး ၁၈၉၄ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်နေ့မှာ မြေပုံများနဲ့ အတူ အတည်ပြုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်၊


အင်္ဂလိပ်အစိုးရဘက်က ဘန်ကောက်မှာ ရှိတဲ့ အင်္ဂလိပ်သံရုံး ယာယီတာဝန်ခံနဲ့ ကောင်စစ်ဝန်ချုပ် J.George Scott, ယိုးဒယားဘက်က နိုင်ငံခြား ရေးဝန်ကြီး Prince Krom Luang Devavongse Varoprakar တို့ကသဘောတူ လက်မှတ်ရေးထိုး ခဲ့ကြတာဖြစ်ပါတယ်၊ မယ်ဆိုင်-မယ်ဟောက်ချောင်းနဲ့ မဲခေါင်မြစ်ဆုံရာကနေ သံလွင်မြစ်နဲ့ ဖားချောင်း ဆုံရာအထိဟာ မိုင်းပေါင်း(၃၄၇)မိုင်ခန့် ရှည်လျားတဲ့ နယ်နိမိတ်ဖြစ်ပါတယ်၊ အဲ့ဒီနယ်နိမိတ် တစ်လျှောက် မှာ လှိုင်းအံကနေသံလွင်မြစ်ထိ (၁၅၇)မိုင် လောက်ရှည်လျားတဲ့ အပိုင်းတစ်ခုမှာဘဲ တစ်တိုင်နဲ့ တစ်တိုင် (၁၅)မိုင်ခန့်ကွာတဲ့ နယ်နိမိတ် မှတ်တိုင်(၁၆)တိုင် စိုက်ထူနိုင်ခဲ့တယ်လို့သိရပြီး ကျန်ရှိတဲ့နယ်နိမိတ်များမှာ မှတ်တိုင်စိုက်ထူခဲ့တာမရှိပါဘူး၊ မယ်ဆိုင်-မယ်ဟောက်ချောင်း မိုင်(၃၀)လောက်ဟာ နယ်နိမိတ် အဖြစ်ရှိ ခဲ့ပြီး အရင်တုန်းကတော့ ယိုးဒယားဘက်က ချောင်းကမ်းပါးမှာ ကျောက်တန်းများစီခဲ့လို့ မြန်မာဘက်မှာ ရေစီးကြောင်းထိုးလာပြီး ကမ်းပါးပြိုတာ၊ ရေလွှမ်းတာတွေရှိခဲ့ပါတယ်၊ ရေတိုက်စားလို့ မြေတွေဆုံးရှုံး ခဲ့ရတာလည်းရှိပါတယ်၊ ၁၉၆၇ခုနှစ်လောက်မှာ လယ်မြေဧက(၁၀၀၀၀)ကျော် ရေလွှမ်းခံရတဲ့ဖြစ်စဉ်တွေ ရှိခဲ့ပါတယ်၊ ဒါတွေကြောင့် ပုံသေနယ်နိမိတ် သတ်မှတ်ဖို့လိုအပ်လာပါတယ်၊ မြန်မာ- ယိုးဒယား၊ မယ်ဆိုင်-မယ်ဟောက်ချောင်းနယ်နိမိတ် ပူးတွဲကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ကြတယ်၊ ၁၉၉၁ခုနှစ်၊ ဇွန်လ(၁၈) ရက်နေ့မှာတော့ မယ်ဆိုင်-မယ်ဟောက်ချောင်း ပုံသေနယ်နိမိတ်အဖြစ် သတ်မှတ်ရေးဆိုင်ရာ သဘောတူ အမှာစာတမ်းကို နှစ်နိုင်ငံလက်မှတ်ရေးထိုးပြီး အပြီးသတ်ဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါတယ်။

တာချီလိတ်အနီးကနေ သံလွင်မြစ်ထိ နယ်နိမိတ်ပိုင်းမှာတော့ (အို-၇)တောင်ကုန်း ကိစ္စနဲ့ လွယ်လန်းဒေသမှာ ယိုးဒယားတပ်က မြန်မာပိုင်နယ်မြေထဲ ဝင်ရောက်တပ်စွဲတဲ့ကိစ္စများ ရှိခဲ့ပါတယ်၊ တာချီလိတ်နားက (အို-၇)တောင်ကုန်းကိစ္စကတော့ သိကြပြီးဖြစ်တဲ့အတိုင်းပါဘဲ၊ ၂၀၀၁ခုနှစ်၊ နှစ်ဦးပိုင်းမှာ ယိုးဒယားက (အို-၇) တောင်ကုန်းပေါ်မှာရှိတဲ့ တပ်မတော်စခန်းကို ဖယ်ရှားပေးဘို့ ပြောလာပါတယ်၊ ဒီတောင်ကုန်းပေါ်မှာ တစ်ချိန်က တရုတ်ဖြူကျူးကျော်သူတွေ ခံစစ်စခန်းလုပ်ခဲ့လို့ မိမိတပ်မတော်က ပြန်လည်တိုက်ယူသိမ်းပိုက်ခဲ့ရတဲ့ တောင်ကုန်းလဲဖြစ်ပါတယ်၊ ဒ့ါပြင် ၁၉၉၅ခုနှစ် ခွန်ဆာရဲ့ MTAတွေ တာချီလိတ်မြို့ ဝင်တိုက်တော့ အဲ့ဒီကုန်းပေါ်က လက်နက်ကြီးတွေနဲ့ ပစ်ခတ်ခဲ့တယ်၊ ဒီဖြစ်စဉ်ကြောင့် တပ်မတော်က အဲဒီတောင်ကုန်းပေါ်မှာ တပ်စွဲအခြေပြုခဲ့တာဟာ ယနေ့ချိန်ထိ ဖြစ်ပါတယ်၊ ဒါကြောင့်မြန်မာပိုင်မြေဖြစ်လို့ လုံးဝဖယ်ရှား မပေးနိုင်ကြောင်း ပြောတဲ့အခါ SURA ဘိန်းမှောင်ခို သောင်းကျန်းသူအဖွဲ့ကို ရှေ့တန်းတင်ယိုးဒယားတပ်နဲ့ ပူးပေါင်းတိုက်ခိုက်ပြီး ပြဿနာဖန်တီးခဲ့ကြပါသေးတယ်။


လွယ်လန်းကိစ္စလည်း မကြာမကြာသတင်းဆောင်းပါးများမှာ ရေးခဲ့ကြလို့သိကြပြီး ဖြစ်ပါမယ်၊ လွယ်လန်းဒေသ နယ်စပ်တစ်လျှောက်မှာ ဟိုတုန်းက တရုတ်ဖြူကျူးကျော်သူ ၊ နောက်တော့ တရုတ်ဖြူလက်ကျန်နဲ့ WNA “ဝ”သောင်းကျန်းသူ (ငြိမ်းချမ်းရေးယူထားသော “ဝ”အဖွဲ့မဟုတ် သီးခြား“ဝ”အဖွဲ့ဖြစ်ပါသည်) ခွန်ဆာရဲ့ MTA စတဲ့ လက်နက်ကိုင်သောင်းကျန်းသူမျိုးစုံရဲ့ အခြေခံရာ ဒေသဖြစ်ပါတယ်၊ တရုတ်ဖြူတွေ ကျူးကျော်လာကတည်းက လွယ်လန်းဒေသဟာ ယိုးဒယားနိုင်ငံနဲ့ ဘိန်းရောင်းဝယ်တဲ့ အဓိကဘိန်းလမ်းကြောင်းကြီး ဖြစ်ခဲ့ပါတယ်၊ နောက်ပိုင်းမှာ တရုတ်ဖြူလက်ကျန်နဲ့ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူတွေ ဘိန်းနဲ့ဘိန်းဖြူ ထုတ်လုပ်ရောင်းချရာ အဓိကနေရာ အဖြစ် ဆက်ပြီးရှိနေခဲ့ပါတယ်၊ ဗမာပြည်ကွန်မြူနစ်ပါတီတောင် အရှေ့မြောက်ကနေ တပ်အင်အားနဲ့ ယိုးဒယားကို ဘိန်းနဲ့ဘိန်းဖြူရောင်းခဲ့တုန်းက လွယ်လန်းဒေသကို အခြေခံခဲ့တာဖြစ်ပါတယ်၊ ၁၉၈၈ခုနှစ် မတိုင်မီ အထိ

ယိုးဒယားစစ်တပ်နဲ့ သောင်းကျန်းသူများဟာ ပုလင်းတူဘူးဆို အပေးအယူတည့်ကြပါတယ်၊ အချို့နေရာမှာ ယိုးဒယားစစ်တပ်စခန်းနဲ့ သောင်းကျန်းသူစခန်းများဟာ ကိုက်(၁၀၀-၂၀၀)လောက်ဘဲ ကွာကြပါတယ်၊ WNA "ဝ"သောင်းကျန်းသူစခန်းဆိုရင် ယိုးဒယားစစ်တပ်က လျှပ်စစ်မီးနဲ့ရေတောင် သွယ်တန်းပေးထားခဲ့ပါတယ်၊ ၁၉၈၈ခုနှစ်၊ မတ်လမှာ တပ်မတော်က သောင်းကျန်းသူစခန်းများကို တိုက်ခိုက်သိမ်းပိုက်ပြီး လွယ်လန်းဒေသကို ထိန်းချုပ်လိုက်ပါတယ်၊ အဲဒီတုန်းကလည်း ယိုးဒယားက ဘာမှမပြောခဲ့ပါဘူး၊ ၁၉၈၈ခုနှစ် ဆူပူမှုအရေးအခင်းကြောင့် မိမိတို့တပ်များ လွယ်လန်းဒေသက ပြန်ထွက်လာတဲ့အခါ ခွန်ဆာရဲ့ MTA အဖွဲ့များက ဝင်ရောက်နေရာယူပြီး ဆက်လက်တပ်စွဲခဲ့ကြပါတယ်၊ MTA တွေနေရာယူ တော့လည်း ယိုးဒယားစစ်တပ်က ဘာမှမပြောသလို ပြဿနာလည်းမရှိခဲ့ကြပါဘူး၊ ၁၉၉၆ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်နေ့ MTA အဖွဲ့တွေ လွယ်လန်းဒေသမှာစတင်ပြီး လက်နက်နဲ့ ငြိမ်းချမ်းရေးလဲတဲ့အခါ တပ်မတော်က MTA တပ်စခန်းနေရာများကို ဝင်ရောက်နေရာယူခဲ့ကြပါတယ်၊ MTA နဲ့တပ်မတော် လွှဲပြောင်းနေရာယူဆဲကာလမှာ ယိုးဒယားစစ်တပ်က မိမိနယ်မြေအတွင်း ဝင်ရောက် နေရာယူအခြေပြုတာ လုပ်လာပါတယ်၊ မိမိတပ်မတော်ကိုလည်း ဒီနေရာတွေဟာ ယိုးဒယားနယ်မြေ ဖြစ်တယ်လို့ ဆိုလာပါတယ်၊ ဒီလိုနဲ့အလျား(၁၀)မိုင်၊ အနံ(၃-၄)မိုင်လောက် ဧရိယာအတွင်းမှာ ယိုးဒယားတပ်များဝင်ပြီး တပ်စွဲခဲ့တာဖြစ်ပါတယ်၊ ယိုးဒယားတွေက သူတို့ပိုင်နယ်မြေဖြစ်တယ်ဆိုပြီး ပြောလို့သာပြောနေတာ စာချုပ်ပါမြေပုံအရလည်း မြန်မာပိုင်ဆိုတာရှင်းနေပါတယ်။


ယိုးဒယားတပ်တွေ ဝင်ရောက်နေရာယူထားတဲ့ လွယ်လန်းဒေသဟာ ၁၈၉၄ နယ်နိမိတ်စာချုပ် ပူးတွဲမြေပုံ(၃)ချပ်အနက် Sheet No(2)မှာ ပါဝင်ပါတယ်၊ အဲဒီမြေပုံမှာ နယ်နိမိတ်မျဉ်း ဖြတ်သန်းတာကိုကြည့်ရင်လည်း လွယ်လန်းဒေသဟာ မြန်မာပိုင်ဖြစ်ပါတယ်၊ ၁၉၄၂ခုနှစ် အင်္ဂလိပ် စစ်သုံးမြေပုံမှာကြည့်ရင်လည်း မူလစာချုပ်ပါမြေပုံနဲ့ နယ်နမိတ်မျဉ်း တူညီတာတွေ့ရပါတယ်၊ ဒါကြောင့် လက်ရှိအသိအမှတ်ပြုထားတဲ့ နယ်နိမိတ်မျဉ်းဟာ ၁၈၉၄ခုနှစ်က နှစ်ဦးနှစ်ဘက် လက်မှတ်ရေးထိုးခဲ့တဲ့ မြေပုံပါနယ်နိမိတ်အတိုင်း ဖြစ်တယ်ဆိုတာ အခိုင်အမာ ပြောနိုင်ပါတယ်၊ စာချုပ်ပါ မြေပုံအရဆိုရင် ဘာမှပြောစရာမရှိပါဘူး၊ မြန်မာပိုင်ဖြစ်ပါတယ်၊ ဒါပေမယ့်ယိုးဒယားက သူတို့ပိုင်ပါတယ်လို့ ပြောလာတာဟာ သူတို့သဘောနဲ့သူတို့ ပြင်ဆင်ရေးဆွဲထားတဲ့မြေပုံအရ ပြောနေတယ်လို့ သိရပါတယ်၊ သူတို့မြေပုံမှာ လွယ်လန်းဒေသကို သူတို့ထဲထည့်ပြီး ပြောနေတာကလည်း အကြောင်းရှိပါတယ်၊ အဲဒီနေရာမှာ ရေအားလျှပ်စစ် ထုတ်နိုင်မယ့် အနေအထားရှိနေတဲ့အတွက် ရယူလိုတာကြောင့် သူတို့ပိုင် အဖြစ် ပြောနေတာဖြစ်တယ်လို့ သိရပါတယ်၊ ဘာဘဲဖြစ်ဖြစ် လွယ်လန်းဒေသဟာ မြန်မာပိုင်ဖြစ်တယ် ဆိုတာ သိလျှက်နဲ့ သူတို့ပိုင်တယ်လို့ပြောနေတာဟာ ယိုးဒယားတွေ မရိုးသားဘူး၊ သူများမြေကို မတရားလိုချင်နေတယ်ဆိုတာ ထင်ရှားနေပါတယ်။




**မြန်မာနိုင်ငံအတွင်း လွယ်လန်းဒေသတွင် ကျူးကျော်ဝင်ရောက်နေရာယူထားသော ယိုးဒယား တပ်စခန်းများနှင့် ၎င်းတို့လုပ်ကြံဖန်တီးထားသော နယ်နိမိတ်မျဉ်းမြေပုံကြမ်းအား တွေ့ရပုံ**




**ယိုးဒယားနိုင်ငံခြားရေးဝန်ကြီးနှင့် ဗြိတိသျှသံရုံး ယာယီတာဝန်ခံတို့ (၁၇-၁၀-၁၈၉၄)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော လွယ်လန်းဒေသမြေပုံ**



ယိုးဒယားနိုင်ငံခြားရေးဝန်ကြီး Prince Krom Luang Devavongse Varoprakar နှင့် ဗြိတိသျှသံရုံးယာယီတာဝန်ခံ J.George Scott, Her Britannic Majesty's Charged' Affairs and Acting Consul General in Siam တို့(၁၇-၁၀-၁၈၉၄)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော မြန်မာ-ယိုးဒယားနယ်နိမိတ် သဘောတူညီချက် မူရင်းမိတ္တူ

# နယ်နိမိတ်စာချုပ်တွေရှိသော်လည်း

## အပိုင်း(၅)

မြန်မာ-ယိုးဒယား နယ်နိမိတ်နဲ့ပတ်သက်လို့ ၁၈၆၈ခုနှစ်မှာ အင်္ဂလိပ်နဲ့ယိုးဒယား စာချုပ်ချုပ်ဆိုခဲ့ကြတဲ့အကြောင်း၊ မဲခေါင်မြစ်နဲ့ မယ်ဆိုင်-မယ်ပောက်ဆုံကနေ ပါချန်မြစ်ဝထိ အပိုင်း(၃)ပိုင်းအတွက်(၃)ကြိမ်(၃)ခါ စာချုပ်ခဲ့တဲ့အကြောင်း၊ စာချုပ်များကို (Law of State Succession ) နိုင်ငံဆက်ခံမှုဥပဒေအရ လက်ရှိအချိန်ထိ လိုက်နာဆောင်ရွက်ရတဲ့အကြောင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်၊ နယ်နိမိတ်စာချုပ်တွေရှိခဲ့တယ်၊ စာချုပ်နဲ့အတူ နယ်နိမိတ်သတ်မှတ်တဲ့ မြေပုံတွေရှိခဲ့တယ်ဆိုပေမဲ့ ယိုးဒယားများက တရားသဖြင့်မဟုတ်ဘဲ မိမိတို့မြေကို ရယူလိုချင်တဲ့အတွက် ဘယ်လိုပြဿနာတွေ ဖြစ်ခဲ့ရတယ်ဆိုတာလဲ လေ့လာသိရှိသလောက် တင်ပြခဲ့ပြီးဖြစ်ပါတယ်၊ ဒါ့ပြင်ယိုးဒယားဟာ မြန်မာနဲ့ သာမက အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ လာအိုနဲ့ကမ္ဘောဒီးယားနိုင်ငံတို့နဲ့လဲ နယ်နိမိတ်ပြဿနာတွေ ဖြစ်လဲဖြစ်ခဲ့တယ်၊ လိပ်ခဲတည်းလည်းဖြစ်နေဆဲ ပြဿနာတွေလဲရှိနေပါသေးတယ်၊ မြန်မာများနည်းတူ အဲဒီနိုင်ငံတွေကလည်း ခံစားနေကြရပါတယ်၊ နယ်နိမိတ်ပြဿနာဖြစ်ပွားပုံကလဲ မခြားနားလှပါဘူး၊ ဒါလောက်ဆိုရင် နယ်နိမိတ်နဲ့ပတ်သက်လို့ ယိုးဒယားများ မရိုးသားဘူးဆိုတာ အတော်သိသာပါပြီ။

ယိုးဒယားများဟာ အိမ်နီးချင်းများရဲ့မြေကို ရယူချင်တာကလဲ ခုမှမဟုတ်ပါဘူး၊ ရှေးကတည်းကပါ။ အိမ်နီးချင်းနိုင်ငံများထဲက မြန်မာ့နယ်မြေကို ကျူးကျော်ထိပါးခဲ့တာတွေ အကျဉ်းချုံး ဖော်ပြရင်တောင် ယိုးဒယားတို့ရဲ့ နယ်မြေချဲ့လိုမှု၊ သူတပါးမြေကို ရယူလိုမှုဟာ သမိုင်းစဉ်ဆက်ရှိခဲ့ ကြတယ်ဆိုတာသိနိုင်ပါတယ်၊ ယိုးဒယားနိုင်ငံလို့ မပေါ်ပေါက်မီ မြို့ပြနိုင်ငံဖြစ်တဲ့ သောက္ကတဲမင်းဆက်မှာ ထင်ရှားခဲ့သူဘုရင် ရာမခမ်ဟန်လက်ထက်ကပဲ မြန်မာအပါအဝင် အိမ်နီးချင်းနိုင်ငံများရဲ့ နယ်မြေများကို ချဲ့ယူတာတွေစခဲ့ပါပြီ၊ မြန်မာနိုင်ငံမှာတော့ ပုဂံနိုင်ငံတော်ကြီး ပြိုကွဲပြီးဝါးအစည်းပြေသလို ဖြစ်နေချိန် ရာမခမ်ဟန်ရဲ့ သားမက်ဝါရီရူးက မုတ္တမစားကို လုပ်ကြံမင်းပြုခဲ့ပါတယ်၊ ဒါကြောင့်ဒီဒေသဟာ ယိုးဒယားလက်အောက်ကျရောက်ခဲ့ပါတယ်၊ ဒီနောက်ပိုင်းခေတ်များမှာလဲ ယိုးဒယားများဟာ မြန်မာတို့အင်အားနဲ့ချိန်မှာ အခွင့်အခါသင့်တိုင်း မုတ္တမ၊ တနင်္သာရီကမ်းရိုးတန်းဒေသများကို ကျူးကျော်ထိပါးခဲ့ကြတာတွေ့ရပါတယ်၊ အယုဒ္ဓယခေတ်မှာ ထင်ရှားခဲ့တဲ့ ဗြနရစ်(ခေါ်) နရဲစွမ်ဟာ ခရစ်နှစ် ၁၆၀၅ခုနှစ်မှာ ကျိုင်းတုံနဲ့ တရုတ်နိုင်ငံ၊ စစ်ဆောင်ပန္နားဒေသများကို ဩဇာနယ်ပယ်ချဲ့ဘို့ချီတက်စဉ် မိုင်းဟန်ဒေသမှာ ဖျားနာပြီး သေဆုံးခဲ့ပါတယ်၊ ဘန်ကောက်ခေတ်မှာ ချက္ကရီ(ပထမရာမ) လက်ထက်မှာလဲ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့ကို လက်အောက်ခံ ပဏ္ဏာဆက်နိုင်ငံအဖြစ် သွတ်သွင်းခဲ့သလို မြန်မာနယ်မြေကျိုင်းတုံ၊မိုင်းယောင်းစတဲ့ နယ်မြေများကို တိုက်ခိုက်ခဲ့ပါတယ်၊ အလားတူထားဝယ်ကိုလည်း နှစ်ကြိမ်တိုင်တိုင်သိမ်းပိုက်နိုင်ဘို့ လာရောက်တိုက်ခိုက်ပေမဲ့ ထားဝယ်သားတွေ ရွပ်ရွပ်ချွံချွံ ခုခံတိုက်လို့ (၂)ကြိမ်လုံး မအောင်မြင်ဘဲ ပြန်ဆုတ်သွားခဲ့ရပါတယ်၊ စတုတ္ထမြောက် ရာမဘုရင်မောင်းကွတ် လက်ထက်မှာလည်း ၁၈၅၂-၅၃ခုနှစ်မှာတစ်ကြိမ်၊ ၁၈၅၄မှာတစ်ကြိမ် ကျိုင်းတုံဒေသကို လာရောက်ထိပါးခဲ့ပါတယ်၊ အောင်မြင်မှုမရှိခဲ့ပါဘူး၊ ဘာဘဲဖြစ်ဖြစ် ယိုးဒယားများဟာ အိမ်နီးချင်းများရဲ့မြေကို ရယူလိုကြတယ် ဆိုတာ ထင်ရှားပါတယ်။

၁၉ ရာစုမှာ အရှေ့တောင်အာရှကို အင်္ဂလိပ်-ပြင်သစ်စတဲ့ အနောက်နိုင်ငံ ကိုလိုနီနယ်ချဲ့များ ဝင်ရောက်လာကြပါတယ်၊ ယိုးဒယားတို့ဟာ မိမိတို့ထီးနန်းမဆုံးရှုံးရအောင် အင်္ဂလိပ်- ပြင်သစ်တို့ရဲ့ ဘောင်းရင်းစာချုပ်လို တဖက်သတ် စာချုပ်များနဲ့ အနိုင်ကျင့်ခံခဲ့ရပါတယ်၊ ဒါ့ပြင်ယိုးဒယား တို့က

အိမ်နီးချင်းနိုင်ငံများကို ချဲ့ယူထားခဲ့တဲ့နယ်မြေများကိုပါ အင်္ဂလိပ်နဲ့ပြင်သစ်တို့ရဲ့ ဖဲ့ယူခြင်းခံရ ပြန်ပါတယ်၊ ယိုးဒယားလက်အောက်ခံ ကမ္ဘောဒီးယား-လာအိုနယ်မြေများကို ပြင်သစ် တို့ကို ပေးခဲ့ရပြီး ယိုးဒယားလက်အောက်ခံ မလေးကျွန်းဆွယ်က မြေများကိုလဲ အင်္ဂလိပ်များကို ပေးခဲ့ရပါတယ်၊ သမိုင်းစဉ်ဆက် နယ်ချဲ့လာခဲ့တဲ့ ယိုးဒယားဟာ သူ့ထက်အင်အားကြီးမားသူများ ရောက်လာတဲ့အခါ နယ်မြေများဆုံးရှုံးရပြီး ဆက်လက်နယ်ချဲ့နိုင်စွမ်းမရှိတော့ပါဘူး၊ အင်္ဂလိပ်နဲ့ပြင်သစ်တို့ကို အင်အားအရ မယှဉ်နိုင်လို့ ခေတ္တငြိမ်သက်နေရပေမဲ့ နယ်ချဲ့လိုမှုဟာ လုံးဝပျောက်ကွယ်မသွားဘဲ အခွင့်ကောင်းချောင်းနေတဲ့ သဘောဖြစ်တယ်ဆိုတာတွေ့ရပါတယ်၊ ၂၀ ရာစုအစပိုင်းမှာတော့ ယိုးဒယားဘုရင်များဟာ အနောက်တိုင်းပုံစံ ခေတ်မှီရေး ပြုပြင်ပြောင်းလဲမှုများ လုပ်လာခဲ့ပါတယ်၊ ဒါပေမယ့် စစ်ဘက်၊ အရပ်ဘက်အရာရှိငယ်များဟာ ခေတ်နောက်ကျနေတဲ့ ပဒေသရာဇ် သက်ဦးဆံပိုင်စနစ်ကို ပြောင်းလဲဖို့ ကြိုးစားလာကြပါတယ်၊ ၁၉၃၂ခုနှစ်မှာတော့ ယိုးဒယားမှာ စီးပွားရေးအခြေအနေ ဆိုးဝါးလာပြီး ပြည်သူလူထုမကျေနပ်မှုများကြောင့် နိုင်ငံရေးမတည်မငြိမ်ဖြစ်လာပါတယ်၊ စစ်ဘက်၊ အရပ်ဘက် အလယ်အလတ်အရာရှိများ ပါဝင်တဲ့ အုပ်စုတစ်စုက အာဏာသိမ်းခဲ့ပြီး စည်းမျဉ်းခံဘုရင်စနစ်ကို ပြောင်းလဲခဲ့ပါတယ်။

အာဏာသိမ်းတဲ့အထဲမှာ အဓိကဦးဆောင်ခဲ့တဲ့ ဗိဘွန်းဆွန်ဂရမ်ဟာ ၁၉၃၈ခုနှစ်မှာ ဝန်ကြီးချုပ်ဖြစ်လာခဲ့တယ်၊ ယိုးဒယားနိုင်ငံသည် ယိုးဒယားလူမျိုးတို့အတွက် ဖြစ်ရမည်ဟူသော ကြွေးကြော်သံနဲ့ ယိုးဒယားအမျိုးသားရေးစိတ်ဓါတ်ကို လှုံ့ဆော်ခဲ့ပါတယ်၊ အင်အားမရှိရင် နိုင်ငံခြားသားများရဲ့ ဗိုလ်ကျစိုးမိုးမှုခံရလိမ့်မယ်ဆိုပြီး နိုင်ငံအင်အားတောင့်တင်းရေးကို ဦးစားပေးလုပ်ဆောင်ခဲ့တယ်၊ ယိုးဒယားနိုင်ငံကို အစဉ်အလာအရ (SIAM)လို့ ခေါ်ဝေါ်ခဲ့ကြရာမှ Meuang Thai (မူအမ်ထိုင်း)၊ အင်္ဂလိပ်ဘာသာနဲ့ Thailand လို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်၊ Meuang ဆိုတာ ပိုင်နက်နယ်မြေ၊ Thai ဆိုတာလွတ်လပ်သောလူမျိုးလို့ အဓိပ္ပါယ်ယူပါတယ်၊ (SIAM) ဆိုတာ တရုတ်- ခမာစတဲ့ လူမျိုးခြားများက ခေါ်ဝေါ်တဲ့နာမည်ဖြစ်တယ်၊ Thai ဆိုတာ သောက္ကတဲခေတ် ရာမခမ်ဟန် လက်ထက် ကတည်းက လွတ်လပ်သူများအဖြစ် မိမိတို့ကိုယ်ကို မိမိတို့ခေါ်ဝေါ်ကြတဲ့ အမည်ဖြစ်တယ်လို့ ဆိုကြပါတယ်၊ သမိုင်းသုတေသီများကတော့ (SIAM)ဆိုတာ ချောင်းဖရားမြစ်ဝှမ်း တစ်ဝိုက်နေတဲ့ Tai လူမျိုးနွယ်စုဖွားများကို ဆိုလိုပြီး Thai ဆိုတာ Tai ဘာသာစကားပြောကြတဲ့ Tai မျိုးနွယ်စုအားလုံးနဲ့ ဆိုင်တယ်လို့ ယူဆကြပါတယ်၊ တကယ်တော့ (Pan Thai Movement) ဆိုတဲ့ Tai စကားပြော လူမျိုးစုများနေထိုင်ရာဒေသ၊ Tai စကားပြောလူမျိုးစုများ ဆက်နွယ်ရေးလှုပ်ရှားမှု ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ဖို့ စတင်ခဲ့တာဘဲဖြစ်ပါတယ်၊ ယိုးဒယားများဟာ ဆုံးရှုံးခဲ့တဲ့နယ်မြေများ ပြန်လည်ရယူဖို့နဲ့ Tai မျိုးနွယ်စုများ ဆက်နွယ်ပေါင်းစည်းဖို့ဆိုတာ **" မဟာယိုးဒယား"** (Greater Thailand) ထူထောင်ဖို့ထိ ရည်ရွယ်ခဲ့ကြတာဖြစ်ပါတယ်၊ ရှင်းရှင်းပြောရရင် ယိုးဒယားတွေ နယ်ချဲ့ရယူခဲ့ပြီး ပြင်သစ်နဲ့အင်္ဂလိပ်တို့ကို ပေးလိုက်ရတဲ့ လာအို၊ ကမ္ဘောဒီးယား၊ မလေးတို့က ဆုံးရှုံးတဲ့နယ်မြေတွေရယ်၊ တရုတ်နိုင်ငံ စစ်ဆောင်ပန္နား မြန်မာနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့က Tai မျိုးနွယ်စုတွေနေတဲ့ နယ်မြေတွေရယ် ပေါင်းစည်းပြီး မဟာယိုးဒယား ထူထောင်ဘို့ ရည်ရွယ်ခဲ့တာဖြစ်ပါတယ်၊ မဟာယိုးဒယား ထူထောင်ရေးနဲ့ ပတ်သက်လို့ ယိုးဒယားနိုင်ငံသား Kasem Sirisumpundh ရဲ့ ၁၉၆၂ခုနှစ်က အမေရိကန်နိုင်ငံ Wisconsin တက္ကသိုလ်မှာ နိုင်ငံရေးသိပ္ပံဒေါက်တာဘွဲ့ယူဘို့ တင်သွင်းခဲ့တဲ့ " Emergence of the Modern National State in Burma and Thailand " စာတမ်းကို ဖတ်ကြည့်ရင် အကြောင်းစုံသိနိုင်ပါတယ်၊ အကျဉ်းချုံး သိရှိနိုင်ဖို့ အဲဒီစာတမ်းရဲ့ စာမျက်နှာ(၂၁၂)၊ အပိုဒ်(၂)ကို ကောက်နှုတ်ဖော်ပြလိုက်ပါတယ်-

**The militaristic-nationalistic idea was aided immeasurably by the original concept of the Thai race which was based on the ethnic and historic connections between the Thais of Thailand and Thai-speaking people of Laos, the Shan States of Burma, and Yunnan Province of China. Thai military men fused Thai irredentism with the concept of the Thai race and expanded it to be a pan-Thai movement. The propaganda connected with the movement indicated the Thai chauvinistic dream of the Greater Thai State, which would include areas populated by Thai-speaking people.**

ယိုးဒယားများဟာ ပြင်သစ်နဲ့အင်္ဂလိပ်တို့ဆီမှာ ဆုံးရှုံးခဲ့တဲ့နယ်မြေတွေ ပြန်လည်ရယူလိုပါတယ်၊ တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့တဲ့ နယ်မြေတွေကို မိမိနိုင်ငံမှာ ပြန်ပေါင်းလိုတဲ့ (Irredentism) အတွေးအခေါ် အယူအဆဟာ ၁၉၃၀ပြည့်နှစ်ကတည်းက စစ်ခေါင်းဆောင်ငယ်များ အတွင်း ခိုင်ခိုင်မာမာ ပျံ့နှံ့ခဲ့ပြီးဖြစ်ပါတယ်၊ ဒီလိုဆုံးရှုံးခဲ့တဲ့ နယ်မြေတွေကို ပြန်လည်ရယူပေါင်းစည်းရေး အတွေးအခေါ်ကနေ စစ်ရေးနဲ့အမျိုးသားရေးစိတ်ဓါတ် ပေါင်းစပ်ရေးအတွေးအခေါ် (Militaristic-nationalistic)အဖြစ် ဆက်လက်ပြီးလှုပ်ရှားလာခဲ့ကြပါတယ်၊ ဝန်ကြီးချုပ်ဖီဘွန်းဟာ အဲဒီအချိန်က ဂျာမဏီ၊ အီတလီ၊ ဂျပန်တို့ရဲ့စစ်သွေးကြွ အမျိုးသားရေးစိတ်ဓါတ်ကိုအားကျပြီး အမျိုးသားရေးစိတ်ဓါတ် မြှင့်တင်ရေး ဘက်ပေါင်းစုံလုပ်သလို စစ်ရေးအတွက် စည်းရုံးလေ့ကျင့်မှုတွေ လုပ်ခဲ့ပါတယ်၊ အမြဲတမ်းနဲ့ အရံစစ်သည် (၁)သန်းထိ စည်းရုံးနိုင်ခဲ့တယ်လို့ ဆိုပါတယ်၊ အမျိုးသားရေးစိတ်ဓါတ် မြှင့်တင်တဲ့နေရာမှာ သမိုင်းရန်ဘက်ဖြစ်ခဲ့တဲ့ မြန်မာတို့ကို ယိုးဒယားတို့အတွက် အန္တရာယ်အဖြစ်မီးမောင်းထိုးပြပြီး မြန်မာ မုန်းတီးရေး လုပ်ကြံဖန်တီးမှုများ လုပ်ခဲ့ပါတယ်၊ ကျောင်းသုံးစာအုပ်၊ ဝတ္ထု၊ ပြဇာတ်၊ ကဗျာ၊ လက်ာများနဲ့ မြန်မာ မုန်းတီးရေး၊ မြန်မာဆန့်ကျင်ရေးများလုပ်ခဲ့ပြီး ယိုးဒယားများရဲ့ အမျိုးသားရေး စိတ်ဓါတ်ကို မြှင့်တင်ခဲ့ပါတယ်၊ ဒါကြောင့်လဲ အဲဒီကာလကစပြီး ယိုးဒယားကျောင်းသားလူငယ်များဟာ လုပ်ကြံဖန်တီးထားတဲ့ သမိုင်းအဖြစ်အပျက်များနဲ့ မြန်မာမုန်းတီးရေး ရိုက်သွင်းခံကြရပါတယ်။

ဖီဘွန်းရဲ့အမျိုးသားရေးစိတ်ဓါတ်နဲ့ စစ်ရေးပေါင်းစပ်မြှင့်တင်ပြီး မဟာယိုးဒယားတည်ထောင်ရေး မျှော်မှန်းချက်ကို အခွင့်သာတာနဲ့ အကောင်အထည်ဖော်လာခဲ့ပါတယ်၊ ၁၉၄၀ခုနှစ်မှာ ပြင်သစ်တို့အားနည်းချိန်မှာ ပြင်သစ်တို့ထိန်းချုပ်ထားတဲ့ လာအိုနဲ့ကမ္ဘောဒီးယားနယ်မြေများကို ယိုးဒယားက ပြန်လည်ရယူဘို့ ဝင်တိုက်ခဲ့ပါတယ်၊ နယ်မြေတချို့ ပြန်လည်ရယူနိုင်ခဲ့ပါတယ်၊ ၁၉၄၁ခုနှစ်မှာ ယိုးဒယားဟာ ဂျပန်တွေစစ်နိုင်မယ်လို့ယူဆပြီး အင်္ဂလိပ်နဲ့အမေရိကန်ကို စစ်ကြေညာခဲ့ပါတယ်၊ ၁၉၄၂ခုနှစ်မှာ ဂျပန်တွေ ဗမာပြည်ထဲဝင်တဲ့အချိန်မှာ ယိုးဒယားကလဲ (မြောက်ပိုင်းပြည်သိမ်းတပ်ဖွဲ့) အမည်နဲ့ကျိုင်းတုံ-မိုင်းပန်နယ်များကို ဝင်ရောက်သိမ်းပိုက်နယ်ချဲ့ခဲ့ပါတယ်၊ ကျိုင်းတုံ-မိုင်းပန်ဒေသ သိမ်းတာ တရားဝင်ဖြစ်အောင် ဂျပန်နဲ့စာချုပ်ချုပ်ဆို အတည်ပြုခဲ့ပါတယ်၊ မလေးပြည်နယ် (၄)ခုကိုလဲ ဂျပန်ကယိုးဒယားကို လွှဲပြောင်းပေးခဲ့ပါတယ်၊ ၁၉၄၅ခုနှစ် ဂျပန်တွေစစ်ရှုံးတဲ့အခါ ယိုးဒယားတွေရရှိထားခဲ့တဲ့ နယ်မြေအားလုံး အင်္ဂလိပ်နဲ့ပြင်သစ်ကို ပြန်ပေးခဲ့ရပါတယ်၊ မဟာယိုးဒယား မျှော်မှန်းချက်ကို အကောင်အထည်ဖော်ခဲ့ပေမဲ့ ပြိုကွဲပျက်စီးသွားခဲ့ပါတယ်၊ ဒါပေမဲ့ ယိုးဒယားများရဲ့ မဟာယိုးဒယားမျှော်မှန်းချက် စိတ်ကူးယဉ်အိမ်မက်ကို မတတ်သာလို့ လက်လျှော့ခဲ့ရပေမဲ့ အခွင့်သာရင် ပြန်လည်အကောင်အထည်ဖော်ဘို့ မျှော်လင့်ဆဲဆိုတာ တွေ့နေရပါတယ်၊ ဒါကြောင့်လဲ ဒီကနေ့ SURA

ဘိန်းမှောင်ခိုသောင်းကျန်းသူအဖွဲ့ကို ယိုးဒယားတွေလက်ခံအားပေး ကူညီနေတာဖြစ်ပါတယ်၊ Tai မျိုးနွယ်စုဆိုပြီး ရှမ်းပြည်ကိုဖဲ့ထုတ်လိုကြတယ်ဆိုတာ သိသာလှပါတယ်၊ အမျိုးသားသစ္စာဖောက် ခွက်ဆစ်ကလည်း ယိုးဒယားများနဲ့ သွေးရင်းသားရင်း အဖြစ်ကြွေးကြော်ပြီး မဟာယိုးဒယားမျှော်မှန်းချက်မှာ ပါဝင်နေတာ တွေ့ရပါတယ်၊ ပြည်ထောင်စုစိတ်ဓါတ် ကင်းမဲ့လှတဲ့ နိုင်ငံရေးသမားအချို့ကလဲ SURA နဲ့တိုးတိုးတိတ်တိတ် ဆက်သွယ်နေကြတယ်၊ ပြည်ထောင်စုက ခွဲထွက်ရေး အတွေးအခေါ်တွေ ဝင်နေကြပြီး ကြိတ်ပြီး အားပေးနေကြတယ်လို့ ကြားသိနေရပါတယ်။

ယိုးဒယားများဟာ Greater Thailand မျှော်မှန်းချက်ပျက်ခဲ့ပြီးတဲ့နောက် ပြောင်းလဲလာတဲ့ နိုင်ငံတကာအခြေအနေပေါ်မူတည်ပြီး "စစ်မြေပြင်မှ ဈေးကွက်အဖြစ်သို့ ပြောင်းလဲရေး" From Battle Field to the Market Place ဆိုတဲ့ မူဝါဒကြွေးကြော်လာပြန်ပါတယ်၊ အိမ်နီးချင်းနိုင်ငံ များအပေါ် ဈေးကွက်အဖြစ် ပြောင်းလဲအမြတ်ထုတ်ဖို့ပါဘဲ၊ အိမ်နီးချင်းနိုင်ငံများဟာ ပြည်တွင်းသောင်းကျန်းမှု၊ ပြည်ပစွက်ဖက်မှုများကြောင့် စစ်မြေပြင်ဖြစ်ခဲ့ရပြီး စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျခဲ့တယ်၊ စီးပွားရေးမှာ ရှေ့ရောက်နေတဲ့ ယိုးဒယားများက ဒီလိုစီးပွားရေး ကွာဟမှုကို အခွင့်ကောင်းယူပြီး ဒေသအတွင်းမှာ စီးပွားရေး၊ နိုင်ငံရေး အချက်အခြာနိုင်ငံဖြစ်လာဘို့ ရည်မှန်းချက်ထားခဲ့ကြတယ်၊ ဒါကို ယိုးဒယားတို့က **"သုဝဏ္ဏဘူမိစီမံကိန်း"** လို့ ခေါ်ကြပါတယ်၊ စီးပွားရေး၊ နိုင်ငံရေးမှာ ဒေသအတွင်းဗဟိုချက်မ ဖြစ်လာပြီး အိမ်နီးချင်းများက မှီခိုရတဲ့နိုင်ငံ ဖြစ်လာဘို့ ရည်ရွယ်တာဖြစ်ပါတယ်၊ ရှင်းရှင်းပြောရရင်တော့ အိမ်နီးချင်းနိုင်ငံများအပေါ် စစ်ရေးနိုင်ငံရေး၊ စီးပွားရေးလွှမ်းမိုးမှုရယူလိုတဲ့ ခေတ်သစ်မဟာ ယိုးဒယားဝါဒ လို့တောင် ဆိုနိုင်ပါတယ်။

မကြာသေးတဲ့ကာလက ယိုးဒယားနိုင်ငံဟာ စီးပွားရေးအတန်အသင့် ကောင်းလာတဲ့အခါ ခေတ်မီစစ်လက်နက်တွေ ဝယ်ယူဖြည့်တင်းတာတို့၊ အင်အားကြီးနိုင်ငံတစ်ခုရဲ့ ပံ့ပိုးမှုရယူတာတို့လုပ်ပြီး စစ်ရေးအင်အား တောင့်တင်းအောင်လုပ်လာပါတယ်၊ မိမိတို့နိုင်ငံ၊ မိမိတို့လုံခြုံရေး အတွက် လိုအပ်ချက်အရ လုပ်တယ်ဆိုပေမဲ့ ဒေသတွင်းမှာစီးပွားရေး၊ နိုင်ငံရေးသာမက စစ်ရေးပါ အင်အားတောင့်တင်းအောင် လုပ်လာတာဖြစ်ပါတယ်၊ အရှေ့တောင်အာရှဒေသတွင်းမှာ(အင်အားရှိ) နိုင်ငံတစ်ခု ဖြစ်လာအောင် တည်ဆောက်နေကြတယ်ဆိုတာလဲ အထူးသတိပြုရပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ အိမ်နီးချင်းနိုင်ငံများရဲ့မြေကို တစ်လက်မရရင်တောင် အမြင်းပွားပြီး မတရားရယူလိုတဲ့ စိတ်ထားတွေ ရှိနေတာမို့ ဘယ်လိုမှ စိတ်ချလက်ချနေလို့ မဖြစ်နိုင်ပါဘူး၊ အထူးသဖြင့် မြန်မာနိုင်ငံအပေါ်မှာ ခေတ်အဆက်ဆက်က ထားရှိခဲ့တဲ့ သဘောထားဟာ အိမ်နီးချင်းကောင်း မပီသတဲ့အပြင် အမြဲတမ်း ရန်ဘက်လိုသဘောထားနေတာမို့ ဘယ်လိုရှုဒေါင့်ကဘဲကြည့်ကြည့် ယိုးဒယားနိုင်ငံကိုတော့ အိမ်နီးချင်း နိုင်ငံတွေထဲမှာ အမြဲသတိထားနေရမဲ့ နိုင်ငံဖြစ်နေပါတယ် ဒါကြောင့်မို့ နိုင်ငံသားအားလုံး ဇာတိသွေး မအေးကြဘို့ သတိပေးနှိုးဆော်အပ်ပါတယ်။

## တရုတ်ပြည်က မဟာဓာတ်တိုင်းကို မှားလို့သာ ကာလိုက်ရှင်တော့တယ်

ယိုးဒယားတွေကပြောပါတယ်၊ သူတို့နိုင်ငံကို မြန်မာပြည်က စိတ်ကြွရူးသွပ်ဆေးပြား တွေဝင်လာပါတယ်၊ တနှစ်တနှစ် သန်းရာနဲ့ချီပြီးဝင်ပါတယ်၊ စိတ်ကြွရူးသွပ်ဆေးပြားတွေကို မိုင်းယွန်း ဒေသ၊ 'ဝ' တိုင်းရင်းသားတွေ ထုတ်လုပ်နေတယ်၊ မြန်မာတပ်မတော်ကလဲ မသိကျိုးကျွန်ပြုပြီး ခွင့်ပြုနေ တယ်ဆိုပြီး မြန်မာနိုင်ငံကို မူးယစ်ဆေးဝါးထုတ်လုပ်တဲ့နိုင်ငံအဖြစ် တစ်ကမ္ဘာလုံးက ထင်မြင်လာအောင် **Media** မျိုးစုံနဲ့ ဝါဒဖြန့်ခဲ့ကြပါတယ်၊ မကြာသေးခင်က နယ်စပ်မှာပြဿနာဖြစ်အောင် ဖန်တီးခဲ့တာဟာ 'ဝ'တိုင်းရင်းသားတွေ့ရဲ့ဒေသကို ဝင်ရောက်တိုက်ခိုက်ဖို့အထိ ရည်ရွယ်ခဲ့ကြတာဖြစ်ပါတယ်၊ မူးယစ်ဆေး ဝါးထုတ်လုပ်လို့ တိုက်ရတယ်ဆိုတာမျိုးဖြစ်အောင် စီမံခဲ့တယ်ဆိုတာလည်းတွေ့ရပါတယ်၊ တကယ်တော့ ယိုးဒယားနိုင်ငံမှာ စိတ်ကြွရူးသွပ်ဆေးပြားပြဿနာဟာ ကြီးမားကျယ်ပြန့် ရှုပ်ထွေးတဲ့ ပြဿနာဖြစ်နေ ပါတယ်၊ သူ့နိုင်ငံအတွင်းမှာမနိုင်မနင်း ဖြေရှင်းလို့မရတာကို မြန်မာနိုင်ငံအပေါ် အပြစ်ပုံချဖို့ကြိုးစား နေကြတာဖြစ်ပါတယ်။

ယိုးဒယားနိုင်ငံမှာ စိတ်ကြွရူးသွပ်ဆေးကို ၁၉၇၀ပြည့်နှစ်လောက်မှာ စတင်ပြီးသုံးစွဲ ခဲ့ပါတယ်၊ မူလတုန်းက ဆေးဝါးအဖြစ်တရားဝင်ယူတင်သွင်းခဲ့တာပါ။ ၁၉၇၅ခုနှစ်ရောက်တော့ ဆေးစွဲ သူများသေတဲ့သူ ရူးတဲ့သူရူးဖြစ်လာလို့ မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ခဲ့ရတာဖြစ်ပါတယ်၊ အနောက် နိုင်ငံတွေက တရားဝင်ဝယ်ယူတင်သွင်း မရတော့တဲ့အခါ ယိုးဒယားမှာ ထုတ်လုပ်လာကြတယ်၊ ဘန်ကောက်မြို့နဲ့ အခြားမြို့ကြီးများမှာ တရားမဝင်ထုတ်လုပ် ရောင်းချခဲ့ကြတယ်၊ ၁၉၇၅ခုနှစ် နောက်ပိုင်းယိုးဒယားနိုင်ငံမှာ သုံးစွဲသူပိုမိုများပြားလာပြီး ဈေးကွက်လိုအပ်ချက်ကြီးမားလာပါတယ်၊ မြို့ကြီးပြကြီးများသာမက နယ်စပ်ဒေသများမှာ အလုံးအရင်းနဲ့ ထုတ်လုပ်လာခဲ့ကြတယ်၊ ၁၉၉၀ပြည့်နှစ် နောက်ပိုင်း ယိုးဒယားနိုင်ငံမှာ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲသူဟာ အလယ်တန်းကျောင်းသားအဆင့်ထိ ပျံ့နှံ့လာခဲ့တယ်လို့သိရပါတယ်၊ အဲဒီအချိန်ထိ မြန်မာနိုင်ငံမှာ စိတ်ကြွရူးသွပ်ဆေးပြားဆိုတာ ဘာမှန်း တောင်မသိသေးပါဘူး၊ ၁၉၉၆ခုနှစ်ကျမှ တာချီလိတ်မှာ စတင်ဖမ်းဆီးရရှိမှုသိခဲ့ကြပါတယ်၊ ယိုးဒယားမှာ တော့ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲသူ ဘယ်လောက်များ လာသလဲဆိုရင် ပြီးခဲ့တဲ့ ဇူလိုင်လ(၂၅)ရက်နေ့က ယိုးဒယားအစိုးရ ကျန်းမာရေးဝန်ကြီးက မူးယစ်ဆေးဝါးသုံးစွဲသူ (၃)သန်းအနက် စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲသူ ၉၀ ရာခိုင်နှုန်းရှိတယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်၊ ကဲ--စိတ်ကြွဆေးသုံးစွဲသူ ဘယ်လောက် များသလဲ အဲဒါသာကြည့်ပါတော့။

ဇူလိုင်လ(၃)ရက်နေ့ထုတ် Bangkok Post သတင်းစာမှာ ယိုးဒယားနိုင်ငံ မူးယစ် ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ (ONCB) ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Chatchai ရဲ့ ပြောဆိုချက်သတင်းပါရှိပါတယ်၊ ယိုးဒယားနိုင်ငံနယ်စပ်မှာ ယိုးဒယားစစ်တပ်နဲ့ရဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို ပြင်းပြင်းထန်ထန်လုပ်နေလို့ စိတ်ကြွရူးသွပ်ဆေးပြားရဖို့ ခက်လာပါတယ်၊ ဒါ့ကြောင့် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်မှုဟာ မြို့ကြီးပြကြီးများ ဝန်းကျင်ကိုရွှေ့ပြောင်းလာကြတယ်၊ ဘန်ကောက်နဲ့ မြို့ကြီးများမှာ Kitchen Labs များနဲ့ထုတ်လုပ်နေကြတယ်၊ အရည်အသွေးနိမ့်လို့ ဓါတုဆေးတွေနဲ့ရောပြီး အရည်အသွေးမြင့်အောင် လုပ်နေကြတယ်၊ စိတ်ကြွရူးသွပ်ဆေးပြားထက်ပိုပြီး ပြင်းထန်တဲ့ Eastasy (မြန်မာအခေါ် ခေါင်းခါဆေး)လို့ ခေါ်တဲ့ဆေးပြားတွေ ထုတ်လုပ်နေကြတယ်၊ ဘန်ကောက်နဲ့ အနီးပတ်ဝန်းကျင် ပြည်နယ်များဖြစ်တဲ့ Pathum Thani, Nonthaburi, Samut Prakan နဲ့ Samut Sakhon ပြည်နယ် ဆင်ခြေဖုံးဒေသများက လူနေအိမ်၊ ဈေးဆိုင်၊ ကွန်ဒိုမီနီယမ် အခန်းများမှာ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နေကြတယ်၊ ၂၀၀၀ပြည့်နှစ်မှာ ဈေးကွက်လိုအပ်ချက်ရဲ့

၂၀ ရာခိုင်နှုန်း ထုတ်လုပ်ပြီး ၂၀၀၁ခုနှစ်မှာ ဈေးကွက် လိုအပ်ချက်ရဲ့ ၅၀ ရာခိုင်နှုန်း တိုးမြှင့်ထုတ်လုပ်နေတယ်လို့ သတင်းမှာပါရှိပါတယ်၊ အခုမှအဆန်းတကြယ်မဟုတ်ပါဘူး၊ ၁၉၇၅ခုနှစ်ကတည်းက မြို့ကြီးပြကြီးတွေရဲ့ တိုက်ခန်းတွေသာမကဘူး ကုန်တင်ကားပေါ်မှာတောင် ထုတ်လုပ်ခဲ့တာပါ။ ယိုးဒယားနိုင်ငံထဲမှာဘဲ ယိုးဒယားတွေကိုယ်တိုင်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချ၊ သုံးစွဲခဲ့ကြတာဘဲဖြစ်ပါတယ်၊ ကာလကြာခဲ့ပြီမို့ စိတ်ကြွရူးသွပ်ဆေးပြား ကိစ္စဟာ ယိုးဒယားနိုင်ငံအတွင်းမှာ အခိုင်အမာအမြစ်တွယ်နေခဲ့ပါပြီ၊ ဖြေရှင်းဖို့ခက်ခဲလှတဲ့ **မနိုင်မနင်း ပြဿနာကြီးတစ်ခု** ဖြစ်နေပြီဆိုတာ အထင်အရှားပြနေပါတယ်။

မိမိတို့နိုင်ငံအတွင်း မဖြေရှင်းနိုင်တဲ့ ပြဿနာကို ဖုံးကွယ်လိုတဲ့သဘောနဲ့ ယိုးဒယားနိုင်ငံဟာ စိတ်ကြွရူးသွပ်ဆေးပြားတွေ မြန်မာနိုင်ငံကဝင်နေပါတယ်၊ မိုင်းယွန်းဒေသ ‘ဝ’တိုင်းရင်းသားတွေက ထုတ်လုပ်နေပါတယ်၊ နှစ်စဉ်သန်းနဲ့ချီဝင်နေပါတယ်လို့ ပြောနေမယ့်အစား နှစ်နိုင်ငံလက်တွဲပြီး ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်၊ မြန်မာနိုင်ငံအပေါ် အပြစ်ပုံချ လိုတဲ့သဘောနဲ့ မူးယစ်ဆေးဝါးအကြောင်းပြပြီး ယိုးဒယားတွေက အခုလိုနယ်စပ်မှာ ပြဿနာဖန်တီးနေတာဟာ ဘာနဲ့တူလဲဆိုတော့ ကိုယ့်ခေါင်းကဆံပင် မီးလောင်နေတာကို မငြိမ်းသတ်ဘဲ အခြားလူတွေကို မီးဒုတ်နဲ့လိုက်ပြီးမီးရှို့ဖို့ ကြိုးစားနေတဲ့ လူနဲ့တူနေပါတယ်၊ စာရေးသူကတော့ ပြဿနာပေးလှတဲ့ မြန်မာယိုးဒယားနယ်စပ်ကို တရုတ်ပြည်က မဟာတံတိုင်းကြီးကိုငှားပြီး သုံးထပ်လောက်ကာထားချင်ပါတယ်၊ မြန်မာနဲ့ယိုးဒယား အဆက်အစပ်မရှိတော့ဘူးဆိုမှ အဲဒီမဟာတံတိုင်းကြီးပေါ်ကနေ ယိုးဒယားမူလတန်း ကျောင်းသားလေးတွေဆီ စိတ်ကြွရူးသွပ်ဆေးပြား မရောက်ပါစေနဲ့လို့ မေတ္တာပို့လိုက်ပါမယ်။




ယိုးဒယားနိုင်ငံလုပ် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့်စက်နှင့် (၁-၄-၂၀၀၂)ရက်နေ့
တာချီလိတ်မြို့၊ ချစ်ကြည်ရေးတံတားအနီး၊ ဒီပါကျော်ဈေးအနီး၌ မူးယစ်ဆေးဝါးကုန်သည်
ယိုးဒယားနိုင်ငံသား Dang (၂၇)နှစ်၊ အမှတ်(၄၃)၊ (၄)ရပ်ကွက်၊ ချင်းမိုင်မြို့နေသူအား
ဘိန်းဖြူစုစုပေါင်း (၃၇- ၅၆)ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိမှုအား တွေ့ရစဉ်



၁၃၅

## အမွေသမားက ဘယ်သူတွေလဲ

ဇူလိုင်လ(၁၂)ရက်နေ့ ညနေ(၇)နာရီချိန်မှာ ယိုးဒယားရုပ်-သံ(Channel-7)မှ သတင်းကြေညာချက်တစ်ခုကို ကြားသိလိုက်ရပါတယ်၊ ယိုးဒယားနိုင်ငံအတွင်းမှာရှိတဲ့ လူ့အခွင့်အရေးဆိုင်ရာ လူမှုအဖွဲ့အစည်းအသီးသီးက လူ့အခွင့်အရေးဆိုင်ရာနဲ့ပတ်သက်လို့ ရှမ်းပြည်နယ်အတွင်း လာရောက်ကြည့်ရှုစစ်ဆေးဖို့ ကုလသမဂ္ဂကို တောင်းဆိုခဲ့ကြောင်း၊ ဒါ့အပြင် ယိုးဒယားအစိုးရအဖွဲ့ထံလည်း မြန်မာ့တပ်မတော်မှ ရှမ်းသူပုန်အဖွဲ့အား တိုက်ခိုက်ရှင်းလင်းရာမှ ချိန်းမိုင်ခရိုင်အတွင်း ဝင်ရောက်ခိုလှုံခဲ့ကြသော ရှမ်းလူမျိုးစစ်ပြေးဒုက္ခသည်များကို ယခုအချိန်တွင် ၎င်းတို့နေရပ်သို့ချက်ချင်းပြန်လည်နှင်ထုတ်မှုမပြုဘဲ ရက်ကာလများတိုးမြှင့်ဆိုင်းငံ့ပေးပါရန် တောင်းဆိုခဲ့ကြကြောင်း၊ အကယ်၍ ရှမ်းလူမျိုးစစ်ပြေးဒုက္ခသည်များကို ယခုချိန်နေရပ်သို့ပြန်ပို့ပါက တစ်ဘက်သို့ရောက်သည်နှင့် ၎င်းတို့အား မြန်မာ့တပ်မတော်စစ်သည်များနှင့် (ဝ)လက်နက်ကိုင်အဖွဲ့တို့၏ သတ်ဖြတ်ခြင်း ခံရမှာဖြစ်ကြောင်း၊ ချင်းမိုင်ခရိုင် ဝိန်းဟင်မြို့နယ်ဆေးရုံသို့ မြန်မာ့တပ်မတော်စစ်သည်များ အမွေပြုကျင့်ခံရသည့် ရှမ်းအမျိုးသမီးများ ထွက်ပြေးလာကြပြီး ဆေးကုသခံနေကြတယ်လို့ သတင်းကြေညာသွားပါတယ်။

SURA ဘိန်းမှောင်ခိုသောင်းကျန်းသူအဖွဲ့ဟာ ရှမ်းပြည်နယ်လွတ်မြောက်ရေး အတွက် မြန်မာအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေပါတယ်၊ မူးယစ်ဆေးဝါးတိုက်ဖျက်နေတဲ့အဖွဲ့ဖြစ်ပါ တယ်လို့ အသံကောင်းဟစ်နေတယ်ဆိုတာကလည်း လူတိုင်းသိနေပါပြီ၊ မှန်မှန်ကန်ကန်သုံးသပ်တတ် တဲ့ ယိုးဒယားလူမျိုးများကိုယ်တိုင်က မြန်မာအစိုးရကိုဆန့်ကျင်နေတဲ့ ဒီအဖွဲ့တွေကို ယိုးဒယားနိုင်ငံ ထဲမှာ မထားသင့်တော့ဘူး၊ နှစ်နိုင်ငံစလုံးကောင်းကျိုးမပေးဘူး၊ နယ်စပ်ပြဿနာတွေ ဖန်တီးနေတဲ့ အဖွဲ့ဆိုတာ ပြောနေကြပါပြီ၊ SURAအဖွဲ့ကိုယ်တိုင် ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးအကြီးအကျယ် ထုတ်လုပ်ပြီး ရပ်တည်နေတဲ့အဖွဲ့ဖြစ်တယ်ဆိုတာလည်း သိနေကြပါပြီ၊ မူးယစ်ဆေးဝါးအကြောင်းပြပြီး ယိုးဒယားစစ်တပ်နဲ့ SURAပေါင်းပြီးနယ်စပ်မှာ ပြဿနာဖန်တီးတာလည်း ဗူးပေါ်သလိုပေါ်ခဲ့ပါပြီ၊ ဒီလို မူးယစ်ဆေးဝါးတားဆီးရေး အသံကောင်းဟစ်လို့မရတော့ တိုက်ကွက်တစ်မျိုး ထွင်လာတာကတော့ ၁၉၉၆ခုနှစ်ကနေ ၂၀၀၁ခုနှစ်အထိ (၆)နှစ်အတွင်းရှမ်းပြည်နယ်မှာ မြန်မာ့တပ်မတော်က ရှမ်းအမျိုးသမီး(၆၂၅)ယောက်ကို အမွေပြုကျင့်ပါတယ်ဆိုပြီး နိုင်ငံတကာကို စာရေးပေးပို့ခဲ့တာတွေ့ရပါတယ်၊ ဟော. . . အခုလည်း ယိုးဒယားသတင်းဌာနတွေနဲ့ပေါင်းပြီး မြန်မာ့တပ်မတော်က အမွေပြုကျင့်ခံရတဲ့ ရှမ်းအမျိုးသမီးတွေ ယိုးဒယားနိုင်ငံ၊ ချင်းမိုင်ခရိုင်၊ ဝိန်းဟင်မြို့နယ်ဆေးရုံမှာ ဆေးကုသခံနေရပါတယ်လို့ ဆိုလာပါတယ်၊ ဘယ်လောက်များ အကြံပက်စက်သလဲဆိုတော့ ရုတ်တရက်ဆိုရင် တယ်ဆိုးတဲ့ မြန်မာစစ်သားတွေပါလားလို့ တွေးထင်စရာ ဖြစ်သွားနိုင်ပါတယ်၊ ဘာ့ကြောင့်လည်းဆိုတော့ သတင်းတစ်ခုပြီး တစ်ခု အချိန်ကိုက်ပြီး လုပ်ကြံဖန်တီးနေကြတာ မဟုတ်လား။

SURA နဲ့ ယိုးဒယားသတင်းဌာနတွေဘယ်လိုများ ပူးပေါင်းလုပ်ကြံနေသလဲဆိုတာ အတိအကျဖော်ထုတ်ပြချင်လို့ လေ့လာစုံစမ်းခဲ့ပါတယ်၊ တကယ့်ဖြစ်ရပ်မှန်ကတော့ ဝိန်းဟင်မြို့နယ်ဆေးရုံမှာ ဇူလိုင်လ(၁၄)ရက်နေ့အထိ တစ်ကယ်ဆေးရုံတက်နေတာက SURAတပ်ဖွဲ့ဝင် (၁၂)ယောက်ဖြစ်ပါတယ်၊ ယောကျ်ားတွေပါဗျာ၊ မိန်းမဆိုလို့ တစ်ယောက်မှမရှိပါဘူး၊ အဲ့ဒီ(၁၂)ယောက်ကလည်း ပန်မိုင်ဆွန်တိုက်ပွဲမှာ ဒဏ်ရာရခဲ့တဲ့သူတွေပါ၊ မြန်မာစစ်သား မဟားဒယား လုပ်လို့မဟုတ်ရပါဘူး၊ တစ်ကယ်လို့ အတိအကျသိချင်သေးရင် ဆေးရုံဖုန်းနံပါတ်(၀၅၃၄၇၇၀၁၂)ကို ဆက်ပြီးမေးလို့ရသဗျ၊ ဆေးရုံအုပ်ကြီးက ဒေါက်တာဆူဖတ်လင်း(ခ)အိုက်လူတဲ့၊ ဆေးရုံမှာဆရာဝန်(၄)ဦး၊ သူနာပြု(၃)ဦး

ရှိနေပါတယ်၊ သေသေချာချာသိပြီးမှပြောတာပါဗျာ၊ ဒီလိုသတင်းကို ဘာ့ကြောင့်များယိုးဒယားရုပ်-သံက အဓမ္မပြုကျင့်ခံရတဲ့ ရှမ်းအမျိုးသမီးများ ဆေးရုံတက် ဆေးကုသနေရတယ်လို့ ကြေညာရလဲ ဆိုတာတော့ စာဖတ်သူများ စဉ်းစားသာကြည့်ပါတော့။

ဒီသတင်းကိုကြည့်ရင်ဘဲ SURA ဘိန်းမှောင်ခိုအဖွဲ့က ပြောဆိုခဲ့တဲ့ ရှမ်းပြည်နယ်မှာ မြန်မာ့တပ်မတော်က ရှမ်းအမျိုးသမီး(၆၂၅)ယောက်ကို အဓမ္မပြုကျင့်ခဲ့တယ်ဆိုတဲ့သတင်းဟာ လုပ်ကြံဖန်တီးတဲ့သတင်းဖြစ်တယ်ဆိုတာ ရှင်းနေပါပြီ၊ စဉ်းစားကြည့်ပါဗျာ၊ ဒီကိစ္စမျိုးက မြန်မာနိုင်ငံမှာ အလွန်ကြားရခဲတဲ့ သတင်းမျိုးပါ၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံများအရ အဓမ္မပြုကျင့်ဘို့ မဆိုထားနဲ့ ကြားရသိရတာတောင် အလွန်စက်ဆုတ်တဲ့လူမျိုးတွေပါ၊ တစ်ကယ်တော့ SURA ဟာ မူးယစ်ဆေးဝါးနဲ့ တိုက်ကွက်ဖော်လို့မရတော့ လူ့အခွင့်အရေးဆိုတာနဲ့ နိုင်ငံတကာက အထင်အမြင်လွဲမှားအောင် အဓမ္မပြုကျင့်တယ်၊ နှိပ်စက်တယ် ဆိုပြီးတိုက်ကွက်တစ်မျိုး ထွင်လာတာဖြစ်ပါတယ်၊ အမှန်တရားဆိုတာ ဖုံးကွယ်လို့မရပါဘူး၊ သိလာကြမှာပါ။

ယိုးဒယားရုပ်-သံနဲ့ SURA ဘိန်းမှောင်ခိုအဖွဲ့ကို အသိပေးချင်ပါတယ်၊ နယ်စပ်က တိုင်းရင်းသူလေးတွေကို တကယ်အဓမ္မပြုကျင့်ခဲ့တာ ဘယ်သူလည်းဆိုတာ ပြောပြပါ့မယ်၊ ဒီသတင်းကို သိပြီးသားဖြစ်ပေမယ့် ငြိမ်နေတာလည်း ဖြစ်ချင်ဖြစ်မယ်၊ မသိသေးရင်လည်း သတင်းထုတ်ပြန်ကြေညာမှာ မဟုတ်မှန်းသိပေမယ့် သိအောင်ပြောပြလိုက်ပါ့မယ်၊ တကယ့်အဖြစ်မှန်ပါ၊ အဲ့ဒါကတော့ ကရင်နီအမျိုးသမီးလေးများကို ယိုးဒယားစစ်သားများက အဓမ္မပြုကျင့်တဲ့သတင်းပါဘဲ၊ မတ်လ(၁၇)ရက်နေ့က မယ်ဟောင်ပြည်နယ်၊ နိုင်ဆွိုင်ကျေးရွာအနီးမှာဖြစ်ခဲ့တာပါ၊ ကရင်နီဒုက္ခသည်စခန်းက အမျိုးသမီးတစ်သိုက်က မွန်းလွဲ(၂)နာရီလောက်မှာ အလုပ်ဆင်းပြီးစခန်းပြန်လာခဲ့ပါတယ်၊ အဲ့ဒီထဲက (၅)ဦးဟာ **Hua Kaw** ချောင်းအနီးမှာ ဟင်းသီးဟင်းရွက်ရှာနေတုန်း ယိုးဒယားစစ်သားများနဲ့ တွေ့ခဲ့ပါတယ်၊ ယိုးဒယားစစ်သား(၃)ဦးက အမျိုးသမီးလေးများကို ဖမ်းဆီးခေါ်ဆောင်သွားပြီး အဓမ္မပြုကျင့်ခဲ့တယ်လို့ သိရပါတယ်၊ ဒီကိစ္စ ကရင်နီဒုက္ခသည်အမည်ခံ KNPP သောင်းကျန်းသူခေါင်းဆောင်များအားလုံး သိပါတယ်၊ ဟိုလေးတစ်ကျော် ဖြစ်ခဲ့တဲ့သတင်းပါ၊ ယိုးဒယားနိုင်ငံ၊ မယ်ဟောင်ဆောင်မှာ အခြေစိုက်လှုပ်ရှားနေတဲ့ မြန်မာအမျိုးသမီးသမဂ္ဂအဖွဲ့ကထုတ်တဲ့ ၂၀၀၂ခုနှစ်၊ ဧပြီလ ချိုးလင်းပြာဆိုတဲ့စာစောင်ထဲမှာ ဖော်ပြပါရှိပါတယ်၊ ရက်စက်ယုတ်မာလွန်းလို့ ဘာသာပြန်ပြီး ဖော်ပြရင်မသင့်ဘူးထင်လို့ အရင်းခံအတိုင်း ဖော်ပြလိုက်ပါတယ်။

ကိုယ့်တိုင်းရင်းသားသူလေးတွေ စော်ကားခံရတဲ့ ဒီလိုဖြစ်စဉ်တွေက နယ်စပ်တစ်လျှောက် မကြာမကြာကြားနေရပါတယ်၊ တရားမဝင် အလုပ်သွားလုပ်ကြတဲ့ မိန်းကလေး တချို့ဆိုရင် ယိုးဒယားအလုပ်ရှင်၊ ယိုးဒယားရဲတွေက အနိုင်အထက်ကျင့်တဲ့ ဖြစ်စဉ်တွေရှိခဲ့ပါတယ်၊ KNU ဒုက္ခသည်စခန်းတွေဘက်မှာရော SURA စခန်းဘက်မှာရော ဒီလိုဖြစ်စဉ်တွေရှိတယ်လို့ ကြားရပါတယ်၊ ဒါပေမယ့် သူ့အရိပ်မှာ ခိုနေရတော့ ဘာမှမပြောရဲကြဘူးလို့ သိရပါတယ်၊ စာရေးသူထင်ပါတယ်၊ ကိုယ့်လူမျိုးအချင်းချင်းသာ မဟုတ်မမှန်လုပ်ကြံစွပ်စွဲနေပေမယ့်၊ တစ်ကယ့်ဖြစ်ရပ်မှန်တွေကိုတော့ ဖုံးဖိနေကြရတယ်၊ ငုံ့ခံနေကြရတယ်၊ အလွန်ရင်နာစရာ ကောင်းလှပါတယ်၊ ယိုးဒယားမြေမှာ မှီခိုနေရတဲ့ KNU, KNPP, SURA သောင်းကျန်းသူ အားလုံးဟာ တစ်ကယ်သာ အမျိုးချစ်ရင် ၊ သတ္တိရှိတယ်ဆိုရင် ဒီလိုကိစ္စမျိုးတွေကို ဘယ်မှာငြိမ်ပြီးငုံ့ခံနေမလဲ၊ ဇာတိသွေးပြကြပြီပေါ့၊ ပြောလို့သာပြောရတာပါ၊ ဘာဇာတိသွေးမှ မရှိတော့တဲ့ ဇာတိပျက်တွေ ဖြစ်နေကြပြီမဟုတ်လား၊ အဓမ္မပြုကျင့်တာ ဘယ်သူတွေလဲဆိုတာ သိလျက်နဲ့ ဝိုင်းဝန်းပြီး ဖုံးဖိပေးကြအုံးမယ်ထင်ပါရဲ့။

# Karenni teenagers raped by three Thai soldiers

On their way home from work, two Karenni female teenagers were raped near Hua Kawi village by three Thai guard soldiers. A woman also was sexual harassed by one of the same soldiers on the 17th of March near Nai Soi village, Mae Hong Son province said a BWU source.

A group of women went out of the camp to work in the early morning and came back around 2 o'clock on the 17th. Even though they were working in a group, only five of them came back over Hua Kawi stream. They thought they would find some vegetables or kind of leggy frog or tadpole. Instead of finding what they were looking for, they met 3 Thai soldiers.

All three of the soldiers were wearing military hats and the two victims were held by the soldiers. The soldiers held them in the bushes and threatened them with the knife, which they had taken from the girls. They then raped the girls and the 15 year old was raped twice. Poe Mae said, "A soldier pretended to stab Kay Mae and we were also threatened with the knife."

The others women in the group were also threatened with the knife not to shout or to get any kind of help. Seeing the entire incident "Ka La Mae" fell unconscious and her 10-year-old daughter was sitting beside her crying.

These women are from the Karenni Refugee camp. As they were threatened by soldiers, they did not dare to tell anyone until the 18th of March. But the one who was harassed told the KNWO leader from camp 2 and also the camp 2 leaders, who tried to follow the case.

The victims decided to follow the Thai legal process and started the legal process with help from women's groups in Thailand and other international organizations.

Karenni National Women Organization (KNWO) is working on the case and other women and international organizations have showed a lot of support to the victims. Regarding the case, the chairperson of KNWO said " we have to be very strong and need help from other organizations. UNHCR's role is also very important for us to help."

ယိုးဒယားနိုင်ငံ၊ မယ်ဟောင်ဆောင် အခြေပြု မြန်မာ့အမျိုးသမီး သမဂ္ဂမှ ထုတ်ဝေသည့် ချိုးလင်းပြာ စာစောင်တွင် ပါရှိသော ကရင်နီ အမျိုးသမီးများအား ယိုးဒယား စစ်သားများမှ အဓမ္မ ပြုကျင့်သည့် သတင်း

ယိုးဒယားနိုင်ငံမှာ ၁၉၃၂ခုနှစ်ရောက်တော့ စစ်တပ်နဲ့ အရပ်ဘက်အရာရှိလူငယ်တစ်စုက အာဏာသိမ်းပြီး စည်းမျဉ်းခံဘုရင်စနစ်ကို ပြောင်းလဲခဲ့တယ်ဆိုတာ သိကြပြီးဖြစ်ပါတယ်၊ အာဏာသိမ်းပြီးနောက်ပိုင်းမှာ ယိုးဒယားအစိုးရဟာ အမျိုးသားရေးစိတ်ဓါတ်ကို စာသင်ကျောင်းများကနေစပြီး မြှင့်တင်ဖို့လုပ်ခဲ့ပါတယ်၊ ဒီလိုလုပ်တဲ့နေရာမှာ သမိုင်းမှာရန်ငြိုးရှိခဲ့တဲ့ မြန်မာတို့အပေါ် မုန်းတီးရေးကိုလှုံ့ဆော်ပြီး ယိုးဒယားတို့ရဲ့ အမျိုးသားရေးစိတ်ဓါတ်ကို မြှင့်တင်ဖို့ လုပ်ခဲ့တာဖြစ်တယ်၊ အဲဒီအချိန်ကစပြီး ကျောင်းသုံးသမိုင်းစာအုပ်များမှာ မူလတန်းအဆင့်ကနေစတင်ပြီး ပြဋ္ဌာန်းသင်ကြားခဲ့တယ်၊ ဒီတုန်းက ယိုးဒယားအစိုးရရဲ့ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်နေတဲ့ သမိုင်းပညာရှင် (Luang Wi Chit wathakan) လွယ်ဝိချစ်ဝထကန်ဟာ သမိုင်းအချက်အလက် မှန်ကန်မှုထက် လိုရာကိုဆွဲပြီး ရေးခဲ့တယ်၊ ယိုးဒယားတို့ဂုဏ်ရောင်ကို မြှင့်တင်ရင်း အခြားလူမျိုးတို့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေခဲ့တယ်၊ ခေတ်ပြိုင်နာဇီနဲ့ ဖက်ဆစ်တို့ရဲ့ ရေးသားဟန်နဲ့ ထပ်တူရေးခဲ့တာတွေ့ရတယ်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် သမိုင်းဘာသာရပ် ကျောင်းသုံးစာအုပ်များမှာ ယိုးဒယားကို မြန်မာတွေကျူးကျော်ခဲ့ကြတယ်၊ မြန်မာတွေဟာ ရက်စက်ကြမ်းကြုတ်တဲ့ အရိုင်းအစိုင်းတွေအဖြစ် ဖော်ပြကြတယ်၊ အယုဒ္ဓယကို မြန်မာတွေဖျက်ဆီးခဲ့တယ်၊ သာသနိကဘုရားပုထိုးများပါမရှောင် လုယက်ယူငင်ကြတဲ့ ဓါးပြလူဆိုးများအဖြစ် မြင်လာအောင် ရေးသားကြတယ်၊ ဒါ့ပြင်ကျောင်းသားလူငယ်တွေ အမှတ်မှားစေနိုင်တဲ့ ရေးသားမှုတွေလုပ်ကြတယ်၊ ဥပမာ- လန်နာ (Lanna) ခေတ်မှာ ကျိုင်းတုံကို ယိုးဒယားတို့ ပိုင်တယ်၊ ထို့တူကောသောင်းကိုလည်း ၁၈၈၂ခုနှစ်မတိုင်မီက ယိုးဒယားတို့ ပိုင်ခဲ့တယ်ဆိုပြီး ရေးသားကြတယ်၊ အဓိကဦးတည်ချက်ကတော့ ယိုးဒယားကျောင်းသာလူငယ်များဟာ မြန်မာတွေအပေါ် စိတ်နာကျည်းလာစေဖို့ ဇာတ်နာအောင် ချဲ့ကားရေးသားခဲ့ကြတယ်။

ယိုးဒယားရာဇဝင်၊ သမိုင်းစာအုပ်တွေမှာ မြန်မာမုန်းတီးရေး ဦးတည်ပြီး ရေးသားတာတွေနဲ့ပတ်သက်လို့ ၁၉၉၈ခုနှစ် ဒီဇင်ဘာလမှာ ရန်ကုန်မှာကျင်းပခဲ့တဲ့ " International Conference on Post Colonial Society and Culture in Southeast Asia " ဆွေးနွေးပွဲမှာ ယိုးဒယားနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်ကပါမောက္ခ Sunait Chutintaranond က စာတမ်းတစ်စောင် တင်သွင်းဖတ်ကြားခဲ့ပါတယ်၊ စာတမ်းရှင်ဟာ သမာသမတ်ကျကျရှုမြင်တဲ့ သမိုင်းပညာရှင်ဖြစ်တယ်၊ Sunait က အယုဒ္ဓယကျဆုံးပြီးတဲ့နောက် ယိုးဒယားတွေဟာ မြန်မာတို့ကို ရန်သူအဖြစ်မှတ်ယူခဲ့ကြောင်း၊ သမိုင်းဖြစ်ရပ်များကိုအခြေခံပြီး စိတ်ကူးယဉ်ဖြည့်စွက်ချက်များနဲ့ ရာဇဝင်ဝတ္ထုများ (Histroical Novels) ဖြစ်လာကြောင်း၊ အဲဒီဝတ္ထုတွေကို ရုပ်မြင်သံကြားဇာတ်လမ်းများ၊ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးခဲ့ကြောင်း၊ ၁၉၉၆ခုနှစ် နိုဝင်ဘာမှ ၁၉၉၇ခုနှစ်၊ ဖေဖော်ဝါရီလထိ ယိုးဒယားရုပ်မြင်သံကြားမှ Nai Khanom Zom ဇာတ်လမ်းတွဲဆိုလျှင် မြန်မာများကယိုးဒယားတို့အား လုယက်သတ်ဖြတ်၊ မုဒိမ်းကျင့်ပြီး လူမဆန်သည့် ဘီလူး၊ သဘက်များအဖြစ် ဖော်ပြထားကြောင်း၊ Ruan Mayura ဆိုသော ဇာတ်လမ်းတွဲမှာလည်း အလားတူပင်ဖြစ်ကြောင်း၊ ၁၉၅၀ပြည့်နှစ် မတိုင်မီကရေးခဲ့တဲ့ Mai Myangdoem ရေးသော Bang Rachan နှင့် Khunsuk ဝတ္ထုများထဲမှာ မြန်မာတွေဟာ ယိုးဒယားတို့ရဲ့ ဆိုးဝါးတဲ့ရန်သူအဖြစ် ဖော်ပြထားကြောင်း၊ အဲဒီဝတ္ထု(၂) ပုဒ်ကို ပြဇာတ်၊ ရေဒီယိုဇာတ်လမ်း၊ ရုပ်သံ ဇာတ်လမ်း၊ ရုပ်ရှင်ကားများ အကြိမ်ကြိမ်ရိုက်ကူး ပြသခဲ့ကြောင်း၊ ၁၉၃၆ခုနှစ် Luang Vichit ရေးသားကပြခဲ့တဲ့ Luad Suphan

တေးဂီတပြဇာတ်မှာလည်း မြန်မာမုန်းတီးရေး ဇာတ်လမ်းဇာတ်အိမ် ဖြစ်ကြောင်း၊ ၁၈၃၂ခုနှစ်က ဘုန်းတော်ကြီး Krom Phra Paramanuchit Chinorot ရေးသားပြီး ကျောင်းသုံးစာအုပ်အဖြစ် အကြိမ်ကြိမ်ပြဋ္ဌာန်းခဲ့တဲ့ Li Lit Talaeng Phai ကဗျာစာအုပ်မှာ နရဲစွမ်နဲ့ မြန်မာဥပရာဇာတို့ ဆင်စီးချင်းတိုက်ခဲ့ကြတာကို ဖော်ပြထားကြောင်း၊ အယုဒ္ဓယကျပြီးချိန်နောက်ပိုင်း မြန်မာတို့ကို ဗုဒ္ဓဘာသာရဲ့ရန်သူ၊ ယိုးဒယားတို့ရဲ့ ရန်သူအဖြစ် နိုင်ငံရေး၊ လူမှုရေးအခြေအနေနဲ့ ကိုက်ညီအောင်ရေးသားဖော်ပြခဲ့ကြောင်း၊ မြန်မာတို့မကောင်းကြောင်း ဝတ္ထုစာပေများ အများအပြားပေါ်ပေါက်ခဲ့ကြောင်း စာတမ်းရှင်က ပြောကြားသွားခဲ့တာတွေ့ရပါတယ်၊ ယိုးဒယားသမိုင်းပညာရှင် ပြောသလိုဘဲ ၂၀၀၁ခုနှစ်က နယ်စပ်ပြဿနာတွေဖြစ်ချိန်မှာ ယိုးဒယားနိုင်ငံ ရုပ်မြင်သံကြားက (ဘန်ရကျန်)လို မြန်မာတွေရက်စက်ဆိုးဝါးတဲ့ ဇာတ်ကားမျိုး၊ (ဆူရီယိုထိုင်း)ဆိုတဲ့ ဇာတ်ကားမျိုးတွေကိုပြပြီး မြန်မာမုန်းတီးရေး ဝါဒဖြန့်တာတွေ တွေ့ခဲ့ရပါတယ်၊ စာတမ်းဖတ်တဲ့ သမိုင်းပညာရှင် Sunait ဟာ Nai Mhanon Zon ဆိုတဲ့ ဇာတ်လမ်းတွဲ T.V ကလာတော့ T.V ကြည့်နေတဲ့ သူ့မိသားစုကို ဒါတွေဟာ သမိုင်းဖြစ်ရပ်မှန်မဟုတ်ဘူးလို့ ရှင်းပြတဲ့အခါ သူ့မိသားစုတွေက စာတမ်းရှင်ကိုပြန်ပြီး ရန်တွေ့တယ်လို့ဆိုပါတယ်၊ ဒီလိုဝတ္ထု ရုပ်ရှင်ဇာတ်လမ်းတွေဟာ ယိုးဒယားလူမျိုးတွေအပေါ် မြန်မာမုန်းတီးရေး အတော့်ကိုလွှမ်းမိုးနေပြီဆိုတာ တွေ့နေရပါတယ်။

ယိုးဒယားများဟာ မြန်မာမုန်းတီးရေးကို စာပေ၊ ရုပ်ရှင်၊ ဂီတနဲ့သာ မဟုတ်ပါဘူး၊ အယုဒ္ဓယမြို့ပျက်ကိုမပြုပြင်ဘဲ မြန်မာတွေဖျက်ဆီးခဲ့တာဆိုပြီး ပြသထားပါတယ်၊ ကမ္ဘာလှည့်ခရီးသွားတွေဆီက ဝင်ငွေရသလို မြန်မာတွေကိုလူဆိုး၊ လူရမ်းကားများအဖြစ် ဝါဒဖြန့်ပြီးသားလဲ ဖြစ်ပါတယ်၊ အယုဒ္ဓယမြို့ပျက်ကိုသာ မဟုတ်ပါဘူး၊ Tourism Site အတော်များများမှာလဲ မြန်မာတွေက ယိုးဒယားများအပေါ် ရက်စက်ပုံ၊ ယိုးဒယားဘုရင် ဗြနရစ်(ခ)နရဲစွမ်နဲ့ မြန်မာအိမ်ရှေ့ ဥပရာဇာတို့ စစ်ထိုးရာမှာ ဥပရာဇာဆင်ပေါ်မှကျဆုံးပြီး အနိုင်ရပုံများကို ပြသကြပါတယ်၊

ယခုအခါ Media တစ်မျိုးအဖြစ် Internet မှာ မြန်မာနဲ့ပတ်သက်လို့ မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်မှုများ လုပ်လာပြန်ပါတယ်၊ ယိုးဒယားနိုင်ငံရဲ့ ယဉ်ကျေးမှုဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ Internet Web Site များမှာ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားစေရန်၊ အထင်အမြင်သေးလာစေရန် မဟုတ်မမှန် လုပ်ကြံရေးသားချက်များကို ထုတ်လွှင့်မှုများ ပြုလုပ်ခဲ့တာလဲ တွေ့ရှိရပါတယ်-

- ယိုးဒယားကြည်းတပ် Web Site (http:// www. rta. mi.th)
- ယိုးဒယားအစိုးရ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Office of the National Culture Commission ရဲ့ Web Site (http:// www. Culture. go.th)
- Mahidol University ရဲ့ Web Site ဖြစ်တဲ့ (http://www. mahidol.ac.th/ mahidol/ specturm/Page 7c-Vol 17-no 3.htm)
- Naresuan University ရဲ့ Web Site (http:// www. myanmar. nu.ac.th)

အဲဒီ Web Site များမှာ ထုတ်လွှင့်ချက်တွေမှာ ဖတ်ရှုသူတွေက မြန်မာနိုင်ငံဟာ ယိုးဒယားတို့အပေါ် မတရားကျူးကျော်သူတွေအဖြစ် မြင်လာစေဖို့၊ မြန်မာများကို အထင်အမြင်သေးလာစေဖို့ ဦးတည်ရေးသား ဝါဒဖြန့်နေတာတွေ့ရပါတယ်။

ယိုးဒယားတွေဟာ သူတို့ရဲ့ အမျိုးသားရေးစိတ်ဓါတ် မြှင့်တင်ရာမှာ မြန်မာမုန်းတီးရေး လှုံ့ဆော်ပြီး လုပ်ခဲ့တာဟာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ၊ ယခုအချိန်ထိလဲ သမိုင်းရန်ညှိုးအဖြစ် မြန်မာနိုင်ငံအပေါ် အမြဲတမ်းရန်ဘက်လို့သတ်မှတ်ပြီး Media ပေါင်းစုံကနေ မြန်မာမုန်းတီးရေး လုပ်ဆောင်နေတာကိုတွေ့နေရပါတယ်၊ ဒီလိုရန်ဘက်အဖြစ် သဘောထားနေတဲ့ အိမ်နီးချင်းနိုင်ငံအပေါ် မိတ်ကောင်းဆွေကောင်း၊ အိမ်နီးချင်းကောင်းအဖြစ် သဘောထားဘို့ စိတ်ချလက်ချ ယုံကြည်ဖို့ခက်ပါတယ်၊ အမျိုးသားရေး အန္တရာယ်အဖြစ် သဘောထားပြီး အမြဲတမ်းသတိကြီးစွာနဲ့ရှိနေဖို့ လိုအပ်ကြောင်း နှိုးဆော်အပ်ပါတယ်။





**မြန်မာမုန်းတီးရေးအတွက် လုပ်ကြံဖန်းတီးထားသော တောင်ငူမှရဲသုံးဘော်၊ Nai Khanom Zom အမည်ပါ ယိုးဒယားရုပ်ရှင်ဇတ်တားကြော်ငြာအား တွေ့ရပုံ**




**ကုန်းဘောင်ခေတ် မြန်မာ-ယိုးဒယားစစ်ပွဲကိုအခြေခံကာ မြန်မာမုန်းတီးရေးဖြင့် မျိုးချစ်စိတ်ဓါတ်လှုံ့ဆော်သည့် ယိုးဒယားတို့ရိုက်ကူးသော "ဘန်ရာကျန်" ရုပ်ရှင်ဇာတ်ကားကြော်ငြာ**

"ဘန်ရာကျန်"သည် မြန်မာနိုင်ငံမှအယုဒ္ဓယသို့ စစ်ချီသည့် လမ်းကြောင်းပေါ်တွင် ရှိသော ယိုးဒယားကျေးရွာငယ်တစ်ရွာဖြစ်သည်၊ ၎င်းကျေးရွာသူကျေးရွာသား၊ သက်ကြီးရွယ်အိုပါမကျန် မြန်မာတပ်များကို တော်လှန်တိုက်ခိုက်ခဲ့သဖြင့် မြန်မာတပ်များ သေကြေရှုံးနိမ့်ရပုံနှင့် မြန်မာတို့၏ ရက်စက်မှုများကိုရိုက်ကူးဖော်ပြပါ ရှိပါသည်၊ (၂၉-၁၂-၂၀၀၁) ရက်နေ့မှစ၍ ယိုးဒယားနိုင်ငံ ရုပ်ရှင်ရုံများတွင် ပြသခဲ့ကြောင်းသိရှိရပါသည်။





**ယိုးဒယားမူလတန်းအဆင့် ကျောင်းသားများသင်ကြားရန် ပြဋ္ဌာန်းထားသော ကျောင်းသုံးသမိုင်းစာအုပ်**

ယင်းစာအုပ်တွင် မြန်မာနှင့်စစ်ပြိုင်ခဲ့သော ယိုးဒယားမင်းများအကြောင်း၊ ယိုးဒယား နရဲစွမ်မင်းသားသည် အသက်(၇)နှစ်အရွယ်တွင် တန်ဆာခံအဖြစ် မြန်မာနိုင်ငံတွင်နေထိုင်ခဲ့ကာ မြန်မာတို့ထံမှ အတတ်ပညာအရပ်ရပ်ကို လေ့လာသင်ကြားခဲ့ရကြောင်း၊ နရဲစွမ်နှင့် မြန်မာဖိမ်ရှေ့မင်းသား ဥပရာဇာတို့ ဆင်စီးချင်းထိုးကြပြီး ဥပရာဇာဆင်ပေါ်မှကျ၍ ကံတော်ကုန်ကြောင်း၊ ယိုးဒယား ဘန်ရာကျန်ရွာသားများသည် မြန်မာတို့အား(၅)လကြာ ခုခံတိုက်ခိုက်ခဲ့ပြီး ကျဆုံးခဲ့မှုများ၊ ၁၇၆၅ခုနှစ်၊ ယိုးဒယား ဘုရင်ဧကထပ်(၁)လက်ထက် အယုဒ္ဓယမြို့ကို မြန်မာတို့ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ရွှေ ငွေပစ္စည်းများနှင့် အမျိုးသမီးများကို မြန်မာနိုင်ငံသို့ဖမ်းဆီးခေါ်ဆောင်သွားခဲ့၍ ယိုးဒယားသားများ မြန်မာတို့အပေါ် နာကျည်းခဲ့ကြောင်းများအား ရေးသားဖော်ပြပါရှိပါသည်။




**ယိုးဒယားအလယ်တန်းအဆင့်ကျောင်းသားများသင်ကြားရန်ပြဋ္ဌာန်းထားသော ကျောင်းသုံးသမိုင်းစာအုပ်**

ယင်းစာအုပ်တွင် မြန်မာနိုင်ငံ၊ ပုဂံခေတ် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များကို ထည့်သွင်းဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံရှိ ရွှေတိဂုံဘုရား၊ ပုဂံရှိ ဘုရားပုထိုးများနှင့် ယိုးဒယားနိုင်ငံ လန်နာခေတ်စေတီပုထိုးများကို နှိုင်းယှဉ်ပြထားပြီး လန်နာခေတ်ယဉ်ကျေးမှုအပေါ် လွှမ်းမိုးမှုရှိကြောင်း ဖော်ပြရေးသားထားပါသည်။





**ယိုးဒယားနိုင်ငံကျောင်းသုံးသမိုင်းစာအုပ် အတွဲ(၁) မျက်နှာဖုံးပုံ**

လက်ျာဘက်ပုံကြီးမှာ ယိုးဒယားမင်းနှင့် မြန်မာအိမ်ရှေ့မင်းသား ဆင်စီးချင်းထိုးပုံ၊ လက်ဝဲဘက်အပေါ်ပုံမှာ ယိုးဒယားမင်းသား မြန်မာတို့လက်မှ လွတ်မြောက်ကြောင်း ကြေငြာပုံ၊ လက်ဝဲဘက်အလယ်ပုံမှ ခရစ်သက္ကရာဇ် ၁၅၉၉ခုနှစ်၊ ယိုးဒယားဘုရင် နရဲစွမ် ဟံသာဝတီသို့ ချီတက်တိုက်ခိုက်ရန် ပြင်ဆင်နေပုံ၊ လက်ဝဲဘက်အောက်ပုံမှ ဟံသာဝတီကို တိုက်ခိုက်နေပုံကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ယင်းစာအုပ်တွင် ကော့သောင်းသည်၁၈၈၂ခုနှစ်မတိုင်မီကရင်းတို့ပိုင်ဆိုင်ကြောင်း၊ လန်နာခေတ်တွင် ကျိုင်းတုံသည် ယိုးဒယားပိုင်ဖြစ်ကြောင်း၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ ချင်းခင်(ဝ်)သည် ၎င်းတို့ပိုင်ဆိုင်ကြောင်းအား ယိုးဒယားကျောင်းသားလူငယ်များ အမှတ်မှားစေရန် ရေးသားဖော်ပြပါရှိပါသည်။



## မြန်မာမုန်းတီးရေးအတွက် လုပ်ကြံဝါဒဖြန့်ဇာတ်လမ်းတွင် ယိုးဒယားတို့ စိတ်ကူးယဉ်ဖန်တီးထားသော ဆုပန်ကလျာပုံ

အယုဒ္ဓယဘုရင်မဟာဓမ္မရာဇာသမီးတော် ဆုပန်ကလျာအား အသက်(၁၇)နှစ်အရွယ်တွင် ဘုရင့်နောင်မင်းတရားကြီးထံဆက်သခဲ့ကြောင်း၊ ဆုပန်ကလျာသည် ဘုရင့်နောင်မင်းတရားကြီးနှင့် သမီးတော်တစ်ပါး ရရှိခဲ့ကြောင်း။ ယိုးဒယားတို့၏လုပ်ကြံဇာတ်လမ်းမှာ ဝိချစ်(Phichit)ပြည်နယ်ရှိရဟန်းတစ်ပါးတရားထိုင်နေစဉ် ဆုပန်ကလျာ၏ ဝိဉာဏ်နှင့်တွေ့ဆုံခဲ့ပြီး ဆုပန်ကလျာက ရဟန်းတော်အား ဘုရင့်နောင်နတ်ရွာစံပြီးနောက် မင်းသား(ဖြစ်ရာဇ်(ခ)နရဲစွမ်)က ယိုးဒယားကို မြန်မာတို့၏လက်အောက်ခံအဖြစ်မှ လွတ်မြောက်အောင်ဆောင်ရွက်ခဲ့သဖြင့် နန္ဒဘုရင်က ဒေါသထွက်၍ ကိုယ်ဝန်အရင့်အမာရှိနေသော ဆုပန်ကလျာကို လက်သုံးတော်ဓါးဖြင့် ကွပ်မျက်လိုက်ကြောင်း ယိုးဒယားရာဇဝင်အချို့တွင် ဆုပန်ကလျာသည် ၎င်း၏ရင်သွေးငယ်ကို နို့ချိုတိုက်ကျွေးနေစဉ် နန္ဒဘုရင်က ဓါးဖြင့်ခုတ်သတ်သည်ဟု ပြောဆိုကြကြောင်း၊ ဆုပန်ကလျာ၏ လွန်ခဲ့သောနှစ်(၅၀၀)က ဒဏ္ဍာရီဆန်သောဇာတ်လမ်းကို ယိုးဒယားတို့က ပြန်လည်အသက်သွင်း၍ လူထုအတွင်းစိတ်ဝင်စားဖွယ်၊ လွမ်းမောဖွယ် ဖန်တီး၍ မြန်မာမုန်းတီးရေးကို စနစ်တကျဝါဒဖြန့်ခဲ့ကြောင်း တွေ့ရှိရပါသည်။



Address http://www.ewa.inet.co.th/V15-2/burma.htm

# No Childhood at all – Child Soldiers in Burma


**By Ayesha Hilton, Images Asia, Thailand**

"When I was a SLORC1 soldier, there were so many of us who were only 14 or 15 years old. There was one 12 year-old who served as the attendant to one of the corporals. His name was Chiko... there were also 3 or 4 soldiers who were only 12. They couldn't carry their rifles properly because they were so young and small, but they had to do the same training as all the regular soldiers. One day, Chiko was beaten very badly by the corporal and had to be sent to hospital. He ended up blind and half-paralyzed from it. I actually saw this beating." The words of a Burmese child soldier.

In Burma, the participation of children in armed conflict has become routine, as the country has been home to a continuous civil war for most of this century. With a population of approximately forty-five million, Burma is also one of the most ethnically diverse countries in the world; inside its boundaries, over one hundred different dialects and languages have been identified. It is this ethnic diversity that has played such a critical role in the on-going civil war.

This civil war and a military dictatorship have led to the militarisation of Burmese society. Since 1998, the Burmese government has expanded the army considerably towards its announced goal of 475,000 by the year 2000. This massive arms build-up is aimed at crushing ethnic unrest, and suppressing any further dissent from the Burman populace. In Burma today, at every level of government, civilian administration is subservient to the *Tatmadaw* (the Burmese name for the armed forces), which has enforced its control through the use of arbitrary military practices such as martial law decrees and military tribunals.

## မြန်မာမုန်းတီးရေးအတွက် လုပ်ကြံဝါဒဖြန့်ထားသော Web Site များ



Address http://www.mahidol.ac.th/mahidol/spectrum/page7c_vol7_no3.htm

Vol 7 No 3

- Honorary Doctorate of International Law Conferred Upon HM King Bhumibol Adulyadej by the University for Peace
- The Centenary Celebrations of the Birth of Her Royal Highness Princess Srinagarindra The Princess Mother of Thailand
- Ramathibodi Hospital Achieves Advances in

# Human Resource Development Seminar Held in Myanmar

Arguably the most important resource of any country are its people, and Myanmar is no exception. As with many emergent economies, a key constraint in the development of the business sector in Myanmar is an inadequate supply of well-trained human resources. Most private enterprises in Myanmar lack the necessary skills and experience to develop their personnel and organization; of equal concern is their need to develop their export potential.

Earlier this year, academics and industry professionals from Mahidol University International College (MUIC), the United Nations Economic and Social Commission for Asia and the Pacific (UN-ESCAP) and the Brooker Group, ran a Human Resource Development Seminar in Myanmar's capital Yangon, with the objectives of stimulating training activity in international business and general management issues as well as in specific sectors such as tourism, agro-business and handicrafts.

Myanmar is a country of untapped potential. Throughout the seminar it was clear that the participants are in need of new

# ယိုးဒယားတို့ရဲ့မြန်မာမှုန်းတီးရေးဝါဒအပေါ်

## ယိုးဒယားသမိုင်းပညာရှင်တစ်ဦး၏အမြင်

ယိုးဒယားတွေဟာ မြန်မာတို့အပေါ် သမိုင်းကြောင်းမုန်းတီးမှုအာဃာတထားပြီး အမြဲတမ်းရန်ဘက်အဖြစ် သတ်မှတ်ထားတယ်၊ မြန်မာမုန်းတီးရေးဝါဒ ဖြစ်ပေါ်လာခြင်းအစနဲ့ ပတ်သက်ပြီး ယိုးဒယားသမိုင်းပညာရှင် ဒေါက်တာ Sunait Chutintaranond ရဲ့အမြင်ကိုတင်ပြလို ပါတယ်၊ ဒေါက်တာဆူနိတ်က မြန်မာမုန်းတီးရေးဝါဒဟာ အယုဒ္ဓယနေပြည်တော် မြန်မာတို့လက်တွင်းသို့ ကျတဲ့အချိန်ကစတယ်လို့ဆိုပါတယ်၊ ဒီအဖြစ်အပျက်မတိုင်မီက ယိုးဒယားရာဇဝင် ဆရာတွေဟာ ယိုးဒယားနဲ့မြန်မာစစ်ပွဲတွေအကြောင်းကို ဖော်ပြခြင်းမရှိခဲ့ဘူး၊ ဥပမာအားဖြင့်“ The Luang Praseet Cksonicle of Ayudhya " ရာဇဝင်မှာ ၁၅၉၂ခုနှစ်က မြန်မာအိမ်ရှေ့မင်းသား ဥပရာဇာနဲ့ ယိုးဒယား ဘုရင် နရဲစွမ်တို့ စီးချင်းထိုးတဲ့အကြောင်း၊ စီးချင်းထိုးပွဲမှာ နရဲစွမ်အောင်ပွဲခံပုံအကြောင်းတို့ကို ဂုဏ်ယူ ဝင့်ကြွားစွာနဲ့ ဖော်ပြခြင်းမရှိခဲ့ဘူးလို့ ဆိုပါတယ်၊ ဘန်ကောက်ခေတ်အစောပိုင်းခေတ်ကျမှ မြန်မာ-ယိုးဒယား စစ်ပွဲတွေအကြောင်း ထည့်သွင်းလာတယ်လို့ သိရှိရပါတယ်။

အယုဒ္ဓယမင်းတွေဟာ သူတို့ရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ မြောက်ဘက်မှာ သောက္ကတဲ၊ ဇင်းမယ်၊ အရှေ့ဘက်မှာ ထားဝယ်မြိတ်၊ အနောက်ဘက်မှာတနင်္သာရီ၊ မြောက်ဘက်မှာ မလေးယား တို့ကို တိုက်ခိုက်ဘို့သာ စိတ်ဝင်စားတယ်၊ ပဒေသရာဇ်ခေတ်မှာ အယုဒ္ဓယမင်းတွေလဲ အိမ်နီးချင်း ဒေသတွေကို တိုက်ခိုက်ခဲ့တာပါဘဲ၊ အယုဒ္ဓယမင်း ဒုတိယမြောက် ဘိုရှိမာရာချာ (၁၄၂၄-၁၄၄၈) လက်ထက်မှာ အင်ကော (Angkoe) ကိုကျူးကျော်သိမ်းပိုက်ခဲ့တယ်၊ အယုဒ္ဓယမင်း Phuninthasacha လက်ထက်မှာ ဗီယက်နမ်တွေကို ကမ္ဘောဒီးယားနယ်ထဲက တိုက်ထုတ်ခဲ့တယ်၊ တကယ်တော့ အယုဒ္ဓယ မင်းတွေဟာ နေပြည်တော်ကျဆုံးတဲ့အချိန်အထိ စစ်ရေးအရ အိမ်နီးချင်းနိုင်ငံတွေ အပေါ်မှာ ရန်လိုတဲ့ သဘောထား ရှိခဲ့တာတွေ့ရတယ်။

ခရာစ်နှစ် ၁၅၆၃ခုနှစ်နှင့် ၁၅၆၉ခုနှစ်တွေမှာတော့ မြန်မာဘုရင် ဘုရင့်နောင် လက်ထက်မှာ အယုဒ္ဓယကိုရရှိလိုက်တယ်၊ အယုဒ္ဓယနေပြည်တော် ကျဆုံးပြီးနောက်ပြုစုခဲ့တဲ့ ရာဇဝင် တွေမှာ ဘုရင့်နောင်ရဲ့ အယုဒ္ဓယကိုသိမ်းပိုက်ရန် ကြိုးပမ်းတဲ့စစ်ပွဲတွေကို အရပ်ဆယ်မျက်နှာကို အောင်ပွဲခံနိုင်တဲ့ဘုရင်က စစ်ဆင်တဲ့စစ်ပွဲများလို့ ဖော်ပြခဲ့ကြပါတယ်။

ယိုးဒယားရာဇဝင်တွေမှာ ဘုရင့်နောင်ကို အလွန်ဘုန်းကြီးတဲ့မင်းအဖြစ်ဖော်ပြခဲ့ ကြတယ်၊ အယုဒ္ဓယကိုတိုက်ခိုက်ရန် ချီတက်လာကြတဲ့ ဘုရင့်နောင်ရဲ့ တပ်မတော်ကိုလဲ စကြာဝတေး မင်းရဲ့ နောက်လိုက်ဗိုလ်ပါအဖြစ် ဖော်ပြခဲ့ကြတယ်၊ ဘုရင့်နောင်ရဲ့ ဆင်ဖြူတော်ပိုင်ဆိုင်ရေးအတွက် ဆင်နွှဲတဲ့ ဆင်ဖြူတော်စစ်ပွဲကိုလဲ တရားတဲ့စစ်ဖြစ်တယ်လို့ရေးကြတယ်၊ ဘုရင့်နောင်လို စကြာဝတေး မင်းအဖို့ ဆင်ဖြူရတနာဟာ မရှိမဖြစ်လိုအပ်တဲ့ ရတနာတစ်ပါးဖြစ်တယ်လို့ ဖော်ပြခဲ့ကြတယ်။

အယုဒ္ဓယဘုရင်နဲ့ ဘုရင့်နောင်တို့ ယှဉ်ပြိုင်တိုက်ခိုက်တဲ့ စစ်ပွဲဟာ စစ်ရေးအရ ပြိုင်ဆိုင်မှုသာမကဘဲ ထေရဝါဒဗုဒ္ဓဘာသာဝင် ဘုရင်များရဲ့ နိုင်ငံရေးနဲ့ဘာသာရေးအရ ယှဉ်ပြိုင်တဲ့ ပွဲဖြစ်တယ်လို့လဲဆိုခဲ့ကြတယ်၊ ဘုရင့်နောင်အနိုင်ရခြင်းမှာ ယိုးဒယားဘုရင် ချက္ကရာဖတ်ထက် ဘုန်းကြီးလို့ ဖြစ်တယ်လို့လဲ ယိုးဒယားရာဇဝင်များက ဆိုကြတယ်။

ခရစ်နှစ် ၁၇၆၇ခုနှစ်မှာတော့ အယုဒ္ဓယနေပြည်တော်ဟာ မြန်မာတို့လက်ထဲသို့ ကျပြန်တယ်၊ ဒီအချိန်ကစပြီး အယုဒ္ဓယဟာ ပြန်ပြီးနလန်မထူတော့ပါဘူး။ ဒီအဖြစ်အပျက်ဟာ ယိုးဒယား တွေကို ရုပ်ပိုင်းဆိုင်ရာအရရော စိတ်ပိုင်းဆိုင်ရာအရရော အကြီးအကျယ်ထိခိုက်စေတယ်လို့ ဆိုပါတယ်၊ အယုဒ္ဓယကျပြီးနောက်ပိုင်း ယိုးဒယားတွေဟာထုံဘူရီ၊ ဘန်ကောက်နေပြည်တော် သစ်တွေကို တည်ထောင်ခဲ့ကြတယ်၊ ဘန်ကောက်ခေတ်မှာတော့ ယိုးဒယားတွေဟာ မြန်မာတွေကို ရန်လိုတဲ့ အိမ်နီးချင်းအဖြစ် သဘောထားလာကြတယ်။

အစောပိုင်း ဘန်ကောက်မင်းတွေဟာ မြန်မာတွေရဲ့ စစ်သေနင်္ဂဗျူဟာကို စိတ်ဝင်စား လာကြတယ်၊ ၁၇၈၉ခုနှစ် ပထမမြောက် ရာမမင်းရဲ့အမိန့်နဲ့ မြန်မာ့စစ်သေနင်္ဂဗျူဟာ ကျမ်းတစ်စောင် ကို ယိုးဒယားဘာသာ ပြန်ဆိုစေခဲ့တယ်၊ ယိုးဒယားဘာသာပြန်ဆိုစေခဲ့တဲ့ မြန်မာ့စစ်သေနင်္ဂဗျူဟာ ကျမ်းတွေထဲမှာ အရေးပါတဲ့ကျမ်းတစ်စောင်က **" ရာဇဓိရာဇ် အရေးတော်ပုံ"** ဖြစ်တယ်၊ ဒီအရေး တော်ပုံမှာ မြန်မာတို့ရဲ့ စစ်ဆင်စစ်တက်ပုံတွေပါဝင်ပါတယ်၊ ပထမမြောက် ရာမမင်းလက်ထက်မှာ ယိုးဒယားကို မြန်မာတို့စစ်ချီတဲ့ စစ်လမ်းကြောင်းတွေနဲ့ ပတ်သက်ပြီး အချက်အလက်တွေကို စုဆောင်းဖို့ တာဝန်ပေးခဲ့တယ်လို့ သိရှိရပါတယ်။

ဘန်ကောက်ခေတ်ကစပြီး ယိုးဒယားတွေဟာ မြန်မာမုန်းတီးရေးဝါဒကို စတင်ခဲ့တယ် လို့ ယိုးဒယားသမိုင်းဆရာတစ်ဦးကဆိုပါတယ်၊ မြန်မာမုန်းတီးရေးအမြင်ကို ယိုးဒယားတွေဟာ အမျိုးသား စိတ်ဓါတ် နိုးကြားလာအောင်လှုံ့ဆော်ခဲ့ကြတယ်၊ ဘန်ကောက်မင်းဆက်မှ မင်းတချို့ဟာ မြန်မာပိုင်နက် နယ်မြေတွေကို ကျူးကျော်ထိပါးလာခဲ့ကြတယ်၊ ၁၉၃၂-ခုနှစ်နောက်ပိုင်း ယိုးဒယားနိုင်ငံမှာ အာဏာရ လာတဲ့ ဖီဘွန်ဆွန်ဂရမ် အစိုးရလက်ထက်မှာ ဌာနလက်ကိုင်မရှိ ဝန်ကြီးဖြစ်တဲ့ ဝီချစ်ဝထာကန် (Wichitwathakan) ဟာ ဟန္ဓိုင်မြို့ကိုသွားရောက်ပြီးနောက်ပိုင်း ပြင်သစ်မြေပုံတစ်ပုံ ယူလာခဲ့တယ်၊ ဒီမြေပုံထဲမှာ ထိုင်းအနွယ်အဖွားတွေ အင်ဒိုချိုင်းနား၊ တရုတ်ပြည်တောင်ပိုင်း၊ မြန်မာနိုင်ငံနဲ့ အာသံမှာ နေထိုင်နေကြတယ်လို့ ဖော်ပြထားတယ်၊ ဝီချစ်ဝထာကန်ဟာ အစွန်းရောက် အမျိုးသားရေးဝါဒီ တစ်ဦးဖြစ်လို့ နေရာအနှံ့ရောက်နေတဲ့ တိုင်နွယ်ဖွားတွေကိုစုစည်းပြီး မဟာယိုးဒယားနိုင်ငံ ထူထောင် မယ်လို့ ကြွေးကြော်ဝါဒဖြန့်ခဲ့တယ်။

စင်စစ်ယိုးဒယားတွေဟာ ပဒေသရာဇ်ခေတ်တုံးက ဖြစ်ပျက်ခဲ့တာတွေကို အာဃာတ တရားဖြင့် မြန်မာမုန်းတီးရေး လုပ်ဆောင်နေတာကို သင့်၊ မသင့် ပြန်စဉ်းစားသင့်ပါပြီ၊ ယိုးဒယား လူမျိုး သမိုင်းပညာရှင်တွေထဲမှာလဲ လက်ရှိယိုးဒယားနိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ်မှာ ထားရှိတဲ့သဘော ထားများကို ပြန်လည်ဆန်းစစ်ဖို့ တောင်းဆိုနေတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိနေပြီဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

ယိုးဒယားဝန်ကြီးချုပ် သက်ဆင်က မြန်မာနိုင်ငံနဲ့ပတ်သက်လို့ တူညီတဲ့သဘောထား မူဝါဒ ချမှတ်ဘို့ ဆွေးနွေးတဲ့အခါ မူ(၃)ချက် ချမှတ်ပေးတဲ့အကြောင်း ၂၀၀၂ခုနှစ်၊ ဇွန်လကုန်ပိုင်းတုံးက ကြားလိုက်ရပါတယ်၊ အဲဒီမူ(၃)ချက်ကတော့-

(၁) အိမ်နီးချင်းနိုင်ငံများရဲ့ ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်မှု မလုပ်ဘို့။

(၂) မိမိနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လာတဲ့မည်သည့်တပ်ဖွဲ့ကိုမဆို ယိုးဒယားနိုင်ငံရဲ့အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုထိပါးလာပါက ကာကွယ်ရန် ယိုးဒယားတပ်မတော်က အစွမ်းကုန်တာဝန်ယူဘို့။

(၃) မည်သည့်အဖွဲ့အစည်းမဆို ယိုးဒယားနိုင်ငံကိုခြေကုတ်ယူပြီး အိမ်နီးချင်းနိုင်ငံကို တိုက်ခိုက်မှုမပြုစေဘို့။

ဒီအချက်(၃)ချက်ကို သက်ဆိုင်ရာ တာဝန်ရှိအမှုထမ်းများကို ပြောကြားဘို့အတွက် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးနဲ့ နိုင်ငံခြားရေးရာဌာန ညွှန်ကြားရေးမှူးများကို တာဝန်ယူဆောင်ရွက်သွားရန် တာဝန်ပေးတဲ့အကြောင်း၊ နောက်ထပ်အလားတူ ပြဿနာပေါ်ပေါက်လာရင် တာဝန်ခံသူရှိရမှာဖြစ်တယ်လို့ ဝန်ကြီးချုပ်က ပြောကြားသွားတယ်လို့ သိရပါတယ်။

အလားတူဘဲ၊ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးချာဗလစ်ကလဲ နောင်ဒီလို နယ်စပ်ပြဿနာ ဘယ်တော့မှမဖြစ်စေရဘူး၊ ဒါဟာ နောက်ဆုံးဖြစ်စေရမယ်လို့ ပြောသွားတာလဲ ကြားလိုက် ရပါတယ်။

၂၀၀၂ခုနှစ်၊ ဇူလိုင်လ ဒုတိယသတင်းပါတ်ထုတ် မတီချွန်ဂျာနယ်မှာလဲ ဆောင်းပါးရှင် တစ်ဦးရဲ့ ယိုးဒယားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ချဝ္ဗွားရဲ့ မြန်မာ-ယိုးဒယား ဆက်ဆံရေးအပေါ် သုံးသပ်ချက်ခေါင်းစဉ်ပါ ဆောင်းပါးမှာ " ယိုးဒယားလူမျိုးတိုင်း အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ခင်သွားရန်လိုကြောင်း၊ မိမိတို့အနေနဲ့ မြန်မာနဲ့ဝေးရာကို သွား၍မရနိုင်ကြောင်း၊ လက်ရှိအချိန်မှာ မြန်မာနိုင်ငံဘက်မှာ သယံဇာတများစွာရှိပြီး ယိုးဒယားနိုင်ငံမှာ အဆင့်မြင့်နည်းပညာ များရှိကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ပြီး စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် (၂)နိုင်ငံ စလုံးအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ ယိုးဒယားပြည်သူတိုင်း မြန်မာနိုင်ငံအပေါ် မိတ်ဘက်နိုင်ငံ အဖြစ် မြင်စေလိုကြောင်း၊ လက်နက်ကိုင်ပြီးတိုက်ခိုကဖို့ မစဉ်းစားကြရန်လိုကြောင်း" ဗိုလ်ချုပ်ကြီး ချဝ္ဗွားရဲ့ပြောဆိုချက်ကို ဖော်ပြထားပါတယ်။

အင်မတန်ကောင်းတဲ့သဘောထားတွေမို့ ကြားရတာ ဝမ်းသာမိပါတယ်၊ ယိုးဒယား ဝန်ကြီးချုပ်နဲ့ ကာကွယ်ရေးဝန်ကြီးတို့ရဲ့ မူဝါဒအတိုင်းသာ လိုက်နာကျင့်သုံး အကောင်အထည်ဖော် မယ်ဆိုရင်တော့ တကယ့်အိမ်နီးချင်းကောင်းတွေ ဖြစ်ကြမှာ အမှန်ပါဘဲ၊ တကယ်တော့ မကြာမကြာ ပြဿနာဖြစ်ရတာ နိုင်ငံတကာမျက်နှာစာမှာလဲ မတင့်တယ်လှပါဘူး၊ နယ်စပ်မှာရှိကြတဲ့ နှစ်နိုင်ငံ

ပြည်သူတွေလဲ စိတ်သောကရောက်ကြရပါတယ်၊ နှစ်နိုင်ငံအကျိုးစီးပွားလဲ ထိခိုက်ရပါတယ်၊ ဒီလို အကျိုးမရှိတဲ့ကိစ္စကို စာရေးသူတို့ မြန်မာနိုင်ငံသားအားလုံးက ဘယ်မှာဖြစ်ချင်ပါ့မလဲ၊ အိမ်နီးချင်း နိုင်ငံတွေနဲ့ ပြဿနာဖြစ်လေ့ဖြစ်ထရှိတဲ့ နိုင်ငံလဲမဟုတ်ဘူးလေ၊ ယိုးဒယားတစ်နိုင်ငံထဲနဲ့ဘဲ ပြဿနာဖြစ်နေရတာ မဟုတ်လား၊ ပြဿနာဆိုတာကလဲ ဖန်တီးတဲ့သူက မဖြစ်ဖြစ်အောင် ဖန်တီးနေလို့ မလွှဲမရှောင်သာ ဖြစ်ရတာပါ။

ယိုးဒယားနိုင်ငံအနေနဲ့ အတိတ်သမိုင်းကဖြစ်ရပ်တွေကို ရန်ညှိုးအဖြစ် မြန်မာမုန်းတီးရေး လုပ်ဆောင်မှုတွေ၊ အမြဲတမ်းရန်ဘက်အဖြစ် သဘောထားတာတွေကို စွန့်လွှတ်ပြီး ယိုးဒယား ဝန်ကြီးချုပ်သက်ဆင်နှင့် ကာကွယ်ရေးဝန်ကြီး ချာဗလစ်တို့ ပြောတဲ့အတိုင်း လိုက်နာကျင့်သုံးကြမယ် ဆိုရင်တော့ တကယ့်အိမ်နီးချင်းကောင်းတွေ ဖြစ်လာကြမှာ ဧကန်မလွဲပါဘဲ၊ တကယ့်တကယ်တော့လဲ နှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့ Win Win မူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းကောင်းဖြစ်ရမဲ့ အချိန်ကာလလဲ ရောက်နေပါပြီ၊ ဒါပေမဲ့ ယိုးဒယားတို့ရဲ့အပြောကိုတော့ စောင့်ကြည့်ရပါလိမ့်မယ်။

စာရေးသူရဲ့ တစ်ဦးထဲအမြင်နဲ့ပြောရရင် ယိုးဒယားနိုင်ငံကို ရန်ဘက်အဖြစ် သဘောမထားသလို ယိုးဒယားလူမျိုးအားလုံးကိုလဲ မုန်းတီးခြင်းမရှိပါဘူး၊ မြန်မာတို့ရဲ့ ပင်ကိုစရိုက်အတိုင်း စိတ်ကောင်းနှလုံးကောင်းထားရှိပါ့မယ်၊ အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံသွားပါ့မယ်၊ သို့သော်လည်း **"မြန်မာတို့အပေါ် ယိုးဒယားတို့က အမြဲတန်းရန်ဘက်အဖြစ် သဘောထားရှိနေသမျှ ကာလပတ်လုံးတော့ ယိုးဒယားနိုင်ငံနဲ့ ယိုးဒယားလူမျိုးကို မြန်မာနိုင်ငံရဲ့ အမျိုးသားရေး အန္တရာယ်အဖြစ် သဘောထားရပါလိမ့်မယ်၊ အမြဲတမ်းသတိထားရမယ့် အိမ်နီးချင်းအဖြစ် သတ်မှတ်ရပါလိမ့်မယ်၊ ရဲပြင်အမျိုးသားရေး အသိ၊ အမျိုးသားရေးသတိနဲ့ဘုရင့်နောင်၊ အလောင်းမင်းတရားတို့ စိတ်ဓါတ်မျိုး မွေးမြူပြီး လိုအပ်တဲ့ အချိန်မှာ မြန်မာ့သတ္တိကိုပြဘို့ အသင့်ပြင်ထားရပါလိမ့်မယ်"**၊ စာရေးသူမှ မဟုတ်ပါဘူးလေ၊ စာဖတ်သူအားလုံးလဲ ဒီသဘောထားမျိုးရှိကြမယ်ဆိုတာ ယုံကြည်မိပါတယ်။


ပြည်ထောင်စုမြန်မာနိုင်ငံတော်
UNION OF MYANMAR